www.burmeseclassic.com

မှုခင်းအန္တရာယ် ကြုံတွင်ကာကွယ်နိုင်ကြစေဖို့

# မှုခင်း ရှုထောင့်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E) , N0 ( 30 )          ၂၀၁၃ ခုနှစ် ၊ ဇွန်

BURMESE CLASSIC .com

မှုခင်း

မှုခင်း

မှုခင်း

မှုခင်း



သရုပ်ဆောင် - ပုလဲဝင်း
ဓာတ်ပုံ - ကိုရဲမြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com

2 6 APR 2013

## ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----

မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြဲ-၀၃၇၂၈ဖြင့်
ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား
လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

| | |
|---|---|
| နာယက | - ရဲမှူးကြီးဝင်းခေါင် |
| | - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း) |
| အကြံပေးလမ်းညွှန်မှု | - ဒေါ်သက်ရီ (Jacob) |
| | **Jacob Media Group** |
| အယ်ဒီတာချုပ် | - ဦးသက်နိုင်ဦး |
| တာဝန်ခံအယ်ဒီတာ | - မောင်ငြိမ်းသူ (ကြို့ပင်ကောက်) |
| အုပ်ချုပ်ရေးမှူး | - ညိုညိုစိမ့် |
| တွဲဖက်အုပ်ချုပ်ရေးမှူး | - ငွေးနိုင် (ပြင်ပဆက်သွယ်ရေး) |
| | - အောင်ကျော်ဦး (သတင်း) |
| ဒီဇိုင်း | - စောဝတ္တာ |
| ကွန်ပျူတာစာစီ | - တင်တင်အောင် |
| ရုံးလုပ်ငန်း | - ခင်စန်းဝင်း၊ ဖြူဖြူလှိုင်၊ ခင်မာဆွေ တင်ကြိုင်၊ တင်ရွှေ |
| ကြော်ငြာတာဝန်ခံ | - ဦးသက်ထွန်း၊ **ဒေါ်အေးအေးအောင်** |
| စာအုပ်ချုပ်အဖွဲ့ | - ဦးတင်ဦးအဖွဲ့ |
| ပုံနှိပ် | - စိန်နဂါးပုံနှိပ်တိုက် |
| အဖုံးဖလင် | - **EAGLE** |
| အတွင်းဖလင် | - **PERFECT** |

**သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ**

ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံးခွဲ
(၉၆)၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
PH: 01-297297, 01-9000017
FAX : 01-397164
Email : shuhtaunt@gmail.com
nyonyoseinnt@gmail.com

**သတင်းစုဆောင်းရေးရုံးခွဲများ**

| | |
|---|---|
| ဦးဇော်လင်းသန်း (ရဲရဲအဖွဲ့) | - နေပြည်တော်ရုံးခွဲ |
| ဦးခင်ဇော်ဦးအဖွဲ့ | - မြဝတီရုံးခွဲ |
| ဦးသိန်းဇော်ဦးအဖွဲ့ | - မူဆယ်ရုံးခွဲ |
| ဦးသန်းဝင်းအဖွဲ့ | - ချောက်ရုံးခွဲ |
| ဦးလှရွှေအဖွဲ့ | - ကျောက်ပန်းတောင်းရုံးခွဲ |
| ဦး-------------အဖွဲ့ | - ဥသျှစ်ပင်(ပန်းတောင်း)ရုံးခွဲ |
| ဦးအောင်သန်းထွင့်အဖွဲ့ | - ပြည် (၁)ရုံးခွဲ |
| ဦးလှထူးအဖွဲ့ | - အောင်လံ (ပြည်လို့)ရုံးခွဲ |
| ဦးစိုင်းဇော်ဇော်အဖွဲ့ | - ရွှေတောင်ရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - သဲကုန်း/ပုတီးကုန်းရုံးခွဲ |
| ဦးခင်ဇော်အဖွဲ့ | - ဇီးကုန်းရုံးခွဲ |
| ဦးသိန်းဝင်းအဖွဲ့ | - ကြို့ပင်ကောက်ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - ပေါင်းတည်ရုံးခွဲ |
| ဦးထွန်းဝေအဖွဲ့ | - ကံမရုံးခွဲ |
| ဦးလှမြင့်အဖွဲ့ | - မိုးညိုရုံးခွဲ |
| ဦးစိုးနိုင်အဖွဲ့ | - အုတ်ဖိုရုံးခွဲ |
| ဦးဇော်မိုးနိုင်အဖွဲ့ | - နတ်တလင်းရုံးခွဲ |
| **ဦးမြင့်နိုင်အဖွဲ့** | - လှိုင်ကော်ရုံးခွဲ |
| **ဦးသိန်းလှိုင်အဖွဲ့** | - မော်လမြိုင်ရုံးခွဲ |
| **ဦးမိုးမြင့်အဖွဲ့** | - ဘိုကလေးရုံးခွဲ |
| ဦးဇော်ရှင်းအဖွဲ့ | - ပဲခူးရုံးခွဲ |
| ဒေါ်လှလှကြည်အဖွဲ့ | - လှိုင်သာယာ (၁) ရုံးခွဲ |
| ဦးတင်ထွန်းဦးအဖွဲ့ | - လှိုင်သာယာ (၂) ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - သာကေတ (၁) ရုံးခွဲ |
| ဦးတင်မောင်ဝင်းအဖွဲ့ | - သာကေတ (၂) ရုံးခွဲ |
| ဦးအောင်မင်းအဖွဲ့ | - ဒေါပုံ (၁) ရုံးခွဲ |
| ဦးတင်လှိုင်အဖွဲ့ | - ဒေါပုံ (၂) ရုံးခွဲ |
| ဦးစိန်ဝင်းအဖွဲ့ | - ရေစကြိုရုံးခွဲ |

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။ ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။
ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊ နမက္ကာရာနုဘာဝေန၊ သဗ္ဗေပူရေန္တု သင်္ကပ္ပါ။

ဩြောင်း-တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေက ဗုဒ္ဓါရဟန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်၊ ဂုဏ်ကျေးဖူးအထူးသိလျက် ဆရာစက်၊ ဗြဟ္မစိုရ်လက်နက် ဗြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချာ ဟောဝန္တာ အာဏာစိုးလျက် သီဟစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှုမကောင်းစုတို့ ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်သည့်ဆရာ ပညာတည်း။
ဩြောင်း-နမော ဗုဒ္ဓါနုဘာဝေန၊ ဩြောင်း-နမောဓမ္မာနုဘာဝေန၊ ဩြောင်း-နမော သံဃာနုဘာဝေန၊
ဩြောင်း-နမော ဒူရေ-ဒူရေ သွား ဟုံ-ဟုံ။

BURMESE CLASSIC .com

# ဆရာစောဝင်း (လက္ခဏာဗေဒပဏ္ဍိတ)

မယ်လမုဘုရားဝင်း/မြောက်ဥက္ကလာပမြို့

(၇)ရက်သားသမီးများ၏ ကောင်းကျိုးအတွက် စိတ်ဝင်စားဖွယ်သတင်းကောင်း

၁။ မိမိတို့၏ ကံဇာတာကိုလည်းကောင်း၊ လက္ခဏာကိုလည်းကောင်း စစ်ဆေးဟောပြောခြင်း။
၂။ မကောင်းကျိုးပေးသော မွေးကိုလည်းကောင်း၊ နာမည်ကိုလည်းကောင်း၊ အသိအရင်နည်းဖြင့် ပယ်ဖျက်ပေးခြင်း။
၃။ မိမိတို့၏ မိသားစုဝင်များတွင် ပြောဆိုဆုံးမ၍မရသူများအား လိမ္မာကောင်းမွန်လျက် ပြောစကားနားထောင်ရန် ယတြာအစီအရင် ပြုလုပ်ပေးခြင်း။
၄။ အရက်သောက်ခြင်း၊ ဆိုးသွမ်းခြင်းများအား လူခေါ်လာစရာမလိုဘဲ အရက်ဖြတ်ပေးခြင်း။

❖ အထွေထွေကိစ္စရပ်များအတွက် အထူးယတြာ ❖

(၁) ယတြာဆောင်ရွက်ရာတွင် ငွေကုန်ခြင်း၊ ခက်ခဲခြင်းမရှိစေရ။
(၂) မိမိတို့ ဆောင်ရွက်လိုသော ယတြာအတွက် မိမိတို့၏ဖြစ်စဉ်နှင့် အကြောင်းခံတို့သည်သာလျှင် မှန်ကန်မှု၊ တရားမျှတမှု ရှိစေရပါမည်။
(၃) ဆရာပေးသော ယတြာကို ပြုလုပ်ပြီးလျှင် (၇)ရက်အတွင်း ထူးခြားစေရမည်။
(၄) အချိန်မီ အလျှင်အမြန် ဆောင်ရွက်သင့်သော ကိစ္စများဖြစ်ပါက ညမအိပ်၊ နေ့မကူး ထူးခြားစေရမည်။
နေ့စဉ် နံနက် (၈း၁၅)နာရီမှ ညနေ (၅း၄၅)နာရီအထိ။ (ပိတ်ရက်မရှိ)

www.burmeseclassic.com

www.burmeseclassic.com

# ရှုမဝတောင့်

မှုခင်းနှင့်ရာဇဝတ်မဂ္ဂဇင်း VOL(E),NO(30), ၂၀၁၃ ခုနှစ်၊ ဖွန်လ

## "ကဗျာရှုထောင့်"


- ရွှေငယ်ပိုင်း ၁
- မောင်ခင်မှိုင်း (ချောက်) ၉
- မကျည်းတန် (လှိုင်ကော်) ၁၀
- ကျော်မျိုးနွယ် ၁၁


## "ကာတွန်းရှုထောင့်"


- ရွှေကိုဦး၊ ဖွဲ့နေ၊ မြင့်သန်း


## "မှုခင်းပဟေဠိရှုထောင့်အမှတ်စဉ် (၆၇)"


- မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၁၆


## "မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"


- မောင်မောင်စိန်လင်း (နတ်မောက်)
  (အမေ့အိမ်အပြန်) ၃၃
- မော်ဝန်းအုန်းမြတ်
  (အကြံတူနောက်လှူသာစမြဲ) ၄၁
- မောင်မောင် (ပိတောက်မြိုင်)
  (ကံကြွေး) ၄၇
- ဟသ်ာတ မောင်မျိုးသက်
  (ကျွန်မချစ်တာရှင့်ကို) ၅၄
- ကိုကိုလှ (ကမာမြေ)
  (ချစ်ဒုက္ခ) ၆၅
- ဇော်ထွဋ် (ကမ်းသာယာ)
  (သံသယအမှန်း အပြုံးတို့ဖြင့်--) ၇၁
- မောင်မောင်မြင့်-ဥသာမြို့သစ်
  (သတိပြုစရာနယ်လှည့်သူခိုးအတာ) ၇၉
- ချစ်ကံငယ်
  (မိုးကိုချစ်သည်ဒါပေမယ့် မုန်းသည်) ၈၅
- တွင်းကြီးသားတင်ဝင်းဦး
  (တင်လှ၍တင်လှပါခေါ်သည်) ၉၆
- မောင်ဆွေ (တောင်ငူ)
  (မလမ/ဂဂဂ၀၇) ၁၀၇
- ကျော်အေးရွှေ
  (ဘိုးတော်မတဲ့အချုပ်) ၁၁၉


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ဘာသာပြန်ရှုထောင့်"

- ယုယုလွင်
  (ဝါယာကြိုး) ၁၃၀

"ရသဝတ္ထုတိုရှုထောင့်"

- နန္ဒာမိုးကြယ်
  (ဖိတ်ခေါ်မိသည့်အရွှန္တရာယ်) ၁၄၈

"ဆောင်းပါးရှုထောင့်"

- ဆူးသစ်
  (တကယ်လိုအပ်တဲ့အရာ) ၁၅၇

"နှလုံးသားရှုထောင့်"

- ခွန်စည်သာဟိန်း
  (ပြန်လမ်းမှစောင့်နေသူ) ၁၆၁

"ဖြောင့်ချက်နှလုံးသား"

- ဟာဝန်ခံအယ်ဒီတာ ရဲ့ သုံးသပ်ချက် ၁၆၆
- နှင်းဖြူသျှင် (သံတွဲ)
  (အက်ကွဲသံ) ၁၆၈

"စာအုပ်စင်ရှုထောင့်"

- ကိုကြီးထူး ၁၇၂

"ပေဒင်ရှုထောင့်"

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄



www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းချမ်းရေးနှင့်ပူပန်မှု

ရွှေငယ်ဝိုင်း



- ဆင်းတုတော် ရုပ်ပွားက
  ငါဘုရားနှင့် တရားကိုရှာတဲ့။
- ရုပ်ပွားတော် ဘုရားရှေ့
  ငုတ်တုတ်မေ့ ဖျပ်ထိုးသည့်
  ယောင်လည်လည်မြေးအဘွားက
  ဝယ်သူတွေ လာပါ့မလားတဲ့။ ။



www.burmeseclassic.com

www.burmeseclassic.com



# အသံများ

မောင်ခင်မိုး (ချောက်)




✱ စမ်းရေစီးသံ လေတိုးသံ
ကျေးသံငှက်သံ ဆည်းလည်းသံ
တီးသံ မှုတ်သံ ရေကင်းသံ
စည်သံ ပြောသံ သောသောညံ။

✱ တော်လည်းမြည်သံ မုန်တိုင်းသံ
လေးသံ မြားသံ ငိုရှိုက်သံ
ပြေးသံ လိုက်သံ ကျိန်ဆဲသံ
အော်သံ ဟစ်သံ ဘဝင်ညံ။

✱ ကမ္ဘာဦးကာလ
ကမ္ဘာရွာကြီးအထိ
ကူဌ အနိဋ္ဌအသံများ
မရပ်မနား၊ မပြတ်မခြား
ကြားနေရမြဲပါပဲလား။ ။



www.burmeseclassic.com

www.burmeseclassic.com



# အခဆုံးကပြုနိုစခြင်း

မကျည်းတန် (လှိုင်ကော်)

♥ ကံပလီ အမှုစုံမြောက်ကရော့ထင့်
စံမမီ လူ့ဘုံရောက်သော်လဲ့
အောက်ဆုံးကနေရသူ။

♥ အား––အိ––အူ အသံစကားကိုလဲ
ကြားမိသူ အမှန်နားမလည်ကြတာမို့
အားငယ်လို့ ရင်တွင်းပူ။

♥ နှစ်ဖက်ခြေ––
လက်အနေချွတ်ယွင်းတာမို့
လူလူချင်း အမြင်မတူ
ဘယ်သူ––ထူ––ကူပါ့။

♥ အရပ်တကာစုံ
တစ်နုပ်စာ လုံရှုံမျှပါကလာ့
သည်ဘဝ–– သည်ကြမ္မာနဲ့
သံသရာ–– ပြန်ကာဝဲမလှည့်ချင်လို့
မစားခင်––
ဘုရားရှင် အာရုံပြုတယ်
(ကွယ်)အိ––အု––အေး––အ။ ။





www.burmeseclassic.com

www.burmeseclassic.com



# ကျွေ့ကောက်စွာ စီးမျောခြင်း

ကျော်မျိုးနွယ်



- အဖြူရောင်ထဲ၊ အရောင်မည်းနက်
တစ်စက်ကျလျှင်၊ ညစ်သွင်ပြောင်းလဲ
ကြဲ့တတ်မြဲတည်း။
- ဖက်ပေါ်ပုပ်တင်၊ ကြာခဲ့လျှင်ကား
ဖက်တွင်အပုပ်၊ ပြန်၍နုတ်လည်း
ပုပ်နံ့လှိုင်လှိုင်၊ စွဲထင်နိုင်တည့်။
- အဖြူရောင်ပန်း၊ နီးသည့်တန်းတွင်
ပန်းပင်အနီ၊ ထားခဲ့မည်ဆို
ဤပန်းဖြူဖြူ၊ နီစွက်ယူတင်
အဖြူမဟုတ်၊ နီမဟုတ်နှင့်
ရောသုတ်သည့်နှယ်၊ ဖြစ်တတ်သည်။
- ဩော်---
လူကောင်းကြားတွင်၊ ဆိုးသူဝင်သော်
မနှင်ခွာထုတ်၊ ဘေးမပုတ်လျှင်
ဆိုးယုတ်မှုများ၊ ကောင်းမှုကြားသို့
စီးသွားစိမ့်ဝင်၊ ဘက်မယှဉ်လည်း
ပျက်သွင်အရိပ်ထင်တတ်သည်။ ။
နက်ဝင်အဆိပ်ငင်တတ်သည်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ဆုငွေများချီးမြှင့်မည့် မှုခင်းပဟေဠိအစီအစဉ် အမှတ်စဉ် (၆၇)

(၁) မေးခွန်းနံပါတ် (၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် ငါးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၂) မေးခွန်းနံပါတ် (၁/၃/၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် သုံးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၃) မေးခွန်းနံပါတ် (၁/၂/၃) ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် နှစ်သောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၄) မေးခွန်းနံပါတ် (၄)ခုစလုံးအတွက် အနီးစပ်ဆုံး အဖြေမှန်သူများအား ဆုငွေကျပ် သုံးထောင်နှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

**အဖြေမှန်သူတစ်ဦးထက် ပိုမိုခဲ့ပါက ကံစမ်းမဲစနစ်ဖြင့် ချီးမြှင့်ပေးပါမည်။**



www.burmeseclassic.com

www.burmeseclassic.com



# မှုခင်းသပဟောင်း အမှတ်စဉ် (၆၇)

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



**"မှုခင်းပဟေဠိအမှတ်စဉ်(၆၇)"**

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

"အလောင်း အနေအထားအရ ခင်ခင်မြဟာ ကြိုးဆွဲချသေဆုံးတဲ့ အနေအထား မဟုတ်ဘူးဆိုတာ ကျွန်တော်သိနေတာပါ ဗိုလ်ကြီး"

"ဘာကြောင့်လဲ ကိုစိုးနိုင်"

"ဗိုလ်ကြီးလဲ သိနေမှာပါ။ ကြိုးဆွဲချသေဆုံးသူတွေရဲ့ လက္ခဏာက မျက်စိပြူး၊ လျှာထွက် သေနေကြတာ များပါတယ်။ အခု ခင်ခင်မြကတော့ သေဆုံးပြီးမှ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသတ်သေသလို ဖန်တီးထားတာပါ"

"ခင်ဗျားတော်သွားပြီ ကိုစိုးနိုင်၊ ရဲလုပ်သက်ရင့်လာရင် အတွေ့အကြုံက သင်ခန်းစာတွေပေးလေ့ရှိပါတယ်။ အဲဒီ သင်ခန်းစာတွေကို အရယူတတ်ဖို့ပဲ လိုပါတယ်။ အခက်အခဲ အကျပ်အတည်းနဲ့ ကြုံတွေ့ကြသူတိုင်းဟာ အလေ့အကျင့်၊ အတွေ့အကြုံတွေကို ပြန်လည်သတိရတတ်ကြတယ်။ အဲဒီ အလေ့အကျင့်၊ အတွေ့အကြုံတွေကပဲ အခက်အခဲ အကျပ်အတည်းကို ဖြေရှင်းပေးလေ့ရှိတယ်ဗျ။ ရော့ ဒီဆေးစာကို ဖတ်ကြည့်"

ထိုရဲစခန်းသို့ ပြောင်းရွှေ့ရောက်ရှိလာသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသော စခန်းမှူးရဲအုပ် သက်မောင်က နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စိုးနိုင်ကို မှုခင်းပဟေဠိအဖြေညှိ နေသည့်ပမာ၊ လူသေမှုသေခင်း ဖွင့်လှစ်ထားသော ခင်ခင်မြ၏ သေဆုံးမှုကို ဆွေးနွေးနေကြခြင်း ဖြစ်သည်။

ခင်ခင်မြ ကြိုးဆွဲချသေဆုံးခြင်း ဟုတ်/မဟုတ် အဖြေကို ဆေးစာအရ သိနေသော ရဲအုပ်သက်မောင်က ဒုရဲအုပ် စိုးနိုင်ကို ဆေးစာပေးကာ ဖတ်ရှုစေခဲ့ရာ ဒုရဲအုပ်စိုးနိုင်က ဆေးစာကို ဖတ်ရှုပြီး ရဲအုပ်သက်မောင်ကို ပြန်ပြောသည်။

"ကျွန်တော့် ထင်မြင်ချက်မှန်သွားပြီပေါ့ ဗိုလ်ကြီး။ ထူးခြားတာက ခင်ခင်မြရဲ့ လည်ပင်းကို ညှစ်သတ်ထားတဲ့ လက္ခဏာနဲ့ ဗိုက်ထဲမှာ ကိုယ်ဝန်နှစ်လ လွယ်ထားရတဲ့ အခြေအနေပဲ"

"အဲဒါထက် ထူးခြားတာက မသေခင်မှာ၊ ကာမစပ်ယှက်ထားတဲ့ လက္ခဏာနဲ့ ရုန်းကန်ကုတ်ခြစ်ထားတဲ့ ဒဏ်ရာဒဏ်ချက်တွေပဲ။ ဘာပဲဖြစ်ဖြစ် သေချာတာက လူသတ်မှု ပုဒ်မ ၃၀၂ ကို ပြောင်းလဲဖွင့်လှစ်အရေးယူရမယ်။ တစ်ဆက်တည်းမှာပဲ လူသတ်တရားခံကို ဖော်ထုတ်ဖမ်းဆီးရမယ် ကိုစိုးနိုင်"

"ကျွန်တော်တို့ သိထားတာက၊ ခင်ခင်မြဟာ အပျိုစင်လေးဖြစ်တယ်။ ရန်ငြိုးရန်စမရှိဘူး။ ပထွေးကလဲ သုံးနှစ်သမီးအရွယ်ကတည်းက ရင်အုပ်မကွာ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သလို သမီးရင်းနဲ့မခြား သံယောဇဉ်ထားနေတာတဲ့။ ပြီးတော့ တစ်ဦးတည်းသောသမီးလေးတဲ့။ အခုတော့ အသေဆိုးနဲ့ သေရပြီ။ မစဉ်းစားတတ်အောင်ဘဲ ဗိုလ်ကြီးရာ"

"စဉ်းစားရမယ် ကိုစိုးနိုင်။ လူသတ်မှုဖြစ်ပြီဆိုရင် လူသတ်တရားခံ ရှိကိုရှိရတယ်လေ။ ဘယ်သူက သတ်တာလဲ၊တရားခံ ဖော်ထုတ်ဖမ်းဆီးဖို့က ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ ရဲတပ်ဖွဲ့ရဲ့တာဝန်ပဲဗျ။ ဒီတော့ကာ ခင်ခင်မြရဲ့ အပေါင်းအသင်းတွေရယ်၊ ခင်ခင်မြမှာ ရည်းစားရှိ/မရှိရယ်၊ သူ့ပထွေးဦးအောင်သန်းရဲ့လှုပ်ရှားမှု၊ အဲဒါတွေကို ခင်ဗျားတို့ရဲ့နယ်ထိန်းအဖွဲ့နဲ့ အမြန်စုံစမ်းပါ။ ခင်ခင်မြမှာ ကိုယ်ဝန်ရှိတာရယ်၊ အသတ်ခံရတာရယ်ကို သူ့မိဘတွေရော အဲဒီ ကျွန်းတောရွာ တစ်ရွာလုံးလုံးဝမသိစေနဲ့။ ခင်ခင်မြဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသွားတယ်လို့ပဲ သတင်းလွှင့်ထားလိုက်ပါ။ ရှင်းရဲ့လား"

"ရှင်းပါတယ် ဗိုလ်ကြီး"

"ရှင်းရင် အမြန် လှုပ်ရှားတော့"

"စိတ်ချပါ ဗိုလ်ကြီး"

နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် စိုးနိုင်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကျွန်းတောရွာ ဝန်းကျင်အနှံ့တွင် အသွင်အမျိုးမျိုးဖြင့် လျှို့ဝှက်စုံစမ်းခဲ့ကြသည်။

လျှို့ဝှက်စုံစမ်းတွေ့ရှိချက်များကို ပေါင်းစည်းပြီး ဖြစ်နိုင်ခြေကို စဉ်းစားကြသည်။

"ကျွန်တော့် အဖွဲ့ နည်းမျိုးစုံနဲ့ လျှို့ဝှက်စုံစမ်းခဲ့တာတွေနဲ့ ပတ်သက်လို့ အနှစ်ချုပ်ကို ထုတ်လိုက်တော့ သံသယမသင်္ကာ သူသုံးဦးကို တွေ့ရပါတယ်ဗိုလ်ကြီး"

"ပြောပါဦး ဘယ်သူတွေလဲ"

"ခင်ခင်မြရဲ့ ရည်းစား သူရင်းငှား ဝင်းမောင်ရယ်၊ သူ့ပထွေး ဦးအောင်သန်းရယ်။ ခင်ခင်မြကို တစ်ဖက်သတ်ချစ်နေတဲ့ ပွဲစား ကျော်လှရယ်ပါ"

"သူတို့ကို ဘာကြောင့် မသင်္ကာတာလဲ"

ရဲအုပ် သက်အောင်က မေးလိုက်ရာ ဒုရဲအုပ် စိုးနိုင်က တစ်ဦးချင်းစီ၏ အခြေအနေကို ရှင်းပြသည်။

"သူရင်းငှား ဝင်းမောင်က ခင်ခင်မြကို ချစ်ခင်နှစ်သက်ပေမယ့် ခင်ခင်မြက တစ်ချိန်က သူ့ကို လူလယ်ကောင်မှာ အရှက်ခွဲခဲ့ဖူးတယ်တဲ့၊ ပထွေး ဦးအောင်သန်းကလဲ ခင်ခင်မြနဲ့ ပတ်သက်ရင် ဆတ်ဆတ်ထိမခံဘဲ အကဲပိုလွန်းနေသလို သူရင်းငှားဝင်းမောင်ကို မလိုလားဘူး





www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ခင်ခင်မြနဲ့ဝင်းမောင် ချစ်သူရည်းစားဖြစ်နေကြတာကို သိလို့ ဝင်းမောင်ကို ဆက်မငှားတော့ဘူးတဲ့။ ပွဲစား ကျော်လှကတော့ အရက်ကလေးတမြမြနဲ့၊ ခင်ခင်မြကို ရအောင်ယူပြမယ်လို့ အမြဲတမ်း ကြုံးဝါးနေလေ့ရှိတယ်တဲ့။ ခင်ခင်မြနဲ့ တိုက်ရိုက်ပက်သက်နေကြသူတွေဟာ သူတို့ သုံးယောက်ပဲရှိတယ်လို့ သိရပါတယ် ဗိုလ်ကြီး''

''ဒါက ခင်ဗျားတို့ ဆွဲထုတ်ဖို့ စဉ်းစားတဲ့အပိုင်းပေါ့ ဗျာ။ ဖြစ်နိုင်ချေလဲ ရှိပါတယ်။ ဒါပေမယ့် သူတို့အပြင် ဘေးလူတွေထဲကလဲ မဖြစ်နိုင်ဘူးလား။ အတွေးထောင့်ကို ထောင့်စုံက စဉ်းစားဖို့လဲလိုတယ်။ ဒီတော့ကာ ကိုစိုးနိုင်တို့ မသင်္ကာသူ သုံးယောက်ကို နောက်ယောင်ခံလိုက်ပြီး စုံစမ်းရင်းက တခြားပယောဂကိုလဲ ဆက်လက်စုံစမ်းဖို့ လိုတယ်''

''ဗိုလ်ကြီး မှာတဲ့ အတိုင်း ဆက်လက်လှုပ်ရှားပါ့မယ်''

''ဆိုလိုတာကဗျာ။ သူရင်းငှားဝင်းမောင်ကို ဆက်မငှားဘဲ ထုတ်လိုက်တော့ ခင်ခင်မြနဲ့ ဝင်းမောင်ကြားမှာ ဆက်သွယ်ပေးသူရှိရမယ်။ အောင်သွယ်လို အပေါင်းအသင်းတွေပေါ့ဗျာ။ အဲဒီလိုပဲ ခင်ခင်မြသေဆုံးသွားတာနဲ့ ဦးအောင်သန်း ဘယ်လိုဟန်မှုရာရှိနေသလဲ၊ ပွဲစားကျော်လှနဲ့ သူ့အပေါင်းအသင်းတွေရဲ့ လှုပ်ရှားမှုအခြေအနေတွေကိုပဲ လေ့လာကြပေါ့ဗျာ။ လူသတ်တရားခံဟာ သူတို့ အဝန်းအဝိုင်းထဲက ပေါ်ထွက်လာနိုင်တယ်ဗျ။ ရှင်းရဲ့လား''

''ရှင်းပါတယ် ဗိုလ်ကြီး''

''ရှင်းရင် မြန်မြန်ဆန်ဆန်၊ သွက်သွက်လက်လက် လှုပ်ရှားကြပေတော့။ အထက်ကလဲ ဖိအားပေးနေပြီ''

''စိတ်ချပါ ဗိုလ်ကြီး။ မကြာမီမှာ လူသတ်တရားခံကို ဖော်ထုတ် ဖမ်းဆီးပေးပါ့မယ်''

နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်စိုးနိုင်က တိကျပြတ်သားစွာပင် ကတိပေးလိုက်လေသည်။

❋❋❋❋❋

ခင်ခင်မြ၏ ရည်းစား ဝင်းမောင်ကို ဒုရဲအုပ်စိုးနိုင်က ခေါ်၍စစ်ဆေးမေးမြန်းသည်။

''ဝင်းမောင် . . . မင်းနဲ့ ခင်ခင်မြရဲ့ အခြေအနေကို တို့ရဲတပ်ဖွဲ့က သိတန်သလောက် သိထားပြီ၊ မင်းရဲ့ချစ်သူဟာ ဘာကြောင့် သေကြောင်းကြံသွားတာလဲ ဆိုတာ၊ မင်းသိလား''

''ကျွန်တော်နဲ့ သူနဲ့ အချစ်နယ်ကျွံသွားလို့ သူ့မှာကိုယ်ဝန်ရှိနေပြီလို့ ပြောတာကြောင့်၊ သူ့ကိုခိုးပြေးဖို့ ကြံနေတုန်းမှာ အခုလို သေကြောင်းကြံသွားလို့ ကျွန်တော်ရင်နင့်ကြေကွဲနေရတာပါ ဗိုလ်လေး။ သူ့ ပထွေးက၊ ကျွန်တော်နဲ့ဆို လုံးဝသဘောမတူဘူးလို့ ဆူပူကြိမ်းမောင်းနေတာကြောင့် သူစိတ်ညစ်ပြီး၊ သေကြောင်းကြံသွားတာလို့ ကျွန်တော်ထင်ပါတယ်။ ခင်ခင်မြ အခုလို အသေဆိုးနဲ့ သေဆုံးရတာဟာ သူ့ပထွေးစနက်ကြောင့်လို့ပဲ ထင်ပါတယ် ဗိုလ်လေး''

''သူ့ပထွေးက သူ့ကို ကြံစည်တာတွေရှိဖူးသလားကွ''

''အဲဒီလိုတော့ မရှိဘူးလို့၊ မြက ပြောပြပါတယ်''

''ခင်ခင်မြ သေဆုံးနေတဲ့ နေရာဟာ၊မင်းတို့နှစ်ယောက် ချိန်းတွေ့နေကျ နေရာဆိုတာ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အဲဒီနေ့က ကျွန်တော်ဝါးခုတ်ဖို့ ဝါးတောထဲရောက်နေတာပါ။ ကျွန်တော့်အိမ်ဘေးက ကိုစန်းညီတို့ ကိုရွှေတို့ ပါကြပါတယ်။ ကျွန်တော်အိမ်ပြန်ရောက်မှ မြရဲ့ အဖြစ်ဆိုးကို သိရတာပါဗျာ"

ဒုရဲအုပ် စိုးနိုင်၊ ခေတ္တခဏ ငြိမ်၍ စဉ်းစားပြီးမှ ထပ်၍ မေးသည်။

"မင်းနဲ့ ခင်ခင်မြ ကြားမှာ၊ အဆက်အသွယ်လုပ်ပေးနေသူက ဘယ်သူလဲကွ"

"သူ့ သူငယ်ချင်း၊ သူတို့အိမ်ဘေးက၊ ကြင်ကြင်မေပါ။ ကြင်ကြင်မေက တစ်ဆင့် ကြင်ကြင်မေရဲ့အစ်ကို အောင်မောင်းက ကျွန်တော်နဲ့ စာပေးစာယူလုပ်ပေးနေကျပါ။ ဒီရက်အတွင်းမှာ အောင်မောင်းကလဲ ခရီးလွန်နေလို့ အဆက်အသွယ်ပြတ်နေတုန်းမှာ အခုလိုဖြစ်သွားတာပဲ ဗိုလ်လေး"

"အောင်မောင်းက ဘယ်ကို ခရီးလွန်နေတာလဲကွ"

"အဲဒါကိုလဲ ဘာမှ ရေရေရာရာ မသိရပါဘူးဗျာ"

"မင်း ။ ကြင်ကြင်မေကို မေးမကြည့်ဘူးလား"

"ကြင်ကြင်မေကလဲ အခုတလော ကျွန်တော့်ကို ရှောင်နေတယ်၊ စစ်လားဆေးလားတွေထဲမှာ ပါမှာ ကြောက်လို့တဲ့ ဗိုလ်လေး"

"မင်းကို ခင်ခင်မြက လူလယ်ကောင်မှာ အရှက်ခွဲခဲ့ဖူးတယ်ဆိုတာ ဘယ်လို အရှက်ခွဲခဲ့တာလဲကွ"

"အဲဒါ သူ့အဖေ ယုံကြည်အောင် ကျွန်တော်နဲ့ စည်းဝါးကိုက်ပြီး ပြောခဲ့တာပါ။ နင့်လို သူရင်းအဆင့်နဲ့ ငါ့ကိုမမျှော်လင့်နဲ့လို့တော့ ပြောခဲ့တာပါ"

"ဩော် ဒီလိုကိုး"

ဒုရဲအုပ် စိုးနိုင်က ခေါင်းတညိတ်ညိတ်ဖြင့် ရင်ထဲမှာပဲ ကျိတ်၍သုံးသပ်နေသည်။

"ဝင်းမောင် ။ မင်း ။ ရွာက ဘယ်မှမသွားနဲ့။ သွားစရာလာစရာရှိရင်၊ ရဲစခန်းကို သတင်းပို့ပြီးမှ သွားလာပေါ့ကွာ။ ထူးခြားတာ ရှိရင်လဲ၊ သတင်းပို့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"အေး ။ မင်းသွားနိုင်ပြီ"

"ကဲ ဦးအောင်သန်း၊ ခင်ဗျားသမီး သေကြောင်းကြံသွားမိတာဟာ ခင်ဗျားကြောင့်လို့ ပတ်ဝန်းကျင်က ပြောနေကြတယ်။ ဟုတ်ရဲ့လား"

"ကိုယ်သမီးကို ဆင်စီးမြင်းရံတာပဲ မြင်ချင်ကြတာ၊ မိဘတွေရဲ့ မေတ္တာစေတနာပါ။ ဒါဟာ ဓမ္မတာပဲလေ"

"ပထွေးကလဲ မယားပါ သမီးကို ကြံလေ့ရှိတယ်ဆိုတာ၊ ဓမ္မတာပဲလို့ ပြောနေကြတယ်ဗျ"

"ဟာ တောက် ဘယ်ကောင်၊ ဘယ်ဇကောင်မတွေက ပြောသလဲ၊ ကျွန်တော်က သူငယ်ငယ်ကလေးကတည်းက ပိုးမွေးသလို မွေးလာရလို့ ကျွန်တော့်သမီးအရင်းလေးလို သံယောဇဉ်ဖြစ်နေသူပါ ဗိုလ်လေး။ ကျွန်တော့်သမီးလေးကို ခွေးကျင့်ခွေးကြံကြံတဲ့ စိတ်ယုတ်မာမျိုး၊ ကျွန်တော်ဘယ်တော့မှ မတွေးဘူးဗျ။ ကျွန်တော် ကံငါးပါးကို လုံခြုံတယ်။ ဒါကို သမီးလေးရဲ့ အမေ၊ ကျွန်တော်မိန်းမ တင်မြအသိပါ။ ဘုရားပေးပေး ကျမ်းပေးပေး ကျွန်တော်ကျိန်ဆိုရဲပါ



www.burmeseclassic.com

www.burmeseclassic.com



းဘာယ်''

ကြ ဒု ရဲအုပ် စိုးနိုင်က ဦး ဖို့အောင်သန်းကို ရွာလူကြီးအိမ် ဘွဲ့တွင်ခေါ်၍ မေးမြန်းရင်းဦးအောင် သန်း၏ စိတ်ကို ဆွပေးနေလေ ရာ၊ ဦးအောင်သန်းက ဒေါကန် သွားလေသည်။

မေးကြောကြီး ထောင် လာကာ၊ အသားတွေ တဆတ် ဆတ်တုန်သည်အထိ မံပြင်းသွား သော ဦးအောင်သန်းကို ဒုရဲအုပ် စိုးနိုင်က လေပြည်လေးဖြင့် နား ချဖျောင်းဖျပြန်သည်။

''ပတ်ဝန်းကျင်ရဲ့ သ ဘောသဘာဝအရ ထင်မြင်ချက် အမျိုးမျိုးနဲ့ ပြောကြမှာပဲဗျ။ ဘယ် သူတွေ ဘာတွေပဲ ပြောပြော၊ ဥပေက္ခာပြုနေလိုက်ပါ ဦးအောင် သန်းရာ၊ ကျွန်တော် သိချင်တာ လေးကိုပဲ မေးပါရစေတော့။ ခင် ခင်မြ အခုလိုသေကြောင်းကြံ သွားတာ၊ သူ့ရည်းစားဝင်းမောင် ကြောင့်လို့ ဦးအောင်သန်းထင် သလား''

''ကျွန်တော်က သမီး လေး အစားအသောက်ပျက်လာ ပြီး တမှိုင်မှိုင်၊ တငိုင်ငိုင်ဖြစ်နေ လို့ သူ့အမေ မတင်မြကို အစ် အောက်မေးခိုင်းတော့ သမီးလေး မှာ ကိုယ်ဝန်ရှိနေပြီလို့ သိရပါ တယ်။ ဒါကြောင့် ကျွန်တော် ဒေါကန်ပြီး ကြိမ်းမောင်းမိပါ တယ်။ ကလေးကို ဖျက်ချခိုင်းဖို့ ကြံရွယ်နေတုန်းမှာ အခုလို ဖြစ် သွားရတာပါပဲ။ အဲဒီကောင် ဝင်း မောင်ကြောင့် သမီးလေး သေ ဆုံးရတာပါဗျာ''

ဦးအောင်သန်းက ပြော နေရင်းမှာပင်၊ မချိုတင်ကဲ ခံစား



နေရဟန်ဖြင့် မျက်ရည်တွေ စီး ကျလာလေသည်။ ဒုရဲအုပ် စိုး နိုင်က ဆက်မေးသည်။

''ခင်ခင်မြမှာ ကိုယ်ဝန် ရှိနေတာကို ဦးအောင်သန်းတို့ လင်မယားနှစ်ယောက် သိနေကြ တယ်ပေါ့''

''သိပါတယ်။ ဒါပေမယ့် ကျိတ်ပြီး ခံစားနေကြရတာပါ''

''ဝင်းမောင်ကော သိ သလား''

''သိနိုင်လောက်တယ်၊ ကျွန်တော့်အိမ်ဘေးက ကြင်ကြင် မေတို့ မောင်နှမနှစ်ယောက်က အောင်သွယ်တာလေ။ ကြင်ကြင် မေက အိမ်မှာ အဝင်အထွက်ရှိ တယ်။ သူ့အစ်ကို အောင်မောင်း က အလုပ်ကိုလက်ကြောတင်း အောင် လုပ်တဲ့ကောင်မဟုတ် ဘူး။ အသောက်အစားများသလို လောင်းကစားလဲ သိဂ်မက်တဲ့ ကောင်။ သူက ဝင်းမောင်နဲ့ သူ ငယ်ချင်းလဲဖြစ်သလို၊ ဝင်းမောင် နဲ့ ကျွန်တော့်သမီးဆီက ချူစား နေတဲ့ကောင်ပါ''

''ဒေ ၁င်မောင်းကို ရှာ မှာမတွေ့ပါလား''

''ဖဲကြွေးတွေ မဆပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရှောင်ပြေးနေတယ်လို့ ကြားရတာပဲ။ ဟုတ် မဟုတ်တော့ ကျွန်တော်မသိဘူး''

''ကဲ ဦးအောင်သန်း၊ ပြန်လို့ရပါပြီ။ ဒီလောက် သိရရင် ကျေနပ်ပါပြီ။ ကျေးဇူးပါပဲ ဦးအောင်သန်း''

''ဗိုလ်လေးကို ကျွန်တော်သိချင်တာ၊ ပြန်မေးပါရစေ။ သမီးလေး ကြိုးဆွဲချသေဆုံးသွားတာနဲ့ ပတ်သက်လို့ ဘာကြောင့် အခုလို စစ်ဆေးနေရတာလဲဗျာ''

''ခင်ခင်မြ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသွားတာဟာ ဥပဒေနဲ့ မလွတ်ကင်းဘူးဗျ။ အရေးယူလို့ ရတယ်။ သူ့ဟာသူ သွေးရိုးသားရိုးနဲ့ သေကြောင်းကြံသွားတာလား။ ဘေးက ပယောဂကြောင့် သေကြောင်းကြံသွားတာလား။ ဒါမှမဟုတ် သတ်သူက သတ်ပြီးမှ ဘေးလူတွေကို မရိပ်မိအောင် သေကြောင်းကြံသယောင် လုပ်ကြံထားတာလားဆိုတာကို ကျွန်တော်တို့ ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ပေးရလို့ ရှိပါတယ်''

''ဩော် ဒီလိုလား၊ သိပါဘူးဗျာ။ ကျွန်တော့်သမီးလေး ဘယ်လိုပဲ သေသေဆုံးဆုံး၊ ကျွန်တော်တို့ မိဘတွေကတော့ ယူကျုံးမရ အပူလုံးဘဝနဲ့ ဖြေမဆည်နိုင်ကြပါဘူးဗျာ၊ တကယ်လို့များ ကျွန်တော့်သမီးကို လုပ်ကြံသတ်ဖြတ်သွားသူကို ဖော်ထုတ်ပေးနိုင်မယ်ဆိုရင် အဲဒီကောင်ကို ကျွန်တော်ကိုယ်တိုင် သတ်ပစ်မယ် ဗိုလ်လေး''

''ဦးအောင်သန်းရေ၊ တရားနဲ့ဖြေပါဗျာ။ အကယ်၍ သတ်ခဲ့ရင်တော့ ဥပဒေရှိပါတယ်၊ ဥပဒေအရ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ခံကြရမှာပါ။ ကျွန်တော်တို့လဲ အမြဲတမ်း စုံစမ်းနေဆဲပါဗျာ''

* * * * *

ဒုရဲအုပ် စိုးနိုင်က သူလှေ့လာစုံစမ်းခဲ့သမျှကို စခန်းမှူး ရဲအုပ်သက်မောင်ထံ တင်ပြလိုက်ရာ ရဲအုပ်သက်မောင်က တွေးတွေးဆဆဖြင့် ပြောသည်။

''ကျော်လှက အဲဒီအချိန်မှာ ရွာမှာမရှိသလို၊ ဝင်းမောင်ကလဲ ဝါးတောထဲရောက်နေတယ်ဆိုတော့ ဦးအောင်သန်းပဲ ရှိတော့တာပေါ့။ ဒါပေမယ့် ဦးအောင်သန်းကလဲ သူ့သမီးကိုယ်ဝန်ရှိနေတာကို သိနေတဲ့အပြင် ကိုယ်ဝန်ကို ဖျက်ချခိုင်းဖို့တောင် ကြံရွယ်နေတယ်ဆိုတော့ စဉ်းစားစရာပေါ့ဗျာ''

''တစ်ရွာလုံးက ဦးအောင်သန်းကို လူရိုးလူကောင်းလို့ ပြောဆိုနေကြတယ်။ ကျွန်တော်က သူ့စိတ်ကိုဆွပေးလိုက်တော့ သူတော်တော်ခံပြင်းဒေါကန်သွားတယ် ဗိုလ်ကြီး။ ကျွန်တော်စဉ်းစားမိတာက ဝင်းမောင်ဝါးတောထဲ သွားနေပါရက်နဲ့ ခင်ခင်မြက သူတို့ချိန်းတွေ့နေကျနေရာကို ဘာကြောင့်ရောက်သွားရသလဲဆိုတာပဲ ဗိုလ်ကြီး''

''ဟုတ်ပြီ ကြာတယ်။ ကြင်ကြင်မေကို အခေါ်လွှတ်လိုက်ဗျာ။ အောင်မောင်းကို တွေ့ရင်လဲ ခေါ်ခဲ့ဖို့၊ မတွေ့ရင်လဲ တွေ့အောင် ရှာကြရမှာပဲ။ ကိုစိုးနိုင် ခင်ဗျား .. တော်သထက်တော်လာပြီ။ မကြာမီမှာပဲ လူသတ်တရားခံကို ဖမ်းမိနိုင်တော့မှာပါ''

ရဲအုပ်သက်မောင်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက်၊ ဒုရဲအုပ် စိုးနိုင်က ရဲတပ်ကြပ်ကြီး ဇော်ဝင်းနှင့်အဖွဲ့ကို ကျွန်းတော



www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ စေလွှတ်လိုက်သည်။

ကျွန်းတောရွာနှင့် မြို့ပေါ်ရဲစခန်းက (၇)မိုင်ကျော်သာဝေးကွာသဖြင့် သုံးနာရီအတွင်းမှာပင်၊ ရွာလူကြီး ဦးလှရွှေနှင့်အတူ ကြင်ကြင်မေတို့ ရဲစခန်းသို့ရောက်လာကြသည်။

သို့သော် အောင်မောင်းကတော့ ပါမလာ။

ရဲအုပ် သက်မောင်နှင့် ဒုရဲအုပ်စိုးနိုင်တို့က ရွာလူကြီး၏ရှေ့မှာပင် ကြင်ကြင်မေကို စစ်မေးသည်။

"ကဲ . . ကြင်ကြင်မေ . ခင်ခင်မြကို နင်ပဲချိန်းပေးခဲ့တယ်ဆိုတာ တို့မှာ အထောက်အထားတွေရထားပြီးပြီ။ တို့ကိုနင်လိုရင်းတိုရှင်း အမှန်ပဲ ပြောပြပါ"

"ဟုတ်ကဲ့ . . ကိုဝင်းမောင်က၊ တွေ့နေကျနေရာကိုလာခဲ့ဖို့ ပြောခိုင်းလို့ ကျွန်မကခင်ခင်မြကို ပြောပေးရတာပါ"

"အဲဒီအချိန်မှာ ဝင်းမောင်ဟာ ရွာမှာ မရှိဘူးဆိုတာနင်မသိဘူးလား"

"ကျွန်မ မသိပါဘူး။ အစ်ကို အောင်မောင်းကို ဝင်းမောင်က ချိန်းခိုင်းတာတဲ့။ အစ်ကို အောင်မောင်းက ပြောခိုင်းတာနဲ့ ကျွန်မကပြောပေးရတာပါ"

"ဒါဆိုရင် ဝင်းမောင်က နင့်ကို တိုက်ရိုက်ပြောခိုင်းတာမဟုတ်ဘူးပေါ့"

"သူတို့ ချစ်သူနှစ်ယောက်ကြားမှာ ကျွန်မတို့မောင်နှမနှစ်ယောက်က ဆက်သွယ်ပေးနေကျပါ။ ကျွန်မ က ခင်ခင်မြနဲ့ပဲတိုက်ရိုက်ဆက်သွယ်ရပါတယ်။ အစ်ကိုအောင်မောင်းက တစ်ဆင့်ဝင်းမောင်နဲ့ဆက်သွယ်ရတာပါ"

"ရှင်းသွားပြီ။ဝင်းမောင်ရဲ့ ကြားခံက အောင်မောင်း၊ ခင်ခင်မြရဲ့ ကြားခံကနင့်ပေါ့။ နင်တို့ မောင်နှမ နှစ်ယောက်ကကြားခံတွေဆိုတာ ဇာတ်ရည်လည်သွားပြီ။ ကဲ နင့်အစ်ကိုအောင်မောင်း အခုဘယ်ကိုရောက်နေသလဲ"

"ဖဲကြွေး မဆပ်နိုင်သေးလို့ ရှောင်နေဦးမယ်ဆိုပြီးအိမ်ကထွက်သွားတာပဲ။ ဘယ်ရောက်နေသလဲ ဆိုတာတော့ကျွန်မ မသိပါဘူး"

"ဘယ်တုန်းက ထွက်သွားတာလဲ"

ရဲအုပ် သက်မောင်၏ အမေးကို ကြင်ကြင်မေ ချက်ချင်းမဖြေနိုင်ဘဲ မှိုင်တွေသွားသည်။ ဒုရဲအုပ်စိုးနိုင်က စကားထောက်ပေးလိုက်သည်။

"ကြင်ကြင်မေ စဉ်းစားပြီးပြောနော်။ နင့်သူငယ်ချင်း သေကြောင်း ကြံစည်သွားတာ၊ ဘာကြောင့်လဲ ဆိုတာ တို့ကသိချင်နေကြတယ်။ သူ့ခမျာ သေလဲ သေရသေး။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံလို့ ဥပဒေအရ အရေးယူခံရမယ်ဆိုရင် တမလွန်ဘဝက ကျွတ်လွတ်တော့မှာ မဟုတ်ဘူး။ နင့်သူငယ်ချင်းကို သနားရင် နင့်ရင်ထဲမှာ ခံစားနေရသမျှကို ပြောပြပါ"

"ကျွန်မက ဘာကိုပြောပြရမှာလဲ"

"ဩော် နင့်သူငယ်ချင်းက မသေခင်မှာ ဘာတွေပြောခဲ့သေးလဲဆိုတာပေါ့"

"သူမသေခင်က ငါသေချင်နေတယ် ကြင်မေရယ်လို့ မကြာခဏ ညည်းညူနေပါတယ်။ ဝင်းမောင်နဲ့ တွေ့မှ ဖြစ်တယ်လို့လဲပြောလို့ သူတို့ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံဖို့ ကျွန်မပဲ ချိန်းဆိုပေးခဲ့ပါသေးတယ်။ တွေ့လဲတွေ့ကြပါတယ်။ အခုတစ်ခါလဲ ဝင်းမောင်ကတွေ့ချင်တယ်ပြောလို့ ကျွန်မပဲ ချိန်းဆိုပေးခဲ့ရင်းက အခုလိုဖြစ်သွားရတာပါ”

“အောင်မောင်းက တစ်ဆင့်ချိန်းခိုင်းတာလား”

“ဟုတ်ပါတယ်”

“အောင်မောင်း နင်တို့အိမ်က ဘယ်နေ့ကထွက်သွားတာလဲ”

“ဝင်းမောင်နဲ့ ခင်ခင်မြတို့ ချိန်းတွေ့တဲ့နေ့ကပါ။ ကျွန်မမှတ်မိပါတယ်။ ခင်ခင်မြ ကြိုးဆွဲချသေဆုံးသွားတဲ့ ညကတည်းက အစ်ကိုအောင်မောင်းရွာကထွက်သွားတာပါ”

“သေချာတယ်နော်”

“သေချာပါတယ်”

အစ်ကိုအောင်မောင်းက ကျွန်မဆီက လမ်းစရိတ်သုံးထောင်တောင်၊ တောင်သွားလို့ ကျွန်မမှတ်မိနေတာပါ”

ရဲအုပ် သက်မောင်နှင့် ဒုရဲအုပ် စိုးနိုင်တို့ နှစ်ယောက်၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ၊ အဓိပ္ပာယ်ပါပါ ပြုံးတူ ခေါင်းညိတ်လိုက်ကြသည်။

“ဒီလောက် သိရရင် ပြည့်စုံပါပြီ ကြင်ကြင်မေ၊ လိုအပ်ရင် ထပ်ခေါ်ပါဦးမယ်။ကဲ ပြန်နိုင်ပြီ။ ဦးလှရွှေကိုလဲ၊ ကျေးဇူးတင်ပါတယ်”

“ကိုစိုးနိုင် အဖြေကထွက်နေပြီဗျ။ အောင်မောင်းကိုတွေ့အောင်ရှာဖို့ပဲ အရေးကြီးတယ်”

“စိတ်ချပါ ဗိုလ်ကြီး အောင်မောင်းကိုတွေ့အောင် ရှာပါ့မယ်။ ဒီကောင်သွားလာတတ်တဲ့ နေရာတွေ သူ့သားချင်းဆွေမျိုးတွေရှိတဲ့နေရာတွေကို စုံစမ်းပါမယ်”

“မြန်မြန် လုပ်ရားတော့ဗျာ”

ရဲအုပ်သက်မောင်က လှူဆော်တိုက်တွန်းလိုက်လေရာ၊ ဒုရဲအုပ် စိုးနိုင်နှင့် နယ်ထိန်းအဖွဲ့က အဖွဲ့များ ပြန့်ကြက်ကာ အောင်မောင်းကို သွက်လက်မြန်ဆန်စွာ ရှာပုံတော်ပွင့်ကြတော့သည်။

သို့သော် အောင်မောင်း၏ သတင်းက အစအနပင် မရ၊

ထိုအချိန်တွင် မမျှော်လင့် မထင်မှတ်ဘဲ ရဲစခန်းသို့ ထိတ်ထိတ်ပျာပျာဖြင့်၊ ရောက်လာသူက အောင်မောင်း၏ ညီမ ကြင်ကြင်မေ။

ကြင်ကြင်မေက ရောက်မဆိုက်မင် ဝမ်းနည်းပက် လက်ငိုကြွေးကာ အကူအညီတောင်းခံသည်။

“ဗိုလ်ကြီးတို့ ဗိုလ်လေးတို့ ကျွန်မတို့ကို ကယ်ပါဦးရှင်”

“ဟဲ့ ဘာဖြစ်လာတာလဲ ကြင်ကြင်မေ”

“ဟို ကျော်လှ ကျော်လှ၊ တစ်ညမှာ မူးပြီး ကျွန်မတို့အိမ်ကိုရောက်လာတယ်။ ကျွန်မကို ရိသဲ့သဲ့ လုပ်နေလို့ ကျွန်မက အစ်ကိုကြီးနဲ့ တိုင်ပြောမယ်ဆိုတော့ နင့်အစ်ကို ငရဲပြည်ရောက်သွားပြီလို့ ပြောတယ်။ ဒါကြောင့် နင့်ကို ကူညီဖို့ ငါလာတာလို့ ပြောပြောဆိုဆို ကျွန်မကို ဆွဲလားရမ်းလားလုပ်လို့၊ ကျွန်မက ပတ်ဝန်းကျင်ကို အော်ဟစ် အကူအညီတောင်းမှ အိမ်ထဲက ထွက်သွားပါတယ်။ ထွက်သွားတော့လဲ နင် ငါ့လက်အောက်က ပြေးမလွတ်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com





ကြိမ်းမောင်းသွားပါတယ်။ အင့်ဟင့် ... အင့်"

ကြင်ကြင်မေက ပြောဆိုနေရင်း၊ ငိုရှိုက်နေလေရာ၊ ရဲအုပ်သက်မောင်နှင့် ဒုရဲအုပ်စိုးနိုင်တို့ နှစ်ယောက် အဓိပ္ပာယ်ပါပါ မျက်လုံးချင်း စကားပြောလိုက်ကြ သည်။

ရဲအုပ်သက်မောင်က ကြင်ကြင်မေကို နှစ်သိမ့်အားပေး စကားပြောသည်။

"ကြင်ကြင်မေ ဘာမှ အားမငယ်နဲ့ နင်တို့ကို စောင့်ရှောက်ပေးမယ်။ ရွာလူကြီးတွေကိုလဲ ငါပြောထားမယ် ... ကဲ ... ကဲ စိတ်အေးအေးထား၊ ရွာမှာ မနေရဲရင်လဲ တို့ရဲစခန်းမှာပဲ နေ၊ ကိုစိုးနိုင်ကြည့်စီစဉ်ပေးလိုက်ဗျာ အခုလောလောဆယ် ကျွန်တော်တို့ ကျော်လှနောက်ကို နောက်ယောင်ခံလိုက်ကြစို့"

ရဲအုပ်သက်မောင်က ပြောပြီးသည်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ရုံးခန်းထဲသို့ ဝင်သွားသည်။

ဒုရဲအုပ် စိုးနိုင်က ရဲမေတစ်ယောက်ကို ခေါ်ကာ မှာကြားပြီး ကြင်ကြင်မေကို အပ်နှံလိုက်သည်။

❋❋❋❋❋

ရက်ပိုင်းအတွင်းမှာပင် ရဲအုပ်သက်မောင်ထံသို့ အမာခံတစ်ဦးက သတင်းပေးပို့ခဲ့ရာ ရဲအုပ်သက်မောင်က ချက်ချင်းပင် လှုပ်ရှားပါတော့သည်။

သည်တစ်ခါတော့ ရဲအုပ် သက်မောင်ကိုယ်တိုင် ဆိုင်ကယ်စီးကာ တစ်ယောက်တည်း ထွက်သွားလေတော့ သည်။

"ဆုံစည်းရာ" စားတော်ဆက်ရှေ့သို့ ရဲအုပ်သက်မောင်ရောက်သွားသည်။ သူ့ပုံစံက တောမှတက်လာသော လယ်သမားကြီးပုံစံမျိုး၊ ခမောက်ကိုဆောင်းထားသည်။ အညာဂျပ်ခုတ်လွယ်အိတ်အစုတ်ကြီးကိုလည်း လွယ်ထားသည်။ ထိုမြို့သို့ရောက်ခါစမို့ ရဲအုပ် သက်မောင်ကို လူတိုင်းက မသိကြသောကြောင်း လူစိမ်းတစ်ဦးလိုဖြစ်နေသည်။

စားသောက်ဆိုင်အောက်ထပ်တွင် ရမ်တစ်ပုလင်းကိုထောင်ကာ၊ ဝက်ခေါင်းသုပ်နှင့် နတ်စည်းစိမ်ခံစားနေဟန်ဆောင်ထားသည်။

စားပွဲထိုးလေးကို (အပိုကြေး) ဘောက်ဆူးပေးကာ၊ သူသိလိုသမျှကို စုံစမ်းပြီး၊ အပေါ်ထပ်ရှိ လောင်းကစားဝိုင်းဆီသို့ တက်သွားသည်။

ရှီးဝိုင်းတွင် ဒိုင်ကိုင်နေသူက ပွဲစားကျော်လှ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်လှဘေး၏ ဘယ်ညာမှာ သူတပည့် နှစ်ယောက်က ကိုယ်ရံတော် ဒလန်လုပ်နေကြသည်။ မူးလည်းမူး မြူးလည်းမြူးနေကြသည်။

ရဲအုပ်သက်မောင် ရုပ်ဖျက်ထားသည်ကို လုံးဝမရိပ်မိကြ။ အချဉ်တစ်ကောင်ဝင်လာသည်ဟု ယူဆကာ ရှိုးဝိုင်းထဲသို့ အဝင်ခံသည်။

ပွဲအစတွင် ရဲအုပ်သက်မောင်က၊ အရှုံးခံကစားသည်။ ကြာလာတော့ ကျော်လှရှုံးလာသည်။ နောက်ဆုံးတွင် ကျော်လှမှာ ရှိသမျှ ကုန်သွားလေရာ သူ့တပည့် နှစ်ယောက်က ရဲအုပ်သက်မောင်ကို ရန်စလာကြသည်။ ဖဲလိမ်ရိုက်သည်ဟု စွပ်စွဲလာရာ ရဲအုပ် သက်မောင်က ခပ်ထန်ထန် ပြန်လည် တုံ့ပြန်သည်။

"မင်းတို့ထက် မိုက်လို့ တစ်ယောက်တည်းလာရိုက်တာကွ၊ နယ်မရွေးဘူး။ ဘယ်သူ့မှ ဗိုလ်မထားတဲ့ စံရှားဆိုတာငါပဲ"

"ဟား ဟား ဟား အာဂမွှားပါလား။ မင်းက ဘယ်လောက်မိုက်လို့လဲ။ လူသတ်ဖူးလို့လား။ တို့ဆရာက ယောက်ျား မိန်းမမရွေး သတ်ဖူးထားတာကွ။ မင်းပါဆိုရင် သုံးယောက်မြောက် သတ်ရတော့မယ်နဲ့တူတယ်"

ရဲအုပ် သက်မောင်က စိတ်ကိုဆွပေးသည့် စကားပြောသည်ကို မခံချင်စိတ်ဖြင့် ပြန်လည် တုံ့ပြန်ပြောကြားသူက ကျော်လှ၏ တပည့် ဖိုးထောင်။ ကျော်လှကလည်း ဖိုးထောင် မြှောက်ပင့်ပြောသည်ကို ကျေနပ်အားရဟန်ဖြင့် ရဲအုပ်သက်မောင်ကို စိုက်ကြည့်လိုက်ရင်း နေရာမှ ထလိုက်သည်။

ဖိုးထောင်က ကျော်လှကို သခင်အားရ ကျွန်ပါးဝဟန်ဖြင့် ပြောလိုက်သည်။၏

"ဆရာ အသာလေးနေပါ၊ ဒီကောင့်ကို ကျွန်တော်ဆုံးမလိုက်ပါ့မယ်... ဒုတ် အင်အား"

"ဝုံး ဂလွမ်း ဖုံး"

ဖိုးထောင်၏ စကား မဆုံးမီမှာပင် ရဲအုပ်သက်မောင်၏ ခြေလက်တွေက ပလူပျံသွားလေရာ ကျော်လှရော ဖိုးထောင်ပါ အဝိုက်ခံလိုက်ကြရသည်။ ကျန်တစ်ယောက်ကိုလည်း ရဲအုပ် သက်မောင်၏ ညာခြေထောက်က မေ့မြောသွားစေသည်။

"မင်းတို့ သုံးယောက်စလုံး ပြေးမလွတ်တော့ဘူး။ ဒီမှာ ကြည့်စမ်း ဒါဘာလဲ။ ဒါဟာ မင်းတို့ရဲ့ သေမင်းပဲ"

ရဲအုပ် သက်မောင်က ခြောက်လုံးပြူးနှင့် ချိန်ရွယ်ကာ ခြိမ်းခြောက်လိုက်သည်။

ထိုအချိန်တွင် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စိုးနိုင်နှင့် နယ်ထိန်း ရဲတပ်ဖွဲ့ဝင်များက အချိန်မီ ရောက်လာကြသည်။

"ဗိုလ်ကြီးကို စိတ်မချလို့ ကျွန်တော်တို့အဖွဲ့ နောက်ယောင်ခံလိုက်လာတာ၊ အချိန်မီပါလား ဗိုလ်ကြီးရာ"

"ကိုစိုးနိုင်၊ ခင်ဗျားကတော့ တော်သထက်တော်နေပါလားဗျာ"

"ဒီကောင်တွေက"

"အားလုံးကို လက်ထိတ်ခတ်လိုက်။ ခင်ခင်မြနဲ့ အောင်မောင်းကို သတ်တဲ့ လူသတ်တရားခံတွေဟာ သူတို့ပဲ။ စခန်းကျမှ စစ်ချက်ယူကြမယ်"

ဒုရဲအုပ် စိုးနိုင်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကျော်လှ



www.burmeseclassic.com

နှင့် သူ့တပည့်နှစ်ယောက်ကို ရဲစခန်းသို့ ခေါ်လာခဲ့ကြသည်။

ရဲစခန်းတွင် ကျော်လှက ဘူးကွယ်ငြင်းဆိုနေသော်လည်း တစ်ယောက်စီခွဲ၍ စစ်မေး၊ အစ်အောက်လိုက်ကြသောအခါ လေသံပျော့သွားကြသည်။ ကျော်လှရှေ့သို့ ကြင်ကြင်မေကို ခေါ်ပြလိုက်ပါမှ ကျော်လှ ငြိမ်ကျသွားကာ ဝန်ခံထွက်ဆိုပါတော့သည်။

“ကျွန်တော် တစ်ဖက်သတ် ချစ်နေတဲ့ ခင်ခင်မြနဲ့ ဝင်းမောင်ကို အောင်သွယ်ပေးနေကြတဲ့ အောင်မောင်းတို့ မောင်နှမကို ကျွန်တော်ကြည့်မရတာကြာခဲ့ပါပြီ။ ဒါကြောင့် အောင်မောင်းကို ဖဲကစားနည်းနဲ့ဆွယ်ပြီး သူဖဲရှုံးတော့မှ သူ့ကို အကျပ်ကိုင်ခဲ့ပါတယ်။ ဝင်းမောင်မရှိတဲ့ အချိန်မှာ ဝင်းမောင်ကိုယ်စား ခင်ခင်မြကို ချိန်းခိုင်းခဲ့ပါတယ်။ သူတို့ချစ်သူနှစ်ဦး တွေ့ဆုံနေကျနေရာမှာ ခင်ခင်မြ ရောက်လာတော့ ကျွန်တော် အနုနည်းနဲ့ ချော့တာမရလို့ အကြမ်းနည်းသုံး အတင်းအဓမ္မကျူးလွန်ခဲ့ပါတယ်။ ခင်ခင်မြက ကျွန်တော့်ကို ဆဲဆိုပါးရိုက်ခဲ့တဲ့အပြင် ရဲကို တိုင်မယ်ပြောတာနဲ့ ကျွန်တော် ခင်ခင်မြကို လည်ပင်းညှစ်သတ်ပြီး ကြိုးဆွဲချသေကြောင်းကြံသလို လုပ်ထားခဲ့တာပါ--

“အဲဒီ ဖြစ်ရပ်ကို သိသွားတဲ့ အောင်မောင်းက ကျွန်တော့်ကို ပြန်ပြီး အကျပ်ကိုင်ငွေညှစ်လာလို့ ကျွန်တော့်တပည့်တွေနဲ့ သူ့ကို လှည်းဖြားခေါ်ဆောင်ပြီး၊ နှုတ်ပိတ်တဲ့ အနေနဲ့ သတ်ပစ်ခဲ့ပါတယ်။သူ့အလောင်းကိုတော့၊ ရိုးမတောင်ခြေ အင်တိုင်းတော ချောက်ထဲမှာ မြှုပ်ထားခဲ့ပါတယ်။ ကျွန်တော် အရက်မူးအချစ်မူးလွန်းလို့ မှားသွားပါတယ်”

ကျော်လှ၏ ဝန်ခံချက်ကို ဖိုးထောင်နှင့် ကျန်တပည့်ကျွဲကြီးကလည်း ဝန်ခံခဲ့သည်။

ရဲအုပ် သက်မောင်က အသံဖမ်းစက်ဖြင့် ဖမ်းထားကာ မြို့နယ် တရားသူကြီးရှေ့တွင် ဖြောင့်ချက်ယူစေခဲ့ရာ လူသတ်တရားခံအားလုံးကလည်း အသံဖမ်းထားသည့်အတိုင်း၊ တစ်သဇေမတိမ်း ဖြောင့်ချက်ပေးကြလေသည်။

တရားရုံးမှ ကိုယ်ဝန်ရှိမိန်းကလေးကို အဓမ္မကျင့်သတ်ဖြတ်ခဲ့သည့် ပွဲစားကျော်လှကို ထိုက်တန်သည့် ပြစ်ဒဏ် သေဒဏ်ချမှတ်လိုက်လေသည်။

ကြံရာပါ ဖိုးထောင်နှင့် ကျွဲကြီးတို့ကိုမူ ထောင်ဒဏ် (၁၀) နှစ်စီ ပြစ်ဒဏ်ချမှတ်လိုက်လေသည်။

“တကယ်တော့ အရက်မူး မူးပြီး ကာမဘီလူးစီးခဲ့မိလို့ ကာလဝိပါက် နောက်ပိုးတက်ဆိုသလိုပဲ အသေဆိုးနဲ့သေရတာပါ ကျော်လှရာ။ လောဘ တဏှာ၊ လောင်းကစားသံသရာကြောင့် သူငယ်ချင်းကို သစ္စာမဲ့ခဲ့မိလို့ သေရသူကအောင်မောင်း၊ သူတို့ကြားမှာ မြေစာပင်ဖြစ်ရသူလေးက ခင်ခင်မြနဲ့ လူ့ဘဝတောင်မရောက်သေးတဲ့ ခင်ခင်မြဗိုက်ထဲက သန္ဓေသားလေး၊ လောဘ၊ ဒေါသ၊ မောဟ၊ ရာဂမီးတွေရဲ့ သားကောင်တွေပါလား” ဟု ရဲအုပ် သက်မောင်တွေးတော ငေးမောစဉ်းစားနေမိလေတော့သည်။

မောင်ငြိမ်းသူ-
ကြို့ပင်ကောက်

www.burmeseclassic.com



# ဆုငွေချီးမြှင့်မည့် မှုခင်းပဟေဠိ

## အမှတ် (၆၇)အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

**မေးခွန်းနံပါတ် (၁)** ဝတ္ထုလေးရဲ့ ခေါင်းစဉ်ကို အနှစ်သာရရှိရှိ ဘယ်လိုပေးရင် ကောင်းမလဲ?

**မေးခွန်းနံပါတ် (၂)** တရားခံများကို ဖမ်းဆီးနိုင်ရေးအတွက် သဲလွန်စတွေက ဘာတွေလဲ?

**မေးခွန်းနံပါတ် (၃)** သဲလွန်စရရှိရေးအတွက် ရဲတပ်ဖွဲ့၏ အဓိကသော့ချက်က ဘာလဲ?

**မေးခွန်းနံပါတ် (၄)** ဒီမှုခင်းဝတ္ထုတိုကို ဖတ်ပြီး ဘာတွေ သင်ခန်းစာယူသင့်သလဲ?

အဖြေလွှာများကို သီးခြားလျှောက်လွှာဖြင့် ဖြေဆို၍ မှုခင်းရှုထောင့်ရာဇဝတ်မဂ္ဂဇင်းရုံး (အမှတ်၉၆၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့)သို့ လိပ်မူ၍ (၁၀-၆-၂၀၁၃)နေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ဖြေဆိုကြရာ၌ အဓိကအချက်ကို လိုတိုရှင်းသာ ဖြေကြပါ။ ကျိုးကြောင်းဖော်ပြချက်ကို ရှည်လျားစွာ ရေးသားထားပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**မှတ်ချက်**

၁။ ဆုငွေရရှိသူများသည် နိုင်ငံသားမှတ်ပုံတင်နှင့်အတူ မှုခင်းရှုထောင့်ရာဇဝတ်မဂ္ဂဇင်းရုံး တည်ရှိရာ နေရာတွင် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပဟေဠိအမှတ်စဉ် (၆၀)၏ အဖြေမှန်များကြေညာခြင်း

မေးခွန်းနံပါတ် (၁) “မိန်းမနဲ့ဖြားယောင်းရင် ဘုရားလောင်းဥဒေါင်းမင်းတောင်မခံနိုင်”

မေးခွန်းနံပါတ် (၂) အဓိကကျတဲ့ သဲလွန်စက ဒဏ်ရာမပေါ်အောင် သတ်နိုင်လို့ဆိုတဲ့ စကားနှင့် ကျားကြီးလက်ထဲက အင်္ကျီစနှင့် ဝင်းမောင်၏ အိမ်သာဘေးမှတွေ့ရတဲ့ အင်္ကျီအစုတ်စ

မေးခွန်းနံပါတ် (၃) ဗလအားကိုးနှင့် တုတ်ပြီးဓားပြီးဆိုပြီး ရွာသားများအပေါ် အနိုင်ကျင့်ဗိုလ်ကျ၊ အမျိုးသမီးများကို ပျိုအိုမရွေး စော်ကားခြင်း

မေးခွန်းနံပါတ် (၄) မိမိအတွက်လည်း အကျိုးမရှိ၊ အများအတွက်လည်း အကျိုးမပြုဘဲ ရမ်းကားသူတို့၏ သွားရာလမ်းကား တရားဥပဒေဘောင်အတွင်းသို့သာပင် ဖြစ်သည်။

### အဖြေမှန်သူများ၏ ဆုစာရင်းကြေညာခြင်း

**နှစ်သိမ့်ဆုရရှိသူများ**

(၁) ဒေါ်မြင့်မြင့်သွယ်၊ အထက ဝါးကြီးအိုင်၊ မြို့သစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။

(၂) မအိအိဖြိုး၊ ၇/ပတန(နိုင်)၁၅၀၇၇၅၊ ဖက်ရှင်ဆံပင်အလှပြုပြင်ရေး၊ အထကရှေ့ လမ်းမတော်၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

(၃) ဒေါ်ကျင်လှိုင်၊ ၁၂/တမန(နိုင်)၀၉၉၂၅၅၊ ၁၊ မြို့သစ် (၂)လမ်း၊ ကျောက်မြောင်းမြို့နယ်၊ ရန်ကုန်မြို့။

(၄) မရီနွယ်မွန်၊ ၈/မကန(နိုင်)၂၃၄၆၅၅၊ ၄၊ ဇေယျမင်္ဂလာလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(၅) မေသဇင်ခိုင်၊ ၁၆၊ နယ်မြေ (၃)၊ ပါဟတ်ရပ်ကွက်၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်)။

(၆) ဦးစန်းမြင့်၊ ၅/ပလဘ(နိုင်)၀၄၃၆၄၉၊ ရှမ်းပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့။

(၇) မော်မော်ဝင်း၊ ၁၂/ကခက(နိုင်)၀၆၃၅၅၄၊ ၁၄၄၊ မြို့သစ်ကြီးရပ်ကွက်၊ နောင်ခမ်းရှမ်းရွာလမ်းထိပ်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

(၈) မနီလာခင်၊ ၇/ပခန(နိုင်)၀၁၈၀၁၆၊ ၁၄/၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဥသာမြို့သစ်၊ ပဲခူး။

(၉) မထက်ထက်ထွန်း၊ ၇/ပခန(နိုင်)၃၄၅၆၇၈၊ ၁၄/၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဥသာမြို့သစ်၊ ပဲခူး။



www.burmeseclassic.com

www.burmeseclassic.com



(၁၀) မသီတာလွင်၊ ၁၄/အမန(နိုင်)၀၀၁၃၃၀၊ သော်တာစာပေ၊ အနော်ရထာလမ်း၊ ဈေးအပြင်တန်း၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ဆုငွေ (၁၀၀၀ဝိ/–)ကျပ်နှင့် စာအုပ် (၁)အုပ်။**

---

## ပဟေဠိအမှတ်စဉ် (၆၁)၏ အဖြေမှန်များကြေညာခြင်း

မေးခွန်းနံပါတ် (၁) "သုဘဒ္ဒါလိုမိန်းမရှိင်း"

မေးခွန်းနံပါတ် (၂) အဓိကသဲလွန်စမှာ အရက်ဆိုင်မှာပြောသော ညီကြီးနှင့် ကျော်သက်တို့၏ စကားများ။

မေးခွန်းနံပါတ် (၃) အမျိုးသမီးများ၏ဖြစ်တတ်သော သဘာဝ၊ မိန်းမတိုင်း ခွင့်မလွှတ်နိုင်သော ရည်းစားလူလု အူနုကျွဲခတ်ဆိုသကဲ့သို့ ဘဝတစ်ခုလုံးရှုံးပြီးရင်း ရှုံးနေရ သည့်အတွက် အာဃာတအငြိုးကြီးမားစွာဖြင့် ဒေါ်သစိတ်ရိုင်းကို မထိန်း သိမ်းနိုင်ခဲ့ခြင်းကြောင့်။

မေးခွန်းနံပါတ် (၄) အိမ်ထောင်ရေး ဖောက်ပြန်မှု ကျူးလွန်သူတိုင်းမှာ နှစ်ယောက်ကြား စိတ် သောကဗျာပါဒများ ရရှိခံစားရခြင်းကို ကြုံတွေ့ကြရသဖြင့် စဉ်းစားဆင်ခြင် သင့်သလို ဥပဒေနှင့်မကင်းသော အလုပ်ကို လုပ်ကြသူတိုင်းလည်း ငွေရရင် ပြီးရောဆိုတဲ့ စိတ်နဲ့ မဆင်မခြင်ပြုလုပ်ကြရင် အဲဒီငွေက ဥပဒေလက်တွင်း က ကယ်နိုင်မည် မဟုတ်ပါ။

## အဖြေမှန်သူများ၏ ဆုစာရင်းကြေညာခြင်း

<u>ပထမအနီးစပ်ဆုံးဆု</u>

(၁) မောင်မျိုးသူ (၇/ကပက(နိုင်)၀၈၄၄၇၈)၊ မကျီးကုန်းကျေးရွာ၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူး တိုင်းဒေသကြီး။

**ဆုငွေ (၁၀၀၀ဝိ/–)ကျပ်နှင့် စာအုပ် (၁)အုပ်။**

<u>နှစ်သိမ့်ဆုရရှိသူများ</u>

(၁) မောင်သန့်ဇော်ဝင်း၊ ၇/ဒဥန(နိုင်)၁၃၆၈၁၀၊ (၄)လမ်း၊ ဝါးဆိုရပ်ကွက်၊ ဒိုက်ဦးမြို့။

(၂) ကိုမျိုးသူအောင်၊ ၁၃/နခတ(နိုင်)၀၇၄၆၄၁၊ မိုက္ကရိုဝေ့ဖ်၊ မြန်မာ့ဆက်သွယ်ရေး၊ မြင်းမူမြို့။

(၃) ဦးချစ်ထွန်းထွန်း၊ ၁၀/ကထန(နိုင်)၀၂၉၄၇၇၊ ပျော့ဖတ်စက်ရုံခွဲ၊ စစ်တောင်းစက္ကူစက်၊ သိမ်ဇရပ်။

(၄) မသင်းသင်းဝင်း၊ ၇/ပမန(နိုင်)၀၀၀၅၅၁၊ ၂၄၇၊ ဆင်စု၊ ပေါ်တော်မူလမ်း၊ ပြည်မြို့။



www.burmeseclassic.com

www.burmeseclassic.com



(၅) မနှင်းထက်ထက်ရှိန်၊ ၈/ထလန(နိုင်)၀၅၂၁၃၆၊ ဖျာသီးကျေးရွာ၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။

(၆) ဦးလင်းညိုထွန်း၊ ၉/ပဘန(နိုင်)၁၁၃၆၄၄၊ အရှေ့လျော့ဖြူကုန်းရွာ၊ ပျော်ဘွယ်မြို့နယ်။
ဆုငွေကျပ် (၁၀၀၀၀/-)နှင့် စာအုပ် (၁)အုပ်။

မှတ်ချက်။ ရရှိသောဆုငွေကို စာတိုက်မှပေးပို့ရမည်ဆိုပါက ပေးပို့ရမည့် အနီးစပ်ဆုံး စာတိုက်အမည်ကို မဂ္ဂဇင်းတိုက် ဖုန်းနံပါတ် ၃၉၇၁၆၄ သို့ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ဆုငွေသာပေးပို့ပေးပါမည်။ ဆုရစာအုပ်မပို့ပေးပါ။)



www.burmeseclassic.com

www.burmeseclassic.com


# HURRICANE
## Restaurant

- ချိုသာသောဈေးနှုန်း ၊
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ

တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်
**HURRICANE Restaurant** သို့ လာခဲ့ပါ။

အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။


အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၉ ၇၃၀၁၃၄ ၂၁၉၊ ၀၉ ၄၃၀၈၄၃၁၇ ။ ၀၉ ၇၁၁၇၈၈၉၉


www.burmeseclassic.com

www.burmeseclassic.com

# အမေ့အိမ်အပြန်

မောင်မောင်စိန်လင်း(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



**အမေ့အိမ်အပြန်**

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**

(၁)

"မင်းကြီး တပ်ကြပ်ကြီး မိလုံးကျင်၊ ဝင်းမင်းထွန်း၊ နွေသီတာတို့ ရောက်ရှိနေကြောင်း သတင်းပို့"

"အေး လွှတ်လိုက်ပါ ဆာဂျင်ကြီး"

အထူးတာဝန် ထမ်းဆောင်ရန် ရောက်ရှိလာကြသော တပ်ကြပ်ကြီး မိလုံးကျင် (ခ) မငယ်၊ တပ်ကြပ် ဝင်းမင်းထွန်း၊ တပ်ကြပ်နွေသီတာတို့သည် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးကြီး၏ ရုံးခန်းသို့ လာရောက်သတင်းပို့ကြသည်။

"ဒီလို ရဲဘော်တို့ရာ မြဝတီနယ်စပ်မြို့ကြီးက စားပြတိုက်၊ လုယက်မှု၊ အနုကြမ်းစီးမှု ဖော်ထုတ်ဖို့အတွက် နယ်မြေခံဖြစ်ပြီး ဘာသာစကားဖြစ်တဲ့ မွန်၊ ကရင်စာ စကားတတ်ကျွမ်းတဲ့ ရဲဘော်တို့ကို တာဝန်ပေးလိုတယ်။ ရဲတပ်ဖွဲ့ဝင်တွေရဲ့ တာဝန်အရ ရဲဘော်တို့ ဗိုဗိုပြင်ပြင် စီစဉ်ထားတဲ့ စီမံချက်အတိုင်း ဆောင်ရွက်ကြပါ။ ဟောဒီမှာ စီမံချက် လမ်းညွှန်"

"စိတ်ချပါ မင်းကြီး တာဝန်ကျေပွန်စေရပါမယ်"

ဘားအံမြို့တွင် တာဝန်ကျသော တပ်ကြပ်ဝင်းမင်းထွန်း၊ ရွှေဂွန်းမြို့ အမေ့အိမ်တွင် တာဝန်ကျသော တပ်ကြပ်ကြီး မိလုံးကျင် (ခ) မငယ်၊ လှိုင်းဘွဲ့မြို့တွင် တာဝန်ကျသူ တပ်ကြပ် နွေသီတာတို့သည် မိမိတို့ တာဝန်ကျရာ မိမိတို့ ငယ်မွေးခြံပေါက် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားကြလေသည်။

"ဟယ် သမီး အထုပ်အပိုးတွေနဲ့ ဆိုင်းမဆင့်ဗုံမဆင့် ပါလား။ ဘယ်လိုဖြစ်လာတာလဲ အလုပ်ပြုတ်လာတာလား"

သမီး မိလုံးကျင် (ခ) မငယ်ကို မမျှော်လင့်မထင်မှတ်ဘဲ ရုတ်တရက် တွေ့မြင်လိုက်ရသော မိခင်ကြီး ဒေါ်သိန်းသိန်းသည် စိုးရိမ်စိတ်ပေါင်းများစွာဖြင့် မေးခွန်းများထုတ် မေးမြန်းလိုက်လေသည်။

"အေးအေးဆေးဆေးပါ အမေ။ အမေ့သမီး အမေ့အိမ်မှာ အခါအခွင့် သင့်သလောက် အမေနဲ့အတူ နေဖို့ ပြန်လာတာပါ"

"ကျိုတင် အကြောင်းမကြား ဖုန်းကလေးတောင် မဆက်ဘဲနဲ့ ဖြုန်းစားကြီးရောက်လာတော့ စိုးရိမ်တာပေါ့ သမီးရယ်"

အေးအေးဆေးဆေး ရှိချိန်တွင် တာဝန်အရ ရောက်လာမှုနှင့်အတူ အမေ၏ ကုန်စုံဆိုင်၊ အပေါင်ခံ၊ ရွှေဝယ်လုပ်ငန်း အလုပ်ကို ကူလုပ်ဖို့လာသည့် အကြောင်း ပြောပြရလေသည်။

"အမေ့ သမီး ပတ္တမြား ဂေဟာစတိုးဆိုင်ကြီးမှာ အလုပ်လုပ်ရင်း ငွေကွာလို့ အလုပ်ပြုတ်ပြီး အမေ့အိမ် ပြန်လာရတာ၊ ဒါကြောင့် အမေ့အလုပ်ကို လုပ်ကိုင်နေရတာပါလို့ ရပ်ကွက်ထဲမှာ သတင်းလွှင့်ပါ အမေ။ အလုပ်သဘောပေါ့ အမေရာ"

အမေ့သမီး မိလုံးကျင်သည် ရှိးရာ မွန်ဝတ်စုံ၊ ကရင်ဝတ်စုံလေးများကို ဝတ်ဆင်ကာ မိခင်ကြီး၏ ကုန်စုံဆိုင်အပေါင်ခံလုပ်ငန်း၊ ရွှေထည်ပစ္စည်း ဝယ်ယူသော လုပ်ငန်းများကို ကူညီ



www.burmeseclassic.com

www.burmeseclassic.com





ကိုင်နေရသည်မှာ မမောနိုင်၊ မပန်းနိုင်၊ အမေ့ကျေးဇူးဆပ်ခွင့်ရနေလေသည်။ လုံးကြီးပေါက်လှ ရန်ကုန်ပြန် မိန်းမချောကြီးကို ပိုးကြပန်းကြသော အစ်ကိုကာလသားတို့မှာလည်း မမောနိုင် မပန်းနိုင်ကြ။

(၂)

မြဝတီမြို့ကြီးသည် တစ်ဖက်နိုင်ငံ၏ နယ်စပ်မြို့တော်ဖြစ်သောကြောင့် ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း ကူးလူးဆက်သွယ်မှု များလှပေသည်။ နယ်စပ်ဖြတ်ကျော်လမ်းကြောင်းဖြစ်သော အညိုရောင်လမ်းကြောင်း တစ်လျှောက်တွင် ပူးပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ထိန်းချုပ်ထားရလေသည်။ ဟိုဘက်မှ ရာဇဝတ်သားများ၊ သည်ဘက်မှ ရာဇဝတ်သားများ ကူးလူးတိမ်းရှောင်မှု မရှိစေရန် တားဆီးကြ၏။

မိလုံးကျင် (ခ) မငယ်သည် ကွယ်လွန်သူ ဖခင်ကြီး ဦးဝင်းနိုင်၏ ဇာတိဖြစ်သော တခင်းလုံးကျေးရွာ၊ ဂျို့ချောင်းကျေးရွာများသို့လည်း အကြွေးတောင်းသွားရသော မိခင်ကြီး၏ အလုပ်ကိုလည်း လုပ်ကိုင်ရသောကြောင့် ရွာမှ ဆွေမျိုးများနှင့်လည်း ခင်မင်ကြလေသည်။ မြို့ပေါ်သို့ ဈေးဝယ်လာသူများကလည်း မိလုံးကျင်တို့ သားအမိအိမ်သို့ အမြဲဝင်ကြလေသည်။

"ဒီလက်ကောက် ဘယ်လောက်ပေးမလဲ"

"ဒီဆွဲကြိုးကော ဘယ်လောက်ပေးမလဲ"

"ဒီလက်စွပ်ကလေးတွေကော ဘယ်လောက်ရမလဲ"

"အားလုံး ချိန်ပြီး ရှိသလောက် ပေါက်ဈေးပေးမယ်။ အားလုံးပေါင်း (၁၅)ကျပ်သား ရှိတယ်။ ရွှေရည်က ၁၄ပဲ ရှိတယ်။ တစ်ကျပ်သား ငါးသိန်းနှုန်းနဲ့ (၇၅)သိန်းရမယ်"

"မပိုတော့ဘူးလား"

"မပိုနိုင်ဘူး။ ကြိုက်မှရောင်းပါ"

ရွှေဂွန်းမြို့ကလေးမှ အပေါင်ခံ၊ ရွှေဝယ်ကုန်စုံဆိုင် လုပ်ကိုင်သူ ဒေါ်သိန်းသိန်းနှင့် ရွှေထည်ပစ္စည်းများ လာရောက်ရောင်းချသော ကြူကြူလှိုင်၊ မင်းမင်းထွန်းတို့ ရွှေအရောင်းအဝယ် စကားပြောဆိုနေကြသည်။

"ရော့ ငွေကျပ် (၇၅) သိန်း၊ ဒါက ငါးထောင်တန်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါက တစ်ထောင်တန်တွေ စစ်ပြီးယူပါ''

ကြူကြူလှိုင်နှင့် မင်းမင်းထွန်းတို့သည် ငွေများကို အစည်းလိုက် ရေတွက်စစ်ဆေး လက်ခံရယူလေသည်။

''ဒီ ရွှေထည်ပစ္စည်းတွေကို ငါ သိမ်းလိုက်ပြီနော်''

ဒေါ်သိန်းသိန်းမှာ သူဝယ်ယူလိုက်သော ရွှေထည် (၁၅)ကျပ်သားကို အိမ်တွင်းရှိ သူ၏ မီးခံသေတ္တာကြီး အတွင်း သိမ်းဆည်းလိုက်လေသည်။

''ရထားမန်းကီး၊ ရထားမန်းကီး''

''ရထားဖြစ်လား၊ ရထားဖြစ်လား''

''အေး ဟုတ်တယ်၊ လိမ္မော်သီး (၁၅)လုံး ဒေါ်သိန်းသိန်းဆိုင်ကို လာရောင်းတယ်။ တစ်လုံး ငါးသိန်းနဲ့ (၇၅)သိန်းနဲ့ ရောင်းသွားတယ်''

''ရထားဖြစ်လား ရထားဖြစ်လား''

''ဆိုင်ကယ် အပြာရင့်ရောင်၊ ဂျာကင်အကျီဝတ်ထားတယ်၊ မိနစ်မကြာခင်နောက်မှာစီးလာမယ်၊ ငွေထုပ်ပါမယ်၊ မိနစ်(၃၀)လောက်အကြာ ထွက်လာမယ်။ လုံခြုံသတိ၊ ဆွဲစိပါ''

တပ်ကြပ် မိလုံးကျင် (ခ) မငယ်သည် စီမံချက်တစ်ရပ်ကို ပူးပေါင်းတပ်ဖွဲ့ထံသို့ ဆက်ကြောင်းပေးနေသည်။ ပူးပေါင်းအဖွဲ့မှ ကြိုတင်စီစဉ်ထားသည့်အတိုင်း အပြာရင့်ရောင် ဆိုင်ကယ်စီးလာသော မင်းမင်းထွန်း၊ နောက်မှစီးလာသူ ကြူကြူလှိုင်တို့ကို ဖမ်းဆီးသည်။

မင်းမင်းထွန်းက ဆိုင်ကယ်ကို စက်ရှိန်တင်ပြီး မောင်းပြေးရန် စီစဉ်သည်။ သို့ရာတွင် ရဲအုပ် ကျော်စိန်လင်းက ဆိုင်ကယ်ဘီးကို သူ၏ ကုတ်ပစ်စတိုဖြင့် ပစ်ခွဲလိုက်သည်။ ဆိုင်ကယ် လဲကျသွားသည်။ မင်းမင်းထွန်းက သူ၏ဂျာကင်အကျီမှ သူ၏ ပစ္စတိုသေနတ်ကိုထုတ်ပြီး ခုခံရန် ကြံရွယ်သည်။ ရဲအုပ်ကျော်စိန်လင်းက ပစ်ထည့်လိုက်သော ကြောင့် ပစ်စတိုလွတ်ကျသွားသည်။ သူ၏ လက်ဒဏ်ရာရရှိသွားသည်။ မင်းမင်းထွန်းနှင့် ကြူကြူလှိုင်တို့ကို အလွယ်အတူ ဖမ်းဆီးလိုက်လေသည်။ ရဲစခန်းသို့ ခေါ်သွားပြီး စစ်ကြောရေးလုပ်သည်။

ရဲအုပ် ကျော်စိန်လင်းနှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များသည် ဒေါ်သိန်းသိန်းအိမ်သို့ ရောက်ရှိလာကြသည်။ ဒေါ်သိန်းသိန်းသည် ဘားအံမြို့ရှိ ရွှေဆိုင်ကြီးသို့ ရွှေ (၁၅)ကျပ်သား ပြန်ရောင်းရန် အချိတ်အဆက် သွားလုပ်နေသည်။ အိမ်မှာမရှိ။

ရဲအုပ် ကျော်စိန်လင်းနှင့်အဖွဲ့သည် တပ်ကြပ် မိလုံးကျင် (ခ) မငယ်နှင့် နားလည်မှုလုပ်ပြီး မိလုံးကျင်ကို အဖမ်းပြလက်ထိတ်ခတ်ထားလေသည်။ ဒေါ်သိန်းသိန်းသည် သူ၏အိမ်သို့ ရဲတွေ ရောက်နေကြောင်း သတင်းကြားသဖြင့် အမြန်ပြန်လာသည်။

''ဒီမှာ မင်းတို့ ဘာလုပ်ကြတာလဲ၊ ဒါငါ့အိမ်၊ ငါ့ဆိုင်၊ ငါ့သမီးနဲ့ ဘာမှမဆိုင်ဘူး။ ဘာလို့ ငါ့သမီးကို ဖမ်းကြတာလဲ''

''မင်းမင်းထွန်းနဲ့ ကြူကြူလှိုင်တို့ လာရောင်းတဲ့ ရွှေတွေကို မိလုံးကျင်ဝယ်ထားလို့ သူ့ကို ဖမ်းတာပါ။ အဲဒီရွှေတွေက ဓားပြတိုက်ယူထားတဲ့ ရွှေတွေပါ အမေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ အဲဒီရွှေတွေကို ငါ ဝယ်တာ၊ ငါ့သမီးဝယ်တာမဟုတ်ဘူး။ ငါ့သမီးကို အခုလွှတ်၊ ငါ့ကိုဖမ်း"

"ဘယ်သူ့ကိုမှ ဖမ်းစရာမလိုပါဘူး အမေ။ သက်သေခံရွှေ (၁၅)ကျပ်သားကို သိမ်းဖို့ လာတာပါ"

"အေး အဲဒါဆိုလဲ ငါ အပ်မယ်"

ဒေါ်သိန်းသိန်းသည် ခါးကြားမှ မီးခံသေတ္တာသော့ကိုယူပြီး အိမ်တွင်းရှိ မီးခံသေတ္တာမှ ရွှေ (၁၅)ကျပ်သားရှိ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်များကို အပ်နှံလိုက်သည်။ ရဲအုပ်ကျော်စိန်လင်းတို့အဖွဲ့က ရှာဖွေပုံစံဖြင့် ရပ်ကွက်လူကြီးများကို သက်သေထားပြီး သိမ်းဆည်းလိုက်လေသည်။

"ဒီမှာ ရဲအရာရှိ မင်းတို့ ကျူပ်ဝယ်ထားတဲ့ ရွှေတွေကိုတော့ သိမ်းယူတယ်။ ကျူပ်ပေးလိုက်တဲ့ ရောင်းဖိုးငွေ (၇၅) သိန်းကိုလဲ ပြန်ပြီးသိမ်းပေး"

"အဲဒီငွေ (၇၅)သိန်းကိုလဲ သက်သေခံပစ္စည်းအဖြစ် သိမ်းထားပါတယ် အမေ။ အချိန်ကျရင် တရားရုံးက အဆုံးအဖြတ် ပေးပါလိမ့်မယ်"

(၃)

ရဲအုပ် ကျော်စိန်လင်းတို့ တပ်ဖွဲ့သည် ကွင်းဆက်များ ဖော်ထုတ်ရန်အတွက် မင်းမင်းထွန်း၊ ကြူကြူလှိုင်တို့ကို စစ်ကြောရေး လုပ်သည်။

"ကဲ ကိုမင်းမင်းထွန်း၊ ခင်ဗျားတို့ မြဝတီမြို့ အိုင်ယာလန်ရွှေဆိုင်ကြီးမှာ ဓားမြတိုက်မှု စိန်သရဖူ၊ ရွှေသရဖူ မဏ္ဍာပြား သရဖူ ရွှေဆိုင် လုယက်မှုတွေမှာ ပါတဲ့ ခင်ဗျားတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဖမ်းမိထားပါပြီ။ ရာဇဝတ်ဘေးပြေးမလွတ် ဆိုသလို ပေါ့ဗျာ။ ဒါကြောင့် လုယက်မှုရဲ့ စ၊ လယ်၊ ဆုံးဇာတ်လမ်းကို ပြောပြထွက်ဆိုပေးပါ။ ရဲစိတ်ညစ်အောင်တော့ မလုပ်ပါနဲ့။ ဒဏ်ရာတွေလဲ ယပ်ပြီးမယူချင်ပါနဲ့တော့"

"ဆရာ ဟိုကောင်တွေ အားလုံး ဖမ်းမိထားပြီလား ဆရာ"

"အားလုံး ဖမ်းမိထားပါပြီ။ အေကေ-ရဲ မောင်းပြန်သေနတ်ကိုလဲ ခင်ဗျားယောက်ဖ လက်သီး (ချ) နွားကြီး အိမ်အောက်မှာ ဝှက်ထားတဲ့နေရာက သိမ်းယူခဲ့ပါတယ်။ သက်သေခံ ရွှေထည်တွေကိုလဲ ဘားအံ၊ ရွှေဂွန်း၊ လှိုင်းဘွဲ့မြို့တွေမှာ သိမ်းယူပြီးပါပြီ"

ရဲအုပ် ကျော်စိန်လင်းသည် ရဲလုပ်ငန်းပရိယာယ်တို့ဖြင့် တရားခံ မင်းမင်းထွန်းကို စစ်ကြောရေးလုပ်လိုက်ရာ ညှောင်မြစ်တူး ပုတ်သင်ဥပါပေါ် ဆိုသကဲ့သို့ ကွင်းဆက်များ ရှိခဲ့လေသည်။

"ဆရာ ကျွန်တော့်ကိုင်တဲ့ ကုတ်ပစ္စတိုက လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ကျွန်တော်တစ်ဖက်နိုင်ငံက နှစ်သိန်းနဲ့ ဝယ်ခဲ့ပါတယ်။ ဒီသေနတ်နဲ့ ကျွန်တော် ကုယ်ရီမျိုးစုံ လုပ်ခဲ့ပါတယ်–

"လွန်ခဲ့တဲ့ ၂၀၁၂ခုနှစ် ဇွန်လထဲမှာ ကျွန်တော်ရဲ့ ကောင်းဖျော်ကတ်ဖေ လက်သီး(ခ) နွားကြီး၊ ဆူ့တပည့် ငထွေး၊ ငမြူးတို့ အိုင်ယာလန်ရွှေဆိုင်ကြီးကို အနုကြမ်းစီးဖို့ တိုင်ပင်ခဲ့ကြပါတယ်"

"ဘယ်နေရာမှာ တိုင်



www.burmeseclassic.com

www.burmeseclassic.com



**ခွေးများ၏သဘာဝအလျောက် ညဥ့်နက်ပိုင်းမှာအူသံများကြောင့် အိပ်ရာမှ နိုးသည်။ အမှုစစ်လို့ကောင်းသော အချိန်ဖြစ်သည့်အတိုင်း အသံဖမ်းစက်ကိုင်သူ တပ်ကြပ်ကြီးကိုနှိုးပြီး မင်းမင်းထွန်းကို စစ်ကြောရေးလုပ်ရန် စီစဉ်လိုက်သည်။**

ပင်ကြသလဲ"

"ဟုတ်ကဲ့ဆရာ မြဝတီမြို့ရှိ သားကောင်ဘီယာဆိုင်မှာ တိုင်ပင်ကြပါတယ် ဆရာ"

"ဆက်ပြောပါ ကိုမင်းမင်း"

"မြဝတီမြို့ရှိ လုပ်ငန်းရှင်ကြီးတွေ၊ သူဌေးကြီးတွေရဲ့ အိမ်တွေ၊ လုပ်ငန်းတွေမှာပြောင်းရှည်၊ မောင်းပြန်သေနတ်တွေ ရှိတယ်။ ဒါကြောင့် မောင်းပြန်သေနတ်တစ်လက်ရှာဖို့ စီစဉ်ကြပါတယ် ဆရာ။ လက်သီး (၁) နှားကြီးက သူ့မှာ အေကေ (၇) တစ်လက်ရှိကြောင်း ပြောပြလို့ လုပ်ငန်းစခဲ့ပါတယ် ဆရာ။ ကျွန်တော်တို့ မျက်နှာဖုံး၊ ခေါင်းစွပ်၊ လက်အိတ်တွေဝယ်ပါတယ် ဆရာ။ ငွေကြိုပေးအငှားလိုက် လိုင်စင်မဲ့ ဟွန်ဒါကားတစ်စီး ငှားပါတယ် ဆရာ။ အဝင်လမ်း၊ အထွက်လမ်းတွေကို ကြိုတင်ပြင်ဆင်ပြီး ပြေးလမ်းကြောင်း စီစဉ်ကြပါတယ် ဆရာ---

"ရုတ်တရက် အိုင်ယာလန် ရွှေဆိုင်ကြီးရှေ့မှာ ကားရပ်ပြီး အေကေ(၇) သေနတ်နှစ်ချက် ပစ်ဖောက်ပါတယ်ဆရာ။ ရွှေဆိုင်အတွင်းက လူတွေထွက်ပြေးသွားကြပါတယ်။ နံရံကပ်ဗီရို၊ ရှိုးကေ့စ်အတွင်းက ရွှေထည်များ ထည့်ထားတဲ့ ဗန်း (၁၀)ဗန်းခန့်ကို ဆာလာအိတ်နဲ့သိမ်းယူခဲ့ပြီး မောင်းပြေးခဲ့ကြပါတယ် ဆရာ"

"ကဲ ကိုမင်းမင်းထွန်း ခင်ဗျားကဲ့ မောသွားပြီ၊ ကျွန်တော်တို့လဲ နားချင်ပြီ။ ညပိုင်းမှာ ဆက်ကြရအောင်၊ ခင်ဗျားလဲ အနားယူလိုက်ပါဦး"

(၄)

ခွေးများ၏ သဘာဝအလျောက် ညဥ့်နက်ပိုင်းမှာ အူသံများကြောင့် အိပ်ရာမှ နိုးသည်။ အမှုစစ်လို့ ကောင်းသော အချိန်ဖြစ်သည့်အတိုင်း အသံဖမ်းစက်ကိုင်သူ တပ်ကြပ်ကြီးကို နှိုးပြီး မင်းမင်းထွန်းကို စစ်ကြောရေးလုပ်ရန် စီစဉ်လိုက်သည်။

အချုပ်ခန်း လုံခြုံရေး တပ်ကြပ်ကြီးက မင်းမင်းထွန်းကို လက်ထိတ်ခတ်ပြီး စစ်ကြောရေး အခန်းသို့ ခေါ်လာသည်။

"ကဲ မင်းမင်းထွန်း ခင်ဗျားတို့ရဲ့ ဇာတ်လမ်းဆက်ပါဦး"

"ကျွန်တော်တို့ ကြံတိုင်းအောင် စားသောက်ဆိုင် သီးသန့်အခန်းကို သွားခဲ့ကြပါတယ်။ ဗန်းအနီရောင်ထဲက ရွှေဆွဲကြိုးတွေ၊ လက်ကောက်၊ လက်စွပ်တွေကို ပုဆိုးနဲ့ထုပ်ပါတယ်။ မျက်နှာဖုံး၊ ခေါင်းစွပ်၊





www.burmeseclassic.com

www.burmeseclassic.com



လက်အိတ်အနက်ရောင် အင်္ကျီတွေကို အဲဒီဆိုင်ကြီးရဲ့နောက်မှာရှိတဲ့ ရေကန်ကြီးထဲကို ကျွန်တော် လွှင့်ပစ်ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်က ရွှေထုပ်ကို ယူပြီး ဆိုင်ကယ်နဲ့ လမ်းခွဲခဲ့ကြပါတယ်။ လက်သီး(ခ)နွားကြီး၊ ကြူကြူလှိုင်၊ ငပြူး၊ ငထွေးတို့က ဟွန်ဒါကားနဲ့ လမ်းခွဲခဲ့ကြပါတယ်''

''ခင်ဗျား ရွှေထုပ်ကို ဘယ်မှာ အပ်သလဲ၊ ဘယ်မှာ သိမ်းခဲ့သလဲ''

''ဟုတ်ကဲ့ဆရာ လက်သီး (ခ) နွားကြီး၊ ကြူကြူလှိုင်တို့ ငှားနေတဲ့ အမှတ်(၄) ရပ်ကွက်၊ ခရစ်စယာန်ကျောင်းအနီးမှာရှိတဲ့ အိမ်အပေါ်ထပ်ကို သွားပို့ခဲ့ပါတယ်''

''ပစ္စည်းတွေကို ဘယ်လို ခွဲယူကြသလဲ''

''ဟုတ်ကဲ့ ဆရာ၊ လက်သီးနဲ့ ကြူကြူလှိုင်တို့က ကျွန်တော့်ကို ဝေစုအဖြစ် ငွေကျပ် (၈၃)သိန်းနဲ့ ရွှေဆွဲကြိုး သုံးကုံးပေးပါတယ် ဆရာ။ ကျွန်တော် တခင်းလုံးရွာကို ပြန်လာပြီး မြေမြှုပ်ထားပါတယ် ဆရာ။ ကျန်တဲ့ ပစ္စည်းတွေ အားလုံးကတော့ လက်သီး၊ ကြူကြူလှိုင်၊ ငပြူး၊ ငထွေးကံကောင်းတို့ဆီမှာ ကျန်ရစ်ခဲ့ပါတယ် ဆရာ''

မှုခင်း ဖော်ထုတ်ရေး ပူးပေါင်းအဖွဲ့သည် မိမိတို့မြို့နယ် အသီးသီးတွင် ဖော်ထုတ်ဖမ်းဆီးရမိသော တရားခံ လက်သီး(ခ) နွားကြီး၊ ငပြူး၊ ငထွေးတို့နှင့် ကွင်းဆက်ကို ဖော်ထုတ်ခဲ့ကြသည်။ ဘားအံမြို့၊ ရွှေဂွန်းမြို့၊ လှိုင်းဘွဲ့မြို့တို့ရှိ ရွှေဆိုင်၊ ပန်းထိမ်ဆိုင်များမှာ လိုက်လံသိမ်းဆည်းခဲ့ကြသည်။ လိုင်စင်မဲ့ ဟွန်ဒါကားကိုလည်း ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းခဲ့ကြသည်။

(၅)

အလားတူပင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် အနုကြမ်းစီးခံရသော စိန်သရဖူ၊ ရွှေသရဖူ၊ ပတ္တမြားသရဖူရွှေဆိုင်ကြီးမှ အနုကြမ်းစီးခဲ့သော ရွှေနှင့်ငွေများကိုပါ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့လေသည်။

တရားခံများ၏ ဝန်ခံချက်၊ ဖြောင့်ဆိုချက်များကို ပြစ်မှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများအရ တရားရုံး တရားသူကြီးရှေ့တွင် လွတ်လပ်စွာ ဖြောင့်ဆိုချက်ကို ရယူသည်။ ခရိုင်ဥပဒေနှင့် ပေါင်းစပ်ညှိနှိုင်းပြီး တရားစွဲဆိုတင်ပို့ရန်ဆောင်ရွက်သည်။

စီမံချက် ပူးပေါင်းတပ်





www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့သည် အမှုတည်ဆောက်မှုပြီး ပြည့်စုံပြီ ဖြစ်သောကြောင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးကြီးထံသို့ လမ်းညွှန်မှု ခံယူသည်။

မြဝတီမြို့နယ် ရဲတပ်ဖွဲ့၊ တရားစွဲအဖွဲ့မှ မြဝတီခရိုင်တရားရုံးတော်သို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ ဓားပြမှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၃ လုယက်မှု ပြစ်မှုပုဒ်မ ၁၉(င) လက်နက်ကိုင်ဆောင်မှုတို့ဖြင့် တရားစွဲဆိုတင်ပို့ရန် ညွှန်ကြားခဲ့လေသည်။

မြဝတီမြို့နယ် ရဲတပ်ဖွဲ့ တရားစွဲဆိုမှုကို ဒုရဲအုပ် နိုင်ညွှန့်ဖေက မြဝတီခရိုင်တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့သည်။ ရုံးတော်မှ ပြစ်မှုကြီးအမှတ် ၀၇/၁၂ ဖြင့် လက်ခံပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ ဓားပြမှု၊ ၃၉၃ လုယက်မှု၊ ပြစ်မှုပုဒ်မ ၁၉(င) လက်နက်မှုတို့ကို စစ်ဆေးကြားနာခဲ့သည်။

တရားလိုနှင့် တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များ၊ သက်သေခံအထောက်အထားများအရ တရားခံများသည် ကွင်းဆက်မပြတ် ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့သည်။

တရားခံများကလည်း မိမိတို့ ပြုလုပ်ကျူးလွန်ကြောင်း ဖြောင့်ဆိုချက် ပေးခဲ့သည်။ ၎င်းတို့၏ ဖြောင့်ချက်ကို မဆန့်ကျင်ကြပေ။

တရားခံများဘက်မှ သက်သေများကလည်း တရားခံများ ဖြောင့်ဆိုထွက်ချက်များအတိုင်း ထွက်ဆိုကြသည်။ အပြီးသတ် နှစ်ဖက်ရှေ့နေများကလည်း လျှောက်လဲချက် ပေးခဲ့ကြပြီးဖြစ်သည်။ ရုံးတော်မှအမိန့်ချရန် အဆင်သင့်မဖြစ်သေးသောကြောင့် နှစ်ကြိမ်ချိန်းဆိုခဲ့ပြီးဖြစ်သည်။ ယနေ့သည်ကား အမိန့်ချမှတ်တော့မည်ဖြစ်သည်။ တရားခံများ၊ လုံခြုံရေးများဖြင့် ရုံးရှေ့သို့ ရောက်ရှိပြီး တရားခွင်စာရေးက အမှုခေါ်သည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာပြီး တရားခံများ၏ မိသားစုများ [illegible]မ်သက်စွာ နားစွင့်နေကြသည်။

**အမိန့်**

တရားခံ လက်သီး (ခ) နွားကြီး၊ တရားခံ မင်းမင်းထွန်း၊ တရားခံ ငပြူး၊ တရားခံ ငထွေးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀)နှစ်ကျခံစေ။

တရားခံ လက်သီး (ခ) နွားကြီး၊ တရားခံ မင်းမင်းထွန်းတို့အား ပြစ်မှုပုဒ်မ ၁၉(င)လက်နက်မှုဖြင့် ထောင်ဒဏ် (၅)နှစ်ကျခံစေ။

တရားခံ ကြူကြူလှိုင်သည် ပြစ်မှုများတွင် ပူးပေါင်းပါဝင်ခဲ့သောကြောင့် ပုဒ်မ ၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေ။ သက်သေခံ ရွှေနှင့်ငွေများကို ပိုင်ရှင်သို့ ပြန်ပေးစေ။

အမိန့်ချပြီး ချိန်တွင်ကား တရားခံများ၏ မိသားစုများထံမှ ငိုကြွေးသံများ ကြားရလေသည်။

*အမှုတစ်ခုခုကို ပြုလုပ်သည့်အတွက် နောင်တတစ်ဖန် ပူပန်ရတတ်၊ မျက်ရည်စက်လက် ငိုကြွေးလျက် ဆင်းရဲခံရတတ်လျှင် ထိုအမှုသည် မကောင်း။*

*မောင်မောင်စိန်လင်း*

*(နတ်မောက်)*



www.burmeseclassic.com

www.burmeseclassic.com



မော်ဝန်းအုန်းမြတ်

# အကြံ့ရှု နောက်လူသာစမြဲဆိုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



# "အကြဲတူနောက်လူသာစမြဲ ဆိုသော်လည်း"

မော်ဝန်းအုန်းမြတ်

"ဇော်ဇော်" ဆိုတဲ့ ကျွန်တော်က ရှစ်စပ်ကဂျင်ခြေလည်သူပါ။

ဒါပေမယ့် ဟိုကောင် "မင်းအောင်"က ဒီကိစ္စမှာ ကျွန်တော့်ထက် ဦးသွားသလို ခံစားလိုက်ရတော့ သူ့အပေါ် မနာလိုတောင် ဖြစ်မိတယ်။ အရှုံးက တစ်မူးသာ သွားပြီပေါ့လေ။

ဒီကိစ္စဆိုတာက ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့ အထုပ်ကြီးအထည်ကြီးကိစ္စကို ပြောတာ။ ဟုတ်တယ်၊ ဒီကောင် ဒီကိစ္စမှာ အချိုကြီးကို ပွသွားတယ်လို့ ဆိုရမယ်။

ခုတော့ သူ မန္တလေးနဲ့ ပြင်ဦးလွင်ကို အထုပ်ကြီးပိုက်ပြီး ရှပ်ရှင်လောကမှာတောင် အတော်နာမည်ကြီးနေတဲ့ မော်ဒယ်ကောင်မလေးတစ်ယောက်နဲ့ နှစ်ကိုယ်တူလျှောက်လည်နေကြပြီလို့ သတင်းကြားရတယ်။ အားပါး သွားရည်တောင် ကျလာပြီ။

ဒါပေမယ့် သူက ကျွန်တော့်အပေါ် ကောင်းရှာပါတယ်။ သူ့ရဲ့ ငွေရပေါက်ကြံတဲ့ နည်းလမ်းကလေးတစ်ခုကို ကျွန်တော်ကို ပြောပြခဲ့ပါတယ်။

ကျွန်တော်တို့ ကားသမားတွေလောကမှာ တစ်နေကုန်မောင်းပြီးလို့ ဆီဖိုးနုတ်၊ အုံနာကြေးပေးပြီးရင် ကိုယ့်အတွက် ၅၀၀၀ိ/ ၁၀၀၀ိ ကျွန်အောင် မနည်းလုပ်ရတယ်။ ပင်လည်းပင်ပန်းတယ်၊ ခု ဒီကောင်ပေးတဲ့ နည်းက လွယ်လွယ်ကလေးပါ။ ဒါပေမယ့် အန္တရာယ် မကင်းဘူး။ ရှင်းရှင်းပြောရရင် ရာဇဝတ်မှုတော့ ရာဇဝတ်မှုပေါ့လေ။

ဒါပေမယ့် လုံးဝ ပင်ပင်ပန်းပန်း မလုပ်ရဘဲနဲ့ တစ်ချီတည်း သူဌေးဖြစ်မယ့် ကိန်းဆိုတော့ မတိန်းမစောင်း ဗိန်းမောင်းတီးပြီး ကပြရမှာပေါ့။

နောက်ပြီး "အကြဲတူနောက် လူသာစမြဲ" ဆိုတဲ့ စကားရှိတယ်မဟုတ်လား။ သူက သိန်းနှစ်ရာဆိုရင် ကိုယ်က သိန်းနှစ်ထောင်လောက် မှန်းရမှာပဲ။

ဒါမှ သူ့ထက်သာတဲ့ ချစ်ခရီးလမ်းကို မညည်းမညူဘဲ လက်တွဲဖော်နဲ့ လျှောက်လှမ်းရမှာကိုး။

လောကမှာ ငွေကိုသာ ရေလိုဖြုန်းနိုင်ရင် တစ်ပြည်လုံးမှာ လုပ်သမျှတင့်တယ်မယ်။ လူဖြစ်ရကျိုးနပ်မယ်၊ စိတ်ချမ်းသာမယ်၊ စည်းစိမ်တွေ ပြည့်စုံမယ်။

သည်တော့ မင်းအောင်ရဲ့ လမ်းစဉ်ကို ကျွန်တော်လိုက်ရမယ်။

~~~~~

ဒီကောင် လှူပ်ရှားသွားတာက အစိုးရဘဏ် တစ်ဘဏ်မှာ။

ကျွန်တော်ကတော့ ကမ္ဘောဇဘဏ်ကို ဦးစွာရွေးချယ်လိုက်တယ်၊ ငွေသွင်း/ငွေထုတ် ပမာဏ များတာက ပုဂ္ဂလိကဘဏ်တွေပဲ ဖြစ်တယ်။

ကျွန်တော်က မြောက်ဥက္ကလာပအပိုင်းကြီးနားမှာ ကျွန်တော်ရဲ့ တက္ကစီကားဖြစ်တဲ့ ချယ်ရီဝက်ဂွန်အနီရောင်ကလေးကို ဖြည်းညှင်းစွာ ရပ်ထားလိုက်တယ်။



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ကျွန်တော့်ရဲ့ တက္ကစီ ဆိုပေမယ့် ကျွန်တော်က အငှား ယာဉ်မောင်း တစ်ဦးပါ။

ခုတလော တက္ကစီ ထောင်တဲ့ လူတွေများလွန်းလို့ ကျွန်တော်တို့မှာ နေ့တွက် သိပ် မကိုက်လှဘူး။ ဒါကြောင့်မို့ ကျွန်တော် သည်အကြံအစည်ကို ဒုတိယမြောက်အကောင်အထည် ဖော်လိုက်တာလေ။

ထားပါတော့။

ကျွန်တော် စတိုးဆိုင်ထဲ ခဏဝင်ပြီး ဟိုကြည့်ဒီကြည့် လုပ် ရင်း ကမ္ဘောဇ ဘဏ်ဘက်ကို မျက်စိလျှင်လျှင်နဲ့ လှေလာ အ ကဲခတ် ကြည့်နေသည်။

အချိန်က နံနက် (၁၀) နာရီရှိခဲ့။

စတိုးဆိုင်မှာ ဘာမျှ ဝယ်စရာ မရှိပေမယ့်လည်း မကောင်းတတ်လို့ Ruby စီးက ရက်ဘူး တစ်ဘူးဝယ်ပြီး ဖောက် လိုက်တယ်။ စီးကရက်တစ်လိပ် ကို မီးညှိပြီး စတိုးဆိုင်ထဲမှ ထွက် လာတယ်။

ကမ္ဘောဇဘဏ်ဘက် ကြည့်လိုက်တော့ တိုက်ပုံအကျီ ဝတ်ထားတဲ့လူရွယ် တစ်ယောက် ဘဏ်ထဲကနေ ခပ်သုတ်သုတ် ထွက်လာတာကို ရုတ်တရက် လှမ်းမြင်လိုက်တယ်။ သူ့လက် ထဲမှာက မြွေအရေခွံအိတ် အဖြူ ကို မနိုင်မနင်း ဆွဲလာတယ်။ (ဒါ ငွေထုပ်ကြီးပဲ)

ကျွန်တော် ခပ်သွက် သွက်ကလေး လှုပ်ရှားလိုက် တယ်။ ကားကို စက်နှိုးပြီး မြောက်ဥက္ကလာဘက်သွားတဲ့ လမ်းကြောအတိုင်း မောင်းနှင် လိုက်တယ်။ ပြီးမှ ပြန်ကွေ့ကာ ကမ္ဘောဇဘဏ်ဘက်ကို ဦးတည် လိုက်တယ်။

ကွက်တိပါပဲ။ အဲဒီပိုက် ဆံထုပ်နဲ့ လူရွယ်က လှမ်းတား ခြင်းကို ခံရတယ်။ သည်လူရွယ် ကမဆိုးဘူး။ ဘဏ်ရှေ့မှာ ရပ် ထားတဲ့ တက္ကစီကို မတားဘဲ လမ်းမပေါ် ပြေးလွှားနေတဲ့ ခရီး သည်မပါတဲ့ ကျွန်တော့်ကားကိုမှ တားတယ်။

"ဘယ်ကိုလဲ ညီလေး"

"ဘုရင့်နောင်ကို လိုက် မလား။ ဘယ်လောက်ပေးရ မလဲ"

"သုံးထောင့်ငါးရာပါ"

"အိုကေ"

**ကျွန်တော် စတိုးဆိုင်ထဲ ခဏဝင်ပြီး**

**ဟိုကြည့်ဒီကြည့်လုပ်ရင်း**

**ကမ္ဘောဇဘဏ်ဘက်ကို**

**မျက်စိလျှင်လျှင်နဲ့ လှေလာအကဲခတ်**

**ကြည့်နေသည်......**



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်၊ တက်၊ ညီလေး"

ကျွန်တော့် အကွက်ထဲ ဝင်လာပြီ။ လူရွယ်က နောက်မှာ ထိုင်တယ်။ ငွေထုပ်ကြီးကို သူ့ရဲ့ ခြေထောက်ကြားထဲမှာ ညှပ်ထားတယ်။

ကျွန်တော် ကားမောင်းထွက်ခဲ့တယ်။ မြောက်ဥက္ကလာ အပိုင်းကနေ ရှစ်မိုင်လမ်းဆုံကို ဦးတည်တယ်။ နဝဒေးရုပ်ရှင်ရုံ မရောက်ခင် စွယ်တော်မြတ်စေတီမုခ်ဦးထဲ ချိုးကွေ့ပြီး ဖြတ်တက်မယ်ပေါ့။

"ကားဆရာကြီး၊ ဘယ်ကနေသွားမလို့လဲ"

"ဖြတ်လမ်းလေ ညီလေးရဲ့၊ ဒီလမ်းကို မသိဘူးနဲ့ တူတယ်။"

"ဟုတ်၊ ဟုတ်၊ ရပါတယ်"

"ဒါနဲ့ ဘုရင့်နောင်ဈေးမှာ စက်ပစ္စည်းတွေ၊ စက်ယန္တရားတွေ ဝယ်မလို့ထင်ပါရဲ့"

"ဟုတ်ပါတယ် အစ်ကို၊ နယ်ကိုပို့ပေးရမှာ"

"မင်္ဂလာ သန်းမြင့်လား၊ ဂွဒ်ဘရားသားလား၊ အင်းတစ်ခုခုပေါ့လေ"

လူရွယ်က ငြိမ်နေတယ် ။ သည်အချိန်မှာပဲ ကျွန်တော့် အကြံအစည် စပြီ --။

"ဂစ် ဂစ် ဂစ် ဂစ် ဂစ်"

ကားကို စက်နှိုးလို့မရလသို လုပ်လိုက်တယ်၊ ဂီယာထိုးကစားလိုက်ရုံပါပဲ။ ကုန်းတက်ကို ဂီယာကြီးနဲ့ တက်မယ့်အစား ဂီယာအသေးပြောင်းလိုက်တော့ ခုန်ဆွ ခုန်ဆွနဲ့ စက်ရပ်သွားတာပေါ့"

"ဘာဖြစ်တာလဲ၊ အစ်ကို"

"ဘက်ထရီ ဒေါင်းသွားပြီထင်တယ်၊ ပြဿနာမရှိပါဘူး"

စက်ကို ထပ်နှိုးချင်ယောင်ဆောင်တယ်၊ သော့ကို အဆုံးထိ မလှည့်ဘဲနှိုးတော့--

"ဂစ် ဂစ် ဂစ် ဂစ် ဂစ်"

"ဟူး မရတော့ဘူး ညီလေးရေ"





www.burmeseclassic.com

www.burmeseclassic.com



“တကယ် စက်နိုးလို့ မရတော့ဘူးလား အစ်ကို၊ ဘယ်လိုလုပ်ကြမလဲ”

“ဒီလို လုပ်ပါလား ညီလေး၊ အားတော့နာတယ်၊ တဆိတ်လောက် အောက်ဆင်းပြီး ကားကိုတွန်းပေးပါလား အရှိန်လေးရတာနဲ့ စက်နိုးလိုက်ရုံပါပဲ”

“ရပါတယ် အစ်ကို ကျွန်တော်လုပ်ပေးပါ့မယ်”

လူရွယ်က သဘောကောင်းပုံရတယ်၊ ချက်ချင်းပဲ အောက်ဆင်းပြီး ကားကိုကူပြီး တွန်းပေးတယ်၊ နည်းနည်းလည်း တွန်းပြီးရော ကျွန်တော်ကားကို စက်နိုးပြီး ရုတ်တရက် မောင်းထွက်ခဲ့တယ်။

“ဟေ့လူ၊ ကားရပ်၊ ကားရပ်၊ ဟိုး ဟိုး”

လူရွယ်က မထင်မှတ်တာကြောင့် ကြောင်ပြီးကျန်ရစ်ခဲ့တယ်။ ပါးစပ်အဟောင်းသားနဲ့ အံ့သြတုန်လှုပ်နေတာကို နောက်ကြည့်မှန်ထဲကနေ လှမ်းမြင်တယ်။

ဒါပဲပေါ့။

ကျွန်တော့် အကြံအစည် အောင်သွားပြီလေ။

ငွေထုပ်ကြီးက ကျွန်တော့်ကားရဲ့ နောက်ခန်းထဲမှာ အမြိုင့်သား။

“မင်းအောင်ရေ၊ မင်းကိုကျေးဇူးအများကြီး တင်တယ်ဟေ့၊ ငါက မင်းထက်သာအောင် လုပ်ပြနိုင်ပြီကွ၊ ဒီတစ်ခါ ငွေအမောင့် အတော်များမယ်၊ ချောင်းသာရောက်မှပဲ အေးအေးဆေးဆေး အထုပ်ဖြေကြည့်တော့မယ်၊ ဟား ဟား ဟား ဟား”

ကျွန်တော်ရဲ့ ကားလေးက လှိုင်သာယာအဝေးပြေး ကားဝင်းကို ကျော်လာပြီ။ ကားမှန်တွေကို ပိတ်ပြီး အဲယားကွန်း ဖွင့်လိုက်တယ်။ သီချင်းခလုတ်ကို ဖွင့်လိုက်တော့ ကျွန်တော့်ရဲ့ “ဖေးဘရိတ်” သီချင်း လာနေတယ်။

“တကယ်ဆိုရင် အချစ်ပဲလိုတယ်၊ ဘာကြောင့်သတ္တိမရှိလဲကွယ်” တဲ့။

“တကယ်ဆိုရင် ပိုက်ဆံပဲလိုတာပါ၊ ဒါကြောင့်မို့လဲ သတ္တိရှိတာပေါ့”

ကျွန်တော် တစ်ယောက်တည်း စကားပြောနေမိတယ်။ ရင်ထဲမှာ ကျိတ်ပြုံးကလေးတွေ ခိုဝင်နေတယ်။ ဘုရားပွဲလှည့်နေတယ်။

စိတ်ထဲမှာ တအားပျော်နေမိတယ်။

(ပျော် ပျော် ပျော် သိပ်ပျော်) ဆိုတဲ့ သီချင်းကလေး ကြားဖူးတယ်။ ဘယ်ဇာတ်ကားထဲမှာပါတဲ့ သီချင်းပါလိမ့်။ ဘယ်သူဆိုတာပါလိမ့်။

(အို မစဉ်းစားတာပဲ ကောင်းပါတယ် ဦးနှောက်စားတယ်၊ ဒီညနေ ပုသိမ်ကတစ်ဆင့် ချောင်းသာရောက်ဖို့ပဲ လိုတယ်။ ဟိုကျမှ တဝကြီး ပျော်ပစ်လိုက်မယ် ဟီး ဟီး)

**ကားမှန်တွေကို ပိတ်ပြီး အဲယားကွန်း ဖွင့်လိုက်တယ်၊ သီချင်းခလုတ်ကို ဖွင့်လိုက်တော့ ကျွန်တော့်ရဲ့ ဖေးဘရိတ်သီချင်းလာနေတယ်**



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်။

~~~~~

ထန်းတပင်မြို့ အဝင် စစ်ဆေးရေးဂိတ်လည်း ရောက်ရော ကျွန်တော်မပျော်ရတော့ပါ။ ကျွန်တော့်ကားကို ရဲယူနီဖောင်းဝတ်(၃)ဦးက ရပ်တန့်ခိုင်းလိုက်ပြီး၊ ကားပေါ်မှ ဆင်းခိုင်းပါတယ်။ ပြီးတော့ ချက်ချင်းလက်ထိတ်ခတ်လိုက်ပါတယ်။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲဗျ။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

"ဘာအပြစ်ရှိလို့လဲ ဆိုတော့ ကိုယ့်လူရဲ့ကားနောက်ခန်းက ငွေထုပ်ကြီးကြောင့်ပေါ့။ ကဲ ဘာငြင်းချင်သေးလဲ ကိုယ့်လူ"

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားတယ်။

ကျွန်တော် ငွေထုပ်ကြီး အလစ်သုတ်မှုနဲ့ လက်ပူးလက်ကြပ်ဖမ်းမိနေပြီလေ။

သည်တော့ ကျွန်တော် ဘယ်လိုလုပ် ငြင်းလို့ရတော့မလဲဗျာ။

ကျွန်တော့်ကို မရမ်းကုန်းရဲစခန်းကို ပြန်ခေါ်လာတယ်။

အဲဒီမှာ ကျွန်တော့်ကားကို ကူညီတွန်းပေးတဲ့ လူရွယ်လည်းအသင့်ရောက်နေတယ်။ ထူးဆန်းတာက သူ့ကိုယ်ပေါ်မှာ ကော်လံခေါင်းတုံးနဲ့ တိုက်ပုံအင်္ကျီ လုံချည်တွေအစား ရဲယူနီဖောင်းဝတ်ထားတာကို မြင်လိုက်ရတယ်။ ပခုံးပေါ်မှာတော့ ငွေကြယ်တစ်ပွင့်။

"မင်း၊ မင်း ----"

"ကား ဆရာကြီးက မှတ်မိသားပဲ၊ ကျွန်တော်က ဒုရဲအုပ် ဝင်းမြတ်ပါ"

"ဒါဖြင့် ငွေထုပ်ကြီးကကော့ မင်းဘယ်က ထုတ်လာတာ မဟုတ်လား"

"ဟော့ ရဲဘော်တွေ၊ သူ့ကားနောက်ခန်းက ငွေထုပ်ကြီး ယူလာခဲ့ကွာ"

ရဲဘော် တစ်ယောက်က ငွေထုပ်ကို ယူလာပြီး ကြိုးဖြေပြလိုက်တယ်။

"ဟင်"

ကျွန်တော် အင်မတန်အံ့သြသွားတယ်။ အထုပ်ထဲက အထပ်လိုက်ကျလာတာတွေက ဝတ္ထုစာအုပ်အဟောင်းတွေ၊ ငွေစက္ကူဆိုလို့ တစ်ရွက်မှ ပါမလာဘူး။

စခန်းမှူးက စကားစလာတယ်။

"ကဲ ကိုယ့်လူ၊ ဒါဖြင့်ရင် ကျွန်တော့်ကို ပိုက်ဆံနဲ့မျှားပြီး ထောင်ဖမ်းတာပေါ့၊ ဒါပေမယ့် ငွေထုပ်ကြီးထဲမှာက ပိုက်ဆံဆိုလို့ တစ်ပြားတစ်ချပ်မှ မပါဘူးလေ၊ ကျွန်တော့်ကို ဘာအမှုနဲ့ ဖမ်းမှာလဲ"

"ဘယ်အမှုနဲ့ ဖြစ်ဖြစ်၊ ခင်ဗျားကို ဖမ်းလို့ရတယ်၊ ခင်ဗျားမှာ အပြစ်ရှိတာတော့ အမှန်ပဲ၊ ခင်ဗျားရဲ့ အရင်လူက လုပ်သွားတဲ့ပုံစံမျိုး ဆက်လုပ်မယ့်သူတွေကို ဒါမျိုးမခံရအောင် ကျွန်တော်တို့ ရဲတွေက ကြိုတင်စီမံ ဆောင်ရွက်ထားကြတာဗျ"

"ဗျာ"

"ခုမှ ဗျာလုပ်မနေနဲ့၊ ခင်ဗျားကို ဒီလိုပြစ်မှုမျိုး ဆက်ကျူးလွန်အောင် နည်းပေးလမ်းပြလုပ်သွားတဲ့ ချယ်ရီဝက်ဝွန်းကားအဝါနဲ့ အရင်လူကို ထုတ်ဖော်ပြောပေတော့ ကိုယ့်လူ"

"ဗျာ"

~~~~~

မော်ဝန်းအုန်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



# ကံကြွေး



မောင်မောင်(ပီတောက်မြိုင်)



www.burmeseclassic.com

www.burmeseclassic.com



## "ကံကြွေး"

မောင်မောင်
(ပိတောက်မြိုင်)

တစ်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားမှ ဟောကြားတော်မူသော ဆရာတော် ဒေါက်တာ အရှင်ပညိသာရ၏ တရားတော်ကို နာကြားနေမိပါသည်။ ဆရာတော်၏ တရားတော်မှာ လွယ်လွယ်နှင့်နားလည်သဘောပေါက်လွယ်သော တရားတော်ဖြစ်ပါသည်။ အလွန်စိတ်ဝင်စားဖွယ်လည်း ကောင်းသည်။ မှတ်သားဖွယ်ရာလည်း ကောင်းလှပါသည်။

မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ် ကာလက၊ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ကျောင်းနှင့်မနီးမဝေးမှာနေသော မဟာကာလ အမည်ရှိ ပုဏ္ဏားသူဌေးတစ်ဦးရှိသည်။ ထိုပုဏ္ဏားကြီးကအလွန်စိတ်ကောင်းနှလုံးကောင်း ရှိသည်။ တရားဘာဝနာကိုလည်း အမြဲအားထုတ်နေသူ ဖြစ်သည်။

မရှိဆင်းရဲ ချို့တဲ့သူများကိုလည်း ကူညီထောက်ပံ့သည်။ သနား ညှာတာစိတ်ရှိသူဖြစ်၍ အားလုံးက ချစ်ခင်လေးစား ကြည်ညိုမှုကို ခံရသူလည်း ဖြစ်သည်။

တစ်နေ့မှာ မဟာကာလပုဏ္ဏားကြီးသည်မြတ်စွာကျောင်းတော်မှာ တရားနာ တရားအားထုတ်နေရင်းက အချိန်လွန်သွားသဖြင့် အိမ်မပြန်တော့ဘဲ မြတ်စွာဘုရားကျောင်းတော်မှာပဲ အိပ်နေလိုက်သည်။

နံနက် မိုးသောက် အရုဏ်လေး ရောက်လာသည့်အခါ ပုဏ္ဏားကြီး အိပ်ရာမှထလျက် ကျောင်းဝင်းအတွင်းရှိ ရေကန်တစ်ကန်မှာ မျက်နှာသစ် ကိုယ်လက်သန့်ရှင်းနေခိုက် ရွာသားတစ်စုက "သူခိုး၊ သူခိုး" ဟု အသံပေး၍ လိုက်လာကြသည်။ ရှေ့က သူခိုးက အထုပ်ပိုက်၍ ပြေးနေသည်။ နောက်ကလူအုပ်ကလည်း ထက်ကြပ်မကွာ လိုက်နေကြသည်။

သူခိုးက မလွတ်သာသည့် အဆုံးတွင် ကျောင်းထဲဝင်ပြေးလာသည်။ ရေကန်တွင် မျက်နှာသစ်၊ ကိုလက်သန့်စင်နေသော မဟာကာလ ပုဏ္ဏားကြီး အနီးအရောက်တွင် သူခိုးက မိုးယူလာသော အထုပ်ကြီးကို ပစ်ချ၍ ထွက်ပြေးလွတ်မြောက်ကွယ်ပျောက်သွားသည်။

နောက်က လိုက်လာသော လူအုပ်ကြီးက ပစ္စည်းထုပ်ကြီးနှင့်အတူ တွေ့ရသော မဟာကာလ ပုဏ္ဏားကြီးကို သူခိုးဟု စွပ်စွဲကာ ရိုက်ကြ၊ နှက်ကြသည်။ ပုဏ္ဏားကြီးက အမျိုးမျိုးတောင်းပန်သည်။ သူခိုးမဟုတ်ကြောင်း ပြောသော်လည်းမရ၊ နောက်ဆုံးဒေါသထွက်နေသော လူအုပ်ကြီး၏ လက်ချက်ကြောင့် မဟာကာလပုဏ္ဏားကြီး အသက်ဆုံးရှုံးသွားခဲ့ရသည်။

ဤအဖြစ်ကို ကိုယ်တိုင်မြင်တွေ့ကြရသောရဟန်းသံဃာတော်များအား ယူကျုံးမရဖြစ်ကြရသည်။ စိတ်ထိခိုက်ခဲ့ကြရသည်။ တရားဓမ္မနှင့် ပြည့်စုံလျက် စိတ်ကောင်းနှလုံးကောင်းရှိသူတစ်ယောက်၊ ဤကဲ့သို့ ကမောက်ကမကြီး ဖြစ်ရခြင်းကို ဘာကြောင့်များပါလိမ့်ဆိုတာ သိလိုကြသည်။ မြတ်စွာဘုရားထံ လျှောက်ထားမေးမြန်းကြသည်။

မြတ်စွာဘုရားက "ချစ်



www.burmeseclassic.com

www.burmeseclassic.com



သားတို့ မဟာကာလဟာ သူနဲ့ ထိုက်တန်တဲ့ ကံကြွေးကို ပေးဆပ်သွားရတာဖြစ်တယ်။ ကံဆိုတာ နှစ်မျိုးရှိတယ်။ အတိတ်ကံရယ်၊ ပစ္စုပ္ပန်ကံရယ် ဖြစ်တယ်။ သတ္တဝါတွေဟာ ဘဝ ဘဝတွေ အများ သံသရာလည်ခဲ့ကြရတဲ့ အတွက် ပစ္စုပ္ပန်မှာတော့ လက်ရှိ တစ်ဘဝတည်းသာ ကျင်လည်ရတာမျိုး ကံကြွေးက နည်းတယ်လို့ ဆိုရမှာပေါ့---

"မဟာကာလ ပုဏ္ဏားကြီးဟာ ကစ်ခုသော အတိတ်ကာလ ဘဝတစ်ခုမှာ လူကောင်းတစ်ယောက်ကို မှားယွင်းပြီး သူခိုးဟု စွပ်စွဲခဲ့တယ်။ သူ့ရဲ့ပြုမှုကြောင့် ထိုလူကောင်း အသက်ဆုံးရှုံးခဲ့ရတယ်---

"အဲဒီ ကံကြွေးကိုမဟာကာလ ယခုဘဝမှာ ဆပ်လိုက်ရတာ ဖြစ်တယ်လို့ မြတ်စွာဘုရားက အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူလိုက်တဲ့အခါ တပည့်ရဟန်းသံဃာများ သဘောပေါက်လျက် သံဝေဂတရားများ ရသွားခဲ့တယ်"

ဆရာတော် ဒေါက်တာ အရှင် ပညိသာရ၏ တရား



တော်ကို နာကြားလိုက်ရသဖြင့် မိမိလည်း သံဝေဂတရားလည်း ကောင်းကောင်းရလိုက် ပါသည်။ တစ်ဆက်တည်းမှာပင် ရဲတပ်ဖွဲ့ဝင် ဝန်ထမ်းဘဝက ကိုယ်တွေ့ကြုံခဲ့ရသော မှုခင်းဖြစ်ရပ်တစ်ခုကို သတိရမိပါသေးသည်။ ကံကြွေးဆပ်သွားရ ရှာသော မောင်ကံထူး လို့ပဲ ဆိုကြပါစို့။

မင်္ဂလာတောင်ညွန့် ရဲစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့ရစဉ်က ဖြစ်သည်။ ထိုစဉ်ကာလက မိမိတို့ ရဲစခန်းနယ်မြေ အတွင်း လုံခြုံရေးနှင့် မှုခင်းများ ကျဆင်းရေးအတွက် ကြိုတင်ကာကွယ်မှုများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည်။

အပိုင်အတွင်း စက်ဘီးနှင့်ပတ္တရောင် ကင်းများ၊ခြေလျင်ပတ္တရောင် ကင်းများ စေလွှတ်ထားလေ့ ရှိကြသည်။ အရာရှိများကလည်း အခါအားလျော်စွာ ကင်းစစ်ထွက်ကြရသည်။ခြေလျင် ပတ္တရောင် ကင်းတို့နှစ်ဆိုင်းခွဲထားသည်။ ညနေ (၆) နာရီမှ ည (၁၂) နာရီအထိ တစ်ဆိုင်း၊ ည (၁၂) နာရီမှ နောက်တစ်နေ့ နံနက် (၆) နာရီအထိ တစ်ဆိုင်း ဖြစ်သည်။

တစ်နေ့တွင် ညဥ့်နက်ရောင် ပတ္တရောင်ကင်း၊ ည (၁၂) နာရီမှ နောက်တစ်နေ့ နံနက် (၆) နာရီထိ တာဝန်ကျ ရဲတပ်ကြပ် သိန်းဝင်းနှင့်အဖွဲ့ နံနက် (၅) နာရီခန့်တွင် ပြန်ရောက်လာကြသည်။ လက်ဆွဲအိတ် တစ်လုံးနှင့် မသင်္ကာသူ လူငယ်လေး တစ်ယောက်လည်း ပါလာသည်။

ကင်းအဖွဲ့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင် ရဲတပ်ကြပ်သိန်းဝင်း၏ တင်ပြချက်အရ လက်ဆွဲအိတ်နှင့် လူငယ်အား မသက်ာ၍ မေးမြန်း စစ်ဆေးရာ လက်ဆွဲအိတ်မှာ သူ့ပစ္စည်းမဟုတ်ကြောင်း၊ မည်သူ့ပစ္စည်းလည်းဟု မေးမြန်းရာတွင်လည်း ဖြေကြားနိုင်ခြင်း မရှိ၍ ရဲစခန်းသို့ ခေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ထို လူငယ်လေးအား စစ်ဆေးမေးမြန်းရသည်။ သူ့အမည်က မောင်ကံထူး အဘအမည် ဦးအောင်ဘ၊ အသက်က



(၁၈) နှစ်၊ ပုဇွန်တောင်ဘူတာ အနီး ------ ဘုန်းကြီးကျောင်းတွင် နေထိုင်ကြောင်း သိရသည်။

သူနှင့်အတူ ပါလာသော လက်ဆွဲအိတ်ကြီး အကြောင်း မေးမြန်းရာတွင် သူ့ပစ္စည်း မဟုတ်ကြောင်းသာ ဖြေဆိုပါသည်။ ဒါဆိုလျှင် ပစ္စည်းပိုင်ရှင်က ဘယ်သူလဲ၊ ဘယ်မှာနေသလဲဟု မေးရာတွင်လည်း သူမဖြေနိုင် ဖြစ်နေသည်။ ပါးပြင်ပေါ်တွင် မျက်ရည်များသာ စီးကျလျက် ငိုမဲ့မဲ့လေး ဖြစ်နေသည်။

မိမိတို့ပင်လျှင် စဉ်းစားရ ကျပ်နေခဲ့ရသည်။ သူ့ထံသို့ ဒီလက်ဆွဲအိတ် ရောက်လာခဲ့ပုံကို မေးမြန်းကြည့်သည့်အခါ မောင်ကံထူးက ငိုသံတစ်ဝက်အသံဖြင့် ဖြေကြားပါသည်။ သူ့ဖြေကြားချက်ကလည်း ယုံရခက်ခက်၊ မယုံရခက်ခက် သူ့လက်ဝယ်မှာလည်း လက်ဆွဲအိတ်ကြီးက ရှိနေတော့ မိမိတို့ ဦးနှောက်စားခဲ့ရပါသည်။

❋❋❋❋❋

''ကျွန်တော်တို့ ကျောင်းကို အစ်ကိုကြီး တစ်ယောက် ရောက်လာပါတယ်။ ဆရာတော်၏ ခွင့်ပြုချက်အရ ဇရပ်မှာတည်းပါတယ်။ တစ်ရက်နှစ်ရက်ကြာတော့ သူနဲ့တော် တော်ခင်သွားပါတယ်။ သူက ညနေတိုင်း ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ဒံပေါက်တို့အမြဲ ကျွေးပါတယ်၊ မပြန်ခင် ညနေမှာ ပုဇွန်တောင်ဈေးက စပို့ရှပ်အင်္ကျီ တစ်ထည် ဝယ်ပေးပါသေးတယ်''

''မင်း အခု ဝတ်ထားတဲ့ အင်္ကျီလား''

''ဟုတ်ပါတယ်''

မောင်ကံထူး ဝတ်ထားသော စပို့ရှပ်အင်္ကျီမှာ အသစ်စက်စက်ဖြစ်နေ၍ မိမိက မေး လိုက်ခြင်း ဖြစ်သည်။

''ဟဲ ဆက်ပြောပါဦး

''သူက ဒီနေ့နံနက် (၉



www.burmeseclassic.com

www.burmeseclassic.com



နာရီ ရထားနဲ့ မော်လမြိုင်ပြန်မယ် ပြောတာပဲ။ ကျွန်တော့်ကို လိုက်ပို့ပါဆိုလို့ ကျွန်တော်လိုက်ပို့ ပေးတယ်။ ကျွန်တော့်တို့ နံနက် (၃) နာရီလောက် ထပြီး ရန်ကုန် ဘူတာကြီးကို ကုန်းကြောင်း လျှောက်သွားကြပါတယ်---

"သူ့ လက်ဆွဲအိတ်ကြီးက နည်းနည်းလေးပါတယ်။ သူနဲ့ ကျွန်တော် တစ်ယောက် တစ်လှည့်ဆွဲသွားကြပါတယ်။ ဘူတာကြီးနား ရောက်တော့ လက်ဆွဲအိတ်ကြီးက ကျွန်တော့်ဆွဲအလှည့်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ရှေ့က သူက နောက်ကလိုက်လာပါတယ်--

"ဘူတာကြီး စကြဲအဝင်ရောက်တော့ ရဲတွေကတားပြီး၊ လက်ဆွဲအိတ်ထဲက ဘာတွေလဲလို့ မေးပါတယ်။ ကျွန်တော်က မဖြေနိုင်လို့ နောက်လှည့်ကြည့်လိုက်တော့ ဟိုအစ်ကိုကြီး မရှိတော့ပါဘူး။ ဒါနဲ့ ရဲတွေက ကျွန်တော့်ကို ဒီကိုခေါ်လာကြတာပါ"

"ကောင်းရောကွာ၊ ဒီပစ္စည်းက ပြစ်မှုမကင်းတဲ့ ပစ္စည်းဖြစ်နေလို့ ရဲတွေမြင်တာနဲ့ ဒီကောင်ထွက်ပြေးသွားတာ ဖြစ်မှာပေါ့။ မင်းကို မေးဦးမယ်၊ အဲဒီကောင်နဲ့ မင်းနဲ့ နှစ်ရက်သုံးရက် အတူနေတယ်၊ စားကြ၊ သောက်ကြတယ်။ ခင်မင်သွားကြတယ်။

**"ဘူတာကြီး စကြဲအဝင်ရောက်တော့ ရဲတွေကတားပြီး၊ လက်ဆွဲအိတ်ထဲက ဘာတွေလဲလို့ မေးပါတယ်။ ကျွန်တော်က မဖြေနိုင်လို့ နောက်လှည့်ကြည့်လိုက်တော့ ဟိုအစ်ကိုကြီး မရှိတော့ပါဘူး၊**

ဒါတောင် သူ့နာမည် မင်းမသိဘူးလား။ ဘယ်ကလာတယ်ဆိုတာကိုကော မေးမကြည့်ဘူးလား"

"ကျွန်တော် မမေးမိပါဘူးခင်ဗျာ၊ သူ့ကို ကျွန်တော်က အစ်ကိုကြီးလို့ပဲ ခေါ်ပါတယ်။ သူကလဲ ကျွန်တော့်ကို ညီလေးလို့ပဲ ခေါ်ပါတယ်။"

"အဲဒါက အရေးမကြီးဘူး။ ဒီအိတ်ကြီးက မင်းလက်ထဲမှာ မိနေတာ။ ဘာပဲဖြစ်ဖြစ် မင်းမှာတာဝန်ရှိနေတယ်။ အိတ်ကလဲ သော့ခတ်ထားတာဆိုတော့ အထဲမှာ ဘာတွေရှိတယ်ဆိုတာ မပြောနိုင်ဘူး။ မင်းကလဲ မင်းပစ္စည်း မဟုတ်ပါဘူး ငြင်းနေတယ်။ ဘယ်သူ့ပစ္စည်းလဲ ဆိုပြန်တော့ မင်းကမပြောနိုင်ဘူး။ ခက်တယ်ကွာ၊ မင်းစကားကို ယုံဖို့က စဉ်းစားစရာဖြစ်နေတယ်-

"မတတ်နိုင်ဘူးကွာ၊ ဒီအိတ်ကို သက်သေလူကြီးများ ရှေ့မှာ ဖောက်ကြည့်မယ်။ ကံကြမ္မာက မင်းဘက်က ရှိနေရင်တော့ မင်းကံကောင်းတယ် ဆိုရမှာပေါ့"

သက်သေ လူကြီးနှစ်



www.burmeseclassic.com

www.burmeseclassic.com



**"မှန်လှပါဘုရား အရှင်ဘုရားအမိန့်ရှိတဲ့ စကားဟာ လက်ခံနိုင်စရာ အကြောင်းရှိပါတယ်၊ ဒါပေမယ့် တပည့်တော်တို့ လုပ်ငန်းသဘောအရ၊ ဥပဒေသဘောအရ ကြည့်မယ်ဆိုရင် လက်ခံရန် ခက်ပါလိမ့်မယ်ဘုရား၊**

ယောက်ကို ခေါ်စေပြီး လက်ဆွဲအိတ်ကြီးကို ဖောက်ကြည့်ကြသည်။ မျှော်လင့်ထားသည့်အတိုင်း ကံကြမ္မာက မောင်ကံထူးဘက်မှာမရှိ၊ မောင်ကံထူး ကံဆိုးသွားပြီ ဖြစ်သည်။ အိတ်ကြီးအတွင်းက ထွက်လာသည်က ဘိန်းစိမ်း (၆) လုံးတောင် ဖြစ်သည်။

အားလုံး အံ့ဩသွားကြရသည်။ မောင်ကံထူးကလည်း မျက်နှာငယ်လေးဖြင့် ဒီပစ္စည်းဟာ သူ့ပစ္စည်းမဟုတ်ရပါကြောင်း သူဘာဆို ဘာမှမသိပါကြောင်း ငိုယိုတောင်းပန် စကား ဆိုပါသည်။

စိတ်မကောင်းစရာတော့ အမှန်ပင်ဖြစ်သည်။ ခက်သည်က တရားဥပဒေသဘောအရဆိုပါမူ ပြစ်မှုမကင်းသောပစ္စည်း၊ တစ်နည်းအားဖြင့် သက်သေခံပစ္စည်းနှင့် လက်ပူးလက်ကြပ်ရှိနေသူသည် ပြစ်မှုကျူးလွန်သူသာဖြစ်ကြောင်း ယူဆရမည်သာ ဖြစ်သည်။ ဤအတိုင်းဆိုပါက တရားဥပဒေအရ အမှုဖွင့် အရေးယူရန်သာ ရှိတော့သည်။

❀❀❀❀❀

မောင်ကံထူးနှင့် မကင်းရာ မကင်းကြောင်း၊ ဦးပဥ္စင်း (၃) ပါး ရဲစခန်းသို့ ရောက်လာကြသည်။ အသက်အကြီးဆုံးဟုထင်ရသူ ကိုယ်တော်တစ်ပါးက ဆိုပါသည်။

"ဒကာကြီးတို့ရယ်၊ မောင်ကံထူးလေးက လူကောင်းလေးပါ။ ငယ်စဉ်ကတည်းက မိဘများ ကွယ်လွန်သွားကြလို့ ဆွေရိပ်မကင်း၊ မျိုးရိပ်မကင်းတဲ့ ကျုပ်တို့ကျောင်းထိုင်ဆရာတော်ကြီးက ခေါ်ယူကျွေးမွေး စောင့်ရှောက်ထားတာပါ။ ကျုပ်တို့ မျက်စိအောက်မှာပဲ ကြီးပြင်းလာသူလေးပါ။ လိမ္မာရေးခြားရှိပါတယ်။ မကောင်းတာ ဟူသမျှ မလုပ်တတ်ပါဘူး၊ သူ့အတွက် ဦးပဥ္စင်းတို့ လုံးဝ တာဝန်ယူပါတယ်"

"မှန်လှပါဘုရား အရှင်ဘုရားအမိန့်ရှိတဲ့ စကားဟာ လက်ခံနိုင်စရာ အကြောင်းရှိပါတယ်၊ ဒါပေမယ့် တပည့်တော်တို့ လုပ်ငန်းသဘောအရ၊ ဥပဒေသဘောအရ ကြည့်မယ်ဆိုရင် လက်ခံရန် ခက်ပါလိမ့်မယ် ဘုရား၊ ဒီကောင်လေးကို ဦးပဥ္စင်းတို့က တာဝန်ယူတာတော့ ဟုတ်ပါပြီ၊ သူလက်ဝယ်မှာ တွေ့ရှိတဲ့ ပြစ်မှုမကင်းတဲ့ ဒီမူးယစ်ဆေးဝါး ဘိန်းတွေကို ဘယ်သူ တာဝန်ယူမလဲ ဘုရား"

ဤမေးခွန်းကို ကြားလိုက်ရသည့်အခါ ဦးပဥ္စင်း(၃)ပါး၊ ခေါင်းတောင်သွားခဲ့ကြသည်။၊ ကြောင်ငေးငေးဖြင့်မိုက်ကြည့်နေကြသည်။ အတန်ကြာမှ စောစောက ကိုယ်တော်ကပင် ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒကာကြီးရယ် ဒီကလေးက ဆွမ်းခံရင်း ငှက်သင့်ဆိုသလိုဖြစ်ရတာပါ၊ တကယ်တမ်းကြတော့ ဒီပစ္စည်းဟာ သူ့ပစ္စည်း မဟုတ်တာ အမှန်ပါ"

"ခက်တယ်ဘုရား သူ့ပစ္စည်းမဟုတ်ရင် ဘယ်သူ့ပစ္စည်းလဲလို့မေးရပါလိမ့်မယ် ဘုရား၊ အထောက်အထားခိုင်လုံစွာနဲ့ မပြောနိုင်ရင်တော့ လက်ဝယ်တွေ့ရှိသူရဲ့ တာဝန်သာ ဖြစ်ပါလိမ့်မယ်"

"ဒီကလေးအတွက် အရှင်ဘုရား တို့ပြောခဲ့တာတွေဟာ တပည့်တော်တို့ လက်ခံနိုင်စရာတွေ အကြောင်းတော့ရှိပါတယ် ဒါပေမယ့်"

"ဒါပေမယ့်တွေ လုပ်မနေပါနဲ့တော့ ဒကာကြီးရယ်ကျုပ်တို့ပြောတာ လက်ခံနိုင်ရင်ပြီးတာပဲ မဟုတ်လား"

"ဒီလိုလဲ လွယ်လွယ်ပြောလို့မရပါဘူး ဘုရား။ တပည့်တော်တို့ဘက်ကလဲ ပြန်ကြည့်စေချင်ပါတယ်၊ ပြစ်မှုမကင်းတဲ့ ပစ္စည်းကို လက်ဆုပ်လက်ကိုင်မိထားရက်နဲ့ အရေးမယူဘဲ ပြန်လွှတ်လိုက်ရင် တပည့်တော်တို့ကို အများပြည်သူများက ဘယ်လိုမြင်ကြမလဲ၊ နောက်ပြီး တပည့်တော်တို့ အထက်လူကြီးတွေကကော လက်ခံနိုင်ကြမလဲ စဉ်းစားကြည့်ပါ ဘုရား"

ဒီတစ်ခါမှာတော့ ကိုယ်တော် (၃)ပါး ပါးစပ်အဟောင်းသားနှင့် ငိုင်ကျသွားကြသည်။ ခဏကြာမှ အကြီးဆုံး ကိုယ်တော်ကပဲ လေအေးလေးဖြင့် ဆိုလာပါသည်။

"ဒကာကြီးတို့ဘက်ကကြည့်တော့လဲ မှန်တာပဲ၊ လက်ခံရမှာပေါ့"

"တပည့်တော်တို့ ပြောတာကို လက်ခံနားလည်ပေးတာကိုပဲ ကျေးဇူးတင်ပါတယ် ဘုရား၊ ဒါဆိုရင် တပည့်တော်တို့ တရားဥပဒေဘောင်အတွင်းက ဆက်လက် ဆောင်ရွက်ဖို့ပဲ ရှိပါတော့တယ်ဘုရား၊ အရှင်ဘုရားတို့လဲ လိုရာခရီးသို့ ပြန်ကြွတော်မူပါလို့ တပည့်တော်ရှိသေစွာ လျှောက်ထားအပ်ပါတယ် ဘုရား"

မိမိစကား အဆုံးမှာတော့ ဦးပဉ္စင်း(၃)ပါး၊ ရဲစခန်း ရုံးခန်းအတွင်းမှ ထွက်ခွာသွားကြသည်။ အမှုနှင့်ပတ်သက်၍ မိမိတို့ ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ရသည်။ တိုင်ချက် ရေးဖွင့်ရသည်။ ဘိန်းစိမ်းဟုယူဆရသော မည်းမည်းအခဲ (၆)တုံးကို သက်သေများရှေ့တွင် ရှာဖွေပုံစံ ရေးသွင်း၍ သိမ်းဆည်းရသည်။ နမူနာထုတ်ယူ၍ မှုခင်းတပ်ဖွဲ့ ဓာတုဗေဒဌာနသို့ ထင်မြင်ချက်တောင်းရသည်။ ဘိန်းစိမ်း (ဘိမ်းမည်း)များ ဖြစ်ကြောင်း မှတ်ချက်ရခဲ့သည်။

မောင်ကံထူး အပေါ်ဘေး အန္တရာယ်ဖြစ်စေတတ်သော ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲ စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မအရ သက်သေခံ အထောက်အထား ခိုင်လုံစွာဖြင့် တရားစွဲတင်ခဲ့သည်။ တရားဥပဒေ၏ အဆုံးအဖြတ်ကို နာခံရန်သာဖြစ်ပေတော့သည်။

မိမိ တွေးလိုက်မိပါသည်။ ကပ္ပိယလေး မောင်ကံထူးတစ်ယောက် အတိတ်ကံကြွေးကို ဆပ်လိုက်ရလေသလားရယ်လို့။

**မောင်မောင်–ဝိတောက်မြိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မချစ်တာ ရှင့်ကို

မောင်မျိုးသက်(ဟင်္သာတ)





www.burmeseclassic.com

www.burmeseclassic.com



**"ကျွန်မချစ်တာ ရှင့်ကို"**

**ဟသ်ာတ**

**မောင်မျိုးသက်**

(၁)

ကျွန်မ နှလုံးသားအေးစက် မနေဘူး။ ပူပူနွေးနွေးပဲရှိပါသေးတယ်။ ဟုတ်ပါတယ်။ ဒါကြောင့်လည်း ကျွန်မ ချစ်တာ ရှင့်ကိုလို့ပြောရမှာပါ။

ရှင်ဟာ ကျွန်မမြောင်းထဲ ကျနီးနီးအချိန်မှာ ကယ်တင်ခဲ့တယ်။ ကျွန်မဘဝရဲ့ တွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ အကြင်နာတွေ၊ အယုအယတွေကို စေတနာသန့်သန့် ရှင်ပေးစွမ်းခဲ့တယ်။ ဒီလိုမေတ္တာမျိုးကို ဒီတစ်ကြိမ်ပဲခံစားဖူးတာပါ။ ဒါကြောင့်လည်း ကျွန်မချစ်တာ ရှင့်ကိုလို့ ပြောရမှာပါ။

ပန်းနွမ်းကို ကောက်ပြီး ရှင် ရေတောက်ခဲ့တယ်၊ ခဏပါပဲ။ ပန်းနွမ်းဆိုတာမျိုးဟာ ပြန်မလန်းနိုင်ပါဘူး။ တဖြည်းဖြည်းနွမ်းသွားမှာပါပဲ။ ဒါကို ကျွန်မသဘောပေါက်တယ်။ ဒါပေမယ့် ရှင်က ပန်းနွမ်းကို လန်းဆန်းအောင် အစွမ်းကုန် ကြိုးစားခဲ့တယ်။ ရှင့် ကျေးဇူးတွေကို ကျွန်မ ဘယ်လိုဆပ်မလဲ များနေပြီ။ ဒါကြောင့်လည်း ကျွန်မချစ်တာ ရှင့်ကိုလို့ ပြောရမှာပဲ။

ရှင်လည်း ကျွန်မကိုချစ်မှာပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မဘဝဟာ ရှင်နဲ့မတန်ဘူး။ ဒါကြောင့် ရှင်နဲ့ဝေးရာကို ကျွန်မပြေးတာပါ။ ရှင့်အပြစ်တင်ချင်လည်း တင်ပါ။ အနူးအညွတ် ရှင့်ကို တောင်းပန်ပါတယ်။ ရှင့်အနေနဲ့ ကျွန်မကို ယုံကြည်စိတ်ချလို့ ရှင် စားပွဲအံဆွဲထဲမှာ ထည့်ထားတဲ့ ငွေငါးသိန်းထဲက တစ်သိန်း ကျွန်မ ယူသွားပါတယ်။ ခွင့်လွှတ်ပေးပါနော်။ မယူရက်ပေမယ့် ကျွန်မ ဘဝ ငွေမရှိရင် ထပ်ဆိုးသွားမှာ စိုးလို့ပါ။

ကံမကုန်သေးရင် ပြန်ဆုံကြရမှာပေါ့ မောင်ရယ်။

ချို

ရှင် ကျွန်မ အသုံးအနှုန်းဖြင့် ရေးခဲ့သော စာကိုဖတ်ပြီး မြင့်စိုးသက်ငိုင်နေသည်။ ခင်မေချို ထွက်သွားပြီဟုသိလိုက်ရသောအခါ ရင်ထဲမှာ ဟာတာတာ။ ဆယ်ငါးရက်ခန့် အတူနေအတူစားနေလာခဲ့ရသည့် မိန်းကလေး ရိုးရိုးသားသား မိန်းကလေးဟု သတ်မှတ်မရ၊ ပျက်စီးနေသော မိန်းကလေးလည်း မဟုတ်။ တစ်စုံတစ်ရာက အကျည်းအကျဉ် ကြုံတွေ့လာခဲ့ပါက ထွက်ပေါက်ရှာတတ်သော မိန်းကလေးမျိုးဖြစ်သည်။ ခင်မေချိုနှင့် မြင့်စိုးသက်တို့ ကြုံဆုံကြသည်ကလည်း ခင်မေချို ထွက်ပေါက်ရှာချိန်မှာဖြစ်သည်။ ဒါမျိုးဆိုကလည်း ကြာရှည်ဖုံးကွယ်၍မရ၊ တစ်ဆင့်စကား တစ်ဆင့်စကားပြန်လည် စကားဆိုတတ်ကြသည်။ စကားဆိုစရာလည်း ကောင်းပါသည်။ ခင်မေချိုသည် အသင့်အတင့် ချောမောလှပသူ ဖြစ်၍ ကိုယ်ခန္ဓာအချိုးကျပြေပြစ်သည်။ သူမကိုတွေ့ချင်တိုင်းလည်းမရ၊ ငွေအခက်အခဲရှိချိန်မျိုးမှ။

ထိုနေ့က လူငယ် တစ်သိုက် ခင်မေချို့ နောက်ကို အတင်း လိုက်သည်။ မော်တော်ဆိုင်ကယ်နှစ်စီးနှင့် ငါးယောက်၊ ခင်မေချို ထိတ်လန့်စွာ ရှောင်တိမ်းသည်၊ မရ။ ရှေ့နောက် ညှပ်ပူးညှပ်ပိတ်လမ်းက မကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



မကျယ်၊ လူသွားလူလာလည်း မပြတ်။ သို့သော် လူငယ် ငါးယောက်က ရဲတင်းစွာပင် ဓာတ်သိသည့်အလား ပူးကပ်စည်း ရုံးသည်။

"မဖြစ်နိုင်ပါဘူးရှင် မဖြစ်နိုင်လွန်းလို့ပါနော်။ နောက်သုံးရက်ဆိုရင်လိုက်ပါ့မယ်။ နားလည်ပေးပါနော် မိန်းမသားကိစ္စ မိန်းမတွေပဲ သိပါတယ်"

ခင်မေချိုသည် လိမ္မာပါးနပ်စွာ ရှောင်တိမ်းလိုက်ပြီး အနီးရှိ စက်နှိုး၍ ထွက်ခွာရန် တာစူနေသော မော်တော်ဆိုင်ကယ်သမားတစ်ဦး၏ နောက်တွင် ဖျတ်လတ်စွာ တက်ထိုင်လိုက်ပြီး–

"မောင်းလေ"

ဟု တိုးတိုးပြော လိုက်၏။ လူငယ်တစ်သိုက်နှင့် ထိုသူ မပတ်သက်သည့် အခြေအနေ နားလည်လိုက်၍ မောင်းထွက်ခဲ့သည်။ ထိုသူကား မြင့်နိုးသက်။

"ကဲ အမိ ဒီလောက်ဆိုလွတ်လောက်ပြီ၊ အကြောက်ပြေ လက်ဖက်ရည်သောက်ဦး၊ အကျိုးအကြောင်းလဲပြောပြဦး"

အဆင်သင့် တွေ့သော လက်ဖက်ရည်ဆိုင် ဝင်လိုက်၏။ လက်ဖက်ရည်မှာလိုက်ပြီးနောက်–

"ပြောလေ"

ဟု မြင့်စိုးသက်၏ အပြောကြောင့် ခင်မေချို ရှက်နေသည်။

"ကျွန်မ နာမည်ခင်မေချိုပါ။ နေတာက အထောင်ရှာ

**လူငယ်တစ်သိုက်နှင့်**
**ထိုသူမပတ်သက်သည့်**
**အခြေအနေနားလည်လိုက်၍**
**မောင်းထွက်ခဲ့သည်။**
**ထိုသူကား မြင့်နိုးသက်။**

ခဲဘက် သွားတဲ့ လမ်းဘေးက ရွာတစ်ရွာဆိုပါတော့။ ကျွန်မမှာ အဖေရှိတယ်။ မကျန်းမာဘူး။ ကျွန်မထက် အငယ်က ကျောင်းနေတုန်းပဲ။ ကျွန်မပဲ ထားရတာပေါ့။ ရွာမှာ ကောက်စိုက်ချိန်စိုက်၊ ပဲနုတ်ချိန်နုတ်နဲ့ ကြုံရာလုပ်တာပါပဲ။ ဒါပေမယ့် ရတာနဲ့ ကုန်တာနဲ့ မကာမိဘူး။ အကျဉ်းအကျပ် ဖြစ်လာတယ်။ အဖေ့ ဆေးဖိုးအတွက် ကျွန်မဘဝရင်းလိုက်ရတာပါ။ ဒါမျိုး အမြဲတမ်း မလုပ်ဘူး။ ဒီဘဝမျိုးကို ရောက်လာတာ သုံးလပဲရှိသေးတယ်။ အဖေ့ဆေးဖိုး လုံလောက်ပြည့်စုံဖို့ အဓိကပဲ အိမ်က မသိဘူး။ အမျိုးမျိုး အကြောင်းပြခဲ့ရတာပါ။ ညီမလေး ကျောင်းပိတ်ရက်ဆိုရင် ကျွန်မ ငွေရှာရတာပဲ။ အမှန်အတိုင်း ရှင့်ကို ပြောပြတာပါ။ ဒါထက် ရှင့် နာမည်––"

"မြင့်စိုးသက်ပါ၊ ငါနေတာ မြို့စွန်မှာလေ။ လူပျို မဟုတ်ဘူး။ မုဆိုးဖို၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်တာ သားလေးရှိတယ်။ မြို့ထဲက သူ့အဘွားက ခေါ်ထားတယ်။ အိမ်မှာ ငါတစ်ယောက်တည်း ငါနဲ့ အိမ်လိုက်ခဲ့၊ အေးအေးဆေးဆေး တိုင်ပင်တာပေါ့"

ခင်မေချိုသည် မြင့်စိုးသက်ခေါ်ရာ လိုက်ခဲ့သည်။ မြင့်စိုးသက် အိမ်တွင် တစ်ညအိပ်သည်။ နောက်နေ့ရွာပြန်မည်ဆို၍ ငွေလုံလောက်အောင် ပေးလိုက်ပြီး ဆေးဝယ်ရန် မြို့ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ပို့သည်။ နောက် ခင်မေချိုက ဘယ်နေ့ပြန်လာခဲ့မည်ဟု ချက်ချိန်း ပေးခဲ့၏။ ငါးရက်ခန့် ကြာခဲ့၏။ သူမ၏ အိမ်ကို မည်သို့ပြောခဲ့သနည်း။ စီမံခဲ့သနည်း။ မြင့်စိုးသက်သည် မနက်ဆိုလျှင် လက်ဖက်ရည်ဆိုင် ထွက်လေ့ရှိသည်။ ခင်မေချိုကို ခေါ်သည်။ မလိုက်။ လက်ဖက်ရည်ဆိုင် အသွားလမ်းတွင် ဈေးရှိ၏။ ဈေးတွင် ဆင်းကျန်ခဲ့၍ ချက်ပြုတ်ရန် ဟင်းဝယ်သည်။ မုန့်ဟင်းခါးစားသည်။ ပြီးလျှင် ဈေးရှေ့မှ မြင့်စိုးသက်ကို စောင့်၏။ မြင့်စိုးသက်လည်း လက်ဖက်ရည်ဆိုင် ကြာကြာမထိုင်၊ လက်ဖက်ရည် ပါဆယ် တစ်ခွက်ဝယ်၍ ပြန်သည်။

တစ်နေ့တစ်နေ့ ရင်းနှီးမှု ပိုလာသလိုပင် မြင့်စိုးသက်လည်း ခင်မေချိုကို စွဲလမ်းလာမိသည်။ ခင်မေချို အနေဖြင့်လည်း မြင့်စိုးသက်၏ သဘောထားပြည့်ဝမှုနှင့် အလိုလိုက် အလိုက်သိတတ်မှုကြောင့် ချစ်မိသွားသည်။ ချစ်မိသော်လည်း ကိုယ့်အကြောင်းကိုယ်သိသည်။ မသန့်ရှင်းသော ခန္ဓာကိုယ်ကို မြင့်စိုးသက်ကို မအပ်ချင်၊ မြင့်စိုးသက်ကလည်း လက်ထပ်ယူမည် မထင်၊ သူ့တွင် ဆွေမျိုးအသိုင်းအဝန်းရှိသည်။ စပါးပွဲစား၊ ပဲပွဲစားဟူသော သိက္ခာရှိသည်။ သူမက ကိုယ်ခန္ဓာရင်းစားရသူဘဝ ကွာဟပါသည်။ မြင့်စိုးသက်အနေဖြင့် သိသော်လည်း ခင်မေချို၏ ဘဝကို နားလည်ပေးသည်။ ခွဲခြားမဆက်ဆံ၊ သူနှင့်နေစဉ် ဆက်ဆံခဲ့သည်မှာ ဇနီးမယားတစ်ဦးပမာ။ ထိုကြောင့်ပင် ခင်မေချို မြင့်စိုးသက်ကို ချစ်မိသည်။

သို့သော် ရေရှည်မဖြစ်နိုင်ဟု ခင်မေချို တွေးသည်။ မြင့်စိုးသက်ထံမှ ခွာခဲ့၏။ မြင့်စိုးသက်အနေဖြင့်လည်း ခင်မေချို၏ စာကိုဖတ်ပြီး ရင်ထဲဟာတာတာဖြစ်သွားရုံမှအပ သိပ်ခံစားချက်မရှိ။ တစ်နေ့ ခင်မေချို ပြန်လည် ထွက်ခွာသွားမည်ကို တွက်ပြီးသား။ ယခုလို ငွေတစ်သိန်းယူ၍ ထွက်သွားလိမ့်မည်





www.burmeseclassic.com

www.burmeseclassic.com



ဟုတော့ မထင်မိ။ ပြန်ချင်၍ တောင်းလျှင်ပေးမည်။ သည်ငွေ အတိုင်းအတာတော့ မဟုတ်။ လုံလောက်ရန်သာ ငွေတစ်သိန်း ယူသွားသဖြင့် စိတ်မလှုပ်ရှားခဲ့ပါ။ ခင်မေချို မလိမ်ပါ။ အံဆွဲထဲတွင် လေးသိန်းအမှန်ပင်ကျန်ပါသည်။

~~~~~

(၂)

ငွေ တစ်သိန်းဖြင့် ရွာတွင် ကုန်စုံဆိုင်တည်သည်။ ညီအစ်မနှစ်ယောက်တက်ညီလက်ညီ ရောင်း၏။ မကျန်းမာသော ဖခင်ကြီးကိုလည်း ပြုစု၏။ မဆိုးလှပါ။ နှုတ်ချိုသော ခင်မေချိုတို့ဆိုင် ရောင်းရပါသည်။ ကုန်ကို ခင်မေချို ကိုယ်တိုင်မြို့တက်ဝယ်သည်။ အခြားမသွား။ ဈေးဝယ်ပြီး ချက်ချင်းပြန်သည်။ မည်သူနှင့်မျှ မတွေ့လို။ အတိတ်၏ အမည်းစက် သူ့မတွင်ရှိသည် မဟုတ်လား။ ကောင်းရောင်းကောင်းဝယ်ဖြင့် ဘဝကို ကျော်ဖြတ်ချင်ပေသည်။ တစ်ခုတော့ရှိသည်။ မြို့သို့ အလာ၊ မြို့မှအပြန် ကျွန်မချစ်တာရှင့်ကို ဆိုသည့် မြင့်စိုးသက်ကိုတွေ့လို တွေ့ငြား အိမ်ရှေ့ ကားဖြတ်တိုင်း ကြည့်ရသည်မှာ အမော။ တွေ့သည့်အခါ တွေ့၍၊ မတွေ့သည့်အခါလည်း ရှိသည်။ တစ်နေ့တော့ ဝင်မည်ဟု စိတ်ကူးမိပါသည်။ တစ်နေ့မှ မဝင်ဖြစ်ခဲ့ပါ။ မိမိအပေါ်ကောင်းပါလျက်နှင့် စွန့်ခွာထွက်လာခဲ့သူ၊ မပေးသောငွေကို ယူ၍ ထွက်လာခဲ့သူ ဖြစ်၍ အပြစ်ကို ရွံ့ကြောက်နေသည်။ ခွင့်လွှတ်ပေးခဲ့ပါလျှင်တော်၏။ မပေးခဲ့သော် ခင်မေချို စိုးရိမ်မိပါသည်။

ကံကြမ္မာ အလှည့်အပတ်သည် ခင်မေချိုအား မွှေနှောက်လာသည်။ ဖခင်ကြီး ကွယ်လွန်သွားသည်။ ညီအစ်မနှစ်ယောက်သာကျန်၍ ဖခင်ကြီး၏ နှမတစ်ယောက်ကို အဖော်ခေါ်ထားရသည်။ ဆိုင်က ရောင်းကောင်းပါသည်။ ခက်သည်က မကြာမီက ထောင်မှ လွတ်လာသော ထွန်းရီဆိုသူကြောင့်ဖြစ်သည်။ သူနှင့် အသက် မတိမ်းမယိမ်း ၅ နှစ်ခန့်ကြီးမည်ထင်သည်။ ဓားခုတ်မှုဖြင့် ထောင်ကျခဲ့ရာမှ လွတ်လာသူဖြစ်သည်။ လူပျိုလူလွတ်ဖြစ်သော်လည်း ရိုင်းစိုင်းသည်။ ဖခင်ကြီး၏ အသုဘကို လာရောက် ကူညီသလိုလို ညပိုင်းတွင် လာရောက်စောင့်သလိုလို ဖဲဝိုင်းလုပ်၍ ခင်မေချိုနှင့် ရင်းနှီးရန် ကြိုးစားသည်။ ခင်မေချို၏ နောက်ကြောင်းကို ထွန်းရီမသိ၊ တစ်ရွာလုံးလည်း မသိ။

ခင်မေပျို ပါးနပ်ပါသည်။ အလိုက်အထိုက် ဆက်ဆံသည်။ အချစ်ရေးကို စိတ်မဝင်စားပါ။ အိမ်ထောင်ရေးလည်း မစဉ်းစားပါ။ ညီမလေး ဆယ်တန်းအောင်၍ ဘွဲ့ရသည်အထိ သူ့မှာ တာဝန်ရှိပါသည်ဟု အဖြေပေးထားသည်။ ထွန်းရီကမူ ဖွဲမလျှော့၊ ထောင်မကျ ႔က ခင်မေချိုနှင့်၊ ယခုတွေ့ရသော ခင်မေချို မတူသည်ကို ထွန်းရီ မြင်သည်။ ဝတ်တတ်စားတတ်၍ နဂိုကပင် ရုပ်ရည်မဆိုးသော ခင်မေချိုသည် နဂိုရှိ၍ နကိုင်းထွက်သဖြင့် ရွာထဲတွင် မိန်းမချော စာရင်းဝင် တစ်ဦး ဖြစ်၏။

တစ်နေ့ မြို့ကို ကုန်ဝယ် သွားသည်။ ဝယ်နေ... ဆိုင်တွင် ...



www.burmeseclassic.com
~~~~~

www.burmeseclassic.com



စာရင်းပေးပြီး ပြန်အထွက် မြင့်စိုးသက်နှင့် ပက်ပင်းတွေ့သည်။ အမှန်မှာ ခင်မေချို ဆိုင်ထဲဝင်သွားကတည်းက မြင့်စိုးသက် မြင်၍ အထွက်ကို စောင့်နေခြင်းသာဖြစ်သည်။

"လာတက်"

မြင့်စိုးသက် စကားကြောင့် ခင်မေချိုအတွန့်မတက်၊

**မောင့်ဆီကငွေယူပြီး ချို ကုန်စုံဆိုင်ဖွင့်တယ်။ အဖေလဲ မကြာခင်က ကွယ်လွန်သွားတယ်။ ချို့စိတ် တည်တည်ငြိမ်ငြိမ်ထားပြီး ညီမလေးအတွက် ကြိုးစားနေပါတယ်။ ချို ဘာမှ မလုပ်ဘူး။ မောင့်ကို နေ့တိုင်းသတိရတယ်။**

မော်တော်ဆိုင်ကယ် နောက်တက်လိုက်သည်။ လက်ဖက်ရည် ဆိုင်တစ်ဆိုင်ဝင်၍ စကားပြောဖြစ်သည်။ အခြေအနေ အရပ်ရပ်ကို မေးသည်။

"မောင့်ဆီက ငွေယူပြီး ချို ကုန်စုံဆိုင်ဖွင့်တယ်။ အဖေလဲ မကြာခင်က ကွယ်လွန်သွားတယ်။ ချို့စိတ် တည်တည်ငြိမ်ငြိမ်ထားပြီး ညီမလေး အတွက် ကြိုးစားနေပါတယ်။ ချို ဘာမှ မလုပ်ဘူး။ မောင့်ကို နေ့တိုင်းသတိရတယ်။ မောင့် ကျေးဇူးပဲလို့လဲ အမြဲတမ်း သတိရနေတာပါ။ ကုန်လာဝယ်တိုင်း မောင့် အိမ်ကို အသွားအပြန် ကြည့်တယ်။ တွေ့တဲ့အခါတွေ၊ မတွေ့တဲ့အခါလဲ မတွေ့ဘူးပေါ့။ မောင့်ဆီ ဝင်ချင်တယ်။ ချို့လုပ်ရပ်ကို ချို လိပ်ပြာမသန့်လို့ပါ။ ချို့ကို မောင် ခွင့်လွှတ်တယ်မို့လား။ မောင့်ကို ချို တကယ်ချစ်တာပါ။ ဒါပေမယ့် ချို့ဘဝဟာ မောင်နဲ့ မတန်ဘူး"

ခွင့်လွှတ်ခြင်းနှင့် အတူ မြင့်စိုးသက်နှင့် ခင်မေချို ပြန်လည်ပြေလည် သွားကြသည်။ ချိန်းတဲ့ရက် ကုန်ဝယ်တတ်သည့် ရက်တွင် ခင်မေချို နံနက်ခင်း မသွားဘဲ ညနေဘက်မြို့တက်သွားသည်။ ယခင်ကလည်း ထိုသို့ သွားတတ်၍ ရွာထဲမှအမှတ်မထား၊ အမှတ်ထားသူမှာ ထွန်းရီ။ ထွန်းရီထောင်မှ ထွက်လာသည့် အချိန်မှစ၍ မြို့ကို ညအိပ် ညနေသွားသည်ကို မတွေ့မမြင်ဖူးခဲ့။ တွေ့လာသိလာရသော အခါတွင် ထွန်းရီ ဘဝင်မကျ။ နေ့ချင်းပြန် သွားလို့ရတဲ့ ခရီး ညအိပ်ဘာလို့သွားတာလဲ။

နောက်တစ်နေ့ မနက်အစောဆုံး ကားနှင့် မြို့ဖက်လိုက်သွားသည်။ ခင်မေချိုဝယ်နေကျ ဆိုင်ကို ထွန်းရီသိသည်။ ဆိုင်ဝန်းကျင်မှ တစေ့တစောင်း စောင့်ကြည့်၏။ ထွန်းရီ ကြာကြာ မစောင့်လိုက်ရပါ။ မော်တော်ဆိုင်ကယ် မောင်းသူ၏ ပခုံးကိုကိုင်၍ ပူးကပ်စွာ ထိုင်လိုက်လာသော ခင်မေချိုကို တွေ့လိုက်သည်။ ခင်မေချိုဝယ်နေကျဆိုင်ရှေ့တွင် ရပ်သွား၏။ ခင်မေချိုကို နှုတ်ဆက်၍ မော်တော်ဆိုင်ကယ်သမား ထွက်သွားသည်။ မြင့်စိုးသက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည် မြင်ကွင်းကို ထွန်းရီ မကျေနပ်။ အံတင်းတင်း ကျိတ်လိုက်၏။ ခင်မေချို ပြန်သည့်ကားနှင့်ပင် ထွန်းရီက ကားနောက်တွင် ရပ်လျက်လိုက်ပါလာသည်။ ရွာတွင် ကုန်ချသည့်အခါ ထွန်းရီ ကူညီချပေး၏။ စကားမပြောသေး၊ ကုန်ချပြီး ကားထွက်သွားသည်။

'ညက နင် ဘယ်မှာ အိပ်သလဲ ခင်မေချို"

"ငါ့ဟာ ငါ ဘယ်မှာ အိပ်အိပ်ပေါ့ နင်နဲ့ ဘာဆိုင်လဲ၊ ငါ့ အသိအိမ်မှာ အိပ်တာပေါ့"

'မနက်က ဆိုင်ကယ်နဲ့ လိုက်ပို့တဲ့သူလား"

"အေး ဟုတ်တယ်။ ငါ့ ကျေးဇူးရှင်ပဲ"

"ဒါဆို"

ထွန်းရီ စကား မဆက်၊ ခင်မေချိုကို မထီတထီ ကြည့်လေသည်။

"ဒါဆိုလဲ ပြောလေ ဘာ ယုတ်ပတ်မလို့လဲ၊ ဒီလူနဲ့ လိုက်အိပ်လဲ နင့်အပူ တစ်ပြားသားမှ မပါဘူး။ ဟိုမှာ ကုန်သယ်ဖို့ ညီမလေးတို့လာနေပြီ ရှိ မနေနဲ့"

ခင်မေချို စကားဖြတ်လိုက်၏။ မကျေမချမ်းနှင့် အိတ်တစ်လုံးကို ပခုံးပေါ် ထမ်း၍ ထွက်သွား၏။

ထွန်းရီ အစာမကြေ၊ နောက်ရက်များတွင် မြို့တက်၍ စုံစမ်းသည်။ အမှတ်မထင် လက်ဖက်ရည်ဆိုင်မှာ တွေ့၏။ သူ့အပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့သည်။ ဘယ်မှာနေသည်။ ဘာအလုပ်လုပ်သည်ကို ထွန်းရီ မသိ၊ မည်သို့ စုံစမ်းရမည်ကို သာ စဉ်းစားသည်။ မြင့်စိုးသက်တို့နှင့် အနီးဆုံး စားပွဲတွင် ဝင်ထိုင်လိုက်ကာ လက်ဖက်ရည်မှာသည်။ သူတို့ အချင်းချင်း စကား အသွားအလာကို နားထောင်၍ အလုပ်အကိုင်နှင့် နာမည်ကို သိနိုင်သည်ဟုလည်း တွေး၏။ ထွန်းရီ၏ အတွေးမှန်ပါသည်။

ပွဲစား။ နာမည် မြင့်စိုးသက်ဟုသိလိုက်ရသည်။ ဘယ်မှာနေသလဲ ဆက်စုံစမ်းရမည်။ နာမည်နှင့် အလုပ်အကိုင်ကို သိပြီဖြစ်၍ ဆက်စုံစမ်းရန် လွယ်သည်ဟု တွက်မိပါသည်။ ပွဲရုံတစ်ရုံဝင်၍ ပဲဈေးစုံစမ်းရင်း မြင့်စိုးသက် နာမည်ကို မေး၏။ အဆက်အသွယ် လုပ်လိုကြောင်း၊ နေရပ်လိပ်စာ မသိကြောင်း ပြောပြရာမှ လိပ်စာရခဲ့သည်။ ထွန်းရီ ရှေ့ဆက် ဘာလုပ်မည်လဲ။ ခင်မေချို မြို့တက် ကုန်ဝယ်မည့်နေ့ကို စုံစမ်းသည်၊ စောင့်သည်။ ညအိပ်ကြိုသွားလျှင် နောက်ကလိုက်မည် ဟု စဉ်းစားထား၏။

စောင့်သည့်နေ့ ကြုံလာသည်။ ညနေ ၃ နာရီခန့် ကြုံရာကားနှင့် ခင်မေချို မြို့လိုက်သွားသည်။ ထွန်းရီလည်း နောက်ကားနှင့် လိုက်ခဲ့သည်။ ရွာမှ မြို့သို့ပြောင်း၍ ဆိုက်ကား [illegible] နေသူ အောင်မိုး အိမ်ကို သွား၏။ ညမိုးချုပ်စ အောင်မိုး အကူအညီယူ၍ မြင့်စိုးသက်အိမ်ရှိရာသို့ ဆိုက်ကားနှင့် လာခဲ့သည်။ မိုးချုပ်စလည်း ဖြစ် လမ်းမီးလည်း မလာ၍ လူလုံးမကွဲသည့်အချိန်၊ မြင့်စိုးသက်အိမ်ရှေ့ရောက်ပြီး အကဲခတ်သည်။ ဘက်ထရီမီးထွန်းထားသော မီးရောင်အောက်မှာ ခင်မေချိုကို တွေ့လိုက်ရသည်။ မြင့်စိုးသက်အိမ်တွင် အိပ်ကြော



www.burmeseclassic.com

www.burmeseclassic.com



**"သွားစမ်း ထွန်းရီ ငါစိတ်မဆိုးခင် နှင်သွား၊ ကျောရုံ ကြီးရုံမကလို့ အပျော်မယားပဲထားထား ကိုမြင့်စိုးသက်ကို ငါ ကြည်ဖြူတယ်။ ငါ့ဘဝရဲ့ ကျေးဇူးရှင်။ နင့်ကိုယူတော့ ဘာလုပ်ကျွေးမှာလဲ နင်လိုထောင်ထွက်ကို မစဉ်းစားဘူး။ အလုပ်ကို လက်ကြောမတင်းဘူး။ ညနေဆို အရက်လေးတမြမြနဲ့--"**

သေချာသဖြင့် ပြန်လာခဲ့ကြသည်။

~~~~~

(၃)

ဆိုင်တွင် ခင်မေချို တစ်ယောက်တည်းရှိစဉ် ထွန်းရီ ရောက်လာသည်။ ဆေးလိပ်ဝယ်၏။

"ညက ပျော်ခဲ့ရဲ့လား"

ထွန်းရီ၏ အမေးကြောင့် ခင်မေချို မော့ကြည့်လိုက်သည်။

"ဘာတွေ လာပြောနေတာလဲ၊ လာရီ မနေနဲ့"

"မရိပါဘူး၊ ညက ကို မြင့်စိုးသက် အိမ်မှာ အိပ်တာ ငါ မြင်တယ်။ ညက မြို့မှာ ငါရှိ တယ်"

"အိပ်တော့ ဘာဖြစ်လဲ ငါ့ရည်းစားနဲ့ ငါအိပ်တာ နင့် အပူ တစ်ပြားသားမှ မပါဘူး"

'ဒီကောင်က နင့်ကို ယူမှာ မဟုတ်ဘူး၊ ကျောရုံကြီးတာ၊ ငါကတော့ နင့်ကို တကယ်"

"သွားစမ်း ထွန်းရီ ငါ စိတ်မဆိုးခင် နှင်သွား၊ ကျောရုံ ကြီးရုံမကလို့ အပျော်မယားပဲ ထားထား ကိုမြင့်စိုးသက်ကို ငါ ကြည်ဖြူတယ်။ ငါ့ဘဝရဲ့ ကျေး ဇူးရှင်။ နင့်ကိုယူတော့ ဘာလုပ် ကျွေးမှာလဲ နင်လိုထောင်ထွက် ကို မစဉ်းစားဘူး။ အလုပ်ကို လက်ကြော မတင်းဘူး။ ညနေ ဆို အရက်လေးတမြမြနဲ့--"

ခင်မေချို၏ ပြတ်သား သော စကားကြောင့် ထွန်းရီ ထွက်သွားသည်။ ရင်ထဲမှာ မ ကျေနပ်။ ခင်မေချို၏ဘဝဇာတ်ကြောင်း အတိမ်အနက်ကို ထွန်းရီ မသိပေ။ ထွန်းရီထောင် ကျစဉ်က ခင်မေချို၏ ရုန်းကန် ခဲ့ရသောအဖြစ်တို့က မြောင်းထဲ ကျလုနီးနီး။ ခုမှ ပလက်ဖောင်း ပေါ်တွင် လျှောက်မိဆဲ ကာလ ရင်မကော့ရဲသေး။

~~~~~

(၄)

မြင့်စိုးသက် လက်ဖက် ရည်ဆိုင်မှ ပြန်လာသည်။ ခြံ တံခါးဖွင့်ဝင်ပြီး မော်တော်ဆိုင် ကယ်ကို တွန်းဝင်သွားသည်။

'ဒုတ်'

အနည်းငယ် ရှေ့စိုက် ကျသွားသော ကိုယ်ကို မြင့်စိုး သက် ပြန်မတ်လိုက်သည်။ သ တိ လက်မလွတ် အမှတ်မထင် ဖြစ်၍ မော်တော်ဆိုင်ကယ် တွန်း လာရာမှ လွတ်သွား၏။ အရိုက် ခံရသည်ကို သိလိုက်၍ အမြန် ဆုံး နောက်လှည့်လိုက်သည်။ နောက်တစ်ချက်အရိုက်ကိုရှောင် လိုက်သော်လည်း အနည်းငယ် ငြိသွားသည်။ ရိုက်သူကို ဝင်လုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မှောင်နေ၍ ဘယ်သူ ဘယ်ဝါမှန်း မြင့်စိုးသက် မသိ။ ရိုက်သူသည် အခြေအနေမဟန်မှန်းသိ၍ ဓားဖြင့်စွက်လိုက်သည်။ ဓားဖြင့် ထိုးပြီကို သိ၍ မြင့်စိုးသက် ခွာလိုက်လျှင် ရန်ပြုလာသူသည် ပြင်ပသို့ ပြေးထွက်သွား၏။ ပေါင်ရင်းကို ထိုးမိသွား၍ လက်ဖြင့် အုပ်၍ တစ်ဖက်ခြံကို လှမ်းခေါ် လိုက်သည်။

"ကိုမင်းလွင် ကိုမင်းလွင်၊ လူ--လူ ကျွန်တော့်ကို ဓားနဲ့ထိုးသွားတယ်"

မြင့်စိုးသက် အသံကြောင့် ဘေးအိမ်မှ လူများ ရောက်လာကြသည်။ ကိုမင်းလွင်က လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်၏။ သိပ်မနက်လှ။ ရပ်ကွက်ရဲကင်းကို အကြောင်းကြားပြီး ဆေးခန်းသွားပြသည်။ တော်သေး၏။အသက်အန္တရာယ်နှင့်မနီး၊ ရိုက်ချက်လည်း နာကျင်သွားရုံမှအပ မပေါက်မပြဲ၊ ရဲကင်းမှူးက မြင့်စိုးသက်ကို စစ်၏။ ဘာမှ မပြောနိုင်၊ အခင်းဖြစ်ရာသို့ သဲလွန်စတွေ့လိုတွေ့ငြား ရှာ၏။ ထိလက်မှတ် သုံး

"ဖွင့်မှာပေါ့ဗျာ၊ ကျွန်တော် အသားလွတ် ခံလိုက်ရ တာ၊ ဘယ်သူဘယ်ဝါဆိုတာလဲ မမြင်လိုက်၊ မသိလိုက်ရ။ ကျွန်တော့်ကို ချောင်းရိုက်ရအောင်လဲ ရန်သူ ကျွန်တော့်မှာမရှိ။ ဘယ်ကအစဖော်ရမယ် မသိဘူး"

စောင်တွဲ တစ်အိတ်တွေ့သည်။ မြင့်စိုးသက်ကို မေး၏။ သူ့ထီလက်မှတ် မဟုတ်ကြောင်း ပြောပြသည်။ ဤသို့ဆိုလျှင် ရန်ပြုသူကျသွားသော ထီလက်မှတ်ဖြစ်ရပေမည်။ ရဲကင်းမှူးသည် ထီလက်မှတ်သိမ်းလိုက်သည်။

"အမှုဖွင့်မလား ကိုမြင့်နိုးသက်"

ရဲကင်းမှူးက မေးလာသည်။

"ဖွင့်မှာပေါ့ဗျာ၊ ကျွန်တော် အသားလွတ် ခံလိုက်ရတာ၊ ဘယ်သူဘယ်ဝါဆိုတာလဲ မမြင်လိုက်၊ မသိလိုက်ရ။ ကျွန်တော့်ကို ချောင်းရိုက်ရအောင်လဲ ရန်သူ ကျွန်တော့်မှာ မရှိ။ ဘယ်က အစဖော်ရမယ်မသိဘူး"

"အစ ဖော်တယ် ဆိုတာ ရဲအလုပ်ပါဗျာ။ ကြားဖူးမှာပါ။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိဆိုတာလေ သုံးလေးရက်အတွင်း ကျွန်တော် လှုပ်ရှားလိုက်မယ်။ အစပေါ်လာမှာပါ။ ခင်ဗျားလဲ သုံးလေးရက် လောက်နားလိုက်"

ရဲကင်းမှူး နှုတ်ဆက်ထွက်ခွာသွားသည်။ ဘေးအိမ်မှ ကိုမင်းလွင် လာအိပ်၍ အခက်အခဲမရှိ တစ်ညတာ ကျော်လွန်ခဲ့သည်။ နောက်မနက်တွင် အပေါင်းအသင်းများ သတင်းကြား၍ ရောက်လာကြ၏။ စားရေးသောက်ရေး အဆင်ပြေသွားသည်။ ရဲကင်းမှူးကလည်း ဘာမျှ သတင်းမပေး၊ တစ်ပတ်အကြာတွင် ရဲကင်းမှူး ရောက်လာသည်။

"ကိုမြင့်စိုးသက်ရေ



www.burmeseclassic.com

www.burmeseclassic.com



တရားခံတော့ တွေ့ပြီ မိပြီလို့ ဆိုပါတော့''

ဟု သတင်းပေး လာသည်။

''ဟာ တော်လှချည့် လား ဆရာ၊ ဘယ်သူတုန်း ဘယ်ကတုန်း''

''ပြောပါ့မယ်၊ ဒီကောင်ကို ခင်ဗျား မသိဘူး။ မြင်လဲမြင်ဖူးမှာ မဟုတ်ဘူး။ ခင်ဗျားနဲ့လဲ ရန်ငြိုးရန်စ မရှိဘူးဗျ''

''ဟာ ဒါဖြင့် အသား လွှတ် လုပ်တာပေါ့''

''အသားလွှတ် အကြောင်းမရှိဘဲနဲ့တော့ ဘယ်လုပ်ပါ့မလဲဗျာ။ မိန်းမကိစ္စဗျ။ ခင်မေချိုဆိုတဲ့ အမျိုးသမီးနဲ့ပတ်သက်နေတာ၊ ကဲ––ဒီမှာ ရှိနေတာ ယောကျ်ားတွေချည်းပဲ၊ ပွင့်ပွင့်လင်းလင်းပြောမယ်။ ခင်မေချိုဆိုတဲ့ အမျိုးသမီးနဲ့ ခင်ဗျားနဲ့ ငြိနေတယ်။ ခင်ဗျားဆီလဲ ညဥ့်အိပ် ညဥ့်နေလာအိပ်နေကျ။ ဒါကို ခင်မေချိုကို တစ်ဖက်သတ် ကြိုက်နေတဲ့ ခင်မေချိုနဲ့ တစ်ရွာတည်းသား ထွန်းရီက သိတယ်။ အဲဒါကို မကျေနပ်လို့ ရိုက်တာတဲ့ဗျာ။ ခင်မေချိုနဲ့ ခင်ဗျားနဲ့ ပတ်သက်တာကော ဟုတ်လား''

''ဟုတ်ပါတယ်၊ ဒါကို အခြေခံမိတာက––''

''ထိ လက်မှတ်ကြောင့်ပေါ့။ လေးငါးရက်လောက် ကျွန်တော် အသည်းအသန် လှုပ်ရှားလိုက်ရတယ်။ ဒီထီလက်မှတ်မှာ ပါတဲ့ နာမည်နဲ့ ရောင်းတဲ့ဆိုင်တွေကို တစ်မြို့လုံးအနှံ့ လက်မှတ်နံပါတ်ကို ပြပြီး စုံစမ်းတာ။ တွေ့တာပဲ၊ ဒီမှာတင် ထီထိုးသူရဲ့ လိပ်စာကိုသိခဲ့ရတာ။ နိဗ္ဗာန်ရဲစခန်းပိုင်ဆိုတော့ အပိုင်စခန်းကိုဝင် သတင်းပို့ အကူအညီတောင်းရတာပေါ့. . . အဲဒီမှာပဲ ခင်ဗျားရဲ့ ခင်မေချိုနဲ့ တွေ့ခဲ့ရတာ''

ရဲကင်းမှူး၏ စကားကြောင့် မြင့်စိုးသက် ပြူးပြူးပျာပျာဖြစ်သွားသည်။

''ခင်မေချို ဘာဖြစ်လို့လဲ''

''သိပ်လဲ မစိုးရိမ်ပါနဲ့၊ ခင်ဗျားရဲ့ ခင်မေချိုကို ထွန်းရီက ဓားထောက်ပြီးမဟားတရားလုပ်လို့ စခန်း လာတိုင်တာ မအောင်မြင်ပါဘူး။ ခင်မေချိုကလဲ စခန်းကို လာအတိုင်၊ ကျွန်တော်ကလဲ ရွာနာမည်နဲ့ ထွန်းရီကို စခန်းဝင်၊ အကူအညီတောင်း သတင်းပို့တုန်း ဆုံရတာ[illegible] ခင်ဗျား အရိုက်ခံရ ဓားထိုးခံရတာကိုသိသွားတယ်။ ခင်ဗျားလိုပဲ ပြူးပြူးပျာပျာနဲ့ မေးလိုက်တာစုံရော၊ ဒီအမျိုးသမီး ခင်ဗျားကို တော်တော် ချစ်ပုံရတယ်ဗျ။ စိတ်မပူပါနဲ့ ရုပ်ထိတာပါ။ အကွဲအပြဲ မရှိပါဘူးလို့ ပြောပြလိုက်ပါတယ်။ ဒီညနေပဲ လာလိမ့်မယ်ထင်တယ်။ ထွန်းရီကို ကျိန်ဆဲလိုက်တာ၊ ချက်ချင်းပဲ ထွန်းရီကို သွားဖမ်းလိုက်တယ်။ နိဗ္ဗာန်အချုပ်မှာ စစ်လိုက်တော့ ဝန်ခံတယ်။ ခင်မေချို ကိစ္စကိုတော့ ပုဒ်မ ၃၅၄ နဲ့ ဖွင့်မယ်ထင်တယ်။ မိန်းမကာယခြေမှုပျက်စီးစေရန် အကြံဖြင့် လက်ရောက်ကျူးလွန်ခြင်း သို့မဟုတ် ရာဇဝတ်မှု မကင်းသော အနိုင်အထက်ပြုလုပ်မှုကို ကျူးလွန်ခြင်းဖြစ်ရပ် ထောင်ဒဏ် နှစ်နှစ်ထိ ချမှတ်နိုင်တယ်လေ။ ခင်ဗျားရော အမှု ဖွင့်မှာလား''



www.burmeseclassic.com

www.burmeseclassic.com



"မဖွင့်တော့ပါဘူး ဗျာ။ သိပ်များတာမှ မဟုတ်ဘဲ၊ အမှု ဖွင့်ရင် ဆရာဝန်ရဲ့ဆေးစစ်ချက် ယူရမယ်။ ဆေးရုံတက် သင့် တက်ရမယ်။ ရုံးမှာအမှုရင်ဆိုင် ရမယ်၊ အချိန်ကုန် ငွေကုန်ဖြစ် မှာပဲ"

"ကောင်းပါတယ်၊ ငယ်သောအမှု ပပျောက်စေဆို သလို ကျွန်တော်လဲ အလုပ်မ ရှုပ်တော့ဘူးပေါ့။ ကဲ ပြန်မယ် ဗျာ"

ရဲကင်းမှူး နှုတ်ဆက် ထွက်ခွာသွား၏။ ပြောခဲ့သည့် အတိုင်းပင် ညနေ ၃ နာရီခန့် ခင်မေချို ရောက်လာပါသည်။ မြင့်စိုးသက်၏ အပေါင်းအသင်း များ ခင်မေချိုကို မြင်ဖူးသွားကြ သည်။ သိပ်မကြာခင်မှာပင်–

"မင်းအတွက် နုပ်မ လေး–အဲ––နုပ်စ်မလေးရောက် လာပြီ၊ တို့ မလိုတော့ဘူး။ မ နက်မှ လက်ဖက်ရည်နဲ့ အီ ကြာကွေးဝယ်ပြီး လာခဲ့မယ်"

ဟုပြောပြီး ပြန်သွားကြ သည်။

မြင့်စိုးသက်နှင့် ခင်မေ ချိုတို့ စကားပြောဖြစ်ကြ၏။ ထွန်းရီ စော်ကားလာသည့် အ ကြောင်းကို အခြေခံ၍ အိမ် ထောင်ပြုရန် တိုက်တွန်းသည်။ ခင်မေချို လက်မခံ။

"ညီမလေး ဆယ် တန်းအောင်ဖို့ ဆရာမ ဖြစ်ဖို့၊ အဝေးသင်တက် ဘွဲ့ရဖို့ ဒီရည် ရွယ်ချက်ပဲ ချို့မှာ ရှိတယ်။ ဘာလဲ ခုလို မောင့်ဆီလာလာ နေတာ မောင့်ဘက်က နာတယ် ထင်လို့လား။ ဒါမှမဟုတ် ချို့ကို မသတီတော့လို့လား"

"မဟုတ်ဘူးချို၊ မောင် ဆိုလိုတာက ..."

"ဘာမှ မဆိုလို နဲ့ မောင်၊ မောင့်စေတနာကို ချို နားလည်ပါတယ်။ ချို့ကို မောင် လက်မထပ်နိုင်ဘူးဆိုတာလဲ သိ ပါတယ်။ မောင်က ချို့ကို လက် ထပ်ချင်ပါတယ်ဆိုလာရင်လဲ ချို ငြင်းမှာပဲ။ မောင့်ကို ဘယ်တော့ မှ ချိုလက်မထပ်ဘူး။ ချို့ဘဝ ညစ်နွမ်းခဲ့တာ မောင် သိပါ တယ်။ မောင်ကိုယ်တိုင် ကယ် ခဲ့တာပဲ။ ချို့ရဲ့ မသန့်ရှင်းတဲ့ ခန္ဓာကိုယ်ကို မောင့်လို နှလုံး သားဖြူစင်တဲ့ လူမျိုးကို ဘယ် တော့မှ မအပ်ဘူး။ မောင့်လို လူမျိုးနဲ့ မတန်လို့ပါ။ မောင်နဲ့ ဆုံပြီးတဲ့နောက် ချို့ဘဝကို ချို ပြောင်းလဲခဲ့တယ်။ မောင့် ငွေနဲ့ ချို့ ဘဝ ကောင်းအောင် ထူ ထောင်ခဲ့တယ်။ အဓိက ရည် မှန်းချက်က ညီမလေး ရှေ့ရေး တိုးတက်မှုပဲ မောင် သိပါတယ်။ ခုလို နေကြတာ မကောင်းဘူး လားမောင်။ မောင့်ဆီလာလာ နေလို့ အထင်သေးနေသလား၊ အထင်မကြီးတောင်မှ အထင် မသေးပါနဲ့။ မောင့်ကို ချို သိပ် ချစ်တယ်။ မောင်ကလွဲလို့ ဘယ် သူ့ကိုမှ မချစ်ဘူး။ ကျွန်မ ချစ် တာ ရှင့်ကိုဆိုတာ ယုံသိလား"

ဩော် --- ဤလော က လူ့ဘုံဝယ် ဤသို့သော အ ဖြစ်အပျက်မျိုးလည်းရှိပေစွ။

"လူ့ဘဝ နှောင်အိမ် လယ်၊ ကြောင်လိမ်သွယ်လေ့ ကား။

အချိုး အကွေ့ရယ် နဲ့၊ တိုးဝှေ့ကာ လမ်းအဆက် ဆက် ဆင်းတက်လူ့သား"

ဟုဆိုရမည်သာတည်း။


မောင်မျိုးသက်



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရတဲ့ကောင်မလေးကိုယူဖို့ တရားမဝင်လုပ်ငန်း
လုပ်မိသူရဲ့ ဇာတ်လမ်းတစ်ပုဒ်



# ချစ်သူ

ကိုကိုလှ (တမာမြေ)



www.burmeseclassic.com

www.burmeseclassic.com



## ချစ်ဒုက္ခ

**ကိုကိုလှ –ကမာမြေ**

စိုင်းနောင် အဝေးပြေးကားဂိတ်သွားရန် အငှားကားရောက်နေကြောင်း ဟိုတယ်ညဉ့်ကြိုဝန်ထမ်း အောင်ကျော်က လာပြောသည့်အတွက် အိပ်ခန်းထဲမှ ထွက်လာပြီး ဟိုတယ်ညဉ့်ကြို ကောင်တာသို့ ရောက်လာသည်။ စိုင်းနောင်အခန်းငှားခ စားသောက်စရိတ် ဖုန်းဆက်ခ အားလုံးကို ငွေကြေးရှင်းပေးပြီး အားမရသေး။ တာဝန်ကျဟိုတယ်ဝန်ထမ်းများကိုဘောက်ဆူးများပင် ထပ်မံပေးလိုက်သေးသည်။ စိုင်းနောင် ပဲခူးရောက်တိုင်း ထွန်းပ တည်းခိုခန်းမှာပဲ တည်းလေ့ အနားယူလေ့ရှိသည်။ စိုင်းနောင် တည်းခိုရန် ရောက်လာပြီဆိုလျှင်လည်း ဝန်ထမ်းအားလုံးက လိုလေသေးမရှိ တာဝန်ကျေပွန်ကြသည်။

စိုင်းနောင် လိုချင်သည့်အရာ အားလုံးကို မဖြစ်မနေဖြည့်စွမ်း ပေးတတ်ကြသည်။ ယုတ်စွအဆုံး ဟိုတယ်မီးပျက်သွားပါက စိုင်းနောင် အခန်းမီးလင်းရန် ပြုပြင်ထိန်းသိမ်းရေးတာဝန်ခံကအစ တတ်နိုင်သ၍ ပညာမနေသာဆိုသည့် ဘာဝအတိုင်း လိုအပ်ချက် ဖြည့်ဆည်းမှု၊ ထိုသို့ပြုမူရခြင်း၊ ဖြည့်စွမ်းပေးရခြင်း အကြောင်းရင်းခံသည်ဟိုတယ်ပိုင်ရှင်၏ မိတ်ဆွေအရင်းအချာမို့ ပိုမို ဂရုစိုက်ရသည်။

စိုင်းနောင် ပဲခူးကို ခြောက်လတစ်ခါ ရောက်လာတတ်သည်။ စိုင်းနောင် ပဲခူးသို့ ဘာလာလုပ်သည်။ လားရှိုးမှာ ဘာလုပ်အကိုင်တွေ လုပ်ကိုင်လဲဆိုတာ လှထွေး သိစရာမလို။ လှထွေး အကြောင်းကိုတော့ စိုင်းနောင် ဒီတစ်ခေါက်အတော်လေး စူးစိုက်စုံစမ်း လေ့လာခဲ့သည်။ လှထွေးကတော့ လုံးဝမသိရှာ။ စိုင်းနောင်ကို အနီးကပ် ညဉ့်ဝတ်ပြုရသည့် အောင်ကျော်၊ စိုင်းနောင်က လှထွေး အပေါ် စိတ်ဝင်တစားရှိကြောင်း လှထွေးဘဝ အားလုံးကို ပြောပြလိုက်ကြောင်း မထိန်ချန် မကွယ်ဝှက် ပြောချလိုက်သည်။ လှထွေးတစ်ယောက် အောင်ကျော်ကို ဒေါသ ပေါက်ကွဲခဲ့သည်။ သူ့ကိုယ်ရေးကိုယ်တာကိစ္စအားလုံး မထိန်ချန် မကွယ်ဝှက် ပြောချလိုက်သည့်အတွက် ကက်ကက်လန် ရန်တွေ့လိုက်သည်။ အောင်ကျော် လှထွေးကို ခွန်းတုံ့မပြန်ဝံ့။ ခန္ဓာကိုယ် အချိုးအစား ပြေပြစ်ချောမောလှပသော မိန်းကလေးတစ်ယောက်၏ အလှသည် စိတ်ဆိုးဖွယ် အရာ အကြောင်းကိစ္စ ရင်ဆိုင်ရသော်လည်း အလှတရားက ပျက်စီးယိုယွင်းသွားခြင်းမရှိ။

~~~~~

"မန္တလေးသွားမယ့် ခရီးသည်များ ညနေ(၅)နာရီ ထွက်မှာ ဖြစ်တဲ့အတွက် ကားပေါ် တက်နိုင်ပါပြီ"

ပဲခူး မန္တလေး ခရီးသည်တင်ကား တာဝန်ခံ ဝန်ထမ်းတစ်ဦး အသံကြောင့် စိုင်းနောင်နှင့် အတူ ခရီးသည်များ ကားပေါ်တက်ထိုင်ရန် လှုပ်ရှားစပြုလုပ်သည်။ စိုင်းနောင် စီးရမည့် ကားပေါ်ရောက်သည်နှင့် ထိုင်ခုံကို လွယ်ကူစွာ တွေ့လိုက်သည် နေရာမှာ နေသားတကျ ဖြစ်ချိန် အသံတစ်ခုကြား၍ မော့ကြည့်မိသည်။



www.burmeseclassic.com
~~~~~

www.burmeseclassic.com



"ထိုင်ခုံ ၂၁ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်။ ကိုယ့်ထိုင်ခုံက ၂၂ ဆိုတော့ မမှားနိုင်ဘူးလေ"

စိုင်းနောင်သေား ဝင်ထိုင်သူကို မသိမသာအကဲခတ်လိုက်သည်။ နောက်တစ်ခေါက်ထပ် အကဲခတ်လိုက်သည်။ အလုပ်ရှုပ်နေသော မိန်းကလေးက စိုင်းနောင် အကဲခတ်နေသည်ကို မသိ။ သတိမထား သတိထားလိုက်ချိန်ဝယ်–

"ဟင် ကိုစိုင်းနောင်ပါလား"

"သေချာတာပေါ့ စိုင်းနောင်မှ စိုင်းနောင် အစစ်ပါ။ ကိုယ် ပဲခူးက မန္တလေးကိုပြန်တိုင်း ဒီကားနဲ့ ပြန်လေ့ရှိတယ်။ ဒီကားက ဖိမ်ကျတယ်။ စားရေးသောက်ရေးကလဲ လွယ်ကူတယ်။ ဝန်ထမ်းတွေကလဲ ဖော်ရွေတယ်။ ကိုယ့်အပေါ်မှာ တာဝန် ကျေပွန်မှုရှိတဲ့ အရာအားလုံးကို တပ်မက်စွဲလမ်းတတ်တဲ့ အကျင့်ရှိတယ် လှထွေး"

ခရီးသည် များကလည်း နေသားတကျ ရှိနေကြသည်။ တာဝန်ရှိသူများကလည်း ထိုင်ခုံနေရာပြည့် မပြည့် လိုက်လံ စစ်ဆေးပေးသည်။ ယာဉ်မောင်း ယာဉ်နောက်လိုက် ပဲခူးအတွက် စားသောက်ဆိုင်ကြီးမှာ ညစာဖြင့် ကားကုမ္ပဏီက တာဝန်ယူ ကျွေးသည်။ စိုင်းနောင် လှထွေးကို လမ်းခရီးဖော်အဖြစ် ကောင်းကောင်းအသုံးချ နိုင်ခဲ့သည်။ လှထွေးကလည်း ကိုယ့်လုပ်ငန်းခွင်မှာ ဆုံစည်းခဲ့ရသူတစ်ယောက်နဲ့ လမ်းခရီးတစ်လျှောက် အဖော်အဖြစ် ဆုံရလေခြင်းဟုပီတိဖြစ်ပါသည်။ ညနေစာ စားပြီးသည်နှင့် ကားမှာ မန္တလေးသို့ ခရီးနှင်ချေသည်။ စိုင်းနောင်တစ်ယောက် လှထွေးနှင့် အခုလို တစ်ခရီးတည်း သွားရသည့် အဖြစ်က မမျှော်လင့်ဘဲ ကြုံခွင့်ရတာကိုပင် အခွင့်ကောင်းတစ်ခုရခြင်းပင်–

**"ဟင်-ဆေးခြောက်မှု ဟုတ်လား၊ ဆေးခြောက်အရောင်း အဝယ်လုပ်လို့လား၊ ဆေးခြောက်သယ် ဆောင်တဲ့ အလုပ်ကို လုပ်လို့လား"**

"လှထွေး အခု သွားမှာ မန္တလေးပဲလား"

"ဟုတ်ပါတယ်"

"အကြောင်းက"

"လှထွေး အမေ ထောင်ကျနေတာ သွားတွေ့မလို့ပါ"

"အမေ ဟုတ်လား ဘာအမှုလဲ"

"ဆေးခြောက် အမှုပါ"

"ဟင်–ဆေးခြောက်မှု ဟုတ်လား၊ ဆေးခြောက် အရောင်းအဝယ်လုပ်လို့လား၊ ဆေးခြောက်သယ်ဆောင်တဲ့ အလုပ်ကို လုပ်လို့လား"

"မဟုတ်ပါဘူး၊ အမေက ကြားခံလိုက်တာပါ။ ဒီလို ကိုစိုင်းနောင် လှထွေးမှာ အစ်မ တစ်ယောက်၊ မောင်တစ်ယောက် အမေနဲ့မိသားစုလေး ယောက်နေကြပါတယ်။ အဖေ



www.burmeseclassic.com

www.burmeseclassic.com



က လှထွေးတို့ မောင်နှမနဲ့ အမေ့ကို လောကမှာ ကျောခိုင်းပစ်ထားခဲ့တာ ခြောက်နှစ်ရှိပြီပေါ့။ လှထွေး ၁၀ တန်းအောင်တော့ မမမေခင် အိမ်ထောင်ကျတယ်။ မမယောကျ်ားကလဲ အတူနေတယ်၊ အမေ့ကိုလဲ ဘာမှမပူနဲ့၊ သူ လုပ်ကိုင်ကျွေးပါ့မယ်ဆိုပြီး ပြောတော့ ပြောတဲ့အတိုင်းပဲ လုပ်ကိုင်ကျွေးပါတယ်။ မမလဲ နှစ်နှစ်လောက်ကြာတော့ စီးပွားရေး အဆင်ပြေလာတယ်။ ရွှေတွဲလွဲ၊ ငွေတွဲလွဲနဲ့ နေနိုင်လာတယ်။ သူ့ယောကျ်ားကတော့ တစ်ခါတစ်ခါ ခရီးထွက်သွားတယ်။ သူ ပြန်ရောက်ရင် အိမ်မှာ ညှိသည်တွေ အဝင်အထွက်နဲ့ အတော်ရှုပ်တယ်၊ လှထွေးတို့က သူ့ကို မှီခိုစားနေရတော့ ဘာမှစောဒက မတက်ဝံ့ မပြောဝံ့ဘူး။ တစ်နေ့သူအိမ်မှာ ရှိတဲ့နေ့ပေါ့။ ညသန်းခေါင်ချိန်မှာ ရပ်ကွက်က လူကြီးတွေနဲ့ ရဲတွေအိမ်ကို ရောက်လာပြီး ဧည့်စာရင်းစစ်မယ်ဆိုပြီး တံခါးဖွင့်ခိုင်းတယ်။ အမေက တံခါးထဖွင့်နေတုန်း မမယောကျ်ားက အိမ်နောက်ဖေးကနေ ထွက်ပြေးသွားတယ်။ အမေရဲ့ အိပ်ခန်းထဲကိုလဲ ဆေးခြောက်ထုပ်တွေ ပစ်ထားခဲ့တယ်။ ရပ်ကွက်လူကြီးတွေနဲ့ ရဲတွေ တွေ့သွားတော့ သူ့မိန်းမဖြစ်တဲ့ မမကိုဖမ်းမယ်လုပ်တယ်။ အဲဒီမှာ အမေက မမမှာ ကိုယ်လေးလက်ဝန်နဲ့ မဖမ်းကြပါနဲ့။ သူ အိပ်ရာထဲမှာတွေ့တာ သူ့ကိုပဲ ဖမ်းပါဆိုတော့ ရဲတွေကလဲ အမေ့ကိုဖမ်းသွားတယ်လေ။ အဲဒါနဲ့ အမေလဲ ထောင်ခုနစ်နှစ်ကျသွားတယ်။ အမေ ထောင်ကျတော့ လှထွေးလဲ ကျောင်းဆက်မတက်ဖြစ်ဘူး။ ဆရာ ဦးဘထွန်းရဲ့ တည်းခိုခန်းမှာ အလုပ်ဝင်လုပ်ခဲ့ရတဲ့ ဘဝရောက်ခဲ့ပါတယ်။

"ဒါဆို လှထွေး ခဲအိုက ယောကျ်ား မပီသဘူးဆိုရမှာပေါ့"

"ကိုယ့်အပြစ် ကိုယ်မခံရဲဘူးဆိုရမှာပေါ့။ အမေက ထောင်ကျ ခံလိုက်တော့ သူ့ယောကျ်ားက မမနဲ့ကလေးကို ရန်ကုန်နဲ့ဝေးရာကို ကိုကိုးကျွန်းအုန်းဆီ၊ အုန်းဆံထုတ်လုပ်တဲ့ အလုပ်စခန်းကို ခေါ်သွားပြီး အလုပ်သွားလုပ်နေကြတယ်"



"ကိုယ်က လှထွေး အကြောင်းကို အောင်ကျော် ပြောပြလို့သိသင့်သလောက် သိထားပြီပါပြီ"

"လှထွေး အကြောင်းကို ဘာဖြစ်လို့ မေးရ စုံစမ်းရတာလဲ"

"လှထွေးက တည်းခိုခန်းက ဝန်ထမ်းအားလုံးထက်



www.burmeseclassic.com

www.burmeseclassic.com



**စိုင်းနောင် ဆုံးဖြတ်ချက်ချပြီးသည်နှင့် နောက်မဆုတ်တမ်း လုပ်ကိုင်ဆောင်ရွက်တတ်သည်။**

စိတ်ဝင်စားစရာ ကောင်းလို့ပေါ့''

''အို ကိုစိုင်းနောင်ကလဲ''

စိုင်းနောင်တို့ စီးလာသည့် ကားသည် ကျွန်းကုန်းသို့ ရောက်ချေပြီ။ ညနေစာ အဖြစ် လက်ဖက်ရည်နှင့် မုန့်ညှော်ခံပြီး နာရီဝက်ခန့် အနားယူစေသည်။ စိုင်းနောင်သည် လှထွေးအမေ အတွက် စားစရာ အစုံအလင် ဝယ်ပေးလိုက်သည်။ လှထွေး ငြင်းဆန်သော်လည်းမရ၊ လက်ခံလိုက်ရသည်။ စိုင်းနောင်နှင့် ခရီးသည်အားလုံးကို (––)ကား ကုမ္ပဏီက ညှော်ဝတ်ကျေပွန်မှု အပြည့်အဝပေးရုံတင်မက ကား စီးရင် အပျင်းပြေ ဗီဒီယိုကား ဖြင့် ညှော်ခံသေးသည်။ ဗီဒီယိုကားကလည်း နိုင်ငံခြားကား။ စိုင်းနောင်အဖို့ ကားကောင်း တစ်ကားလို့ ယူဆလိုက်ပေမယ့် နိုင်ငံခြားကား အားမပေးတဲ့ သူတွေ့အဖို့ ငြီးငွေ့စရာဖြစ်နေ သည်။

ဇာတ်လမ်းက စိုင်းနောင်အတွက် စိတ်ဝင်စားစွာ ကြည့်ကောင်းနေတုန်း လမ်းက ကြမ်းတော့ ဗီဒီယိုကားက ဖန်သားပြင်မှာ မသဲကွဲရတာ ကြောင့် ကားပေါ်ပါ ယာဉ်နောက်လိုက်အကူက ပိတ်လိုက်သည်။ စိုင်းနောင်လည်း လှထွေးကို အကဲခတ်ကြည့်လိုက်၊ ဘာ့ အိပ်ပျော်နေသော လှထွေး ခေါင်းကလေးကို စိုင်းနောင် ပခုံးလေးနှင့် အသာတကြည် ထမ်းတင်ပေးလိုက်သည်။ စိုင်းနောင်၏ အတွေးကမ္ဘာတို့သည် နယ်ချဲ့ခွင့် ရခဲ့ရချေပြီ။

~~~~~

စိုင်းနောင် ဒီတစ်ခေါက် အချီကြီး ဇာတ်လမ်းခင်းရန်ကြံရွယ်လိုက်သည်။ စိုင်းနောင်ဆုံးဖြတ်ချက်ချပြီးသည်နှင့် နောက်မဆုတ်တမ်း လုပ်ကိုင်ဆောင်ရွက်တတ်သည်။ အခုတလော အဖမ်းအဆီးများလှသည့်ကြားက စိုင်းနောင် အရဲစွန့်ထွက်ခဲ့သည်။

စိုင်းနောင် မောင်းလာသည့် အက်ဆီးဆလွန်းကားလေးသည် မြူးကြွနေသကဲ့သို့ ယာဉ်ကြောပေါ်တွင် ဇောင်းထဲက မြင်းလွှတ်လိုက်သလို ကဆုန်ပေါက်၍ ပြေးနေသည်။ စိုင်းနောင်ကလည်း အတွေးကမ္ဘာချဲ့ကာ မိုင်နှုန်း ၅၀ အောက်လျော့ မမောင်း။ ဒီတစ်ခေါက်အောင်မြင်ရင် စိုင်းနောင် လှထွေးကို လက်ထပ်ယူမည်။ ဦးဘထွန်း ဟိုတယ်မှာ မင်္ဂလာဆောင်မည်။ လှထွေး မိသားစုကို ငွေရေးကြေးရေး ပံ့ပိုးကူညီပေးမည်။ စိုင်းနောင် အစီအစဉ်များဆွဲချလိုက်ပါသည်။

စိုင်းနောင် ကားလေးသည် ကျိုင်းတုံမြို့နယ်ထဲမှာ ရှိသည်။ စိုင်းနောင်တို့ ရွာရှေ့ရောက်တော့ စိုင်းနောင်ကားကို တပ်မတော်ထောက်လှမ်း အဖွဲ့



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်အထူးတပ်ဖွဲ့ဝင်များက တားဆီးနေသည်။ စိုင်းနောင် ထိတ်လန့် ချောက်ချားမှု ရှိသွားသည်။ ဣန္ဒြေမပျက် ကားကို တာဝန်ရှိသူများရှေ့ ရပ်ပေးလိုက်သည်။

"လိုင်စင် မှတ်ပုံတင်ပေး"

"ဘယ်ကို သွားမှာလဲ"

"ရန်ကုန်ကို"

စိုင်းနောင် အခြေအနေအားလုံးကိုသိနေသည်။ လွတ်ဖို့တော့မလွယ်။ စစ်ဆေးရေးအဖွဲ့က သေသေချာချာ စစ်ဆေးနေတော့ စိုင်းနောင် စစ်ဆေးသူနားချဉ်းကပ်ပြီး ငါးရာတန်အုပ် ဘောင်းဘီအိတ်ထဲ ထည့်ပေးလိုက်သည်။

"ဟော့လူ ဟော့လူ ဒါ ဘာလုပ်တာလဲ"

စိုင်းနောင် ငွေပေးလိုက်သော စစ်ဆေးရေးအဖွဲ့မှ တာဝန်ကျ ရဲဘော်ကအော်လိုက်မှုကြောင့် အားလုံး မှင်တက်မိသွားကြသည်။

"ဘာဖြစ်တာလဲ ဆရာ ဒွေး"

"ဒီလူ ကျွန်တော့်ကို ပိုက်ဆံအတင်းထိုးပေးနေတယ်"

စိုင်းနောင် ထိုးပေးလိုက်သော ငါးရာကျပ်တန်အုပ်ကို ဆရာဒွေးဆိုသူက စစ်ဆေးရေး အရာရှိတစ်ဦး လက်ထဲ ထည့်ပေးလိုက်သည်။

" လာ လာ မင်းလိုက်ခဲ့"

စစ်ဆေးရေးရုံးခန်းကို စိုင်းနောင် လိုက်ခဲ့ရသည်။ မေးသမျှ အကုန်ပြောရသည်။ စိုင်းနောင် ကားကိုလည်း အသေအချာ စေ့စေ့စပ်စပ် စစ်ဆေးကြသည်။ စိတ်ကြွဆေးပြားများအထုပ်လိုက် တွေ့သွားကြသည်။ စိုင်းနောင်ကိုလည်း စိတ်ကြွဆေးပြား ၁၀ သိန်းဖိုးနီးပါး သယ်ဆောင်လာမှုဖြင့် ကျိုင်းတုံရဲတပ်ဖွဲ့စခန်းမှ တရားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လိုက်သည်။ စိုင်းနောင်ကားကို အသေးစိတ် ထပ်မံစစ်ဆေးမှုကြောင့် ယာဉ်၏ လေကာမှန်မိုက်လာအောက်အကန့်အတွင်း လျှို့ဝှက်ကန့်ထားသည့် စိတ်ကြွဆေးပြား ၂၀၀၀ ပါ အထုပ် ၃၃ ထုပ်နှင့် ဓာတ်ဆီတိုင်ကီ အံဝှက်အတွင်း စိတ်ကြွဆေးပြား ၃၀၀၀ပါ အထုပ် ၆၅ ထုပ် စုစုပေါင်း ဆေးပြား ၂၆၁၀၀၀ ကာလတန်ဖိုး ကျပ်သိန်း ၅၅၀ ဖိုးထပ်မံရှာဖွေသိမ်းဆည်းရခဲ့မှုကြောင့် စိုင်းနောင်ဘဝ၊ စိုင်းနောင်အတွေး၊ စိုင်းနောင် လှထွေးကို လက်ထပ်ယူရမည့် အရေးတို့သည် ယခုတော့ လက်လွှတ်ဆုံးရှုံးမှု ခံစားရလေတော့သည်။

လှထွေးကလည်း အမှောင်လမ်းမှာ လျှောက်နေသည့် လက်ထပ်လိုသည့် လှထွေးဘဝ တစ်ခုလုံးကို စောင့်ရှောက်လိုပါသည်ဆိုသည့် စိုင်းနောင် အကြောင်းကို ကောင်းကောင်းကြီး သတင်းကြားမိရသည်နှင့် အမှောင်လမ်းက ချစ်သူဒုက္ခ ဘဝလမ်းခရီးသို့ နက်ရှိုင်းစွာ မရောက်ရလေခြင်းဟုတွေးရင်း လှထွေး တစ်ယောက် လူ့ဘဝတစ်ကွေ့မှာ သာယာဖြောင့်ဖြူးသော ဘဝမျိုးနှင့် ရင်ဆိုင်ရပါစေဟု တွေးရင်း ဆုတောင်းရင်း ...။

ကိုကိုလှ (ကမာခြေ)



www.burmeseclassic.com

www.burmeseclassic.com



# သံသယအမှုန်း အပြုံးတို့ဖြင့် ချေဖျက်ခဲ့သူ

ဇော်ထွဋ်(ကမ်းသာယာ)



www.burmeseclassic.com

www.burmeseclassic.com



**“သံသယအမုန်း**
**အပြုံးတို့ဖြင့်**
**ချေဖျက်ခဲ့သူ”**

**ဇော်ထွဋ်**
**(ကမ်းသာယာ)**

ဟုတ်မှုပါလေ။ အစ်မကို မြင်ဖူး တွေ့ဖူးတဲ့ လူတိုင်းက ခုလို ပြစ်မှုကြီးမျိုးကို ကျူးလွန်လိမ့်မယ်လို့ ထင်ကြမှာ မဟုတ်ပါဘူး။ အင်းပေါ့လေ။ အံ့ဩမယ်ဆိုရင်လည်း အံ့ဩစရာပါ။ ဒါကလည်း အံ့ဩစရာကောင်းတဲ့ ကိစ္စကိုး။ ပြောပြမှာပါ။ ခဏတော့ စောင့်ပြီး နားထောင်နော်။ငါ့မောင်က ထောင်ပိုင်ကြီးရဲ့ မိတ်ဆွေ စာရေးဆရာဆိုတော့ အစ်မပြောပြမှာပါ။ ငါ့မောင်လို့ ခေါ်တာ စိတ်မဆိုးနဲ့နော်။အင်း ကျေးဇူးတင်ပါတယ်။ အစ်မဘက်က မထင်ပါဘူး။ ခုလို ပြောပြချင်တာကြာပြီ။ ရေးပါ၊ ရေးနိုင်ပါတယ်။

အစ်မရဲ့ မွေးရပ်မြေကို ငါ့မောင်က သိပြီးသားဆိုတော့ အကျယ်တဝင့်တော့ ပြောမပြတော့ဘူးလေ။အစ်မတို့က ဆင်းရဲပါတယ်။ ဟုင်[illegible]လေ။ အစ်မတို့ ငယ်ငယ်လေးကတည်းက ဆင်းရဲကျပ်တည်းတဲ့ ဒဏ်ကို အရွယ်နဲ့မလိုက်အောင် ခါးသီးစွာခံစားခဲ့ရတယ်။ ဩော် ငါ့မောင်ကလည်း ကဗျာဆန်တာတော့ ဘယ်ဟုတ်ပါ့မလဲ။ ဘဝနဲ့ ယှဉ်ပြီးပြောနိုင်တာပါ။ အင်း အင်း အဲဒီလိုပြောချင်လည်းပြောလို့ရတာပေါ့။ အစ်မတို့က ဆင်းရဲပေမယ့် ရိုးသားတယ်။ အလုပ်ကို မရွေးတမ်းကြိုးစားပြီး လုပ်တယ်။ ငါ့မောင်က မြှောက်ပြောနေပြန်ပြီ။ ငါ့မောင်က လူကဲခတ်တော့ မညံ့ပါဘူး။ အစ်မက အပျိုတုန်းကဆို ရွာမှာ ကွမ်းတောင်ကိုင်ပေါ့။ ကောင်းကောင်း မွန်မွန် မဝတ်စားရတာတောင် သူ့မျက်စိထဲမှာ ကြည့်လို့မဝဘူးလို့ အစ်မ ယောကျ်ား ကိုညိုမောင်ကတော့ ခဏခဏ ပြောပါတယ်။ အရေးထဲ ငါ့မောင်က ရယ်စရာ ပြောပြန်ပြီ။ အရွယ်ရောက်လာတော့ ကိုညိုမောင်နဲ့ လူငယ်တို့ သဘာဝ မေတ္တာမျှခဲ့ကြတယ်။ ကိုညိုမောင့် မိဘတွေကလည်း မကန့်ကွက်ကြပါဘူး။ ဖြစ်နိုင်တော့ပါ့။ ရိုးသားတာလည်း ပါတာပေါ့နော်။ ဟုတ်တယ်။ ဟုတ်တယ်။ အစ်မက အတန်းပညာကို ဆယ်တန်းထိ သင်ဖူးတယ်လေ။ ဆက်တက်ချင်တာပေါ့။ ဒါပေမယ့် ဆင်းရဲတော့ ဆယ်တန်းကို မဖြေလိုက်ရဘူး။ ကျောင်းထွက်လိုက်ရတယ်။ ဟုတ်ပါတယ်။ ကိုညိုမောင့် မိဘတွေကလည်း မိသားဖသားပီပီ လာရောက် တောင်းရမ်းကြတယ်။ ဆင်းရဲတာ တစ်ခုက လွဲရင် အစ်မ ကိုညိုမောင်ရဲ့ မိဘတွေ သဘောတူနိုင်တဲ့ အချက်တွေ ရှိနေတာကို။ ဝမ်းသာတာပေါ့။ ကိုညိုမောင် မိဘတွေက လူချမ်းသာ စာရင်းဝင်ကြသူတွေဆိုတော့ မင်္ဂလာပွဲက ပျော်ဖို့ကောင်းပါတယ်။ ဟာသ်ာတက ဆိုင်းတောင်ပါသေးတယ်လေ။ ဩော် ... ငါ့မောင်ကလည်း ဒီအကြောင်းကို ပြောပြမှာပါ။ ကြားဖြတ်မမေးနဲ့လေ။ စေ့စေ့စုံစုံ သိရအောင် ရှင်းပြနေတာနော်။ ဈေးကိုင်တာ မဟုတ်ရပါဘူး။ ငါ့မောင်မှာ အချိန်ရတယ် မဟုတ်လား။ ပြောမယ်လေ။ မိဘတွေ လက်ဖွဲ့တ[illegible]

www.burmeseclassic.com





လေးနဲ့ အစ်မတို့ လင်မယား နှစ်ယောက် ကြိုးစားလိုက်တာ တစ်နှစ် နှစ်နှစ်အတွင်းမှာပဲ စီးပွားရေးက အတော့်ကိုတိုးတက်လာတယ်။ ကိုညီမောင် အသောက်အစား ကင်းတာလည်း ပါတာပေါ့နော်။ ရွှေဆောင်လမ်းမြဲတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် တစ်ရွာလုံးက အစ်မနဲ့ ကိုညီမောင်ကို ကြည့်ပြီး အားကျ ဂုဏ်ယူကြပါတယ်။ ဒီမှာပဲ အစ်မတို့ မိသားစုကို ကြမ္မာတစ်ခုက ဝင်ရောက်လာတော့တယ်။ အိမ်ထောင်မကျခင် အစ်မ အပျိုတုန်းကပဲ အရှူးအမူးကြိုက်နေတဲ့ ဘမောင်ဆိုတဲ့ လူတစ်ယောက် ရွာထဲမှာ ရှိတယ်။ ရှိတာပေါ့။ ဒါပေမယ့် ဒီ ဘမောင်ဆိုတဲ့ ကောင်က အဆိုးဆုံးလို့ ပြောရမှာပဲ။ ဟုတ်ပါတယ်။ သူ့မှာလည်း အိမ်ထောင်နဲ့လေ သားတစ်ယောက် တောင်ရနေပြီ။ အစ်မထက်တော့ အသက်ကြီးတယ်။ ကိုညီမောင်နဲ့တော့ သူငယ်ချင်းတွေပါ။ ဘမောင်က ရွာမှာဆို လူချမ်းသာ တစ်ယောက်လေ။ မိန်းမကိစ္စတွေမှာ နာမည်ပျက်ရှိတယ်။ ဒါပေါ့ ငါ့မောင်ရယ်။ သူ့ကိုယ်သူ အထင်ကြီးတာလည်း ပါချင်ပါမှာပေါ့နော်။ ဟင့်အင်း --- အစ်မနဲ့တော့ ဘာမှမပတ်သက်ခဲ့ဘူး။ သူကသာ အစ်မကို တန်းတန်းစွဲဖြစ်နေတာ။ သူနဲ့အစ်မ အိမ်ထောင်ရေး ဖောက်ပြန်မှုရှိနေသလိုလို ရွာထဲမှာ ဘမောင်က သတင်းလွှင့်တယ်။ ပထမတော့ အစ်မက ရိုးရိုးသားသား ထားတာ။ အစ်မ စိတ်က ရိုးသားတော့ လိပ်ပြာသန့်တယ်။ ဘမောင်က သူ့အကြံနဲ့သူဆိုတော့ လူတွေ ထင်ယောင်ထင်မှားဖြစ်လာအောင် အိမ်ကို လာနေတာကိုး။ လူတွေက ပထမတော့ သတိထားမိပုံမပေါ်ကြဘူး။ ကိုယ့်အလုပ်နဲ့ကို မအားလပ်ကြတော့ သူများအကြောင်း မစပ်စုကြဘူးလေ။ ဘမောင်က နေရာတကာ ဒီအကြောင်းတွေပဲ ပြောတာများလားလို့ အစ်မတို့ကို



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်သလို ကြည့်လာကြတယ်။ ဘမောင်ပြောတာ ဟုတ်လေမလားလို့ အစ်မကိုသံသယနဲ့ လူတွေကြည့်လာရော။ ဒါပေါ့ ငါ့မောင်ရယ်။ အစ်မဘက်က ရိုးရိုးသားသားဆိုတော့ မဆိုင်သလိုပဲနေတာပေါ့လေ။ ဟုတ်မှ မဟုတ်ကြတာ။ ဂရုလည်းမစိုက်မိဘူး။ သတိလည်း မထားမိဘူးပေါ့နော်။ ဒါကိုပဲ ပတ်ဝန်းကျင်က ပုံကြီးချဲ့ပြောဆိုလာကြတော့တယ်။ကြားတာပေါ့။ ယောက္ခမတွေကဆို အရင်လို ဖော်ဖော်ရွေရွေ မရှိကြတော့ဘူး။ အစ်မသတိထားမိတယ်။ ကိုညိုမောင်က–

"ကြည့်ပြာ့ကို တစ်ခုလောက်မေးချင်တယ်။ အထင်သေးလို့ မေးတာမဟုတ်ဘူး။ အမှန်ကို သိချင်လို့ မေးတာပါ"

"ဩော် တကတည်းမှာပဲ ကိုညိုမောင်ရယ်၊ ရှင်နဲ့ ကျွန်မက လင်မယားတွေ ဘာသိချင်လို့လဲ ပွင့်ပွင့်လင်းလင်းမေး။ ရှင်နဲ့ ကျွန်မကြားမှာ ဘာမှ ထိန်ဝှက်ထားစရာမရှိပါဘူး"

"မင်းနဲ့ ဘမောင် ဘာလိုလိုဖြစ်နေတယ်လို့ ရွာထဲက ကြားခဲ့လို့။ ငါကတော့ မယုံချင်ပါဘူး။ ဒါပေမယ့် ရွာကလူတွေ ပြောဖန်များလာလို့ မေးကြည့်တာပါ"

'ရှင် ဘုရား ဘုရား။ ကြံကြီးစည်ရာ ကိုညိုမောင်ရယ်။ ကျွန်မအကြောင်းလဲ ရှင်သိရက်သားနဲ့ ကျွန်မမှာ ဒီလို ဖောက်ပြန်ချင်တဲ့ စိတ်မရှိရိုးအမှန်ပါရှင်"

'အေးပါကွယ် မင်းမဟုတ်ဘူးဆို ပြီးတာပဲ"

ကိုညိုမောင်က အစ်မအနားက ထသွားတယ်။ ဒါပေါ့ တစ်အိမ်တည်းအတူ နေလာတဲ့ လင်မယားတွေပဲ ကိုညိုမောင် အစ်မ အပေါ်မှာ သံသယရှိနေပြီဆိုတာကို သိလိုက်ရတယ်လေ။ ဘမောင်ကိုလည်း အစ်မအလွန်ကို ဒေါသဖြစ်သွားတယ်။ ရိုးရိုးသားသားနေပါရက်နဲ့ ခုလို မဟုတ်သတင်းတွေ လွှင့်တာကို အစ်မ ပိုပြီးခံပြင်းရတာပါ။ သွေးဖောက်ပြီး သစ္စာဆိုရဲပါတယ် ငါ့မောင်ရယ်။ အစ်မမှာ ဒီလို စိတ်ကူးမျိုးလည်း ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ကိုညိုမောင်ကလွဲရင် ဘယ်ယောကျ်ားကိုမှ သာမန်ထက်ပိုပြီး အစ်မ မဆက်ဆံခဲ့ဘူးလေ။ ဒါပေမယ့်လဲ ပြဿနာက ဒီမှာတင် ရပ်မသွားသေးဘူး ငါ့မောင်။ အစ်မ ယောက္ခမ မိန်းမသူအိမ်ကို မျက်နှာမသာမယာနဲ့ ရောက်လာတယ်။

"သား ရှိလားဟေ့ ကြည့်ပြာ"

"ကိုညိုမောင် လယ်ထဲ ဆင်းသွားတယ် အမေ။ အမေ ဘာခိုင်းစရာရှိလို့လဲ"

'ခိုင်းစရာ မရှိပါဘူးအေ။ ညည်းကို ပြောစရာရှိလို့ ငါ လာခဲ့တာ။ ညည်းနှယ်အေ လူကြားလို့မှ မကောင်း၊ ငါ့သား ညိုမောင်ကို နင်သစ္စာဖောက်ပြီး ဘမောင်ဆိုတဲ့ မျက်နှာရှုံ့ကောင်နဲ့ မှောက်ဇာတ်ခင်းနေတယ်ဆို'

'ဘုရားပေးပေး ကျမ်းပေးပေးပါအမေရယ်။ ဘမောင်က ဟိုတုန်းကတည်းက သမီးကို ကြိုက်နေတာ။ ခုချိန်ကြမှ ဘာစိတ်ကူးပေါက်ပြီး ခုလို မဟုတ်သတင်းတွေ လွှင့်နေတာလဲ မသိဘူး'

'ဟုတ်ရင်ကျော် ပုတ်ရင်ပေါ်မှာပဲဟေ့ ဟုတ်လို့ ဒီသတင်းရွာထဲမှာပြန့်နေ...ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ညည်းဘက်က အနေအထိုင် ဆင်ဆင်ခြင်ခြင်နေ နောက်မှ ငါတို့ မိသားစုကို အဆိုးမဆိုနဲ့ ငါ သွားမယ်'

ယောက္ခမ ပြန်သွားတော့ အစ်မရှက်လို့ ငိုလိုက်ရတာ။ အစ်မတို့ မျိုးရိုးက ဆင်းရဲကြပေမယ့် စာရိတ္တတော့ မပျက်စီးကြပါဘူး။ ခုတော့ လင်ရော ယောက္ခမတွေပါ သံသယဝင်ကုန်ကြတော့ အစ်မ ဘမောင်ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေခဲ့တယ်။ ဘမောင်က ခုလိုဘာကြောင့် လုပ်နေတာလဲဆိုတာ တွေးကြည့်လို့ကို မရဘူး။ အစ်မကို ပိုင်ဆိုင်ခွင့်မရလိုက်လို့ မစားရတဲ့ အမဲ သဲနဲ့ပက်တာလား။ တကယ်ဆို သူ့မှာလဲ အိမ်ထောင်နဲ့။ တကယ် မဟုတ်ကြဘဲ ခုလိုပြောတော့ နှစ်ဖက်စလုံး နစ်နာကြတာပေါ့နော်။ ဘယ်နေပါ့မလဲ ပြောတာပေါ့ ငါ့မောင်ရယ်။ ကိုညိုမောင်ကိုလဲ သေသေချာချာ ရှင်းပြတာပေါ့။ အနေအထိုင်လဲ ဆင်ခြင်ပါတယ်။ ကိုမဟုတ်ဘဲနဲ့ အပြောခံရတာကိုက အစ်မ စိတ်ခံပြင်းတာပါ။ ဟုတ်တယ်။ ကို



ညိုမောင်က ပြောင်းလဲသွားတယ်။ လင်မယားနှစ်ယောက်ထဲ ရှိတဲ့အိမ်မှာ တစ်ယောက်ကိုတစ်ယောက် တိုင်တိုင်ပင်ပင် မရှိကြတော့ ငြိုးငွေ့စရာကောင်းလာတာပေါ့ ငါ့ မောင်ရယ်။ အစ်မလဲ အတတ်နိုင်ဆုံး ကိုညိုမောင် အကြိုက်နေပေမယ့် ကိုညိုမောင်က စားစရာရှိစားပြီး ထယ်ထဲဆင်းချင်ရင် ဆင်း။ မဆင်းရင် သူ့အမေအိမ်ကို သွားနေတာ များလာတယ်။ အစ်မအပေါ်မှာ မယုံကြည်တာ သေချာသွားပြီလေ။ ငါ့မောင်ပဲ စဉ်းစားကြည့်ပေါ့ဟယ်။ လင်ရယ်, မယားရယ် ခုလို မယုံကြည်ဘဲ သံသယတွေ ရှိနေကြတော့ အစ်မဘက်က ဘယ်စိတ်ချမ်းသာနိုင်တော့မှာလည်းကွယ်။ တစ်နေ့ ရွာထဲကို သူရင်းငှားမရောက်တာကြာလို့ အသွား၊ ရွာလယ်မှာ ဘမောင်နဲ့ တွေ့တယ်။ အစ်မကို မြင်တော့ ဘမောင်က မချိုမချဉ် မျက်နှာနဲ့ အစ်မကို နှုတ်ဆက်တယ်။ အစ်မ အသားတွေက တဆတ်ဆတ်တုန်ပြီး ဒေါသလဲ အလွန်ဖြစ်သွားတယ်။ ဘမောင်ကတော့ ဘာမှ မဟုတ်သလိုပါပဲ။

"ကြည့်ပြာ နေကောင်းတယ်နော်။ မတွေ့တာကြာလို့လား မသိဘူး ဝလို့လှလို့ အရင်ကထက်တောင် ပိုချောလာတယ်"

ဘမောင်ရဲ့ နှုတ်ဆက်စကားက အစ်မ ဒေါသတရားတွေကို ပိုပြီး နှိုးဆွလိုက်သလိုပဲ။ အစ်မက ဘာမှပြန်မပြောဘဲ အိမ်ကို တန်းပြန်လာခဲ့တယ်။ အိမ်ပြန်ရောက်တော့ အစ်မ ဒီပြဿနာကို ဘယ်လိုရှင်းရမလဲလို့ စဉ်းစားကြည့်မိတယ်။ ကိုညိုမောင်ကလဲ အစ်မကို သိသိသာသာ ရှောင်ဖယ်လာတာတွေ့လို့ အစ်မ စိတ်မကောင်းလဲ ဖြစ်ရပါတယ်။ နောက်ဆုံး အစ်မ ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်တယ်။ အစ်



www.burmeseclassic.com

www.burmeseclassic.com



မ ရွာထဲကို နောက်တစ်ခေါက် ထပ်ထွက်လိုက်တယ်။ ဒီမှာပဲ ဘမောင်နဲ့ ထပ်တွေ့တယ်။ ဘမောင်ကို တွေ့တော့–

"ဘမောင် နင့်ကို ငါ ပြောစရာရှိတယ်။ ဘဝ တစ်ခုလုံးနဲ့ ပတ်သက်ပြီးပြောမှာနော်။ နင် ရွာနောက်က ညောင်ပင်ကြီးကိုလာခဲ့ ငါစောင့်နေမယ်။ နင် ခုချက်ချင်း လာဖြစ်အောင်လာနော်။ နင် စိတ်ချမ်းသာစေရပါ့မယ် ဘမောင်ရယ်"

အစ်မ ပြောလိုက်တယ်လေ။ ဟုတ်မှာပေါ့ ငါ့မောင်ရယ်။ ဘမောင်က အစ်မကို အရှုံးအမုန်း ကြိုက်နေတာကိုး။ တကျောရှူး နှာဘူးပဲ။ မိန်းကလေးတွေမြင်ရင် ပျို့ပျို့အိုအို ငမ်းငမ်းတက်နေတာလေ။ အစ်မဘက်က ခပ်နွဲ့နွဲ့လေးပြောလိုက်တော့ ဘမောင်က အစ်မကို မျက်တောင်မခတ် စိုက်ကြည့်ပြီး ပြုံးသွားတယ်လေ။ အင်း ..။ ဒါပေါ့ ဒါပေါ့။ ဘမောင် စိတ်ထဲမှာ အစ်မကို အဲဒီလို ထင်သွားတာကိုး။ အစ်မလဲ ညောင်ပင်ကြီးအောက်ကိုသွားခဲ့တယ်။ ဘမောင်ကတော့ ရောက်မလာသေးဘူးလေ။ ဘယ်စဉ်းစားမိမှာလဲ ငါ့မောင်ရယ်။ အဲဒီတုန်းကသာ အစ်မ စိတ်ကို ထိန်းချုပ်နိုင်ခဲ့ရင် အစ်မ ထောင်ဆိုတာကို မြင်တောင်မြင်ဖူးမှာမဟုတ်ဘူး။ အင်း ... ဆက်ပြောမယ်လေ။ အစ်မ ညောင်ပင်အောက်ကို ရောက်ပြီး ကြာကြာ မစောင့်လိုက်ရဘူး ဘမောင်ရောက်လာတယ်။ ညောင်ပင်အောက်မှာအစ်မကိုတကယ်တွေ့လိုက်ရတော့ ဘမောင်ရဲ့ မျက်နှာမှူရသလိုပါပဲ။ ရာဂရဲ့ အငွေ့ အသက်တွေကို သယ်ဆောင်ထားတဲ့ ဘမောင်ရဲ့ အကြည့်တွေဟာ အဲဒီတုန်းက အစ်မဒေါသတွေကို အမြင့်ဆုံးရောက်စေခဲ့တယ်။ ဘမောင်က အစ်မ အနားကို တိုးကပ်လာပြီး–

'ကြည်–ကြည်ပြာဘဝနဲ့ ပတ်သက်ပြီး ငါ့ကို ပြောစရာရှိတယ်ဆိုတာ ဘာ––ဘာကို ပြောတာလဲဟင်"

ဘမောင်ရဲ့ အသံဟာ ပုံမှန်တော့ မဟုတ်ဘူး။ အင်း ရင်ခုန်တာလား ရင်တုန်နေတာလားတော့ အစ်မလဲ မပြောတတ်ဘူး။ အဲဒါပေမယ့် သေချာတာကတော့ ဘမောင်ရဲ့ အမူအရာဟာ သာမန်ထက် ပိုပြီး ဂနာမငြိမ်ဖြစ်နေတယ်။ စိတ်ကလဲ လှုပ်ရှားနေတယ်ထင်ပါရဲ့လေ။

**ဘမောင်က အစ်မကို အရှုံးအမုန်းကြိုက်နေတာကိုး။ တကျောရှူး နှာဘူးပဲ။ မိန်းကလေးတွေမြင်ရင် ပျို့ပျို့အိုအို ငမ်းငမ်းတက်နေတာလေ။**

"နင် ငါ့ကိုတကယ် ချစ်လား ဘမောင်'

"ချစ်–––ချစ်တာပေါ့ ကြည်ပြာရယ်။ဟိုတုန်းကတည်းက နင့်ကို ငါအရှုံးအမုန်း စွဲလမ်းခဲ့ရတာပါ။ နင့်ကိုသာ တရားဝင် ပိုင်ဆိုင်ခွင့် ရလိုက်မယ်ဆိုရင် လက်ရှိ ဘဝအနေအထား အားလုံးကို ငါစွန့်လွှတ်ရဲတယ်။ ငါ့ဘဝဟာ နင်ပါပဲ ကြည်ပြာရယ်"

'ဒါဆို ရွာထဲမှာ ငါနဲ့ နင် တကယ်မကြိုက်ဘဲနဲ့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြိုက်တယ်လို့ သတင်းလွှင့်နေရတာလဲ ဘမောင်’

‘ဒီလို သတင်းလွှင့်လိုက်ရင် နင်တို့ အိမ်ထောင်ရေး အဆင်မပြေဖြစ်၊ နင်တို့အခြေအနေဖရိုဖရဲဖြစ်ပြီး ဂါ့ဘက်ကို နင် စိတ်လည်လာလိမ်မယ်လို့ တွေးထားလို့ပါ။ ငါ့ အချစ်ကို တစ်မျိုးမထင်ပါနဲ့ ကြည်ပြာရယ် နော် နော်’

အစ်မလဲ ဘာမှ မမြင်ရတော့ဘူး။ ဘမောင်ရဲ့ စကားတွေဟာ အစ်မနားကို မချိုသာဘဲ ဒေါသတရားတွေကို တွန်းအားပေးလိုက်တယ်။

“လူယုတ်မာ ငါ မဖောက်ပြန်ဘဲ မဟုတ်သတင်းတွေလွှင့်၊ ငါ့ကို လူတကာ တံတွေးခွက်မှာ ပက်လက်မျှောအောင်လုပ်တဲ့ကောင် သေပေတော့”

အစ်မလဲ ပါလာတဲ့ ဓားနဲ့ မသေမချင်းခုတ်လိုက်တယ်။ အစ်မက ဒီလိုလုပ်လိမ့်မယ်လို့ ဘမောင်ဘက်က မျှော်လင့် မထားတာလဲ ပါတာပေါ့နော်။ အငိုက်မိသွားကာပါ။ နှီမှီဆို ယောက်ျားနဲ့မိန်းမ အားချင်းက ဘယ်မျှမလဲ။ အမယ်လေး အထင်မကြီးလိုက်ပါနဲ့ ငါ့မောင်ရယ်။ အရင်ကဆို ကြက်တစ်ကောင်တောင် သတ်ဖူးတာ မဟုတ်ဘူးလေ။ ဒေါသတရားတွေ ကြီးထွားနေတဲ့ အချိန်ဆိုတော့ အမှန်အမှားကို ဝေဖန်နိုင်ဖို့ နည်းလမ်းက ဒီနည်းလမ်းပဲ ရှိတော့တယ်လို့ အစ်မဘက်က ယူဆမိတယ်။ ဒါကြောင့်လဲ ခုလို လုပ်လိုက်ရတာပါ။

အစ်မလဲ ဘမောင်ကို ခုတ် တဲ့ ဓားနဲ့အတူ ရဲကင်းကို အဖမ်းခံဖို့ သွားတယ်။ သိပ်တော့ မဝေးပါဘူး။ နှစ်မိုင်လောက်ပဲ ရှိပါတယ်။ ရဲစခန်းတော့မရှိပါဘူး။ ရဲကင်းလောက်ပဲ ထားတယ်။ ပထမတော့ ဂါတ်စာရေးကြီးက အစ်မ ပြောတာကို မယုံဘူး။ နောက်မှ ရဲကင်းမှူးဖြစ်တဲ့ ဒုရဲအုပ် တစ်ယောက်က သေသေချာချာမေးတယ်။ အစ်မက ဖြစ်ပျက်သမျှ အရာအားလုံးကို ရှင်းပြပါတယ်။ အခင်းဖြစ်တဲ့ နေရာကိုလဲ ပြောပြလိုက်တယ်။ အင်းလိုအပ်တာတွေ မေးပြီး ရဲစခန်းကို ပို့လိုက်ပါတယ်။ လိုက်လာကြပါတယ်။ ကိုညိုမောင်ရော ယောက္ခမတွေပါ လိုက်လာကြပါတယ်။ ကိုညိုမောင်ကို အစ်မ အပြတ်မေးလိုက်တယ်။ ထောင်က ထွက်လာရင် ဆက်ပေါင်းချင်ဆက်ပေါင်း မပေါင်းချင်လဲရတယ်။ မဟုတ်ဘဲနဲ့ အပြောခံ သံသယတွေနဲ့ အိမ်ထောင်ရေးကို တည်ဆောက်ကြမယ့် အတူတူ ခုလို ရှင်းရှင်းလင်းလင်း လုပ်လိုက်တာ အစ်မရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ သစ္စာတရားကို ပုံဖော်လိုက်တာပဲလို့ ပြောလိုက်တယ်။ ကိုညိုမောင်က ငိုလိုက်တာ ငါ့မောင်ရယ်။ သူ့ဘက်က သံသယတွေနဲ့ဆက်ဆံမိတာကို ခွင့်လွှတ်ဖို့ အကြောင်းတောင်းပန်စကားဆိုတယ်လေ။ အစ်မကို နားလည် သွားကြပါတယ်။ ယောက္ခမတွေကလည်း အားမငယ်ဖို့ ပြောပါတယ်။ တတ်နိုင်သလောက် အပြင်က ကူညီဖို့လည်းပြောပါတယ်။ ကျေနပ်ပါတယ်။ ခုလို နားလည်သွားတာကိုပါ။ မြို့နယ် တရားသူကြီးရှေ့မှောက်မှာ အစ်မကိုယ်တိုင် ဖြောင့်ချက်ပေးလိုက်တယ်လေ။ ခရိုင်တရားရုံးက ထောင်ဒဏ် ချမှတ်လို့ ဒီထောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာပေါ့။ အင်း
လာတွေ့ကြပါတယ်။ တစ်လ
တစ်ခါ ပုံမှန် လာတွေ့ကြပါ
တယ်။ ကုန်ခဲ့တဲ့ တစ်ပတ်က
တောင် ကိုညိုမောင် လာသွား
သေးတယ်။ ငါ့မောင်နဲ့ ကိုညို
မောင် လွဲသွားတာ။ ဟုတ်ပါ
တယ်။ ထောင်ပိုင်ကြီး ငါ့မောင်
ကို ပြောပြသလိုပါပဲ အထဲမှာ
အစ်မ ကောင်းကောင်းမွန်မွန်
နေတယ်။ ပေးလာတဲ့ တာဝန်
ကိုလည်း ကျေပွန်အောင်လုပ်
တယ်။ ဒါကြောင့် လျော့ရက်
တွေရတာလေ။ လွတ်တော့မှာ
ပါ။ သိပ်မလိုတော့ဘူး။ ရက်
ပိုင်းလောက်ပဲ လိုတော့တယ်။
ပျော်တာပေါ့နော် အပြင်နဲ့အထဲ
ကတော့ဘယ်တူနိုင်မှာလဲ။ အစ်
မ လွတ်တဲ့နေ့မှာ ကိုညိုမောင်
ရော ယောက္ခမတွေပါ စုံစုံညီညီ
လာကြိုကြမှာပါ။ သံသယတွေ
ကင်းတဲ့ ဘဝတစ်ခုကို ပျော်
ပျော်ရွှင်ရွှင် ဖြတ်သန်းတော့မှာ
လေ။ အဲဒီအတွက် အစ်မမှာ
စိတ်ဓာတ် ခွန်အားတွေ၊ သတ္တိ
တွေ အပြည့်ရှိပါတယ်။ ငါ့
မောင်ကို အစ်မရွာလာလည်ဖို့
ဖိတ်ခေါ်ပါတယ်။ ရွာဦးစေတီ
ဘုရားပွဲတော်က တပေါင်းလ
လေ။ အရောက်လာခဲ့နော်။
စည်ကားတာပေါ့။ ညဘက်မှာ
ဇာတ်က ဗလာ ကတာကို။ ငါ့
မောင်က လူပျိုဆိုတော့ ဖူးစာ
ရှင် ရှာပေးပါ့မယ်။ စိတ်ချ
စိတ်ချ အစ်မ အစွမ်းကုန် ကူညီ
မယ်။ တောသူ ရိုးရိုးသားသား
ချောချောလေးတွေနဲ့ မိတ်ဆက်
ပေးမယ်။ ကဲ ဒါ လောက်ဆို
အစ်မအကြောင်း ငါ့မောင် ပြည့်
ပြည့်စုံစုံ သိပြီးပေါ့နော်။ ကျေနပ်
ပြီ မဟုတ်လား။ စိုက်ခင်းမှာ
ရေလောင်းရဦးမယ်။ သွားမယ်
နော်။ ဩော် ရွာကို လာလည်ဖို့
မမေ့နဲ့နော်။ အစ်မတို့ လင်
မယားနှစ်ယောက်ကြိုနေမယ်။

~~~~~


မိတ်ဆွေရှိရာ (---)
ထောင်ကို ဝင်ရောက်လည်ပတ်
ရင်း စကားစပ်မိရာမှ မကြည်
ပြာအကြောင်း ကျွန်တော်သိ
လိုက်ရခြင်း ဖြစ်သည်။ ကျွန်
တော် ဤစာ ရေးချိန်တွင်
မကြည်ပြာတစ်ယောက် ထောင်
မှလွတ်ကာ ဇာတိရွာကလေးသို့
ပြန်လည်ရောက်ရှိသွားပြီ ဖြစ်
သည်။ အိမ်ထောင်ရေးတစ်ခု၏
သံသယအကြည့်များကို အပြုံး
တို့ဖြင့် သက်သေပြခဲ့သော
သစ္စာရှင် မကြည်ပြာကို ကျွန်
တော် လေးစားမိသည်။ အမေ
တစ်ယောက်ကဲ့သို့ စိတ်တွင်
မှတ်ထင်မိ၍ မကြည်ပြာတို့ ရွာ
ကလေးသို့ သွားလည်ချင်ပါ
တယ်။ ရွက်ဟောင်းကြွေ၍ ရွက်
သစ်ဝေတော့မည့် နွေရာသီအစ၊
ကာလတွင် အတိတ်ဟောင်းဆီ
မှ အရာအားလုံး ရွက်ဟောင်း
ကဲ့သို့ ကြွေကျကာ အိမ်ထောင်
ရေးပျော်ရွှင်မှု ရွက်သစ်တွေဝေ
နိုင်ပါစေဟု ဆုတောင်းမိပါ
သည်။ တပေါင်းလ ကျေးလတ်
ဘုရားပွဲတော်ကို သွားကာ ဗဟု
သုတ ရှာဖွေချင်သည်။ ကိုညို
မောင်နှင့် မကြည်ပြာတို့ ရွာက
လေးသို့ သွားရောက်လည်ပတ်
လိုသော ဆန္ဒက ရင်မှာတဖွဖွ
ဖြစ်ပေါ်၍ နေသည်။ ရောဝတီ
တိုင်းဒေသကြီး၊ လေးမျက်နှာ
မြို့နယ်မှ ထိုရွာကလေးသို့ သွား
ဖြစ်အောင် သွားမည်ဟု ကျွန်
တော့်စိတ်ထဲမှာ ခိုင်မာစွာ ဆုံး
ဖြတ်လိုက်ပါတော့သည်။

**ဇော်ထွဋ်**
**(ကမ်းသာယာ)**



www.burmeseclassic.com
~~~~~

www.burmeseclassic.com



# သတိထားစရာ နယ်လှည့်သူခိုးအထာ

မောင်မောင်မြင့်(ဥသာမြို့သစ်)

www.burmeseclassic.com

www.burmeseclassic.com



## "သတိထားစရာ နယ်လှည့်သူခိုးအထာ"

မောင်မောင်မြင့်
(ဥသျှောမြို့သစ်)

(၁)

ကျွန်တော် တစ်နေ့ နေ့လယ် ၁၂ နာရီခွဲခန့် အချိန် ခေါင်းနောက်နေသဖြင့်၊ အိမ်ရှေ့ ဧည့်ခန်းရှိ ခုတင်တွင် အိပ်နေရာမှ အိပ်ပျော်သွားခဲ့ပါသည်။ နေ့ ၁ နာရီခန့်အချိန်တွင် ဇနီးဖြစ်သူက

"ဟဲ့ ကောင်လေး အိမ်ရှေ့မှာ ဘာလုပ်နေတာလဲ"

ဟု လှမ်းအော်သံ ကြားလိုက်ရသဖြင့် ကျွန်တော်လည်း အိပ်ပျော်နေရာမှနိုးသွား၍ ချက်ချင်းထ ကြည့်လိုက်ရာ အသက် ၁၃/၁၄ နှစ်ခန့် လူငယ်လေး တစ်ယောက်မှ၊ ပစ္စည်းထည့်ထားသော ပီနံအိတ် အဖြူတစ်လုံးအား အိမ်ရှေ့ရှိ မဲဇလီပင်အောက်တွင် ချထားပြီး ဟိုကြည့်ဒီကြည့်နှင့် ကစားနေသလို လုပ်နေသဖြင့် ဇနီးဖြစ်သူက–

"ဘာလုပ် နေတာလဲ"

ထပ်မေးရာ

"နားနေတာပါ"

ပြန်ပြော၍

"ဒီအိမ်ရှေ့မှာ လာနားမနေနဲ့"

ထပ် ပြောလိုက်၍ ထွက်သွားစဉ် ဇနီးဖြစ်သူက အိမ်ရှေ့ထွက်ပြီး သော့ချိတ်ထားသော ခြံတံခါးအား ကြည့်လိုက်ရာ ခြံတွင်ချိတ်ထားသော ကြေး သော့ခလောက်မှာ အောက်သို့ပြုတ်ကျနေပြီး ခြံတံခါး ဟနေသည်ကို တွေ့ရသဖြင့် ကျွန်တော့်ကို အကျိုးအကြောင်း ပြောရာ၊ ကျွန်တော်လည်း အိမ်ရှေ့ ထွက်သွားပြီး ခြံရှေ့မှ ပီနံအိတ်ကိုယူ၍ ပုခုံးပေါ်ထမ်း ထွက်သွားသော လူငယ်အား–

"ဟေ့ကောင် ပြန်လာဦး"

ဟု လှမ်းခေါ်လိုက်ပါသည်။ ပြန်လှည့်လာကာ–

"ကျွန်တော်နောက် မလုပ်တော့ပါဘူး"

ဟု ကျွန်တော်က ဘာမှမမေးရသေးဘဲ၊ ပြောပြီး ကျွန်တော့်ထံ ပြန်လာ၍ ကျွန်တော် လက်နှစ်ဖက် ဖမ်းဆွဲပြီး ခြောက်လှန့်လိုက်ကာ–

"မင်းကို ရဲစခန်း အကြောင်းကြားမယ်"

ဟု ပြောလိုက်ရာ–

"ရဲစခန်းကိုတော့ အကြောင်းမကြားပါနဲ့။ ကျွန်တော် နောက်မလုပ်တော့ပါဘူး"

ဟုသာ ပြောနေသဖြင့် အိမ်ရှေ့တံခါးသော့ကို ဖွင့်သူမှာ ဤလူငယ်သာဖြစ်နေသည်မှာ အဖြေပေါ်နေပါသည်။

ကျွန်တော်လည်း နောင်မှုခင်းများ မဖြစ်ပွားစေရန် ကာကွယ်သည့် အနေဖြင့် တာဝန်ရှိစွာ ရဲစခန်းသို့ အကြောင်းကြားလိုက်ရာတွင် ရဲတပ်ဖွဲ့ဝင် တစ်ယောက်ရောက်လာ၍ လူငယ် ထမ်းလာသော ပီနံအိတ်အတွင်း ဖွင့်ကြည့်ရာ ဘာမှ သုံးမရ ရောင်းမရသည့် အစုတ်အပြတ် အချို့ကိုသာ ဟန်ဆောင် ထည့်ထားသည်ကို တွေ့ရသဖြင့် ရဲစခန်းမှ တပ်ဖွဲ့ဝင်နှင့်အတူ လူငယ်ကို ထည့်ပေးလိုက်ပါသည်။

ဤကဲ့သို့ ပီနံအိတ်များ ထမ်း၍လည်းကောင်း၊ လွယ်



www.burmeseclassic.com

www.burmeseclassic.com



**အမှုဖွင့်ပြီးသည်နှင့်**
**အခင်းဖြစ်အရပ်သို့**
**အမြန်ဆုံးသွားရောက်၍**
**တရားခံကို**
**အမြန်ဆုံးဖမ်းမိရန်**
**စီစဉ်ဆောင်ရွက်လိုက်ပါသည်။**

ဂ်လည်းကောင်း၊ လမ်းတကာ သွားလာ၍ အမှိုက်ပုံးများ အတွင်း တုတ်တစ်ချောင်းဖြင့်လည်း ကောင်း၊ လက်ဖြင့်လည်းကောင်း မွှေနှောက် ရှာဖွေနေကြသော လူငယ်များကို သတိထားလျှင်၊ ခိုးမှုဖောက်ထွင်းမှုများ ကာကွယ်နိုင်နင်းမည် ဖြစ်ကြောင်းလည်း ကိုယ်တွေ့ တွေ့ခဲ့ရသည်။ ကြားလည်း ကြားနေရပါသည်။ သို့သော်လည်း ရိုးသားစွာ ရှာဖွေလုပ်ကိုင်စားနေသော လူငယ်အချို့ကို မဆိုလိုပါ။

ဤဖြစ်ရပ်ကြောင့် ကျွန်တော် တာဝန်ထမ်းဆောင်နေစဉ် အချိန်က နာရီပိုင်းအတွင်း အိမ်ဖောက်ထွင်းမှုကို ကျူးလွန်ပြီး၊ ခိုးမှုပါ ကျူးလွန်ခဲ့သည့် ဖြစ်ရပ်မှန် မှုခင်းတစ်ခုကို သတိရလိုက်သဖြင့် မှုခင်းများ ကာကွယ်ကျဆင်းသွားစေရန် မှတ်တမ်းတင်လိုက်ရပါသည်။

~~~~~

(၂)

ကျွန်တော် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းရဲစခန်းတွင် ဒုရဲအုပ်/စခန်းမှူး တာဝန်ကျနေစဉ်အချိန်က ဖြစ်ပါသည်။ တစ်နေ့ နံနက် ၆ နာရီ မထိုးမီအချိန် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်နေ ဒေါ်ကြည် အသက် ၃၀ အထည်ရောင်းသူက ရဲစခန်းသို့ရောက်လာပြီး ယခုနေ့ နံနက် ၅နာရီခန့်အချိန်က ၎င်းနှင့်အစ်မဖြစ်သူ ဒေါ်တင်တို့ မိုးညှင်းဈေးတွင် ဖွင့်ထားသော အထည်ဆိုင်သို့ အထည်များ ရောင်းချရန် သွားရောက်ဆိုင်ဖွင့်ခဲ့ကြရာ၊ အိမ်တွင် ၎င်းတို့ညီအစ်မနှစ်ယောက်တည်းသာနေသဖြင့် အိမ်နှင့်ခြံကို သော့များခတ်၍ ပိတ်ထားခဲ့ကြောင်း၊ ဈေးရောက်ပြီးမှ ရောင်းရန်အထည်အချို့ အိမ်တွင်ကျန်နေသဖြင့် အစ်မဖြစ်သူကို ဆိုင်စောင့်ခိုင်းပြီး၊ ၎င်းက နံနက် ၆ နာရီခွဲခန့်အချိန်တွင် အထည်များယူရန် အိမ်ပြန်သွားခဲ့ရာ အိမ်အရောက်တွင် ခြံတံခါးနှင့် အိမ်တံခါးသော့များ ပျက်၍ ပွင့်နေသဖြင့် အိမ်ထဲဝင်ကြည့်ရာ ဗီရိုအတွင်း အံ့ဆွဲထဲ၌ထည့်ထားသော ငွေငါးရာကျပ်တန် ၂၀၀ ရွက် (ငွေနှစ်သိန်း) နှင့် ရောင်းရန် ဗီရိုအတွင်းထည့်ထားပြီး ကျန်နေခဲ့သော အဝတ်အစားမျိုးစုံ ကျပ်တစ်သိန်းဖိုးခန့် ခိုးယူခံရပြီး ပျောက်ဆုံးသွားသဖြင့် အရေးယူပေးရန် ရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့ပါသည်။

~~~~~

(၃)

အမှုဖွင့်ပြီးသည်နှင့် အခင်းဖြစ်အရပ်သို့ အမြန်ဆုံးသွားရောက်၍ တရားခံကို အမြန်ဆုံးဖမ်းမိရန် စီစဉ်ဆောင်ရွက်လိုက်ပါသည်။ နယ်ထိန်းတပ်ကြပ် မြခင်၊ ဒုတပ်ကြပ်သန်းအေး၊ သန်းအောင်၊ တပ်သားထူးမောင်တို့ အဖွဲ့အား ခေါ်၍ အခင်းဖြစ်အရပ် အိမ်သို့ သက်သေများနှင့် အတူ သွားရောက် စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရာ အိမ်သည် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်တွင်ရှိ၍ ပေ ၄၀ ပေ ၆၀ ကျယ်သည့် ထောင့်ခြံဖြစ်ပြီး ခြံကို ၂" ၁" သစ်သားချောင်းများဖြင့် ကာရံထားပြီး အိမ်ရှေ့တွင် ခြံတံခါးတစ်ပေါက်သာ ရှိပါသည်။ ယင်းခြံအတွင်း ပေ ၃၀ ပတ်လည်ခန့် ပျဉ်ကာ ပျဉ်ခင်းသွပ်မိုးနှင့် ခိုင်ခံ့သော ပျဉ်ထောင်အိမ်ဖြစ်ပြီး၊ အိမ်ညာဘက်ခြံအပြင်နှင့် အိမ်ရှေ့တွင် လမ်းမများရှိ၍ အိမ်နောက်ဘက်နှင့် ဝဲဘက်တွင် အခြားအိမ်များ ရှိနေပါသည်။ အိမ်ရှင်များမှာ ဒေါ်ကြည်နှင့် ဒေါ်တင် အပျိုကြီး ညီအစ်မနှစ်ယောက်သာ နေထိုင်၍ ဘာသာရေး၊ သာသနာရေး၊ လေးစားပြီး ရိုးသားစွာ နေထိုင်ကြကာ မိုးညှင်းအတွင်း အထည်ဆိုင်များ ဖွင့်လှစ်ရောင်းချနေခြင်း ဖြစ်ပါသည်။ မိုးညှင်းဈေးသည် အထည်ဆိုင်များမှအစ၊ အသားငါး ဟင်းသီးဟင်းရွက် ရောင်းသူများသည် နံနက် ၅ နာရီ ဈေးဆိုင်အရောက် လာကြပြီး ဖွင့်လှစ်ရောင်းချသည့် အလေ့အကျင့်ရှိကြပြီး၊ နံနက် ၁၀ နာရီကျော်လျှင် ဈေးကွဲသွားသော အချိန်ဖြစ်ပါသည်။

တရားခံသည် နံနက် ၅ နာရီနှင့် ၆ နာရီအချိန်အတွင်း ပြစ်မှုကျူးလွန်ပြီး၊ ထွက်သွားမည့်အချိန်သည် တစ်နာရီကျော်ကျော် အချိန်သာရှိနေသေးသဖြင့်၊ ဝင်လမ်း ထွက်လမ်းနှင့် မြို့ပေါ်ရပ်ကွက်များသို့ ချက်ချင်းပိတ်ဆို့ ရှာဖွေခဲ့ရခြင်းလည်း ဖြစ်ပါသည်။

~~~~~

(၄)

ကျွန်တော်လည်း မိုးညှင်းမြို့မှ မီးရထားလမ်းအတိုင်း ညောင်ကုန်းရွာသို့ တစ်ယောက်တည်း စက်ဘီးဖြင့် ထွက်လာခဲ့ရာ နံနက် ၇ နာရီ ၄၅ မိနစ်အချိန်ခန့်ညောင်ကုန်းရွာဘူတာရုံသို့ ရောက်ရှိပြီး၊ သတင်းပေးအမာခံများနှင့် တွေ့ဆုံကာ အကျိုးအကြောင်း ပြောပြပြီး၊ မသင်္ကာသူများအား စုံစမ်းရာ ထူးခြားမှုမရှိသဖြင့်၊ လိုအပ်သည်များ မှာကြားခဲ့ပြီး နံနက် ၈ နာရီကျော်ကျော်ခန့် အချိန်တွင် မီးရထားလမ်းအတိုင်း မိုးညှင်းမြို့သို့ ပြန်လာခဲ့ပါသည်။ နံနက် ၈နာရီခွဲကျော်ခန့်အချိန်၊ မိုးညှင်းမြို့ထိပ်ရှိ သာစည်ရပ်ကွက်အနီး မီးရထားလမ်းတံတားပေါ် အရောက်တွင် ရှေ့မျက်နှာချင်းဆိုင်မှ အသက် ၂၅ နှစ်ခန့် လူငယ်တစ်ယောက်





www.burmeseclassic.com
~~~~~

www.burmeseclassic.com



လာနေသည်ကိုမတွေ့ရသဖြင့် သတိထား ကြည့်လိုက်ရာ ဝတ်ထားသော အင်္ကျီရှေ့(ဗိုက်)ဘက်တွင် ဖောင်းနေသော အရာတစ်ခု တွေ့ရ၍ မသင်္ကာဖြစ်မိပြီး ကျွန်တော်လည်း မီးရထားလမ်းတံတားအလွန်တွင် လူငယ်နှင့်ဆုံလိုက်ရာ စက်ဘီးအား မီးရထားလမ်းပေါ် ပစ်ချလိုက်ပြီး၊ လွယ်အိတ်အတွင်း ခြောက်လုံးပြူးနှင့် ထုတ်ချိန်လိုက်ပြီးသည်နှင့် လက်ထိတ်ပါခတ်လိုက်၍ လူငယ်ကို စစ်ဆေးမေးမြန်း ရာ အင်္ကျီအတွင်း ထွက်လာသော အထုပ်မှာ ခိုးယူလာသော ငွေထုပ်ဖြစ်ကြောင်းနှင့် ခိုးယူလာသော အဝတ်အထည်များကို မိုးညှင်းဘူတာရှေ့မှ ရွာသို့သွားသော လမ်းဘေးလယ်ကွက်များ အတွင်းရှိ စပါးခင်းထဲတွင် ဝှက်ထားခဲ့ကြောင်းနှင့် ညောင်ကုန်းရွာရောက်လျှင် မီးရထားနှင့် ပြန်လိုက်ရန်လာခဲ့ကြောင်း ပြောပြအစစ်ခံခဲ့ပါသည်။

"မင်းနာမည် ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ"

"သံလုံး ..မြို့ကပါ"

ဟု ပြောသဖြင့် ကျွန်တော်လည်း ဘယ်ဘက်မှလက်ထိတ်ကွင်းကို ဖြုတ်၍ စက်ဘီးနှင့် တွဲချည်ခတ်ထားကာ မိုးညှင်းမြို့သို့ခေါ်လာခဲ့ပြီး ဘူတာအရောက်တွင်သက်သေကောင်စီများ ဖြစ်သည့် ဦးဘဆောင်နှင့် ဦးစံသိန်းခေါ်၍ သံလုံးအင်္ကျီအတွင်း ထည့်ထားသော အထုပ်ကို ထုတ်ယူစစ်ဆေးခဲ့ရာ ငွေ ၅၀၀/တန် ၂၀၀ရွက် ကျပ်တစ်သိန်းကို တွေ့ရ၍ သက်သေခံပစ္စည်းအဖြစ် တရားခံ သံလုံးထံမှ သိမ်းဆည်းခဲ့ပါသည်။

**သက်သေခံပစ္စည်းများ အားလုံးသိမ်းဆည်း၍ ရဲစခန်းပြန်ရောက်ပြီး၊ တရားခံသံလုံး အသက် ၂၅ နှစ်(ဘ)ဦးကျော်လုံး မှတ်ပုံတင်မရှိ၊ ကျပန်းလုပ်**

ဆက်လက်၍ သံလုံး၏ အစစ်ခံချက်အရ ခိုးယူခဲ့သော အဝတ်အစား အထုပ်ကို မိုးညှင်းဘူတာရှေ့မှ အောင်မြေရွာဘက်သို့ သွားသော လမ်းဘေးရှိ လယ်ကွင်းအတွင်း စပါးခင်းထဲ၌ ဝှက်ထားခဲ့ကြောင်း အစစ်ခံထားသဖြင့် သက်သေများနှင့် အတူ သွားရောက်၍ သံလုံးပြသပေးသောနေရာ စပါးခင်းအတွင်း ရှာဖွေရာ အဝတ်အထည် အသစ်မျိုးစုံ ကျပ်တစ်သိန်းဖိုးခန့်တွေ့ရသဖြင့် သက်သေများရှေ့တွင် သံလုံးက သက်သေခံပစ္စည်းများအဖြစ် ပေး၍ သိမ်းဆည်းခဲ့ပါသည်။ အိမ်ခြံနှင့် အိမ်ပတ္တာဖွင့်သော ဝက်အူလှည့်ကြီးပါ အစော်တုံ့အနီး တွေ့ရ၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ပါသည်။

သက်သေခံ ပစ္စည်းများအားလုံး သိမ်းဆည်း၍ ရဲစခန်းပြန်ရောက်ပြီး၊ တရားခံ သံလုံး အသက် ၂၅ နှစ် (ဘ) ဦးကျော်လုံး မှတ်ပုံတင်မရှိ၊ ကျပန်းလုပ်၊ ------ မြို့နေသူအား စစ်ဆေးရာ ၎င်းသည် အခင်းဖြစ် နေအိမ်အား မခိုးမီ ၃/၄ ရက်လောက်ကတည်းက၊ ၎င်းနေရာမြို့မှ မိုးညှင်းမြို့သို့



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် မီးရထားလက်မှတ် ခိုးစီး၍ လိုက်ပါကြောင်း၊ မိုးညှင်းမြို့ရောက်ပြီး မြို့ပေါ်ရပ်ကွက်များကို လှည့်လည်လျက်၊ ခိုးယူ၍ လွယ်မည့်အိမ်များကို လိုက်လံ လေ့လာကြည့်ခဲ့ကြောင်း၊ တစ်ခါတစ်ရံ မိုးညှင်းဘူတာရုံတွင်လည်းကောင်း၊ ရှောင်တိမ်းလွယ်မည့် နေရာများတွင်လည်းကောင်း နေထိုင်၍ ညဘက်နှင့် နံနက်စောစောတွင် ခိုး၍ လွယ်ကူမည့် အိမ်များကို လိုက်လံလေ့လာခဲ့ကြောင်း တစ်ခါတစ်ရံလည်း မီးရထားနှင့်ပြန်လိုက်ပြီး မီးရထားအသွားအပြန်ဆုံရာတွင် ပြန်လိုက်လာကြောင်း၊ ယင်းကဲ့သို့ ၃/၄ ရက်လေ့လာနေခဲ့ရာမှ ယခု ဖောက်ထွင်းခိုးယူမည့် အိမ်ရှင်များသည် နံနက် ၅ နာရီဆိုလျှင် အိမ်၊ ခြံ၊ ဂံခါးများပိတ်၍ မိုးညှင်းဈေးသို့ အထုပ်များနေ့စဉ် သွားရောင်းနေသည်ကို လေ့လာသိရကြောင်း အိမ်ဖောက်ထွင်း ခိုးယူမည့်နေ့ကလည်း နံနက် ၄ နာရီကျော်ကျော်အချိန်ကတည်းက အခင်းဖြစ်အိမ်ရှေ့သို့ ရောက်ခဲ့ပြီး လမ်းပေါ်တွင် ဟိုလျှောက် ဒီလျှောက် လုပ်နေခဲ့ကြောင်း၊ နံနက် ၅ နာရီအချိန်တွင် အိမ်ရှင်များ အိမ်ပိတ်ပြီး၊ ဈေးထွက်သွားသည်ကို တွေ့လိုက်ရ၍ ချက်ချင်းပင် အသင့်ယူလာသော ဝက်အူလှည့်အကြီးနှင့် ခြံတံခါးမြောက်လက်ကို အလျင်ကလပ်ဖွင့်၍ ခြံထဲဝင်ပြီးမှ အိမ်ထဲဝင်ရောက်၍ ဗီရိုတံခါးကိုပါ ဖွင့်လိုက်ရာ ပိုက်ဆံထည့်ထားသော အိပ်ကိုပါတွေ့ရသဖြင့် ယူပြီး အထည်များထည့်ထားသော အဝတ်ထုပ်ကိုပါ ယူကာ ပြန်ထွက်၍ အဝတ်ထုပ်ကြီးပါနေလျှင် လူသိမည်စိုး၍ ဘူတာရုံအရောက်တွင် ဘူတာရုံရှေ့လမ်းအတိုင်း ဆက်သွားကာ အောင်မြေရွာ မရောက်ခင်၊ လယ်ကွင်းများအရောက်၌ အဝတ်ထုပ်နှင့် ဝက်အူလှည့်ကြီးကို စပါးခင်းထဲမှာ ဝှက်ထားခဲ့ပြီး ဘူတာရုံသို့ ပြန်လာခဲ့ကြောင်း၊ ဘူတာရုံမှအရှေ့ဘက်ရှိ ညောင်ကုန်းရွာသို့ သွားရောက်ပြီး မြစ်ကြီးနားမှ ဆင်းလာသော စာပို့မီးရထားနှင့် မန္တလေးဘက် လိုက်ရန်အတွက်၊ မီးရထားလမ်းအတိုင်း လျှောက်သွားခဲ့ရာ မိုး ညှင်းမြို့အလွန်ရွာထိပ်ရှိ မီးရထားတံတားတစ်ခုထိပ် အရောက်တွင် စခန်းမှူးနှင့် တွေ့၍ အဖမ်းခံခဲ့ရကြောင်း ထွက်ဆို အစစ်ခံခဲ့ပါသည်။

~~~~

(ဇ)

အမှုကို အမြန်ဆုံးပြီးပြည့်စုံအောင် ဆောင်ရွက်ပြီး၊ တရားခံ သုံးလုံးကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇ အရ တရားစွဲတင်ရန် အဆင့်ဆင့် တင်ပြခဲ့ရာတွင် လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇ အရ တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာတွင်လည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးဆောင်ရွက်၍ တရားခံ သုံးလုံးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ် အပြစ်ပေးခဲ့သော ဖြစ်ရပ်မှန်မှုခင်းအား ဇာတ်လမ်းဆင်၍ မှတ်တမ်းတင်လိုက်ရပါသည်။


မောင်မောင်မြင့်

(ဥသာမြို့သစ်)



www.burmeseclassic.com
~~~~

www.burmeseclassic.com



# မိုးကိုချစ်သည် ဒါပေမယ့် မုန်းသည်

ချစ်ကံငယ်



www.burmeseclassic.com

www.burmeseclassic.com



## “မိုးကိုချစ်သည် ဒါပေမယ့်မုန်းသည်”

**ချစ်ကံငယ်**

လူသေ အလောင်းတွေ့လို့တဲ့။ တာဝန်သိ ပြည်သူတစ်ယောက် လာရောက် ပြောကြားချက်အရ စခန်းမှူး ဦးခင်ဇော်နှင့် နယ်ထိန်း ထွန်းကြည် တို့အဖွဲ့သည် အလောင်းရှိရာသို့ ထွက်လာခဲ့ကြသည်။ အလောင်းရှိသည့် နေရာမှာ အုတ်ဖိုမြို့၏ အရှေ့ဘက် လင်းနို့ခုံး တံတား ရန်ကုန်–ပြည် ကားလမ်းဘေးတွင် ဖြစ်သည်။

အုတ်ဖိုမှ တာဆုံသို့ နှစ်မိုင်၊ တာဆုံမှ ပြည်ဘက်သို့ ကားလမ်းအတိုင်းတစ်မိုင်၊ ပေါင်း သုံးမိုင်ခန့်ကွာဝေးပါသည်။ ကားလမ်းနံဘေး၏ အရှေ့ဘက်ခြမ်း ဆီးပင်ကလေးများ ပေါက်နေသည်။ ၎င်းနှင့်မနီးမဝေး ကိုင်းတောစပ်တစ်နေရာတွင် သစ်ကိုင်းသစ်ခက်တို့ဖြင့် ဖုံးအုပ်ထားသောအလောင်း။ အလောင်းရှိပုံမှာ အုတ်ဖို–တာဆုံ–ရှမ်းတောကျေးရွာမှ ကျောင်းသားကလေးများသည် လွှစင်ကျောင်းသို့ ကျောင်းသွားတက်ကြရသည်။ လင်းနို့ခုံးသည် လွှစင်နှင့် အုတ်ဖို တာဆုံအကြားတွင် ရှိသည်။ ညနေသုံးနာရီ ကျောင်းဆင်းလျှင် ရွာသို့ပြန်အလာ ဆီးသီး ခင်ရောက်ကောက်စားကြသည်။ ဆီးသီးကောက်ရင်း အပုပ်နံ့ရသဖြင့် ဟိုဟိုဒီဒီ ရှာကြည့်ရာမှ အလောင်းကို တွေ့ရခြင်းဖြစ်သည်။

စခန်းမှူးနှင့် နယ်ထိန်းအဖွဲ့တို့သည် အလောင်းရှိရာအနီးသို့ အရောက်တွင် ဆိုးဝါးလှစွာသော ပုပ်ဟောင်သည့် လူသေအနံ့က ဆီးကြိုလျက်။ သို့သော် တာဝန်အရ အလောင်းဆီသို့ ချဉ်းကပ်ခဲ့ကြသည်။ ဖုံးအုပ်ထားသော သစ်ကိုင်း–သစ်ခက်များကို ဖယ်သည်။ အလောင်းကို သေသေချာချာ စစ်ဆေးသည်။ အလောင်းမှာအမျိုးသမီးဖြစ်သည်။ ပုပ်ပွလျက် လောက်များပင် တွယ်နေပေပြီ။ လည်ပင်းပြတ်ရှဒဏ်ရာနှင့် ဆီးခုံနှင့် ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ ငါးချက်ကိုတွေ့ရသည်။ အခင်းဖြစ်ပွားရာ နေရာ၌ ပိုက်ဆံအိတ် တစ်လုံးတွေ့သည်။ အိတ်ထဲတွင် ပိုက်ဆံတစ်ပြားမျှမရှိ။ အမျိုးသမီးခေါက်ပုံတစ်ပုံနှင့်စာခေါက်လေးတစ်ခု ဘောင်ချာဖြတ်ပိုင်းတစ်ခု၊ စခန်းမှူးက သိမ်းဆည်းလိုက်သည်။ အနီးအနားတွင် ထပ်မံရှာဖွေကြရာ သွေးစွန်းနေသော ဓားမြှောင်တစ်ချောင်းကိုတွေ့ရသည်။ ရေအိုင်စပ်တွင် ဖြစ်သည်။ အသွားတစ်ဝက်မှာ ရေတွင်ကျ၍ အရိုးတစ်ပိုင်းမှာ ကုန်းပေါ်တစ်ဝက်တင်နေသည်။

စခန်းမှူးက ဓားမြှောင်ကို ကောက်ကိုင်ယူကာ ပြုံးလိုက်သည်။ သူ့အပြုံးကအောင်နိုင်သူအပြုံး၊ သူ့ရဲ့သက်တမ်းတွင် အယူအဆပဲလား၊ တိုက်ဆိုင်မှုလားတော့မသိ။ လူသတ်သမား သုံးသော တုတ်၊ ဓား၊ လက်နက်တို့ကို ရေထဲတွင် တွေ့ရှိက မကြာခင် အမှုပေါ်သည်။ ရေနှင့် အလှမ်းဝေးပါက လိုက်လံ ဖမ်းဆီးရ ကြန့်ကြာသည်။ ခဲယဉ်းသည်။

ဒါက သူ့ အယူအဆ၊ ဂမ္ဘီရ ပညာလည်း သူယုံသည်။ အလောင်းထိပ် တည့်တည့်က ရပ်၍ ဦးခေါင်းကိုကိုင်ကာ–



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကောင်မလေး၊ နှင့်အမူ နှင်ဖော်၊ နှင့်အမူ နှင်ဖော်"

ဟုလည်း သုံးကြိမ်ဆို လိုက်သေးသည်။ ထို့နောက် အလောင်းကို ခက်ခဲစွာသယ်၍ ဆေးရုံသို့ ပို့ပေးရသေးသည်။

စခန်းမှူးသည် ရဲစခန်းသို့ ပြန်ရောက်သောအခါ အလောင်းနံဘေးမှ ရရှိသော ပိုက်ဆံအိတ်အတွင်းမှ စာခေါက်ကလေး ဖတ်ကြည့်မိသည်။

"ကိုကိုရေ ညီမမှာ ကိုယ်ဝန်ရှိနေပြီ" စာရေးထားသည်က ဤမျှသာ ငှင်းစာရွက်နှင့်အတူ–

"ငါးသိုင်းချောင်း" အမည်ပါ ဘောင်ချာ တစ်ခုပါရှိနေပြီး အမည်နာမ နေရပ်တို့ကို ရေးမထား၊ အမျိုးသမီးဓာတ်ပုံကို တစ်ဖန် ပြန်ကောက်ကြည့်မိသည်။ အချောအလှ မဟုတ်သော်လည်း ယောကျ်ားလေးများကို ဆွဲဆောင်နိုင်သည့် မျက်လုံးပိုင်ရှင်၊ ရွှင်ပျပျမျက်နှာပေး၊ သေသူအမျိုးသမီး ဓာတ်ပုံ ဖြစ်နိုင်သည်ဟု စခန်းမှူးက စဉ်းစားသည်။ အတည်တော့ မပြုသေး။ ဘောင်ချာဖြတ်ပိုင်းတွင်ပါသော "ငါးသိုင်းချောင်း" နေရာကကျယ်၊ ရပ်ကွက်ကများ အိမ်မြောက်မြားစွာထဲမှာ ရှာဖွေရသည့်အလုပ်သည် ကောက်ရိုးပုံတွင် အပ်ရှာရသည်က လွယ်ပေဦးမည်။

နောက်တစ်နေ့တွင် စခန်းမှူးသည် ဒုရဲအုပ် တစ်ယောက်ကိုခေါ်၍ စာနှင့်ဓာတ်ပုံကိုပေးကာ 'ငါးသိုင်းချောင်း'သို့ တာဝန်ပေး စေလွှတ်ခဲ့သည်။ ဒုရဲအုပ် ကောင်းခန့်သည် တာဝန်ဖြင့် 'ငါးသိုင်းချောင်း' နယ်မြေခံ စခန်းများသို့ သတင်းပို့၍ ဓာတ်ပုံများကို ကူးကာ စခန်းများကို ဖြန့်ဝေပြီး နယ်မြေခံနယ်ထိန်းများ၊ အာဏာပိုင်များနှင့် ပူးပေါင်း၍ သတင်းရယူခြင်းများကို နေ့မနား၊ ညမနား ကြိုးစားခဲ့ရသည်။ သုံးရက်ကျော်၍ လေးရက်မြောက် မနက်တွင် နယ်မြေခံနယ်ထိန်းအဖွဲ့ အကူအညီဖြင့် သတင်းရခဲ့သည်။ အမည် မမိုးဝါ၊ အဒေါ်များနှင့် နေသည်။ အိမ်မှ ပျောက်သွားသည်မှာ ခြောက်လခန့် ကြာသွားပြီ။ ယခု မနေတော့။ ယခု နေရပ်သို့ ပြန်သွားပြီလား မပြော

**အချောအလှ မဟုတ်သော်လည်း ယောကျ်ားလေးများကို ဆွဲဆောင်နိုင်သည့် မျက်လုံးပိုင်ရှင်၊ ရွှင်ပျပျမျက်နှာပေး၊ သေသူအမျိုးသမီးဓာတ်ပုံ ဖြစ်နိုင်သည်ဟု–– –**



www.burmeseclassic.com

တတ်။ နေရပ်က တိတိကျကျ မရှိ။ ယခင်က မိုးညှိုတွင် နေသည်ဟု သိရသည်။ မိုးညှိုတွင် နေသည့် လိပ်စာကိုတော့ ရခဲ့သည်။

ဒုရဲအုပ် ကောင်းခန့်သည် အုတ်ဖိုသို့ပြန်ကာ တပ်ဖွဲ့သို့ သတင်းပို့ပြီး ဆက်လက်ညွှန်ကြားသည့်အတိုင်း မိုးညှိုသို့ လိုက်ရပြန်ပါသည်။ လိပ်စာပါ အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်၍ အိမ်ကိုအကဲခတ်ကာ အိမ်ရှင်တို့ကိုလှေ့လာရပါသည်။ အိမ်က ခပ်ငယ်ငယ် အိမ်နေလူများပုံမပေါ်။ အိမ်ရှင်တို့ကို လှမ်းခေါ်လိုက်သည်။

"အိမ်ရှင်တို့--အိမ်ရှင်တို့"

"ဘယ်သူလဲ လာ ဝင်ခဲ့ပါကွယ့်"

"ခွေးရှိလား"

"ခွေးမရှိပါဘူး၊ ဝင်ခဲ့ပါ"

ဒုရဲအုပ် ကောင်းခန့် အိမ်ရှေ့မှာရှိသော ကွပ်ပျစ် ခုတင်ပေါ်သို့ ဝင်ထိုင်ရင်း ရဲတပ်ဖွဲ့ဝင် ဖြစ်ကြောင်းကို မပြော။ အရပ်သားတစ်ဦး အသွင်ဖြင့် မိတ်ဆက်စကား ပြောကြားခဲ့ပြီး လိုအပ်သည်တို့ကို မေးရပါတော့သည်။ အမျိုးသမီးမှာ အသက်လေးဆယ်ကျော်ခန့် သွက်သွက်လက်လက်နှင့်မို့ အားလုံး အဆင်ချောပါသည်။ ဓာတ်ပုံ ပိုင်ရှင်မှာ မမိုးဝါဖြစ်ကြောင်း၊ မမိုးဝါမှာ သူမ၏ တူမဖြစ်ကြောင်း၊ လွန်ခဲ့သော သုံးနှစ်လောက်က 'ငါးသိုင်းချောင်း'မှာ အဒေါ်နှင့် သွားနေပြီး ပြန်လာနေထိုင်သည်မှာ ခြောက်လလောက်ရှိပြီဖြစ်ကြောင်း သိရသည်။

"အခုရော မမိုးဝါ ဘယ်သွားနေလဲ အဒေါ်"

"လွန်ခဲ့တဲ့ ၁၀ရက်လောက်က ပျောက်သွားတာ အခုထိ ဘာသတင်းမှ မကြားရပါဘူးကွယ်"

"ဒီကောင်မလေး သိပ်မိုက်တယ်"

"ဘယ် လိုမိုက်တာလဲ အဒေါ်"

"သူက ကောင်လေး တစ်ယောက်နဲ့ ကြိုက်နေတယ်၊ သူ့ကောင်လေးက မိန်းမနဲ့ဆိုလား-ဘာလား"

"အဲဒီ ကောင်လေး နေတဲ့နေရာ အဒေါ် သိလား ဘယ်မှာနေလဲ"

"နေတာတော့ မသိဘူး။ ကောင်လေး နာမည်က သူရမိုးတဲ့ကွယ်။ ဒီမြို့ထဲကလို့တော့ ပြောတာပဲ"

ဒုရဲအုပ် ကောင်းခန့် ဝမ်းသာသွားသည်။ လမ်းစရပြီဟု ယူဆလိုက်သည်။

"ဒါနဲ့ နေပါဦး ငါ့တူရဲ့၊ တူမကြီးအကြောင်း ဒီလောက် မေးနေရအောင် တူမကြီး ဘာဖြစ်လို့လဲ"

ကောင်းခန့်က-

"ဘာမှမဖြစ်ပါဘူး အဒေါ် ကျွန်တော့်နှမဝမ်းကွဲလေး တစ်ယောက် ပျောက်နေလို့၊ အဒေါ့်တူမနဲ့ သူငယ်ချင်းတွေလို့ သိရတယ်။ သူတို့ချင်းများ အဆက်အသွယ်ရှိလားလို့ပါ"

လူသေမှု အကြောင်းကို ရေငုံနှုတ်ပိတ်နေမိသည်။ အိမ်ရှင် ချတိုက်သော ရေနွေးကြမ်းအိုးမှ ရေနွေးတစ်ခွက်ကို ငှဲ့သောက်ကာ-

"အဒေါ် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"အေးအေး ချောက်

www.burmeseclassic.com



ချောက်ရင်လဲ ဝင်ခဲ့ပါ''

ကောင်းခန့် နှုတ်ဆက်ပြန်လာပြီး မိုးညိုရဲစခန်းသို့ သွားရောက်ကာ ဓာတ်ပုံကိုပြ၍ နယ်မြေခံနယ်ထိန်းများ အကူအညီကိုယူ၍ သတင်းလိုက်ကြရပြန်ပါသည်။

နောက်တစ်နေ့ နံနက် ၉နာရီအချိန်တွင် နယ်မြေခံနယ်ထိန်းများ အကူအညီဖြင့် သတင်း တချို့ သိခဲ့ရသည်။ သူရမိုး၏ အလုပ်အကိုင် သားသတ်၊ အိမ်ထောင်ရှိ၊ သားသမီးရှိ၊ အမျိုးသမီးကိစ္စ ရှုပ်သည်။ မမိုးဝါနှင့် ဇာတ်လမ်းရှိဖူးသည်။ လွန်ခဲ့သည့် ဆယ်ရက်ခန့်က မမိုးဝါနှင့် မင်းလှသို့ ကားဖြင့် သွားသည်ကို နိုင်လုံသည့် သတင်းရခဲ့သည်။

ဒုရဲအုပ် ကောင်းခန့်သည် မိုးညိုမှ အုတ်ဖိုသို့ နေ့ချင်း ပြန်လာခဲ့သည်။ စခန်းသို့ သတင်းပို့ပြီး အထက်မှ ညွှန်ကြားချက်ရယူကာမိုးညိုရဲစခန်း အကူအညီဖြင့် သူရမိုးကို ဖမ်းဆီးကာ အုတ်ဖိုသို့ ပြန်လာခဲ့သည်။

အုတ်ဖိုမြို့ ရဲစခန်းအတွင်း သုံးဦးသား ဆုံကြလေပြီ။ စခန်းမှူး စားပွဲ၏ ရှေ့တည့်တည့်ခုံတွင် သူရမိုးက ထိုင်လျက် ဦးခေါင်းကို အောက်သို့ ငုံ့ထားသည်။ စခန်းမှူးက စတင်၍ –

''ကဲငါ့ညီ မင်းဟာက ဘယ်လိုဖြစ်တာလဲကွ။ ငါ့ကိုရဲရဲခေါင်းမော့ကြည့်ပါဦး''

မမျှော်လင့်သော စကား–

''ဗိုလ်ကြီးတို့ လာဖမ်းတာ လက်ဦးသွားတယ်၊ ဗိုလ်ကြီးတို့လာမဖမ်းလဲ ကျွန်တော်ကိုယ်တိုင်လာပြီး အဖမ်းခံမလို့''

''ဟေ''

စခန်းမှူးက အာမေဋိတ်သံ ထွက်သွားသည်။

''ဒါဖြင့် ဒီအမှုရဲ့ တရားခံက မင်းလို့ ပြောချင်တာလား''

''ဟုတ်ပါတယ်''

''အေး''

စခန်းမှူး မအံ့သြတော့ပါ။ ဖြစ်စဉ်ကိုသာ သိချင်စိတ်က စောနေမိသည်။ တော်ရုံတန်ရုံအမှုမျိုးကို ဒုရဲအုပ်များနှင့် လွှဲထားပေးသော်လည်း ယခုကဲ့သို့ လူသတ်မှုမျိုးကိုတော့ ကိုယ်တိုင်ကိုင်သည်။ လူဆိုး လူမိုက်များနှင့် အလှည့်အကွေ့–အပြေး–အလိုက်– တို့ကိုပင် ဝါသနာပါပြီးသား။ မင်းတို့က လူဆိုး–ငါကရဲ–မင်းတို့လုပ်တာ ငါဖော်ထုတ်မယ်ဆိုတဲ့ ဝါသနာနဲ့ စိတ်ဓာတ်ကအပြည့်–

''ကဲပါ ငါ့ညီရာ၊ ပြီးတာတွေလဲ ပြီးပါပြီ။ မင်းဖြစ်ခဲ့တာလေးတွေကို အမှန်အတိုင်း အစ်ကိုတို့ကို ပြောပြပါလား''

အကိုကြီး တစ်ယောက်က ညီတစ်ယောက်ကို သံယောဇဉ်ထား၍ ပြောသည့် လေသံမျိုး–

''ဟုတ်ကဲ့ ပြောပါမယ် ဗိုလ်ကြီး''

~~~~~

သူရမိုး၏ ရုပ်သွင်မှာ အသားမမည်း၊ အသားလတ်၊ မျက်နှာပေါက်က ယောကျ်ားပီသသည်။ ငယ်ရွယ်သူသဘာဝ မမိုးဝါနှင့်တွေ့ခဲ့သည်။

''မိုးရယ် မိုးကို အစ်ကို တကယ် ချစ်တာပါ''

''မိုးကလဲ အစ်ကို့ကို တကယ်ချစ်ပါတယ်''



www.burmeseclassic.com
~~~~~

www.burmeseclassic.com



**"တကယ်ပါ မိုးရယ်။ မိုးနဲ့ ခွဲရရင် အစ်ကို့ဘဝမှာ သာယာမှုတွေ ပျောက်ပြီး နောက်ဆုံးအဖြစ် ကိုတောင် မတွေး တတ်တော့ဘူး"**

"တကယ်ပါ မိုးရယ်။ မိုးနဲ့ခွဲရရင် အစ်ကို့ဘဝမှာ သာယာမှုတွေပျောက်ပြီး နောက်ဆုံးအဖြစ်ကိုတောင် မတွေးတတ်တော့ဘူး"

"တော်စမ်းပါ ယောက်ျားကြီး လုပ်နေပြီး မိန်းမပြောရမယ့်စကားတွေ ပြောနေတာ မရှက်ဖူးလား"

"မရှက်ပါဘူး။ လူကြီးတွေ ပြောတယ် မဟုတ်လား။ ကြိုက်မရှက် ငိုက်မရှက် ဝတ်မရှက်တဲ့"

"ဟုတ်မှာပါ အစ်ကို။ မျက်နှာပေါ်မှာ ရှက်တာ မိုးတစ်ခါမျှ မတွေ့မိဘူး"

"ဟာကွာ မိုးကလဲ"

"မိုး"

"ဘာလဲအစ်ကို"

"အစ်ကို့ မျက်နှာကို သေသေချာချာ ကြည့်စမ်း"

"ဘာဖြစ်လို့လဲ အစ်ကို"

"နည်းနည်းနီးအောင် ရှေ့တိုးကြည့် ရှေ့နည်းနည်းတိုးဦး။ သေသေချာချာကြည့်"

မိုးဝါကရှေ့သို့ တဖြည်းဖြည်း တိုးကြည့်သည်။ ကိုယ်လေးက ရှေ့သို့ ယိုင်လာသည်။ ကိုယ်နှစ်ခုပူးလာသည်နှင့် သူရမိုးတအားဖက်လိုက်သည်။ မိုးဝါက အလိုက်သင့်။ ပတ်ဝန်းကျင်သည် လူ့ဘဝကို ပြောင်းလဲအောင် ဖန်တီးနိုင်သည်ဆိုသော စကားသည် မှန်သည်ဟု ပြောရပေမည်။ ယခုလက်ရှိ သက်မဲ့ပတ်ဝန်းကျင်အနေအထား ချိန်းတွေ့သည့်နေရာ ဧရာဝတီမြစ်လှသူပြတ်နေသည့်နေရာ သစ်ချုံပင်လေးများအကြား။ အချိန်က ညနေစောင်းနေဝင်ချိန် ချစ်သူနှစ်ဦးတို့ လွတ်လပ်မှုကို အပြည့်အဝရခဲ့သည်။ တစ်ဦးဆန္ဒတစ်ဦးက လိုက်လျော့ခဲ့ကြသည်။ သူရမိုးကလည်း ချစ်လိုက်ရသည့် အချစ်၊ ရင်နင့်အောင်ပင်၊ မိုးဝါကလည်း သူရမိုးမှ သူရမိုး၊ တစ်လောကလုံးမှာ တစ်ယောက်တည်း။ ချစ်သူဘဝ သာယာခဲ့ကြသည်။ ကျူးကျူးသွန်လွန် ဖြစ်ခဲ့သည်က လေးငါးကြိမ်ထက်မနည်း။ သူရမိုး ဘဝပြောင်းရန် အချိန်ကျလာပါတော့သည်။ ဒါကိုလည်း မိဘများက စီမံပြီးမှ သိရခြင်းပါ။

သူတို့ ထုံးစံအရ ယောက်ျားလေးရှင်က မိန်းကလေးရှင်ကို စကားကမ်းလှမ်းကြောင်းလမ်းလျှောင် မဟာရွှေပေးရသည်။ နားဖောက်ခြင်း တစ်မျိုး။ ကိစ္စအဝဝကို နောက်ကျမှ သိရသောသူရမိုး။ မိဘစကားကို နားထောင်ပြီး ဘာသာတူမိန်းကလေးနှင့် ယူလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာ မဆောင်မီမှ မင်္ဂလာဆောင်သည်အထိ မိုးဝါကိုတွေ့ဖို့ အမျိုးမျိုးကြိုးစားသေးသည်။ နောက်ဆုံးတော့ မိုးဝါကို မတွေ့ရ။ သတင်းစကားကြားရသည်က ‘ငါးသိုင်းချောင်း’က အဒေါ်တွေဆီ သွားပြီတဲ့။

ရင်ထဲမှာတော့ အမှန်တကယ် ဆို့နင့်ကြေကွဲခဲ့ရပါသည်။ အချိန်ကာလ ရာသီအလီလီပြောင်းခဲ့ပေပြီ။ သူရမိုးပင် ကလေး တစ်ယောက်ရနေပေပြီ။ အတိတ်အကြောင်းတို့သည် အရိပ်မျှပင် မထင်တော့။ အိမ်ထောင်ရေးလည်း သာယာသည်။ စီးပွားရေးလည်း အသင့်အတင့်။ တစ်နေ့ဈေးထဲမှအပြန် ရှေ့တွင် ဖြတ်သွားသော အမျိုးသမီးတစ်ယောက် မျက်စိထဲမြင်ဖူးသလိုလို သေသေချာချာကြည့်တော့ အလွန်ဝမ်းသာသွားသည်။ အပြေးတစ်ပိုင်းလိုက်ခေါ်မိသည်။

‘မိုးဝါ၊ မိုးဝါ’

အမျိုးသမီးက ငဲ့စောင်းကြည့်ပြီး–

‘မှတ်မိသားပဲ’

မျက်နှာတင်းတင်း စကားတို့ကို–

“မိုးဝါရယ် အစ်ကို တောင်းပန်ပါတယ်။ အစ်ကို ရှင်းပြစရာတွေ အများကြီးရှိတယ်။ အစ်ကိုတို့ စကားအေးအေးဆေးဆေး ပြောရအောင်နော်”

‘အစ်ကို့ မိန်းမနဲ့ ပြန်ပြောပါ၊ မိုးဝါတို့က မလိုတော့ပါဘူး’

ထွက်သွားသော မိုးဝါကို နောက်မှကြည့်လျက် မိုးဝါ အရင်မိုးဝါ မဟုတ်တော့။ အရင် မိုးဝါထက် အားလုံးဖွံ့ဖြိုးပြီး ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးဖြစ်နေသည်။ သူရမိုး၏ တပ်မက်မှုသည် ရမ္မက်ဆန်စွာ နိုးဆွနေပါတော့သည်။ မိုးဝါနှင့်တွေ့ပြီး သူရမိုး စားမဝင် အိပ်မပျော်တော့။ နေ့နေ့ညည မိုးဝါနှင့်တွေ့ဖို့ကြိုးစားခဲ့သည်။ ကြိုးစားဖန်များတော့ တစ်နေ့ မိုးဝါနှင့်တွေ့ခွင့်ရခဲ့သည်။ ယခင်က ဆုံဖူးသော နေရာကလေးမှာပင်။

“မိုးဝါ အစ်ကို့ကို စိတ်ဆိုးနေလား”

“စိတ်ဆိုးတာထက် စိတ်နာတယ်ဆိုရင် ပိုမှန်လိမ့်မယ် အစ်ကို”

“အစ်ကို့ကို ခွင့်လွှတ်ပါ မိုးဝါရယ်။ မိဘတွေရဲ့စကားမလှန်နိုင်လို့ပါ။ ဒီနေ့အထိ မိုးဝါကို အစ်ကို တစ်နေ့မှ မမေ့ပါဘူး”

“အစ်ကို ဘယ်လောက်ယုံအောင်ပြောပြော ဘဝနဲ့ရင်းခဲ့ရတဲ့ ကျွန်မက မယုံနိုင်ဘူး အစ်ကို။ ယောကျ်ားလေးတွေ အပြစ်ကို တစ်ဖက်သတ်တော့ မပြောပါဘူး။ မိုးဝါဘက်ကလဲ မှားပါတယ်”

“တော်ပါတော့ မိုးဝါရယ်။ အစ်ကိုတို့ အခုပြန်တွေ့ကြပြီပဲ။ မေတ္တာစစ်မှန်ရင် တစ်နေ့ ပြန်ပေါင်းရမှာပေါ့”

သူရမိုး အကြိမ်ကြိမ် အမျိုးမျိုးချော့သည်။ မိုးဝါကလည်း ပျော့လာသည်။ ငယ်သံယောဇဉ်ကလည်းရှိ အတွေ့အထိကလည်း လွန်ကျူးပြီးသား မစွန်းရင်းကလည်းရှိ ကစွန်းခင်း ကငြီဆိုသလို ဖြစ်ခဲ့ရပြန်သည်။ သူရမိုး ပါးစပ်မှ ပြောနေရသော်လည်း စိတ်က သိပ်မပါ။ အိမ်က မိသားစုကို ကွက်ခနဲ မြင်ယောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို တင်းလိုက်သည်။ နောက်ပြဿနာ နောက်ရောက်ရာပေါ့။ ရရှိပြီး အခွင့်အရေးကို လက်လွှတ်မခံ ထပ်မံကျူးလွန် လိုက်မိပြန်ပါသည်။ ချိန်းတွေ့မိသည့်အခါ နှစ်ဦးသား ဘဝ ပြန်လည်၍ တစ်ကစသလို သူရမိုးကလည်း အချိန်ရတိုင်း ချိန်းတွေ့သည်။ မိုးဝါကလည်း မငြင်းဆန် အချိန်ကာလအား ဖြင့် ငါးလထဲ ရောက်ခဲ့ပေပြီ၊ မိုးဝါတွင် မဖုံးဖိနိုင်သော ကိစ္စတစ်ရပ် ပေါ်ပေါက်လာသည်။



ညအိပ်ရာဝင်ချိန် မိုးဝါ အိပ်မပျော်၊ သက်သာလို သက်သာညား၊ ဗလာစာအုပ်မှ ဗလာစာရွက် တစ်ရွက်ကို ဖြုတ်၍ စာတစ်စောင်ရေးမည်ကြံပြီး အစပျိုးလိုက်သည်။

"ကိုကိုရေ ညီမမှာ ကိုယ်ဝန်ရှိနေပြီ"

စာကို သည်လောက်မျှ ရေးလိုက်သည်။ နောက်ဆက်မရေးချင်တော့။ စာရွက်ကလေးကို ခေါက်၍ ပိုက်ဆံအိတ်ထဲသို့ ထည့်လိုက်သည်။ နောက်တစ်ကြိမ်တွေ့လျှင် ပါးစပ်က ပြောမထွက်၊ ဒီစာကိုပြမည်။ ဒီအချိန်မှာ သူရမိုး မျက်နှာမှာဖြစ်ပေါ်လာမည့်ပုံကို ကြည့်ချင်သည်။ ဝမ်းသာမှာလား၊ ပူပန်မှာလား၊ စိုးကြောက်မှာလား။ ဒါက မိုးဝါ အတွေး။ နောက်တစ်နေ့ နှစ်ဦးသား တွေ့မိသည်။ ရေးထားသော စာက ပိုက်ဆံအိတ်ထဲတွင် ကျန်ခဲ့သည်။ နှုတ်မှ ဖွင့်ပြောဖြစ်ခဲ့သည်။

"ဘယ်လို ပြောလိုက်တယ် မိုးဝါ။ မင်းမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား"

"ဟုတ်တယ် အစ်ကို"

"မင်း ဒါကို စောစောက သတိမထားမိဘူးလား"

သူရမိုးမှာ ရုပ်ပျက်ဆင်းပျက်နှင့် စိုးရိမ်သော မျက်နှာထား။ ဒါကို မိုးဝါတွေ့တော့ အံ့ဩမိသည်။ တကယ်တော့ သူရမိုး တာဝန်မယူရဲ မိသားစုကို အထိခိုက်မခံနိုင်။

"ဘယ်လိုလဲ အစ်ကို ဘာလို့ ဒီလောက်တုန်လှုပ်သွားတာလဲ"

"တကယ်ချစ်ရင်၊ တို့တွေ ပေါင်းရမှာဆို၊ အခုရှိ



www.burmeseclassic.com

www.burmeseclassic.com



သွေးလေးတောင် ရနေပြီ၊ ဒီတစ်ခါ အစ်ကို လှည့်စားလို့ကတော့ သက်ဆိုင်ရာက တရားစွဲလိုက်မှာ''

သူရမိုး အကျပ်ရိုက်သွားပြီ။ အနုနည်းနှင့်ပြန်ချော့ရသည်။ အချိန်အခါအရ ငွေကြေးခန မပြည့်စုံသေး၊ လောလောဆယ် ရင်သွေးလေးကို လက်မခံသေး။ တနည်းနည်းနှင့် ရှင်းလိုက်ပြီး မိုးဝါကို တရားဝင်လက်ထပ်ပါမည်ဟု စည်းရုံးလိုက်သည်။ အချစ်ကို ယုံ၍ ပုံအပ်သူမိုးဝါကလည်း လက်ထပ်ပါမည်ဆိုသော စကားကြောင့် ရင်သွေး ဟူသော အသိပင် မေတ္တာမထားနိုင်တော့-

နှစ်ဦး သဘောတူ ကိုယ်ဝန်ဖျက်ရန် မိုးညိုမှ မင်းလှမြို့သို့ ကားနှင့် နှစ်ယောက်သား ထွက်လာခဲ့သည်။ မိုးညိုမြို့မှာ ကားပေါ်သို့ အတက် အသိ မိတ်ဆွေအချို့နှင့် တွေ့သည်။ အသိအချို့က မိုးဝါနှင့် သူရမိုးတို့နှစ်ဦး၏ ဇာတ်လမ်းကို လူတိုင်းသိပြီးသား။ မိုးညိုမြို့က ကျဉ်းကျဉ်းလေး။ မင်းလှမြို့ ရောက်တော့လည်း လေး-ငါး နေရာအနှံ့ရောက်သည်။ အဆင်မပြေ၊ ကိုယ်ဝန်ကရင့်နေသည့်အတွက် မည်သူမျှ တာဝန်မယူရဲ။ နှစ်ဦးသား စိတ်မလျှော့။

**နှစ်ဦးသဘောတူ**
**ကိုယ်ဝန်ဖျက်ရန်**
**မိုးညိုမှ မင်းလှမြို့သို့ ကားနှင့်**
**နှစ်ယောက်သား ထွက်လာခဲ့သည်။**

မင်းလှမြို့မှ လက်ပံတန်းမြို့သို့ ဆက်ထွက်လာခဲ့ကြပြန်ပါသည်။ လက်ပံတန်းတွင်လည်း အဆင်မပြေ။ သူရမိုး အကြံဘုတ်ရလေပြီ။ သက်သိုင်းဝမှ တရားစွဲမည်ဆိုသော မိုးဝါ၏ ခြိမ်းခြောက်သော စကား၊ မိသားစုဘဝ အပျက်မခံနိုင်။

"မိုးဝါ ဒီမှာခဏစောင့်နော်၊ အစ်ကို အသိတစ်ယောက် ဝင်ရှာလိုက်ဦးမယ်"

သူရမိုး ဈေးထဲဝင်သည်။ ခါးမြှောင်တစ်ချောင်းဝယ်ပြီး ဈေးအပြင် ပြန်ထွက်ခဲ့သည်။ ဈေးပေါက်ဝတွင် စောင့်နေသော မိုးဝါက-

"အစ်ကို အသိတွေ့ခဲ့လား"

"မတွေ့ပါဘူး မိုးဝါရယ်၊ ဒါပေမယ့် အစ်ကို့ အစ်မ ကြို့ပင်ကောက်မှာ ရှိတယ်။ အဲဒီကို သွားမယ်"

သူရမိုးအကြံဖြင့် ပြောခြင်းသာဖြစ်သည်။ တကယ်တော့ ကြို့ပင်ကောက်တွင် အစ်မ မပြောနှင့် အသိတစ်ယောက်ပင် မရှိ။ ဒါကို မိုးဝါယုံခဲ့သည်။ ညမိုးချုပ်စ လက်ပံတန်းတာခွင်



www.burmeseclassic.com

www.burmeseclassic.com



မှ ကြို့ပင်ကောက်သို့ (Express) ကားကြီးဖြင့် လိုက်ခဲ့သည်။ သူရမိုးက အုတ်ဖိုပြီးလျှင် ကြို့ပင်ကောက်ဆိုသည်ကို သိသည်။ မည်မျှနီးသည်ဝေးသည်ကိုမသိ။ အုတ်ဖိုတာဆုံရောက်၍ ခရီးသည်အချို့ ဆင်းသည်။ ရှေ့တွင် ကြို့ပင်ကောက်ရောက်တော့မည်။ အုတ်ဖိုမှ ကြို့ပင်ကောက်သို့သွားသောကားလမ်းမှာ ဂငယ်အဝိုင်းပုံဖြစ်၍ သင်မန်းကုန်းရောက်မှ ကြို့ပင်ကောက်သို့ သွားသော ကားလမ်းသည် ဖြောင့်သွားသည်။ ဒါကို သူရမိုး မသိပါ။ အုတ်ဖိုတာဆုံမှ ကားထွက်လျှင် ရှေ့သို့ လှမ်းမျှော်ကြည့်မိသည်။ ထိုအချိန်က အုတ်ဖိုတာဆုံနှင့် သုံးမိုင်ခန့်ဝေးသော ကျွန်းကုန်းရွာ ကျွန်းကုန်းဘုရားကြီးတွင် မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်၍ လွန်စွာစည်ကားနေသော အချိန်။ ဘုရားကြီးမှ မီးများ တရားစခန်း မီးများ၊ လမ်းမီးများ ထွန်း၍ထားသည်မှာ မြို့ကလေးတစ်ခုပမာ။ သုံးမိုင်ခန့်ဝေးသော်လည်း ကားလမ်းမှာ ဂငယ်ကွေ့ဖြစ်နေ၍ ကားပေါ်မှ လှမ်းမြင်နေရသည်။

သူရမိုး စိတ်ပူသွားသည်။ ကြို့ပင်ကောက်ဟု ထင်သည်။ ကြို့ပင်ကောက်ရောက်လို့ မဖြစ်။ မရောက်ခင် စာရင်းရှင်းရမည်။ ကားဆရာကို ကားရပ်ခိုင်းလိုက်သည်။ ကားရပ်ပေးသည်။ နှစ်ယောက်သား ကားပေါ်မှ ဆင်းသည်။ လ၏အရောင်က အလင်းရောင် အနည်းငယ်ရသည်။ လမ်းသွားရုံတော့ အဆင်ပြေသည်။

"အစ်ကို ရောက်ပြီလား၊ ဒါမြို့လဲ မဟုတ်ဘဲနဲ့"

"မဟုတ်ဘူးလေ မိုးဝါ၊ ဒီနားကရွာမှာ အစ်ကို့ အစ်မတစ်ယောက်ရှိတယ်။ အဲဒီမှာ အိပ်ပြီး မနက်မှမြို့ထဲသွားမယ်။ ညကြီးအချိန်မတော် အလုပ်မဖြစ်ဘူး။ နားနားနေနေပေါ့"

သူရမိုး အတည်ပေါက်နှင့်လိမ်လိုက်သည်။ ကားလမ်းကိုကျော်၍ ဆီးပင်လေးများ ပေါက်နေသည့် နေရာလွတ်ကလေးတွင် နှစ်ဦးသား ထိုင်လိုက်သည်။ ဆီးပင်အောက်ပင်ဖြစ်သော်ငြားလည်း ဆီးသီးများ ကောက်စားသဖြင့် မြေတလင်းမှာ ပြောင်နေသည်။ ကာမဘီလူးက သူရမိုးကို ဝင်ပူးလေပြီ။

"ချစ်တယ် မိုးဝါရယ်"

ပါးစပ်က ပြောပြီး မိုးဝါကိုယ်လုံးကို သိုင်းဖက်လိုက်သည်။

"အစ်ကိုကလဲ လမ်းသွားရင်း၊ တော်ကြာအိမ်ရောက်တော့မယ်ဟာကို"

"မိုးကလဲကွာ ညီသည်ကို အိမ်ဦးခန်းမှာ သိပ်ရင် ဘယ်လိုလုပ်မလဲ၊ အိမ်ကလဲ ကျဉ်းမှန်းမသိ ကျယ်မှန်းမသိ ဒီမှာက လွတ်လွတ်လပ်လပ်"

သူရမိုးက ပတ်ချွဲနှစ်ချွဲနှင့် မိမိဆန္ဒကို ရယူလိုက်သည်။ မိုးဝါက မောပန်းစွာနှင့် ပက်လက်အနေအထား။ အကြွဲသမား သူရမိုးက ဓားမြှောင်ကို ဆွဲထုတ်ပြီး မိုးဝါ၏ လည်ပင်းကိုလှီးလိုက်သည်။ မိုးဝါက သွေးရူးသွေးတမ်းဖြင့် လက်ကိုဖမ်းဆွဲထားပြီး ကြောက်လန့်တကြား စူးစူးဝါးဝါး အသံနက်ကြီးဖြင့် အော်သည်။ ခြေနှစ်ချောင်းကလည်း သူရမိုးကို ကန်နေသည်။ သူရမိုးက ဖမ်းဆွဲထားသော လက်မှ ရုန်းကန်ရင်း နီးစပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဓားဖြင့်ဆင့်ကာ ဆင့်ကာ ထိုးမိသည်။

ဒီနေရာတွင် မိုးဝါ အလောင်းထားလို့မဖြစ် လူမြင်သာသည်။ မျက်ကွယ်တစ်နေရာ ရွှေ့ပြောင်းရမည်။ နံဘေး ပတ်လည်နေရာကို ကြည့်တော့ ကိုင်းပင်များအကြား ရွှေ့ပြောင်းထားရင်ကောင်းမည်ဟု ဆုံးဖြတ်ကာ အလောင်းကို ရွှေ့ပြောင်း၍ သစ်ခက်တို့ကို ချိုးကာဖုံးအုပ်ခဲ့သည်။ ကျူးလွန်သော ဓားမြှောင်ကိုလည်း အနီးအနား တွင်လွှတ်ပစ်ခဲ့သည်။အချိန်မည်မျှ ကြာသွားသည်မသိ။ ကားလမ်းကို ပြန်တက်၍ နောက်ကြောင်းသို့ ပြန်လျှောက်လာရာတွင် တစ်မိုင်ခန့်အကွာ အုတ်ဖို တာဆုံသို့ ရောက်ခဲ့သည်။ အုတ်ဖိုနှင့်မိုးညို နီးသည်ဖြစ်၍ ပြန်လျှင် ရောက်သည်ကို သူရမိုး သိသည်။ တာဆုံမှ အုတ်ဖို-အုတ်ဖိုမှတက်ဆွဲ၊ တက်ဆွဲမှ မိုးညိုသို့ပြန်ခဲ့သည်။ မည်သူမျှ မရိပ်မိကြ။ သူရမိုး ခရီးထွက်နေကျ သုံးလေးရက် ပြဿနာမရှိ။ မည်သူမျှ မသိကြပါ။

"အဖြစ်ကတော့ ဒါပါပဲ ဗိုလ်ကြီး"

"ဒါနဲ့ မင်းလာပြီး အဖမ်းခံမယ်ဆိုတာ ဘာဖြစ်လို့လဲကွ"

"ဒီလိုပါဗိုလ်ကြီး၊ ကျွန်တော် ဆိတ်တွေ မွေးပါတယ်။ အဲဒီ ဆိတ်တွေကို ကျွန်တော် အိမ်အောက်မှာ စင်နဲ့ထားတယ်။ ကျွန်တော်တို့ အိပ်တဲ့ နေရာအောက်တည့်တည့်မှာ ထားတာ။ ကျွန်တော် အိမ်ပြန်ရောက်လို့ လေးရက်လောက်အထိ ဘာမှ မထူးခြားဘူး။ အဲဒီနောက်ပိုင်း ညတိုင်းညတိုင်း မိုးဝါကို သတ်ခဲ့စဉ်က မိုးဝါ အော်တဲ့အတိုင်း ဆိတ်တွေက တစ်ကောင်ပြီး တစ်ကောင် အော်နေတာ။ အရမ်းကြောက်ဖို့ကောင်းတာ။ ကျွန်တော်လဲ မနေရဲတော့ဘူး"

စခန်းမှူးက အဓိပ္ပာယ်ရှိစွာဖြင့် ဒုရဲအုပ် ကောင်းခန့်ကို ကြည့်လိုက်သည်။ ဒုရဲအုပ် ကောင်းခန့်က နားလည်လိုက်ပါသည်။ သေသူ မိုးဝါ၏ အလောင်းကို ခေါင်းမှကိုင်ကာ-

"ဟဲ့ ကောင်မလေး၊ နင့်အမှု နင်ဖော်၊ နင့်အမှု နင်ဖော်"

ဟု သုံးကြိမ်ဆိုခဲ့သော ဂမ္ဘီရပညာ မည်မျှ ထိရောက်ကြောင်းကို ကြွားလိုက်ခြင်းပင်ဖြစ်သည်။ ဒုရဲအုပ် ကောင်းခန့် ပြုံးမိသည်။ ဂမ္ဘီရပညာ စွမ်းသည် မစွမ်းသည်တော့မသိ၊ တကယ်ပင်ပန်းခဲ့သည်ကတော့ ဒုရဲအုပ် ကောင်းခန့်ကိုယ်တိုင် မဟုတ်ပါလား။

အထက်လူကြီးများက ထိုအမှုကို စိတ်ဝင်စားကြသည်။ ဆေးရုံပို့၊ ဆေးရုံမှတစ်ဆင့် မြှုပ်နှံခဲ့သော အလောင်းကို ပြန်စစ်ဆေးရန် တစ်ခါပြန်ဖော်ပေးရပြန်ပါသည်။ ဤအမှုနှင့် ပတ်သက်၍ လူသတ်၊ လူသေ၊ မုဒိမ်း အမှုသုံးမျိုးဖြင့် သူရမိုးကို တရားရုံးတော်မှ သေဒဏ်ကျခံ စေခဲ့သည်။

(အုတ်ဖိုမြို့နယ်၊ လင်းနို့ခုံ လူသတ်မှု ဖြစ်ရပ်မှန် ဖြစ်ပါသည်။ အမည်များလွှဲပြောင်းထားပါသည်)

ချစ်ကံငယ်



www.burmeseclassic.com

www.burmeseclassic.com



တင်လှ၊ ရင်လှတဲ့
ကောင်မလေးတစ်ယောက်ရဲ့
ရင်နင့်ဖွယ် ဇာတ်လမ်းတစ်ပုဒ်

# တင့်လှ၍
# တင်လှတုဒေါ်သခင်

တွင်းကြီးသား (တင်ဝင်းဦး)



www.burmeseclassic.com

www.burmeseclassic.com



## တင်,လှ၍
## တင်လှဟုခေါ်သည့်
## တွင်းကြီးသားတင်ဝင်းဦး

တင်လှ..။

တင်လှတဲ့ ... နာမည်က ယောကျ်ားလေးနာမည်မျိုး။ ဒါပေမယ့် မိန်းကလေးအမည်။ အရပ်ခေါ် ရွာခေါ်ကတော့ မိတင်လှ။ အချို့ကတော့ တင်င.။ အချို့ကတော့ မတင်လှ။ ဘယ်သူတွေဘယ်လိုခေါ်ခေါ် မိန်းကလေးကတော့မိန်းကလေးပါပဲ။ အမျိုးသမီးဟာ အမျိုးသမီးပဲလေ။ ဒါ ညီ့ အမြင်။ ဟုတ်ပါသည်။ တင်လှသည် အမျိုးသမီး။ အပျိုဖော်ဝင်စ မိန်းကလေး။ တင်လှကိုမြင်ရတိုင်း ရင်ဖိုရသည့်ရက်တွေ၊ တိတ်တခိုး ကျိတ်ဆွေးရသည့်နေ့တွေက မနည်း မနောတော့။ ကြာလေကြာလေ ခိုင်မြဲလာလေ ဖြစ်သည်။ ယခုရင်ထဲက အမည်မသိဝေဒနာကို ခွဲခြမ်းစိတ်ဖြာမှု မပြုရဲသေး။

အကာယ်၍များ ညီ၏ တင်လှအပေါ် ချစ်ခဲ့ရတာကို တင်လှသိအောင် အဘယ်လိုများ ရင်ဖွင့်ပြရမည်နည်း။ ညီ့အနေဖြင့် ရင်ဖွင့်ပြဖို့ သတ္တိမရှိ။ အရဲမစွန့်ရဲသေး။ သေးသိမ်လွန်းသည့် မိမိဘဝကိုက မကျေမနပ်နှင့် ရှေ့တိုးဖို့ နောက်ဆယ်လှမ်းဆုတ်သည့် ဆင်ရိုင်းလိုနေရဦးမည်ကအမှန်။ ညီ့အနေဖြင့်ကတော့ တင်လှကိုမြင်ရတိုင်း တသိမ့်သိမ့်ခုန်သည့်ရင်ထဲက လှုပ်ရှားမှုများကို ချိုးနှိမ်ထားရမြဲ။

ကြည့်လေ။

မနက်ခင်း တောသွား။ မြက်နုတ်သည့်အခါမျိုး၊ ပေါင်းပေါက်သွားသည့် အခါမျိုး၊ ဝါကောက်၊ ငရုတ်သီး ဆွတ်ရသည့် အခါမျိုး၊ ကောက်စိုက်ထွက်သည့်အခါမျိုးတွေဆိုရင် တင်လှနှင့် အမြဲဆုံခဲ့သည်။ တင်လှသည် တောရက်ဖျင် ဝါနုနုအရောင်ကို လက်ရှည်ချုပ်ပြီး ဝတ်ထားသလို၊ ကျောက်တန်းရက်ထည် ပတ်လည်အဆင်ကို ရွေးပြီး ထဘီဝတ်ထားသည်မို့လား။ ပြီးတော့ ရှင်မတောင်သနပ်ခါးကို အောက်ခံအဖြစ်ထူထူလူးခဲ့၏။ ပြီး ဘယ်ညာပါးနှစ်ဖက်မို့မို့ရဲရဲပေါ်ကို အောက်ခံသနပ်ခါးထက် ထူထူဖို့ပြီး လူးပြီးပါးကွက်ဖော်ကာ ဘီးနှင့်ခြစ်ဆွဲလိုက်သေးသည်။ နောက်ဖြောင့်စင်းလွန်းပြီး လှပလွန်းသော နှာတံပေါ်ကို နှာကျား ကျားလိုက်သေးသည်။ ထိုအကျား သနပ်ခါးအပေါ်မှ အသားဘီးနှင့် အထက်အောက် ဆွဲခြစ်လိုက်သေးသည်။

ဒီတော့ တင်လှကို တကယ် စေ့စေ့ကြည့်လျှင် အညာချော၊ တောချော ချောသည်ဟု ညီ တရားသေယူဆသည်။ ညီသြာမဟုတ်။ တင်လှချောကြောင်းကို တစ်ရွာလုံး တစ်ရပ်လုံးက ဂနိုကွက်မဲ မရှိထောက်ခံထားကြသည်မို့ ညီဝမ်းသာပါသည်။ ကပိုကရိုနှင့် ရေချိုးခါနီးအချိန်၊ မနက်စောစော အိပ်ရာထပြီးအချိန်တို့တွင် တင်လှသည် ပိုပြီးလှသည်။ ရှိပါစေတော့ ပြောရလျှင် တင်လှသည် အချိန်ပြည့်လှနေသည်ချည်းပဲဟု ထင်သူက ညီ။

~~~~~

ညီ တစ်ယောက် ထင်းခုတ်ဓားတစ်လက်ကို ခါးထိုးလိုက်သည်။ စုတ်ပြဲစပြုပြီ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဖြစ်သော ဝါးဖတ်ခမောက်ကို ဆောင်းလိုက်သည်။ ပုဆိုးကို တိုသည်ထက်တိုအောင် ပြင်ဝတ်လိုက်ပြီး ရေကိုအဝသောက်လိုက်၏။ ရေသောက်အပြီး ဆေးရွက်တစ်ဖတ်ကို ဝါးလိုက်ပြီး အဖေနှင့် အမေကို နှုတ်ဆက်လိုက်သည်။

"အဖေ ကျုပ် ထင်းခုတ်သွားမလို့"

ဟု ပြောလိုက်၏။

အဖေနှင့် အမေက ခေါင်းညိတ်ပြရင်း မောင်းဆက်ထောင်းနေကြသည်။ ညီုက ထင်းခုတ်၊ ခုတ်ပြီးထင်းကို ရွာထဲမှာရောင်းသလို ဈေးထဲမှာလည်း ရောင်းရ၏။ မိဘနှစ်ပါးကတော့ အိမ်ရှေ့ မန်ကျည်းပင်အောက်မှာ မုန့်ကြက်လိပ်လုပ်ရောင်းသည်။ ယခုမနက်ဖြန်မုန့်ရောင်းရန် မုန့်မှုန့်ထောင်းနေခြင်းပင်။ ညီုက အဖော်များ



ဖြစ်ကြသည့် အေးမောင်၊ ခွေးညီုတို့ကို အဖော်ခေါ်ပြီး ထင်းခုတ်ထွက်ခဲ့ကြသည်။ အေးမောင်နှင့် ခွေးညီုကလည်း ငညီုလို ထင်းခုတ် ရောင်းချကြရသူ။

နာရီဝက်အကြာ ရှားတောကိုရောက်ခဲ့သည်။ ထိုရှားတောသည် ပိုင်ရှင်မရှိ။ ခုတ်ချင်သူခုတ်၊ လှဲချင်သူလှဲနိုင်သည့် ပိုင်ရှင်မဲ့ရှားတော။ ထိုရှားတောနှင့် ညီုတို့ဘဝ အသက်ဆက်ခဲ့ကြသည်က နှစ်ချီပြီးကြာခဲ့သည်။ ညီုတို့ပင်မက တစ်ရွာလုံးက ထိုရှားတောကို အားပြုပြီး ထမင်းဟင်းချက်ကြရ၏။ ရွာနှင့်ရှားတောနှင့်က မိုင်ဝက်ခန့်ဝေးသည်။ တောနက်သလို ချုံပုတ်များ၊ မြက်ရိုင်းတောများ လွှမ်းထားသည်။ ပြီးတော့ တောင်ကုန်းတောင်ဆင်းတွေ၊ ချိုင့်ဝှမ်းတွေ၊ နောက်–ရေချိုင့်တွေကလည်းရှိသေးသည်။ ရှားတောနေရာသည် တနယ်မြေ သဲတောမြေမဟုတ် ကျောက်စရစ်မြေတွေ၊ မြေနီမြေကျွတ်တွေ သာဖြစ်သည်။ အခြားသီးနှံပင် စိုက်ပျိုးလို့မရနိုင်။ ချုံပင်၊ မြက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းပင်၊ ဆူးဖြူပင်သာ ရှင်သန်နိုင်ပြီး အချို့နေရာတွင် ထန်းပင်သာ ပေါက်ကြသည်။

တောထဲဝင်ခဲ့ကြ၏။ ပုဆိုးပြင်ဝတ်ပြီး မနားနိုင်။ ရှင်သန်နေသည့် ရှားပင်ထက်ခြောက်သွေ့ပြီး လဲကျသည့်အအပင်၊ ဒါမှမဟုတ်သေနေသည့် ရှားပင်များကို ရှာပြီးခုတ်နေကြ၏။ နာရီဝက်အကြာ တစ်ရွက်စာစီရသည်။

ထိုအချိန် စကားစတင်ပြောလာသူက အေးမောင်။

"ညို မင်း တင်လှကို စိတ်ဝင်စားနေတယ်ဆို"

မထင်မှတ်သောအရပ်မှ မထင်မှတ်သောစကားပြောလာ၍ ဘာဖြေရမှန်းမသိအောင် ရှက်နေမိသည်။ ရှက်သည်ဆိုခြင်းထက် သိမ်ငယ်မိ၍ အားငယ်မိသည်ဟုဆိုချင်ဆိုရ၏။ အေးမောင်က မေးရင်းပြုံးသလို၊ ခွေးညိုက ညို့အဖြေကို မျှော်ရင်း ပြုံး၏။ ပြုံးရင်းပြောသူက ခွေးညို။

"အေးမောင်ကလဲကွာ၊ ညိုက တင်လှကို ဟိုငယ်ငယ်လေးကတည်းက ကြိုက်နေတာကွ။ မင်းမှတ်မိသေးလား။ ငါတို့ဘုန်းကြီးကျောင်းနေတုန်းကလေ။ ရွာထဲဆွမ်းခံထွက်တိုင်း တင်လှအိမ်ရောက်ရင် ဆွမ်းတော်ဖို့လို့အော်ပြီးတိုင်း တင်လှရှိသလားလို့ တင်လှ အမေကို မေးခဲ့တာကွ"

"ဟာ ဟုတ်ပြီ မှတ်မိတယ်၊ မှတ်မိတယ် ဟဲဟဲဟဲ"

ခွေးညိုစကားကြောင့် အေးမောင်က ရယ်ရင်းပြုံးရင်း ပြောသည်ထိ ညိုက ဘာမျှမပြောနိုင်သေး။ သူငယ်ချင်းတွေပြောမည်ဆိုက ပြောစရာ။ ငယ်ငယ်ကလေးတည်းက တင်လှအပေါ်စိတ်ဝင်စားခဲ့သည်ဆိုလျှင် လွန်အံ့မထင်။

"ဟုတ်တယ် အေးမောင်ငါ တင်လှကို ..."

စကားကို ဆုံးအောင် မပြောခဲ့။ ထင်းချောင်းများကို စည်းပြီး လျှော်နှင့်ထုံးကာ ခေါင်းရွက်ပြီးရွာဆီပြန်ခဲ့၏။ ရွာအဝင်တံခါးပေါက်အရောက်မှာတော့ တွေ့လိုက်ရသည့်တင်လှကြောင့် ဝမ်းသာသွားသူက ညို။

"ဟင် တင်လှပါလား"

ဟု နှုတ်ကရေရွတ်လိုက်၏။ တင်လှက ရွာထဲက ကောင်မလေးအချို့နှင့်စကားပြောရင်း ရပ်နေကြ၏။ ညိုတို့ကိုမြင်ပုံမရ။ အပြာမ်းဟု ချောင်းသံပြုကာထင်းစည်းနှင့် ဆက်ခဲ့ကြ၏။ အိမ်ရောက်တော့ ထင်းစည်းကို စည်းရိုးဘေးချ၊ အိမ်ထဲဝင်လိုက်သည်။ အမေက ညိုကိုကြည့်ရင်း ပြောလာသည်။

"လူလေး တင်လှ ရန်ကုန် လိုက်မလို့တဲ့"

~~~~~

"ညို တင်လှ ရန်ကုန်အလုပ် လိုက်လုပ်မလို့တဲ့"

အမေက ကြိုတင်ပြောထား၏။ တင်လှ ရန်ကုန်လိုက်တော့မည်ဆိုသည့်အကြောင်း တွေးနေမိဆဲမှာ အေးမောင်က အိမ်ရောက်လာပြီး ထပ်ဆင့်ပြောလာသည်။ အနာပေါ်တုတ်ကျ၊ အူနုကျွဲခတ်သည်ထက် နာကျင်သော၊ တိတ်တခိုးဝေဒနာနှင့်ခံစားရင်းမှ ပိုပြီး နာကျင်ခံခက်ဖြစ်ရ၏။

"အင်း...ငါနဲ့ ဘာဆိုင်တာမှတ်လို့ကွာ"

ဘာမှ မဖြစ်သလိုမျိုး ပြောမိသည်။ ဟန်ဆောင်အ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ပြော၊ ဟန်ဆောင်အပြုံးမှန်း အေးမောင်သိသည်။

"မင်းကလဲကွာ သူရန်ကုန်မဆင်းခင် ချစ်ခွင့်ပန်လိုက်ပြီးတာပဲ"

"အိုကွာ သူက ဆင်းရဲပေမယ့် ကွမ်းတောင်ကိုင်အပျိုစာရင်းဝင် ပန်းတစ်ပွင့်ကွ၊ ငါ့ကိုချစ်မှာမဟုတ်ဘူး။ စိတ်လဲဝင်စားမှာ မဟုတ်ဘူးကွ"

"အချစ်ဆိုတာ မမြင်နိုင်တဲ့အရာပါကွာ။ တင်လှက မင်းပုံစံကြည့်ပြီး သူ့အပေါ်စိတ်ဝင်စားနေတာသိရင် ကြည်ဖြူချင်ကြည်ဖြူမှာကွ"

အေးမောင်စကားကြောင့် ညို ခေါင်းယမ်းသည်။

"အဲဒီ မမြင်နိုင်တဲ့ အချစ်ဆိုတဲ့အရာကြောင့်ငါကြောက်တာ၊ ချစ်ခွင့်ပန်လို့မချစ်ဘဲ မုန်းသွားရင်"

ညိုဆက်ပြီး မပြောရဲ။ ပြောဖို့သတ္တိမရှိ။ အေးမောင်က–

"မင်းစဉ်းစားပေါ့ကွာ၊ တင်လှကို စိတ်ဝင်စားတာမင်းမှ မဟုတ်ဘူး ရွာထဲက လယ်ယာရှိသူရော၊ မင်းလိုငါလို အလုပ်သမားရောကွ၊ တ– –က သိပ်ချောတာနော်။ ပြီးတော့ ခန္ဓာကိုယ်အချိုးအစားက သိပ်ပြီး ပြေပြစ်တာမင်းမှတ်မိသေးလား။ တမြန်မနှစ်က အလှူပွဲမှာ ပွဲပါတော့ တစ်ရွာသားတွေ ပွဲလာကြည့်ကြတာလေ။ အဲဒီအချိန် တစ်ရွာသားတွေက တင်လှအပြုံး၊ တင်လှ အလှ၊ တင်လှ အချိုးအစားပြေပြစ်တာတွေမြင်တော့ ချစ်ကြိုက်ကြောင်းပြောတာလေကွာ၊ ရွာသားတွေနဲ့ ရိုက်ပွဲတောင်ဖြစ်လိုက်သေးတာလေ"

"အင်း. . ." ဟု ခပ်တိုတိုပြောရင်း ညိုတွေး၏။ အေးမောင်ပြောတာမှန်သည်။ ထိုရိုက်ပွဲမှာ ညိုခေါင်းဆောင်ပြီး တစ်ရွာသားတွေကို ရိုက်ခဲ့ခဲ့ဖူးသည်။ ရိုက်ပွဲဖြစ်အပြီး တစ်ရွာသားတွေက မလျှော့။

"အေးပေါ့ကွာ ဒီကောင်မကို အရယူပြမယ်။ ဒီနယ်တစ်ဝိုက်မှာ တင်လှလိုချောတာ၊ တင်လှရဲ့ခန္ဓာကိုယ်အချိုးအစားပြေပြစ်တာ မရှိသေးဘူး" ဟူ၍ မကြားနိုးနိုး ပြောခဲ့သေးသည်။ တစ်ရွာသားတွေပြောသလို တင်လှက ချောမောသည့်အပြင် ကိုယ်အချိုးအစားပြေပြစ်သည်။

အထူးသဖြင့် –

တင်လှကိုယ်လုံး အလှမှာ အစွဲမက်ဆုံးက တင်လှနောက်ကျောက တင်၏ အလှ၊ ရင်၏အလှတဲ့။ ခေတ်စကားလား၊ မခေတ်စကားလား ညိုမသိ။ တောသားဆိုတော့ နားမလည်။ မတင်လှလို့ခေါ်တဲ့တင်လှတစ်ယောက်က တင်,လှသည်။ ရိုင်းရိုင်းပြောရလျှင် တင်ပါးဆုံနှစ်ခုက လှသည်တဲ့။ သွားလာလှုပ်ရှားတိုင်း တင်လှ၏ တင်ပါးဆုံနှစ်ခုက နိမ့်ချည်မြင့်ချည်၊ လှုပ်ချည်ခါချည်၊ နွဲ့ချည်ယိမ်းချည်တဲ့။ အပျိုစစ်စစ်တင်ပါးဆုံတဲ့။ မိန်းမကောင်းတို့ရှိအပ်သည့်တင် (တင်ပါးဆုံ)တဲ့။ အဲ ညိုကတော့ တင်ပါးဆုံလှတာ၊ ရင်အစုံလှတာ မသိ။ ချစ်တာတော့ချစ်တာ။ စွဲမိတာတော့စွဲမိတာပဲ။

"ကဲ အဆွေးကိုယ်တော်၊ ကိုယ်ပြန်မယ်ကွာ၊ ငါက စေတနာနဲ့ ချစ်တယ်လို့ ရင်ဖွင့်စေချင်တယ်။ မင်းကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ပပဝတီတောင် ညားသေးတာ ဝဲ''

အေးမောင်ပြောရင်း ပြန်သွား၏။ အေးမောင်ကို ခေါင်းညိတ်နှုတ်ဆက်လိုက်၏။ အသံထွက် နှုတ်မဆက်တော့။ ညိုမှာ အတွေးနယ်ချဲ့နေဆဲ။ တင်လှသည့် တင်လှအကြောင်း။ ရင်လှသည့် တင်လှအကြောင်း

တကယ်တော့ တင်လှသည် ညို့ဘဝလို ဆင်းရဲသားမိသားစုကလာခဲ့သူ။ ညိုသည် မွေးချင်းနှစ်ဦး။ အစ်မဖြစ်သူက အိမ်ထောင်ကျပြီး သူ့အိမ်ထောင်နှင့်သူ။ ညိုက လူပျိုလူလွတ်မို့ မိဘနှစ်ပါးနှင့် ကျန်ရစ်ခဲ့၏။ ထို့အတူ တင်လှမှာ မွေးချင်းလေးဦး။ တင်လှ အစ်မ တင်မြနှင့်အေးမြတို့က အိမ်ထောင်ကျသွားပြီ။ မိဘနှင့် အတူနေသည်က တင်လှ၊ အငယ်ဆုံးကျင်မြ။ ယခု တင်လှအသက်က ညိုနှင့်အသက်တူ၊ ညိုက နှစ်လခန့်သာကြီးမည်။ အသက်နှစ်ဆယ်ထဲ ဝင်ခဲ့ကြပြီ။

ငယ်စဉ်ကတော့ ဘုန်းကြီးကျောင်းနေခဲ့ပြီး အတန်းကျောင်း အတူတက်ခဲ့သည့် အချိန်၊ ညိုနှင့်တင်လှသည် တစ်တန်းတည်း။ တစ်ခန်းတည်းနေခဲ့ရသည်။ ညိုကတော့တင်လှ မျက်နှာသာပေးရေးအတွက် ရွာဦးကျောင်းထဲက ခရေပွင့်တွေကို ကောက်သည်။ ပြီးတော့ အိမ်မှာစိုက်ထားသည့် စံပယ်ပန်းများကို ခူးပြီး သီပေးသည်။ ကျောင်းရောက်တိုင်း ပန်းလက်ဆောင်ပေးခဲ့သည့်ညို။ ညို၏ အရိပ်အကဲကို တင်လှသိမည်ထင်သည်။ ညိုသည် ပန်းပေးရုံမက ကျောင်းစာကအစ၊ ခဲတံ ချွန်တာအထိ။ ပြီးတော့ မိုးရွာလို့ထီးမပါသည့် တင်လှကို ညိုက အပေါ်အင်္ကျီ ချွတ်ဆောင်းပေးခဲ့ဖူးသည်။ ဒါတင်မက ကျောင်းနှင့် ရွာအကြား ချောင်းရိုးကလေး ရေဂေ့ ‌သို့ တင်လှ မကူးရဲလျှင် မြေစိုင်ခဲများ သယ်ပေးပြီး တင်လှကူးဖို့အထိ ပြုလုပ်ပေးခဲ့ဖူး၏။

ဒီလုပ်ရပ်တွေက နှစ်တန်း၊ သုံးတန်း၊ လေး ငါးခြောက်တန်းအထိ။ အဲ ခုနစ်တန်းစရောက်တော့မှ စီးပွားရေးအခြေအနေအရ ကျောင်းထွက်ခဲ့ကြရသည်။ ညိုကလည်း အရပ်သားဖြစ်၊ တင်လှကလည်း အရပ်သူဖြစ်။ ညိုက နွားအငှားကျောင်း၊ ကျွဲအငှားကျောင်းသလို၊ ပေါင်းပေါက်၊ ထင်းခုတ်လုပ်ရ၏။ တင်လှအနေဖြင့်ကလည်း မိဘနှစ်ပါးကို ထမင်းဟင်းကူချက်တန်ချက်။ တောထွက်တန်ထွက်။

အဆက်အသွယ်ကတော့ မပြတ်ခဲ့။ တစ်ခါတစ်ရံ ရွာဦးကန်မှာ ရေခပ်စဉ်ကြုံခဲ့ကြ၏။ ရေခပ်ဖို့အလာကြုံသလို ရေခပ်ပြီး အပြန်လည်းဆုံသည်။ ရေထဲဆင်းရေခပ်ပြန်တော့ တင်လှရေအိုးကိုယူပြီး ညိုကိုယ်တိုင် ရေထဲသို့နှစ်၊ နှုတ်ခမ်းပေါ် လျှံကျသည့်ရေများကို လက်နှင့်သပ်ချပေးပြီး တင်လှခေါင်းထက်က ခေါင်းမြီးခုပေါ်အထိ ပင့်တင်ပေးခဲ့ဖူး၏။ ရေအိုးပင့်ပေးရင်း လိုက်လှဲစွာပြုံးပြဖူး၏။ ထိုစဉ်ကတည်းက ညိုအပြုံးထဲတွင် လျှို့ဝှက်ချက်တွေပါ၏။ လေးနက်မှုတွေပါ၏။ ဖော်ပြခြင်း မစွမ်းသည့် ဝေဒနာအပိုင်းအစတွေပါ၏။

''တင်လှရယ် နင့်ကို ငါချစ်နေမိပြီဟ''



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကပင် လူမသိအောင် ပြောဆိုခြင်းနှင့် ရသေ့စိတ်ဖြေဖြေခဲ့ရသည်။ တင်လှကတော့ ညို့ အရိပ်အကဲ သိမည်လား၊ မသိသည်လား မသိနိုင်။ ညိုကတော့ တောထဲမြက်နုတ်မှာဆုံကြတိုင်း၊ ရေ့တ်ခင်းတစ်ခင်းထဲမှာ အတူပေါင်းပေါက်ရတိုင်း၊ လယ်တစ်ကွက်ပျိုးအတူစိုက်ရတိုင်း ရင်ခုန်ရင်းနေခဲ့ရဖူးသည်။ ရွာထဲက လူတွေနှင့် အခြားရွာကလူတွေကတော့ တင်လှကို ကဲ့ရဲ့တာလား၊ မြှောက်စားတာလား မသိသောစကားတွေနှင့် စကြပြောင်ကြနောက်ကြ။

"ဟ... တင်လှက သိပ်လှလာပြီနော်"

"တစ်သားမွေး တစ်သွေးလှဆိုတာ ဒါမျိုးကွ"

"ဟာ ငါလခွီးမှုပဲ တင်လှက အပျိုကွ၊ ကလေးမှ မမွေးသေးတာ ဘယ်နှယ့်ကြောင့် တစ်သားမွေး တစ်သွေးလှဖြစ်ရမှာလဲ"

"ငါတော့ တင်လှအိမ်ထောင်ကျမှာစိုးတယ်ကွာ"

"ဟင် ဘာပြုလို့"

"ဟ ဘာပြုရမှာလဲ၊ တင်လှရဲ့ တင်ပါးဆုံကိုကြည့်ရတာ သိပ်ပြီးစွဲမက်စရာကောင်းတယ်ကွ။ တင်လှရဲ့ တင်မျိုး (တင်ပါးဆုံမျိုး) က ဒီနယ်တစ်ဝိုက်က မိန်းကလေးတွေမှာ မရှိတဲ့တင်ပါးဆုံမျိုးကွ။ ဒါကြောင့် အိမ်ထောင်ကျရင် မိန်းကလေး တင်ပါးဆုံက နိမ့်လျှောသွားတယ်တဲ့"

**မိဘဆွေမျိုးတွေက သဘောတူမှာ မဟုတ်ဘူးတဲ့။ ဒီလို ပြောတာတော့ တရားလွန် သည်ဟုတင်လှဘက်က အလေးသာပြီး စိတ်နာခဲ့သူက ညို။**

"ဟဲ ဟဲ ဟဲ ဒါဆို တင်လှကို အရယူပေါ့ကွာ။ မင်းပိုင်တဲ့လယ်ယာရွှေအချို့ကို အိမ်တင်တောင်းပြီး ယူပေါ့ကွာ"

"အိုကွာ ဒါတော့ မဖြစ်ဘူး"

"ဟင် ဘာပြုလို့"

"တင်လှက ဆင်းရဲတယ်လေ"

"ဝါး ဟား ဟား ဟား ဟား"

လူတွေက ရယ်ကြ၏။ မေးသူက ရယ်အပြီး ပြန်ပြောသည်။

"ငါလဲ တင်လှကိုစိတ်ကူးနဲ့ပဲ ယူကြည့်နေရတာကွ။ လက်တွေ့တကယ် ယူမယ်ဆိုရင် မိဘတွေက သဘောတူမှာ မဟုတ်ဘူးကွ"

"ဟုတ်တယ်ကွ၊ ငါလဲ တင်လှကို ငေးကြည့်ရင်းသာ ကျေနပ်နေရတာ၊ တင်လှကိုယူရင် ဆွေမျိုးတွေက သဘောကျမှာ မဟုတ်ဘူး"

ထိုလူတွေ၏ စကားဝိုင်းနားကို မယောင်မလည်ကပ်ရင်း ညိုနားထောင်ဖူးသည်။ ကြည့်စမ်း။ ဘယ်နှယ့်။ တင်လှကို ချောသည် လှသည်ဆိုရင်တော်ပြီပေါ့။ ဘာကြောင့်များ တပ်မက်မှု တဏှာတရားနှင့် ကာမအရောင်ခြယ်ပြီး ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြသနည်း။ လှသည်ဆိုရင် တော်ရောပေါ့။ ခုတော့လှသည် ချောသည်ထက်ပိုသည့်စကား တွေက ရှိင်းလွန်း၏။

တင်လှက တင်သား၊ တင်ပါးဆုံသားလှသည်တဲ့။ အဲ လှသည်ပဲထားဦး လက်တွေ့ယူ ဖို့ကျတော့ တင်လှက ဆင်းရဲ လို့တဲ့။ မိဘဆွေမျိုးတွေက သ ဘောတူမှာ မဟုတ်ဘူးတဲ့။ ဒီ လိုပြောတာတော့ တရားလွန် သည်ဟုတင်လှဘက်ကအလေး သာပြီး စိတ်နာခဲ့သူက ညီ။

တကယ့် တကယ် လက်ထပ်ယူချင်သူက ညီ။ လက်ထပ်ယူဖို့သွေးကြောင်သူ တွေစာရင်းထဲမှာ ညီမပါ။ ဖြစ် နိုင်လျှင် တင်လှမလှချင်နေ။ နွ ဝဲနေပါစေ။ ခြေလက်အင်္ဂါမစုံ ချင်နေ။ ညီကတော့ အချစ် ဆက်ရင်း မေတ္တာစစ်ခင်းကစား ပြချင်သူ။ ဒါက တင်လှအပေါ် ထားသည့် ညီ့အချစ်။ ညီ၏ သစ္စာတရား။

"တင်လှရယ် နင်ချော လှတာကို ငါလက်ခံပါတယ်။ ဒါ ပေမယ့် ပုရိသ ယောက်ျားတွေ ပြောတဲ့ ရမ္မက်တဏှာနဲ့ လွှမ်းပြီး ကြည့်တဲ့ တင်လှရဲ့အလှမျိုးနဲ့ မြှောက်ပင့်ကြတာကို နင် ဘဝင် မမြင့်စေချင်ဘူး"

~~~~~

တင်လှ ရန်ကုန်ကို ပါ သွားခဲ့တာ ဆယ်ရက်ရှိပြီ။ ညီ့ မှာ စားရအခက် အိပ်ရအခက် နှင့် မျောက်မီးခဲကိုင်မိသလိုမျိုး။ ငိုရမလို လူးလိမ့်နေရမလိုနှင့် ရင်နှစ်ခြမ်း အက်အက်ကွဲကွဲခဲ့ သည်ကအမှန်။ ရင်ထဲမှာ ပူးခ နဲ့ နင့်ခနဲ လှိုက်ခနဲ လှိုက်က နဲ့ တက်ဆောင့်လာသည့် ခံ စားချက်တွေက ရင်ထဲကို ငရဲ မီးနှင့် ထိုးနေသည့်အလား တင် လှသည် သင်တုန်းဓားဖြင့် ခွဲနေ သည့်အလား။

တောထဲ ထင်းခုတ် ထွက်ရတာ၊ လယ်ထဲပျိုးနုတ်ရ တာ၊ ရေတိခင်းမှာပေါင်းပေါက် လိုက်ရတာ။ တောထဲအခင်းတွေ ကြား မြက်နုတ်ရတာအထိ စိတ် မပါတော့။

ထင်းခုတ်ထွက်ချိန် တ ပေါင်းနွေနေပူပူအချိန်၊ ချွေးတ ဒီးဒီးကျကာ ထင်းခုတ်ပြန်တော့ လည်း တင်လှကို သတိရသည်။ ထင်းစည်းရွက်ကာ ရွာပြန်တော့ လည်း သတိရသည်။ မိုးတွေရွာ လို့ လယ်ပြင်ရေဖွေးပြီဆိုတော့ လည်း တင်လှကိုသတိရသည်။ မိုးရေတွေက ရှားတောကျောက် စရစ်ကုန်းများမှတစ်ဆင့် ရှား တောကိုဖြတ်ပြီး စီးသောရေအ လျဉ်ကိုကြည့်ရင်းလည်း တင်လှ ကို သတိရသည်။ တမန်းနှိုး အပြီး လယ်တွေစိုက်တော့လည်း တင်လှမရှိလို့ ခြောက်ကပ်ကပ်။

"ညီ့တော့ လူပြုစား သလားဟယ်"

"ဟုတ်ပါ့အေ ... တမှိုင်မှိုင်နဲ့"

"ညည်းတို့က မသိ၊ အေ့။ တင်လှ ရန်ကုန်သွားက တည်းကအေ့"

"အလို ညီ့က တင် လှကို ကြိုက်နေတာလား"

"အေး .. အေ့"

လယ်တွေ ရိတ်သည့် အချိန်က လယ်ရိတ်ရင်း ရွာထဲ က အေးမိတ့်အဖွဲ့က ညီ့ကြား အောင်အော်ပြောကြသည်။ မ စွမ်းရင်းကရှိ၊ ကန်းစွန်းခင်းနှင့် ငြိခဲ့သည့် ညီ့မှာ အပြစ်ရှိသူမို့ ဘာမှမပြော။ မချေပရဲ။

ကြာခဲ့ပြီ။ အခုတော့



www.burmeseclassic.com
~~~~~

www.burmeseclassic.com



တင်လှ မြို့တက်သွားတာ (၁) နှစ်ကျော်ခဲ့ပြီ။ မြို့က ပြန်လာသူတွေ ကိုတင်လှအကြောင်း စုံစမ်းရတာက အမော။ မေးရတာ တပင်တပန်း။

"တင်လှလေ အလုပ်ရနေပြီဟဲ့"

"ငါတို့နဲ့တော့ မတွေ့ရဘူး။ တွေ့တဲ့လူတွေကတော့ စားသောက်ဆိုင်မှာ နေသတဲ့။ လစာလဲ ကောင်းသတဲ့"

မရေရာသော အဖြေကိုသာ သိရင်။ နေရာတကျ မသိရ။ ဘယ်မြို့နယ်လည်း၊ လမ်းဘယ်လောက်လည်း၊ အထက်ဘလောက်လား၊ အလယ်ဘလောက်လား၊ အောက်ဘလောက်လားမသိ။ ပြီးတော့ ဆိုင်နံပါတ်သိဖို့ဆိုတာ ဝေလာဝေး။ ရန်ကုန်မြို့ဆိုတာ အမှတ်လမ်းတွေ အတိအကျသိမှ။ စားသောက်ဆိုင်မှာပဲလို့ ဆိုရုံနှင့် ခရေစေ့တွင်းကျ သိဖို့မလွယ်။ သို့ဖြင့် နှစ်,နှစ်အတွင်း ဝင်ခဲ့ပြီ။ (၂)နှစ်ပြည့်တော့မည်။ ဘယ်သူမှ လုံးစေ့ပတ်စေ့မသိကြ။ ညီ့ကတော့ စုံစမ်းရတာအမော။ မေးရတာအမော။

ဖြစ်နိုင်လျှင် လိပ်စာသိလျှင်၊ ရန်ကုန်မြေကို အပြေးလိုက်သွားမည်။ ဒါ ညီ့စိတ်ကူးယဉ်အိမ်မက်။ အိမ်မက်ဆိုလို့ မနေ့ညက အိမ်မက်မက်သည်။ အိမ်မက်ထဲမှာ တင်လှနှင့် တွေ့၏။ မြို့ကြီးသားကိုးထောင်ကျားတစ်ဖွဲ့က တင်လှကို ပြောင်ကြစကြ၏။ တင်လှက ရှုန်းကန်သည်။

နောက်ဆုံးမှာတော့

တင်လှကို ကိုးထောင်ကျားများက ....။

ထိုသို့ ညီ့အိမ်မက်မှ လန့်နိုးခဲ့၏။ အိမ်မက်က နိုးစဉ်မှာ တင်လှအတွက် ရင်ထိတ်ခဲ့ဖူး၏။ ဆွေ့ဆွေ့ခုန်ခဲ့ဖူး၏။ ရူးမတတ် ဖြစ်ခဲ့ရ၏။ တင်လှ အလှတရားများက တင်လှကို ငရဲတွင်း ကျဖို့ ဖွင့်ပေးခဲ့သော ပြယုဂ်များလား။ ညီ့ကွင်းများလား။ ညီ့ချက်များလားဟု ထင်မိသည်။

"တင်လှရယ် နင်ပြန်ခဲ့ပါလား"

ညီ၊ မရဲတရဲ ဆုတောင်းရင်း၊ ရွာအဝင်လမ်းကို မျှော်သည်။ ကားသံကြားလျှင် မျှော်သည်။ သို့သော် တင်လှ ပြန်မလာ။ မိဘထံလည်း အဆက်အသွယ်မပြု။ ညီမငယ် ကျင်မြမှာတော့ တောထွက်ရင်း မိဘနှစ်ပါးကို လုပ်ကျွေးနေရှာ ဆဲ။ တင်လှက ငွေကို ပို့ပေးမည်ဟု မှာထား၍ ငွေအပို့ စောင့်ကြ၏။ ငွေမလာ စာမလာသဘောနှင့် တင်လှသည် မိဘနှင့်ရွာကို မျက်ခြည်ပြတ်ထား၏။ တင်လှ အလုပ်ကို ဘယ်သူမှ မည်မည်ရရ အဖြူအမည်း မသိနိုင်ကြပြီ။

သို့နှင့် သုံးနှစ်ပြည့်ခဲ့ပြီ။

အို။ သုံးနှစ်သုံးမိုး၊ သုံးဆောင်း၊ သုံးနွေ ရှိခဲ့ပြီကော။ သုံးနှစ်ဟူသော အချိန်အတွင်း





www.burmeseclassic.com

www.burmeseclassic.com



အဆိုးအကောင်း ပြောင်းလဲချက်တွေက တင်လှအတွက် အိမ်မက်ဆိုးက လန့်မနိုးဘဲ၊ ညတာရှည်အိမ်မက်ရှည် ဖြစ်ခဲ့ရချေပြီကော ....။

"တင် တင်လှရယ်။ နင်လေ ... နင် ... နင် .."

~~~~~

"တင်လှ အဖမ်းခံရလို့တဲ့"

ဒီသတင်း စကားက ရှေ့ပြေးသတင်းစကား။ အဖမ်းခံရလို့ဟူသည့် သတင်းကြောင့် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်။ မကြာပါ။ သတင်းက ထပ်တိုးလာ၏။

"တင်လှ သတင်းက သတင်းစာထဲ ပါတယ်၊ မှုခင်းသတင်းထဲလဲ ဓါတ်ပုံတွေနဲ့ပါတယ်တဲ့၊ ဟော ... ဒီမှာ"

ညီညို့အိမ်ဘက် လာကြရင်းမှ အချို့ သတင်းစာကို ထုတ်ပြ၏။ အချို့က မှုခင်းဂျာနယ်၊ မှုခင်းရှုထောင့်ဂျာနယ်များကို ထုတ်ပြကြသည်။ ညီညို ဟန်မဆောင်နိုင်။ သတင်းစာကို ကြည့်သည်။ မှုခင်းဂျာနယ်ကို ဖတ်သည်။ ပြီး ဓာတ်ပုံကို ကြည့်သည်။ တင်လှ တစ်ဦးတည်း မဟုတ်။ အခြား အမျိုးသမီး ရှစ်ဦးတို့လည်း ပါသည်။

"တောက် ... တင်လှရယ် ... နင်လေ ... နင်.."

ရင်ထဲကပင် ပြောရင်း တောက်ပြင်းပြင်း ခေါက်သံပြုကာ သတင်းစာရွက်ကို လုံးချေမိနေသည်။ တင်လှအတွက် တင်လှမိဘနှစ်ပါးမှာ ငိုကြီးချက်မနှင့်။ ပဋ္ဌာမြေလူးဖြစ်ခဲ့ကြောင်း။ ကြည့်စမ်း၊ အမှုကပေါင်းခုံ ..။

မယုံကြည်နိုင်စရာလို့ ပြောလို့မရပြီ။ လက်တွေ့ဖြစ်ခဲ့၊ တရားပျက်ခဲ့ပြီဆိုတော့ ဥပဒေဆိုတာ တင်လှတို့အတွက် ချမ်းသာရာရမည် မဟုတ်တော့။ ကြည့်လေ။ အနှိပ်ခန်းတဲ့။ အနှိပ်ခန်းကို သတင်းအရ ဝင်ရောက် ဖမ်းဆီးသတဲ့။ ကေတီဗွီ သမားများကိုမိသတဲ့။ ပြီးတော့ အို ညီညို ဘာမှ မကြားချင်တော့။ ဘာ ကေတီဗွီမှန်းမသိ။ ညီညို အတွေးကတော့ အမျိုးသမီးတွေ စုခေါ်ထား၊ ညအိပ်ညဦ့နေ၊ ငွေကြေးချမ်းသာသူတွေ လာကြမည်။

ဒါဆိုရင် အဖြေကရှင်း၏။ နောက်ရက် မြို့ရောက်ဖူးသူ သူငယ်ချင်းတစ်ဦးက အနှိပ်ခန်းအကြောင်းကို ပြောတော့၊ ညီညို့ခေါင်းကို မိုးကြိုးရှစ်ချက်ခွင်းသည့်အလား။ ကြည့်စမ်း။ အနှိပ်ခန်းတဲ့။ ဖိမ်ခန်းတဲ့။ အနှိပ်ခန်းတွေက အခန်းကျယ်ထဲမှာ အတော်များတယ်တဲ့။ အခန်းထဲမှာ ကြိုက်တဲ့ မိန်းကလေးခေါ်၊ ခေါ်တဲ့မိန်းကလေးကယောကျ်ားတစ်ယောက်ရဲ့ ကျော၊ ပေါင်၊ ခြေသလုံးတွေကို လက်နုနုလေးတွေနဲ့ ဆုပ်နယ်ပေးရတယ်တဲ့လေ။

ညီညို ဘုရားတ၏။ ညကလည်းညှ၊ အမှောင်ကလည်း လွှမ်းထားမည်လား။ လုံးဝ အမှောင်မရှိနှင့်ဦး။ မီးစိမ်း၊ မီးပြာ ထွန်းထားသည်ပဲ ထားပါတော့၊ ကျားနှင့်မတို့ ခုတင်တစ်ခုထဲမှာ နှိပ်ပေးရသည်ဆိုတော့။

"သြော် တင်လှရယ်၊ အနှိပ်သည် လုပ်ချင်တာများ ရွာမှာ အနှိပ်သည်လုပ်လဲ ရတာပဲ၊ မဒ္ဒါးကြီးတို့၊ မဗျိုင်းတို့ မျက်မမြင်ဘဝနဲ့ အနှိပ်သည်လုပ်နေတာပဲဟာ"

ဟု ရိုးသားစွာ တွေးမိ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



၏။ တောမှာ နှိပ်သလို မြို့မှာ နှိပ်ပေးရတာက မတူလို့များလား။ ညွှို ဆက်တွေးသည်။

နှိပ်လည်း ပေးရသည်။ အရက်လည်း ငှဲ့ပေးရသည်။ ပြီးတော့ အနှိပ်ခံသူက မိန်းကလေးကို အရက်သောက်ခိုင်းသည်။ သတ်မှတ်ကြေးထက်၊ အခန်းထက်ရောက်လျှင် အပိုကြေး ပေးသွားကြသည်တဲ့။ ပြီးတော့ စိတ်ပါလို့ အပြင်တွေ့ကြရင်လည်း ရသည်တဲ့။

ဘုရား တလိုက်သည်။ ယခုတော့ ထိုအနှိပ်ခန်းကို နာမည်ပျက်နှင့် သတင်းမွှေးနေတော့၊ တာဝန်သိ လုပ်သားပြည်သူက သတင်းပေးခဲ့ပြီတဲ့။ သတင်းပေး တိုင်ကြားချက်အရ မြို့နယ်ရဲတပ်ဖွဲ့က ရှောင်တခွင်ဝင်ဖမ်းခဲ့ရာ၊ ပိုင်ရှင်နှင့် အမျိုးသမီးများ မိခဲ့၏။

ထိုအထဲ တင်လှလွန်းသည်ဆိုသော မိတင်လှပါသွားခဲ့ချေပြီ။ ညွှိုမှာတော့ တိတ်တခိုးချစ်ခဲ့ရသူ တင်လှအတွက် ဘယ်ကိုမှ ဖြေဆည်မရ။ ကျဆင်းလာသည့် မျက်ရည်များကို သုတ်လိုက်၏။ မျက်ရည်သုတ်ရင်းနှင့် စကားတစ်ခွန်းကြားလိုက်ရပြန်တော့ နာပြီးရင်းနာသည့် ရင်ထက် ဝေဒနာ ထုထည်သည် ပြင်းထန်စွာနှင့် ပွင့်ကွဲခဲ့ပြီ။

"ဟဲ့ . . ကြားရတာက မိတင်လှမှာ ဘယ်သူနဲ့ ရမှန်းမသိတဲ့ ကိုယ်ဝန်ပါသွားသတဲ့"

~~~~~

ကြာခဲ့ပြီ။

တကယ်တော့ မိတင်လှသည် ရန်ကုန်ရောက်ပြီး စားသောက်ဆိုင်မှာ နေခဲ့၏။ စားသောက်ဆိုင်မှ လုပ်သားတစ်ဦးနှင့် ချစ်မိပြီး အတည်ယူခဲ့ကြ၏။ တင်လှယောကျ်ားက တောသား။ ဒီတော့ အတည်တကျပေါင်းပြီး စီးပွားရေးရှာကြ၏။ အနှိပ်ခန်းက ဝင်ငွေကောင်းသည်ဟု အဆွယ်ကောင်းတော့ အနှိပ်ခန်းအလုပ်ကို ညမှာလုပ်၊ နေ့ခင်းမှာ အခြား အလုပ်ကို လုပ်ခဲ့သည်တဲ့။

တင်လှ အဖမ်းခံရသည်ဆိုတော့ လင်ဖြစ်သူက ကူညီမှု ပေးခဲ့သေးသည်။ သို့သော် တင်လှ ယောကျ်ားသည် အရှက်တကွဲဖြစ်ပြီး အရက်သမားလုံးလုံးဖြစ်ရာ၊ အရက်မူးမူးနှင့် ရထားလမ်းပေါ်အိပ်နေရာမှ ရထားကျိတ်သေခဲ့၏။ တင်လှမှာ ပညာပေး ဒဏ်ဆောင် သဘောနှင့် အချုပ်ထဲနေခဲ့ရသေးသည်။

နောက် တင်လှ သားလေးမွေးခဲ့သည်။ ကလေးမွေးအပြီး ညီမဖြစ်သူထံ ပို့လိုက်သည်။ တင်လှရွာကို ပြန်မလာတော့။ ပျော်မြူဖြစ်သည့် အနှိပ်ခန်းမှတစ်ဆင့် ဘဝပျက်အဆင့်မျိုးနှင့် ကျက်စားခဲ့ချေပြီ။ ယခုတော့ တင်လှလူ့ဘဝမှာ ရှိ မရှိ မသိတော့။ ညွှိုမှာတော့ လူပျိုကြီးဘဝနှင့် တင်လှ သားလေးကို ပျိုးထောင်ပေးရင်း၊ အသက်အရွယ်ကြီးခဲ့ချေပြီလေ။


ညွှိုဟု ခေါ်သည့် ကိုညွှိုကြီးသည် သူ၏ ကျောက်ပေါက် အမာအရွတ် အပြည့်ရှိသော မျက်နှာပြင်ထက်မှာ မျက်ရည်များကို သုတ်လိုက်၏။ အလို . . တစ်ဖက်လပ်နေသည့် မျက်လုံးအိမ်မှလည်း မျက်ရည်ကျနေပါပေါ့လား။

**တွင်းကြီးသား-တင်ဝင်းဦး**



www.burmeseclassic.com
~~~~~

www.burmeseclassic.com



# ပလပ / ဓဓဓဝရ

မောင်ဆွေ(တောင်ငူ)

KTV မှာ ဇိမ်ယူတာကို သဘောကျတဲ့သူ
အဖမ်းခံရတဲ့ ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



**မလမ/၈၈၈၀၇**

**မောင်ဆွေ (တောင်ငူ)**

သံလွင်မြစ်ကို ဖြတ်သန်း တိုက်ခတ်လာသော ပင်လယ်ဘက်မှ ဝင်ရောက်လာသည့် မိုးရနံ့သင်းသော လေညင်းနုနုကို ကမ်းနားလမ်း၌ လမ်းလျှောက်ရင်း ကျွန်တော်နှင့် စခန်းမှူး ရဲအုပ် ဆန်းဝင်းတို့ တရှိုက်မက်မက် ရှူရှိုက်နေကြသည်။

မြောင်းပုပ်နံ့၊ ညှော်ရနံ့မျိုးစုံနှင့် ယာဉ်ကြီး ယာဉ်ငယ် အသွယ်သွယ်တို့မှ ထွက်ပေါ်လာသော အိတ်ဇော မီးခိုးနံ့တို့ဖြင့် မွန်းကျပ်နေကြသော မြို့ပြများ၌ ရနိုင်ရန်ခက်ခဲသော သန့်ရှင်း လတ်ဆတ်သည့် လေနုအေးအေးကလေးများနှင့် မြင်တွေ့ရန် ခက်ခဲလှသော မော်လမြိုင်မြို့၏ ရှည်လျားသော သံလွင်မြစ် ကမ်းနားလမ်း အလှအပတို့ကို ကျွန်တော်အားပါတရ ရှူရှိုက်ခံစားကြည့်ရှုနေမိ၏။

ကျွန်တော်၏ ဘဝသက်တမ်းတစ်လျှောက် မြန်မာပြည်အရပ်ရပ်သို့ အလုပ်တာဝန်များဖြင့် ခရီးပေါင်းများစွာ သွားလာဖူးခဲ့သည့်နည်းတူ အိပ်မက်တံတားကြီးမရှိသေးမီ ၁၉၈၆ ခုနှစ်အထိ သံလွင်မြစ်၏ တစ်ဖက်ကမ်း မုတ္တမဘူတာအထိ လွန်းပြန်ရထားကြီးဖြင့် အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူးသော်လည်း မော်လမြိုင်မြို့သို့ ကုန်သည်ကြီးများ ဖြစ်ကြသော ကိုပေါနှင့်ကိုအေးအမည်ရှိ မိတ်ဆွေ နှစ်ဦးနှင့် ခင်မင်ကာ တစ်ညအိပ် ခရီးရောက်ခဲ့ဖူးပြီး ကိုအေး၏ အိမ်၌ ညအိပ်ခဲ့ရဖူးပါသည်။ တာဝန် တစ်ရပ်နှင့်မို့ နောက်တစ်နေ့တွင် ပေါင်မြို့နယ်တရားရုံးသို့ 'ဘိန်း'ဖမ်းဆီးမှု သက်သေအဖြစ်သွားရောက်ခဲ့ရသည်ဖြစ်ရာ မော်လမြိုင်မြို့နှင့် ကျွန်တော် ရင်းနှီးမှု မရခဲ့ဟု ဆိုရမည်သာ။

ထိုစဉ်က လွှဲမှားသော စနစ်တစ်ခု၏ အောက်ဝယ် ပြည်သူတို့ ပြားပြားမှောက်ခဲ့ရပြီး လူတစ်ကိုယ်စာ ပတ်၍သယ်နိုင်သော ထိုင်းနိုင်ငံဘက်မှ ဝင်သော ပိတ်စများ၊ အိမ်သုံးဆေးဝါးပစ္စည်းများ၊ အချိုမှုန့်၊ ကက်ဆက်တိပ်ခွေ၊ မိန်းကလေး အသုံးအဆောင်၊ လက်သည်းဆိုးဆေးမှအစ၊ ရေမွှေးရောင်စုံ မိတ်ကပ် အဆုံး အားလုံးသည် မှောင်ခိုပစ္စည်းများဟု ကင်ပွန်းအတပ်ခံရပြီး မုတ္တမ မော်လမြိုင် ရထားမှန်သမျှ မှောင်ခိုသည်များဖြင့် ပြည့်နှက်နေသော မှောင်ခိုရထားအဖြစ် နာမည်ဆိုးနှင့်ကျော်ကြားခဲ့ဖူး၏။

အမှန်တော့ တိုင်းသူပြည်သားများသည်လည်းကောင်း၊ မုတ္တမ–ရန်ကုန် လူစီးရထားများသည် လည်းကောင်း စနစ်တစ်ခု၏ သားကောင်များ ဘဝရောက်ခဲ့ရခြင်းသာဖြစ်၏။

ထိုစဉ်က မှောင်ခိုသမားဟု နာမည်အတပ်ခံရသော ရထားစီး ခရီးသွား တစ်နပ်စာသာရှာခွင့်ရကြသည့် လုပ်သားပြည်သူတို့၏ အခြေအနေသည် ယနေ့ခေတ် ၂၀၁၂ခုနှစ် ကာလ ၁၀ဘီးကား ၂၂ဘီး နောက်တွဲယာဉ်ကွန်တိန်နာကား ကွန်တိန်နာ ကုန်တင်သင်္ဘောများပိုင်ဆိုင်ကြသည့် မှောင်ခိုကုန်သည်ကြီးများ၏ အခြေအနေနှင့် နှိုင်းယှဉ်ကြည့်ပါမူ အလွန်ရယ်စရာကောင်းသော်လည်း ရယ်၍မရသော ဟာသတစ်ပုဒ်မျှသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

ထိုစဉ်က "ဇက်"ဟု ခေါ်သော ကမ်းထိုးရေယာဉ်ပေါ်တွင်"ရှာဖွေရေးနှင့် ကာစတန်" တို့၏ ဖမ်းဆီးခံခဲ့ကြ၍ ဘဝပျက်ခဲ့ကြရသော တစ်ပိုင်တစ်နိုင် လက်လုပ်လက်စား နင်းပြားပြည်သူတို့၏ ကျခဲ့ရသမျှသော မျက်ရည်အသွယ်သွယ်တို့သည် သံလွင်မြစ်ရေစီးတွင် မျောပါ၍ ပင်လယ်သမုဒ္ဒရာအတွင်း ငုပ်လျှိုးပျောက်ကွယ်ခဲ့ကြရဖူးသော်လည်း ယခုတော့ မျိုးဆက်သစ်တို့အတွက် အတိတ်က အကြောင်းအရာများသည် ဒဏ္ဍာရီပုံပြင်များသဖွယ် ဖြစ်ခဲ့လေပြီ။

တစ်ချိန်က အနားမညီသော မြေသားပကတိ သံလွင်မြစ်ကမ်းသည်ပင်လျှင် ယနေ့အချိန်၌ စနစ်ကျ သန့်ရှင်းလှပရှုမောဖွယ် တင့်တယ်သာယာသော ကွန်ကရစ်လျှောက်လမ်း သံလက်ရန်း ပိုက်တန်းတို့ဖြင့် တည်ဆောက်ထားသည့် ကမ်းနားလမ်းအသွင် ပြောင်းခဲ့ပြီ မဟုတ်ပါလော...။

"ကျွန်တော် ဝက်ထီးကန် သင်တန်းကျောင်းကနေ ဒီကိုရွှေ့လာတော့ ပထမဦးဆုံးမှာပဲ နေခဲ့တယ် ကိုဆွေရ"

"သင်တန်းကျောင်းမှာ ခေါက်ရိုး ကျိုးနေခဲ့သူဆိုတော့ ရုံးမှာပဲနေချင်တဲ့ စိတ်က များနေတာပေါ့ဗျာ"

ကျွန်တော်၏ ပျံ့လွင့်နေသော စိတ်အစဉ်ကို စခန်းမှူး ရဲအုပ် ဆန်းဝင်း၏ စကားသံက ထွင်းဖောက်ဝင်ရောက်လာ၏။

စခန်းမှူး ရဲအုပ် ဆန်းဝင်းမှာ ကျွန်တော်နှင့် တောင်ငူမှာ ဒုရဲအုပ်ဆန်းဝင်း ဘဝနှင့် စတင် ရင်းနှီးခဲ့ပြီး အုတ်တွင်းမြို့နယ် သာဂရရွာ ဇာတိဖြစ်ပြီး ကျောင်းဆရာဘဝမှ ဘွဲ့ရ ဒုရဲအုပ်လောင်းသင်တန်းခေါ်သည့်အခိုက် ရဲတပ်ဖွဲ့သို့ ရွှေ့ပြောင်းဝင်ရောက်တာဝန် ထမ်းရွက်ခဲ့သူဖြစ်ရကား ရိုးသားခြင်း၊ အနစ်နာခံခြင်း၊ ဂုဏ်တို့ အခြေခံရှိသူဖြစ်သဖြင့် ယခုကဲ့သို့ ကျွန်တော်နှင့် နှစ်ပရိစ္ဆေဒကြာညောင်းစွာ ခင်မင်ခဲ့ရသူဖြစ်ပါသည်။

၎င်း၏ ဇနီးမှာလည်း ကျောင်းဆရာမ တစ်ဦးဖြစ်ခြင်းကြောင့် ဇနီးမောင်နှံ နှစ်ဦးလုံး၏ ရိုးသားဖြူစင် အနစ်နာခံမှုဂုဏ်က ထပ်တူကျနေလေရာ ကျွန်တော်နှင့် ခင်မင်မှုသည် မိသားစု ညီအစ်ကို မောင်နှမသဖွယ်တိုး၍ ခိုင်မာ ရင်းနှီးခဲ့လေ၏။

"အမှုစစ်ဘဝနဲ့ စခန်းမှာ အနေကြာခဲ့ဖူးတော့လဲ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်နိုင်နင်းမှုအပေါ် မူတည်ပြီးတော့ အထက် အကြီးအကဲတွေကလဲ ကျွန်တော့်ကို စခန်းမှူး ရာထူးပေး ကျွန်တော်ကလဲ ငြင်းပေါ့ဗျာ၊ အဲဒီမှာတင် လူကြီးတွေက ပိုသဘောကျ တစ်နေ့တော့ ၁ လွဲသာ မရှောင်သာဘဲ စခန်းတစ်ခုကို မဖြစ်မနေ စခန်းမှူးဘဝနဲ့ သွားရောက်တာဝန်ယူဆောင်ရွက်ရတော့တာပဲဗျို့၊ အဲဒီစခန်းက စခန်းမှူးက သင်တန်းသွားရတော့ စခန်းမှူးနေရာ အရေးပေါ် လိုအပ်တာနဲ့ ကျုပ်ကိုတာဝန် ပေးလိုက်တော့တာပဲ--

"အဲဒီမှာတင်ပဲ ကျုပ်ဘဝမှာ မကြုံဖူးသေးတဲ့ အမှုကြီးတစ်ခုကို ကိုင်တွယ်စုံစမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်ရတဲ့ အတွေ့အကြုံ သစ်ကြီးကို နဖူးတွေ ဒူးတွေ တွေ့ရတော့တာပဲ ဖြစ်ပုံက ဒီလိုဗျ ကိုဆွေရ”

မြိုင်သာယာ ရဲစခန်း မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ရဲစခန်း(၅)ခုရှိသည်။ တစ်ခုက မော်လမြိုင် ကမ်းနားလမ်းကို မေးတင်ထားသော မြို့မ ရဲစခန်း၊ တစ်ခုက မုတ္တမ မော်လမြိုင် သံလွင် အိပ်မက် တံတားအနီးမှ ဒိုင်းဝန်းကွင်း ရဲစခန်း၊ တစ်ခုကမော်လမြိုင်မြို့၏ အရှေ့ဘက်ခြမ်း အတ္တရံ ချောင်းကမ်းအနီးက ဇေယျာသီဝိရဲစခန်း၊ တစ်ခုက တက္ကသိုလ် နယ်မြေ ကျိုက္ကမိလမ်းပေါ်မှ မုပွန်ရဲစခန်း၊ နောက်တစ်ခုက ကျိုက်မရော၊ ဘားအံ၊ မြဝတီ ကားလမ်းပေါ်ရှိ မြိုင်သာယာ ရဲစခန်းတို့ဖြစ်သည်။

ယခု မြိုင်သာယာ စခန်းမှူး တစ်ယောက်မှာ သင်တန်းတက်ရန် သွားရောက်ရသည်ဖြစ်၍ လစ်လပ်သွားသော စခန်းမှူးနေရာ၌ ခေတ္တစခန်းမှူး တာဝန်ဆောင်ရွက်ရန် ရဲအုပ်ဆန်းဝင်းကို အထက်အကြီးအကဲများက တာဝန်ပေးအပ်စေလွှတ်လိုက်သည်ဖြစ်၍ မြိုင်သာယာရဲစခန်းသို့ ရဲအုပ် ဆန်းဝင်း ရောက်ရှိလာခဲ့ရလေပြီ။

လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ဖုံးလွှမ်းနေကြသော လူတို့အတွက်၊ ဆေးရုံ ဆေးခန်း၊ ရဲစခန်းနှင့်တရားရုံးတို့သည် မိတ်ဖွဲ့ခံထားရသည့် ရုံးဌာနများနှင့် ပမာတူလှပေ၏။

လောဘကို မချုပ်တီးနိုင်၍ တစ်ဦးနှင့်တစ်ဦးလိမ်လည်မှုများ၊ ကလိမ်ကျမှုများ ဖြစ်ပွားကြ၏။ ထိုအခါ ဒေါသမီးများ ပေါက်ကွဲတောက်လောင်ကာ တစ်ဦးမှတစ်ဦး ကူးစက်လောင်မြိုက်၍ မီးခိုးမဆုံး မိုးမဆုံးနိုင်သော အမှုအခင်းများ ဖြစ်ပွားကြလေတော့၏။

ကြာတော့လည်း အမှုအခင်းများနှင့် ရတက်ပွေနေကြရသော လူပေါင်းစုံတို့ကိုကြည့်ပြီး သံဝေဂများပင် အလိုလိုရလာတော့၏။

ဖြစ်ခြင်း၊ ပျက်ခြင်း၊ မတည်မြဲခြင်း၊ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိခြင်း၊ အစရှိသော အကြောင်းအရာ အကျိုးတရ တရားများသည် ရဲစခန်းအတွင်းသို့ နေ့စဉ်တဖွဲဖွဲရောက်လာနေကြသော လူပေါင်းစုံတို့ထံမှ မသိချင်မကြားချင်အဆုံးကြားနေ၊ သိနေမြင်နေ တွေ့နေရစမြဲမဟုတ်ပါလော. . .

မြိုင်သာယာ ရဲစခန်း၌ ရဲအုပ် ဆန်းဝင်းတစ်ယောက် စခန်းမှူး တာဝန်များ ထမ်းရွက်နေစဉ်ကာလအတွင်း အမှုကြီးကြီးမားမား ဟူ၍ မဖြစ်ပွားခဲ့ဘဲ အချိန်တို့သာ တရွေ့ရွေ့ကုန်လွန်လာခဲ့၏။

ဘာလိုလိုနှင့် မူလ စခန်းမှူးတောင် သင်တန်းပြီးဆုံးတော့မှာပဲ . . .

တစ်ရက် နှစ်ရက် ဆိုရင် မူလ စခန်းမှူးထံသို့ အလုပ်တာဝန်များ ပြန်လည် လွှဲပြောင်းရတော့မည် ဖြစ်သဖြင့် ကာလအပိုင်းအခြား တစ်ခုအတွင်း ပြဿနာ ကြီးကြီးမားမား ရာဇဝတ်အမှုအခင်းများ မဖြစ်ပွားဘဲ အေးချမ်းစွာ ရှိနေခဲ့သည်ကို ကျေနပ်ပျော်ရွှင်နေမိသော စခန်းမှူးရဲအုပ်ဆန်းဝင်း၏ အတွေးအာရုံသို့ တစ်စုံတစ်ယောက်က ဝင်ရောက် နှောင့်



www.burmeseclassic.com

www.burmeseclassic.com



ယှက်လိုက်၏။

"ဗိုလ်ကြီး ပြဿနာတော့ အကြီးအကျယ်တက်ပြီ"

"ဟော--ဘာဖြစ်တာတုန်း ဘယ်လိုဖြစ်တာတုန်း"

မြို့ပေါ် ရပ်ကွက်များနှင့် ရဲစခန်းအပိုင်နယ်မြေ အတွင်း ခိုးဆိုးလုယက်တတ်သူများကို သတင်းစုံစမ်းရန်ထွက်ခွာသွားကြသော စခန်းမှ နယ်ထိန်း ရဲတပ်ဖွဲ့ဝင်များ၏ ဆက်သွယ် သတင်းပေးပို့ချက်အရ စခန်းမှူး ရဲအုပ်ဆန်းဝင်း ခေါင်းနားပန်းကြီးသွားပြီး အဆောတလျင် မေးခွန်းထုတ်လိုက်၏။

"လူတစ်ယောက်ကို ဆိုင်ကယ်တစ်စင်းနဲ့ တွဲပြီး ဦးစစ်မောင်လမ်းပေါ်မှာ လက်ထိတ်တန်းလန်းနဲ့ ခတ်ထားတာကိုတွေ့ခဲ့ရတယ် ဗိုလ်ကြီး"

"ဟော ဘယ်သူတွေက ခတ်သွားတာလဲ၊ အခတ်ခံရတာကရောဘယ်သူလဲ၊ ဘာကြောင့် လက်ထိတ်နဲ့ ခတ်သွားတာလဲ၊ နေဦး ငါ အခုချက်ချင်း လာပြီ"

"ဟော့ တာဝန်မှူး"

"ဗျာ ဗိုလ်ကြီး"

"ကင်းသမားနဲ့ ဂါတ်စာရေးပဲ စခန်းမှာထားခဲ့၊ မင်းနဲ့အသင့် တပ်ဖွဲ့ဝင်တွေအားလုံး ခုချက်ချင်း ငါနဲ့လိုက်ခဲ့၊ ဦးစစ်မောင် လမ်းပေါ်မှာ လူတစ်ယောက် လက်ထိတ်တန်းလန်းနဲ့ ဆိုင်ကယ်နဲ့တွဲပြီး အခတ်ခံထားရတယ်တဲ့"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

စခန်းမှူး ရဲအုပ် ဆန်းဝင်းနှင့် တာဝန်မှူး၊ နယ်ထိန်း ရဲတပ်ဖွဲ့ဝင်များအားလုံး ဦးစစ်မောင်လမ်း အခင်းဖြစ်နေရာသို့ ဆိုင်ကယ် ကိုယ်စီဖြင့် အပြေးရှိသွားကြသည်။

လမ်း အလယ်ကောင်၌ လူရွယ်တစ်ယောက်မှာ ဆိုင်ကယ်နှင့်တွဲ၍ လက်ထိတ်တန်းလန်းနှင့် မြင်ကွင်းက ပနံရစရာမရှိ။ ဒီလိုအဖြစ်မျိုးကို ဘယ်လိုဒုစရိုက်သမားကများ ကျူးလွန်လုပ်ဆောင်သွားပါလိမ့်ဟု လူတိုင်းသိချင်ဇောဖြင့် ဝိုင်းအုံနေကြ၏။

"မဆိုင်တဲ့ လူတွေကိုယ့်လမ်းကိုယ်သွားကြပါဗျာ"

"ဒါမှမဟုတ် ဖြစ်စဉ်ကို မြင်လို့ သိလို့ရှိခဲ့ရင် သက်သေလိုက်ပြီး ပြောပြပေးကြပါ"

ရဲတပ်ဖွဲ့ဝင်များက ထိုသို့ ပြောလိုက်တော့-

"သက်သေ လိုက်ပေးရမယ်တဲ့။ လစ်မယ် လစ်မယ် ဝေးဝေးက ရှောင်မှ၊ တော်ကြာ ရုံးရောက် ဂွတ်ရောက်နဲ့ အလုပ်ပျက်နေဦးမယ်"

လူ အချို့မှာ တစ်ယောက်နှင့်တစ်ယောက်တီးတိုး တီးတိုးပြောကာ အခင်းဖြစ်နေရာမှ ထွက်ခွာသွားကြ၏။

"သက်သေ လိုက်ရမှာတော့ အလွန်ကြောက်ကြတယ်။ တကယ့်လူတွေ"





www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြောပါဦး၊ ခင်ဗျား နာမည်က ဘယ်သူလဲ"

စခန်းမှူးက မေးလိုက်၏။

"ကျွန်တော်က တင်မောင်ထွေးပါ။ ကုမ္ပဏီဝန်ထမ်း တစ်ဦးပါ ဆရာ"

"ဪ ကုမ္ပဏီ ဝန်ထမ်းကိုး။ အခု ဘယ်လိုဖြစ်ရတာတုန်း"

"ဒီလိုပါ စခန်းမှူးကြီးရယ်။ ကျွန်တော် မုဒုံဘက်က ကာစတန်မာတွေဆီက ရစရာရှိတဲ့ ကုန်ဖိုးငွေတွေ အကြွေးသွားတောင်းပြီး ပြန်အလာမှာ နောက်က ဆိုင်ကယ်တစ်စီးနဲ့လူတစ်ယောက် လိုက်လာပြီး ကျွန်တော် ဆိုင်ကယ်ကိုရှေ့ကနေ ပိတ်တားပါတယ်"

"ဟောကောင် မင်းဆိုင်ကယ် ရပ်စမ်း၊ ငါတို့ စုံထောက်တွေပဲ၊ ဒီမှာတွေ့လား သေနတ်မင်းကို ငါတို့မသင်္ကာဘူး စစ်စရာရှိတယ်"

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ၊ ကျွန်တော် ကုမ္ပဏီဝန်ထမ်းတစ်ယောက်ပါ။ ဝန်ထမ်းကတ်လဲ ပါပါတယ်"

"ဟောကောင် မလိုချင်ဘူးကွာ။ ဒီလိုကတ်ပြားတွေ ပြပြီး လုပ်စားနေတာရိုးနေပြီ ကြာတယ်ကွာ။ လက်ထိတ်ခတ်လိုက်"

"ခင်ဗျားတို့ အဲလို မလုပ်ပါနဲ့၊ ကျွန်တော့်ရုံးကို ဖုန်းဆက်ဦးမယ်"

"ဟောကောင် ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်ရဘူး။ ပစ်ထည့်လိုက်ရမလား"

နှစ်ယောက်နှင့် တစ်ယောက်၊ ပြီးတော့ သူတို့ လက်ထဲမှာ သေနတ်နှင့် တကယ့် စုံထောက်တွေလားမသိ၊ ဘာကိစ္စနှင့် ဖမ်းမှန်းလည်း မသိ။ နေ့ခင်းကြောင်တောင်မို့ တော်သေးသည်။ သို့သော် တင်မောင်ထွေးမှာ ကြာကြာ စဉ်းစားခွင့်မရလိုက်။ မိမိအား မတရား ချုပ်နှောင်ဖမ်းဆီးနေကြောင်း မိမိကိုယ်တိုင်သာသိနေသော်လည်း ပတ်ဝန်းကျင်မှ လူများက စောင်းငဲ့၍သာ ကြည့်သွားကြသည်မို့ အခက်တွေ့နေရပြီ။

"ခင်ဗျားတို့ အဲဒီငွေတွေကို မထိကြနဲ့။ ဒါကျုပ်ငွေတွေ မဟုတ်ဘူး။ ကုမ္ပဏီရဲ့ငွေတွေဗျ"

အကြွေးတောင်း၍ ရလာသော ကုမ္ပဏီငွေ (၈၆) သိန်း ထည့်ထားသည့် ငွေထုပ်ကို စုံထောက်များဟုပြောသည့် လူနှစ်ယောက်က တင်မောင်ထွေး၏ ဆိုင်ကယ်ပေါ်မှ ယူ၍ ၎င်းတို့ စီးလာသည့် ဆိုင်ကယ်ပေါ်ပြောင်းတင်ကာ ဆိုင်ကယ်ကို မောင်းနှင်ထွက်ခွာသွားလေပြီ။

"ဒီမှာဗျ ဒီမှာဗျ၊ ကျွန်တော့်ကို ကူညီကြပါဦးဗျာ"

လမ်းလယ်ကောင်၌ လက်ထိတ်တန်းလန်းနှင့် ဆိုင်ကယ်နှင့် တွဲ၍အခတ်ခံထားရသော တင်မောင်ထွေးမှာ တွေ့သမျှ လူများကို အကူအညီတောင်းနေခဲ့သည်။

အချို့မှာ လက်ထိတ်တန်းလန်းနှင့်မို့ မသင်္ကာသော မျက်လုံးများဖြင့် စောင်းငဲ့ကြည့်ကာ အဝေးမှ ရှောင်ကွင်းသွားကြ၏။

"ဒီမှာဗျ ဒီမှာဗျ၊ ကျွန်တော့်ကို ကူညီကြပါဦးဗျာ။ ရဲတစ်ယောက်ယောက်ဖြစ်ဖြစ် ခေါ်ပေးကြပါဗျာ။ ရဲစခန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ဖုန်းဆက်အကြောင်း ကြားပေးကြပါဗျာ။ ကျွန်တော် လူကောင်းပါဗျာ။ ကုမ္ပဏီဝန် ထမ်းပါ။ ကျွန်တော့်ငွေတွေကို ခုနကလူနှစ်ယောက် လုယူသွား လို့ပါဗျာ''

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရဲတပ်ဖွဲ့ဝင်များက သတင်းရရှိသွားကာ စခန်းမှူး ရဲအုပ်ဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ ချက်ချင်းရောက်လာခဲ့ကြ၏။

''အဲဒါပါပဲဆရာ၊ ကျွန်တော် မုဒ္ဒံဘက်က ငွေ ၈၆ သိန်း အကြွေးရလာတာကို အဲဒီ အကြံသမားတွေသိပုံရတယ် ဆရာ''

''ဖြစ်နိုင်တယ် ခင်ဗျား ရဲ့ လှုပ်ရှားမှုကို စောင့်ကြည့် လေ့လာထားကြတဲ့ သူတွေဖြစ် မယ်။ ပြီးတော့ ဒီလူတွေက ယူနီဖောင်းနဲ့လား''

''မဟုတ်ဘူး ဆရာ။ ရိုးရိုး အရပ်ဝတ်နဲ့ပဲ''

''သေနတ်က ဘယ်လိုပုံစံလဲ သိလား''

''ခြောက်လုံးပြူး ဆရာ၊ အခု ဆရာ့ခါးမှာ ချိတ်ထားတဲ့ ခြောက်လုံးပြူးပုံစံမျိုးပဲ''

''ဆိုင်ကယ်ကို မှတ်မိလား''

''နံပါတ်က – မလမ/၈၈၇၈၀၀လား ၊ ၈၈၇၀၈ လား။ ဘယ်လိုလဲ အတိအကျ မမှတ်မိတော့ဘူးဆရာ။ အဲဒီ ဂဏန်း ၅ လုံးတော့ သေချာတယ် ဆရာ''

''ကဲကဲ ကောင်းပါပြီ၊ ဟော့ သူ့ကိုလက်ထိတ်ဖြုတ်ပေးလိုက်ကြပါဦးဟေ့။ လက်ထိတ်ကတော့ စတီးလက်ထိတ် အော်ရီဂျင်နယ်ပဲကွ။ ကြည့်ရတာ တစ်ဖက်နိုင်ငံက ဝယ်ထားတာဖြစ်မယ်။ နယ်စပ်နဲ့နီးတဲ့ဒေသဆိုတော့ သေနတ်မှောင်ခို လက်ထိတ်မှောင်ခိုတွေဆီက အလွယ်တကူ ဝယ်လို့ရနေတာဆိုတော့ ဒုစရိုက်သမားတွေအတွက်တော့ အကြိုက်ပဲပေါ့''

''သိပ်လဲ စိတ်မပူ မနေပါနဲ့ဗျာ။ တရားခံနှစ်ယောက်စလုံးကို ဖော်ထုတ်ဖမ်းဆီးရမိစေရပါ့မယ်''

ထူးခြားဖြစ်စဉ် တစ်ခုမို့ စခန်းမှူးရဲအုပ်ဆန်းဝင်းသည် မြို့နယ် ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ် ရဲတပ်ဖွဲ့မှူးများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ကာ အမိန့်နာခံမှုများပြုလျက် မော်လမြိုင်ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ သွားရောက်ကာ မလမ/၈၈၈၀၇၁, မလမ/၈၈၀၇၈, မလမ/၈၈၀၈၇, မလမ/၈၈၈၇၀, မလမ/၈၈၇၀၈ အစရှိသော ဆိုင်ကယ်များနှင့် ပတ်သက်သည့် ပိုင်ရှင်အမည်နှင့် နေရပ်လိပ်စာများကို တောင်းယူလိုက်ပြီး ချက်ချင်းတာဝန်ကိုယ်စီခွဲဝေပေးအပ်ကာ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် စခန်းရှိ လူအင်အားများကို အကုန်ထုတ်သုံးပြီး ဆိုင်ကယ်တစ်စီးချင်းဆီသို့ ခြေရာခံ စုံစမ်းထောက်လှမ်းခဲ့ကြသည်။

မော်လမြိုင်မြို့ပေါ် ရပ်ကွက်မှ လိပ်စာများအတွက် အချိန်မကုန်သော်လည်း မွန်ပြည်နယ် တစ်ကြောရှိ အချို့သော နေရပ်လိပ်စာမှ ဆိုင်ကယ်များအတွက် အချိန်များစွာ ပေးလိုက်ရလေသည်။

~~~~~

မလမ/၈၈၈၀၇ ပိုင်ရှင်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဇော်နိုင်မွန် နေရပ်လိပ်စာ စက်မှုဇုန်၊ ရော်ဘာခြံ။

"လိပ်စာအရတော့ ဒီခြံပဲကွ၊ နယ်ထိန်းတစ်ယောက် ဒီနားက ရပ်ကွက်လူကြီးကို သွားရှာကွာ။ ပြီးရင် ဒီခေါ်လာခဲ့။ တဲတစ်လုံးတော့တွေ့တယ်။ ခြံစောင့်အိမ်လား ကိုယ်တိုင်နေတဲ့ အိမ်လားတော့မသိဘူး။ အဲဒီအိမ်ကို ကျန်တဲ့ တပ်ဖွဲ့ဝင်တွေ ဝိုင်းထားကြကွာ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

တပ်ဖွဲ့ဝင်များမှာ စခန်းမှူး ရဲအုပ်ဆန်းဝင်း အမိန့်အတိုင်း ရော်ဘာခြံထဲရှိ အဆောက်အအုံကို လျှပ်တစ်ပြက် ဝိုင်းဝန်း ပိတ်ဆို့လိုက်ကြ၏။

"ဗိုလ်ကြီး ရပ်ကွက်လူကြီး ပါလာပါပြီ"

"သြော်--အေး ဒီလိုဗျ ရပ်ကွက်လူကြီးရဲ့၊ ကျွန်တော့်အပိုင် ဦးစစ်မောင်လမ်းပေါ်မှာ စုံထောက် ဟန်ဆောင်ပြီး လူနှစ်ယောက်က သေနတ်ပြ ခြိမ်းခြောက် ငွေတွေလုသွားတဲ့ ဖြစ်စဉ် တစ်ခုဖြစ်သွားတယ်။ အဲဒီကိစ္စမှာ တရားခံတွေစီးသွားတဲ့ ဆိုင်ကယ်နံပါတ်က ဒီခြံလိပ်စာ ဖြစ်နေတယ်။ ဒါကြောင့် အဲဒီကိစ္စအတွက် ဒီခြံထဲမှာ ရှာရဖွေရ စစ်ဆေးမေးမြန်းရအောင် သက်သေအနေနဲ့ ရပ်ကွက် လူကြီးတွေကို အကူအညီ တောင်းခေါ်ရတာပဲ"

"သြော် ရှာပါဗိုလ်ကြီး ရှာပါ၊ ကျွန်တော်ပူးပေါင်း ပါဝင်ဆောင်ရွက်ပါ့မယ်"

"ကောင်းပြီ ဒါဆို လာသွားကြစို့"

"ဗျို့ အိမ်ရှင်တို့ အပေါ်မှာ ဘယ်သူရှိလဲ"

"ဗျာ ခင်ဗျာ၊ ကျွန်တော် ရှိပါတယ်။ ရော်ဘာခြံအစောင့်ပါ"

"ဒီခြံပိုင်ရှင်က ဘယ်သူလဲ"

"ဦးဇော်နိုင်ထွန်းပါ စခန်းမှူးကြီး"

"သူ ဘယ်သွားလဲ၊ ရှိလား"

"အပြင်သွားပါတယ် ခင်ဗျ"

"ဘယ်ကိုသွားတာလဲ ဘယ်တော့ ပြန်လာမှာလဲ"

"အဲဒါ မသိပါဘူး ခင်ဗျ။ ဘယ်တော့ ပြန်လာမယ်ရယ်လို့လဲ အတိအကျ ပြောလို့မရပါဘူးခင်ဗျ။ တစ်ခါတလေ ကျတော့လဲ စောစော ပြန်လာတတ်ပါတယ်။ တစ်ခါတလေ ကျတော့လဲ ညဉ့်နက်တယ် ခင်ဗျ"

"ကဲ--ထားလိုက်ပါတော့။ ဒီမှာ ရပ်ကွက်လူကြီး ပါလာတယ်။ မသင်္ကာတဲ့ အမှုကိစ္စတစ်ခုအတွက် ခင်ဗျားတို့ အဆောက်အအုံမှာ ရှာစရာရှိတယ် ကျုပ်တို့ကို ခွင့်ပြုပါ"

"သြော် ရှာပါခင်ဗျာ၊ ရှာကြပါ"

"ဟာ ဒီမှာ ဆိုင်ကယ် နံပါတ်ပြား မလမ/၈၈၈၈ ရ ကို ဖြုတ်ထားတာတွေ့ရပြီ။ နံပါတ်ပြားနတ်ပေါက်မှာ ပွန်းရာခြစ်ရာ အသစ်စက်စက် တွေ့ရတယ်။ ကြည့်ရတာ လောလော လတ်လတ် ဖြုတ်ထားပုံပဲ။ ဒီ ဆိုင်ကယ်နံပါတ်ပြားကို ဘယ်သူ ဖြုတ်ထားတာလဲ ခြံစောင့်ကြီး ဘယ်တုန်းက ဖြုတ်ထားတာလဲ"

"ဦးဇော်နိုင်ထွန်းပဲ ဖြုတ်ထားတာပါ ခင်ဗျ။ ဒီညနေ လောက်ကမှ ဖြုတ်ထားတာပါ။"



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဖြုတ်တာလဲတော့ ဆိုနိုင်ပါဘူး''

''သဲလွန်စ အထောက်အထားတစ်ခုတော့ တွေ့ပြီ၊ ကဲ အဆောက်အအုံထဲက သေတ္တာတွေ ဖွင့်စစ်ကြည့်ရအောင် ကူညီပါဦး ခြံစောင့်ကြီး''

အမှု တစ်ခုအတွက် အရေးအကြီးဆုံး သဲလွန်စတစ်ခု တွေ့ရပြီမို့ စခန်းမှူး ရဲ့အုပ် ဆန်းဝင်း အထူးဝမ်းသာသွားမိ၏။ မကြာမီ တရားခံပေါ်တော့မည်မဟုတ်ပါလော။

မလမ/၈၈၈၀၇ ဆိုင်ကယ်နံပါတ်နှင့် ဂဏန်း၅လုံးတူသော ဆိုင်ကယ်များနောက်သို့ ပစ်မှတ်ထား၍ ခြေရာခံလိုက်နေသည့် အချိန်၌ ဤနံပါတ်ပြားအား အဆောတလျင်မလိုအပ်ဘဲ ဖြုတ်ချထားခြင်းမှာ တိုက်ဆိုင်မှု တစ်ခုတော့ မဖြစ်တန်ရာ။ ရဲများခြေရာခံလိုက်လံရှာဖွေပါက လမ်းပေါ်တွင် ဆိုင်ကယ်ကို မမှတ်မိစေရန် အသွင်ပြောင်းခြင်း နည်းပရိယာယ်တစ်ခုမျှသာဖြစ်ပေမည်။

''ဟာ သေတ္တာထဲမှာ ငွေတွေ အများကြီးပါလား။ ဘယ်သူ့ ပိုက်ဆံတွေလဲ ခြံစောင့်ကြီး''

သေတ္တာကို ဖွင့်လိုက်သည်နှင့် တစ်ထောင်ကျပ်တန် ငွေစက္ကူများကို အထပ်လိုက်တွေ့လိုက်ရသဖြင့် စခန်းမှူး ရဲအုပ် ဆန်းဝင်း၏ အတွေးထဲ၌ သဲလွန်စ နောက်တစ်ခုထပ်တွေ့ပြန်ပြီဟု ချက်ချင်းသိလိုက်၏။

''ဦးဇော်နိုင်ထွန်း လာထား သွားတာပါ စခန်းမှူးကြီး။ ညနေခင်းကမှ ထားသွားတာပါ''

''အားလုံး ဘယ်လောက်ရှိသလဲ ရေတွက်ကြည့်ရအောင်၊ ရပ်ကွက်လူကြီးလဲ ဝိုင်းပြီးရေတွက်ပေးပါဦး။ သက်သေပေါ့ဗျာ။ ခြော် ဒါထက် ငွေတွေအလုခံရတဲ့ ကိုတင်မောင်ထွေးရေ ခင်ဗျား ငွေတွေ အမှတ်အသားရှိသလား။ မှတ်မိနိုင်မလား''

''မှတ်မိပါတယ် ဆရာ ကျွန်တော်က ဂဏ်တော် ကိုးပါးကို အစဉ်ယုံကြည်စွာ ရွတ်ဖတ်တဲ့သူပါ။ ဂဏ်တော် ကိုးပါးကို ရွတ်ဖတ်သလို ကိုးဂဏန်းကိုလဲ ယုံကြည်ပါတယ် ဆရာ။ ဒါကြောင့် ကျွန်တော် မုဒုံကကုမ္ပဏီ ကုန်ပစ္စည်းတွေအတွက် အကြွေးတောင်းလို့ရလာတဲ့ ငွေစက္ကူ တစ်ထောင်တန်တစ်သိန်းအုပ်တိုင်းမှာ ၉ ဂဏန်းနဲ့ ဆုံးတဲ့ ငွေစက္ကူကို အစပထမ ငွေစက္ကူရဲ့ ၉ ရွက်မြောက်မှာ စီပြီးထပ်ထားတဲ့အပြင် ကျွန်တော်လက်ရေးနဲ့ လက်မှတ်တိုလေး အမြဲထိုးထားပါတယ်ဆရာ။ ဒီလိုပါ ဆရာ ဟောဒီငွေစက္ကူတစ်သိန်းထုပ်ကို ဒီလိုအစဉ်အတိုင်း ရေတွက်ကြည့်လိုက် တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ ဟောဒီမှာ တွေ့လား ဆရာ ကိုးရွက်မြောက် ငွေစက္ကူနံပါတ် (၉)ဂဏန်းနဲ့ ဆုံးတယ်။ ပြီးတော့ ဟောဒီဘေးနေရာမှာ ကျွန်တော့် လက်မှတ်တို တွေ့လား ဆရာ''

''ဟာ ဟုတ်သားပဲ၊ ဒါဆို ခင်ဗျား အလုခံရတဲ့ ပိုက်ဆံတွေ သေချာသွားပြီ။ အားလုံးဆယ့်ငါးသိန်းတိတိရှိတယ်။ ကဲ ရှာဖွေပုံစံနဲ့ သိမ်းကြမယ်။ ကျန်တဲ့ ငွေတွေရော ဘယ်ရောက်ကုန်ပြီလဲ တရားခံကို မေးရင်တော့ သိမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



**“အေး ဒီခြံထဲဝင်လာ လို့ကတော့ ခေါ်သာခေါ်လာ လိုက်ပါကွာ။ အမှုနဲ့ တစ်ခုခုတော့ ပတ်သက်မှာ သေချာတယ်”**

“ဟိုမှာ အမျိုးသမီး တစ်ယောက် လာနေပါလား။ ပြန်ထွက်မသွားစေနဲ့၊ သူ့ကို ခေါ်ထားလိုက် ရဲဘော်တို့။ ကဲ ခြံစောင့်ကြီး ဒီအမျိုးသမီးကို သိလား”

“သိပါတယ် စခန်းမှူးကြီး။ ဦးဇော်နိုင်ထွန်းရဲ့ သူငယ်ချင်း ဝင်းအောင်ရဲ့ ဇနီးပါ။ သူ ယောကျ်ားကို လာရှာတာဖြစ်မယ်”

“ဟုတ်လား ကိုဝင်းအောင်ရဲ့ ဇနီးက ဒီကို ဘာလာလုပ်တာလဲ”

“ဟုတ်ပါတယ် ဗိုလ်ကြီး။ ကျွန်မယောကျ်ား အိမ်ကို ပြန်မလာလို့ လိုက်လာတာပါ”

“ဒါဆိုရင် ခင်ဗျား ယောကျ်ား ဒီကိုလာမှာ သေချာတယ်ပေါ့။ ကောင်းပြီလေ ဒါဆိုလဲ ဒီမှာပဲ စောင့်နေလိုက်ဦး”

“ဒါနဲ့ ခင်ဗျား ယောကျ်ား ဘယ်တွေသွားတတ်လဲ”

“သွားတော့ သွားနေတာပဲ ဗိုလ်ကြီး။ ကျွန်မ သိတာကတော့ ဒီ ရော်ဘာခြံကိုပဲ သိတယ်”

ကံကြမ္မာက ကိုယ့်ဘက်မှာ ရှိနေပြီဖြစ်ကြောင်း စခန်းမှူး ရဲအုပ်ဆန်းဝင်းက သိလိုက်လေပြီ။ အထောက်အထား ခိုင်လုံသော အမှတ်အသားပါသည့် ငွေကြေးများ၊ သက်သေခံ ဆိုင်ကယ်နံပါတ်ပြားနှင့် တရားခံ နေထိုင်ရာ နေရာဒေသ အမှန်တို့ကို သိရှိခဲ့ရပြီမို့ မကြာခင်သောကာလ၌ အမှုကို လက်စသတ်နိုင်ပေတော့မည်။

“ဗိုလ်ကြီး ခြံထဲကို ဆိုင်ကယ် တစ်စီးနဲ့ လူ တစ်ယောက် ဝင်လာတယ်”

“အေး ဒီခြံထဲဝင်လာလို့ကတော့ ခေါ်သာခေါ်လာ လိုက်ပါကွာ။ အမှုနဲ့ တစ်ခုခုတော့ ပတ်သက်မှာ သေချာတယ်”

“အခုဝင်လာတဲ့ လူကိုရော သိလား ခြံစောင့်ကြီး”

“ကျွန်မ ယောကျ်ား ကိုဝင်းအောင်ပါ ဗိုလ်ကြီး။ ဟုတ်တယ် စခန်းမှူးကြီး အဲဒါ ဝင်းအောင်ပါ”

“ဆရာ ဆရာ အဲဒါ ကျွန်တော့်ကို လက်ထိတ်ခတ်သွားတဲ့ လူပဲ သူပါတယ်။ သူပါတယ် ဆရာ”

ဝင်းအောင် ဆိုသူမှာ နောက်ကြောင်းပြန်လှည့် ပြေးရန် ဟန်ပြင်လိုက်သော်လည်း ရော်ဘာခြံအတွင်း ကင်းပုန်းဝပ် တပ်ဖျောက်၍ စောင့်နေကြသော ရဲတပ်ဖွဲ့ဝင်များ အလျှိုအလျှိုပေါ်လာပြီး လေးဘက် လေးတန် ဝိုင်းဝန်း ပိတ်ဆို့ထားလိုက်မှုကြောင့် တုပ်တုပ်မျှ မလှုပ်ရဲတော့ဘဲ အဖမ်းခံလိုက်ရတော့၏။

“ကဲ ဝင်းအောင်ရေ ခုနကတော့ မင်းက သူများကို လက်ထိတ်ခတ်ခဲ့တာ၊အဲဒီတုန်းကတော့ နယ်စပ်က ဝယ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စတီးလက်ထိတ်ပေါ့ကွာ။အခု တစ်ခါတော့ မင်းကို အဲဒီအပြစ်ကြောင့် ငါတို့ရဲတပ်ဖွဲ့ဝင်တွေက လက်ထိတ်ပြန် ခတ်လိုက်ပြီ။ ဒါကတော့ နိုင်ငံတော်က တရားဥပဒေ စိုးမိုးရေးအတွက် ထုတ်ပေးထားတဲ့ တရားဝင် လက်ထိတ်အစစ်ပေါ့ကွာ--ဟဲ--ဟဲ''

ဝင်းအောင် ဆိုသူမှာ ပါးစပ်တွင် အာစေးထည့်ထားသည့်အလား ဦးခေါင်းငိုက်စိုက်ကျသွားလေပြီ။

''ကဲ ပြောပါဦးကွာ အချိန်သိပ်မရဘူး။ မင်းသူငယ်ချင်း ဇော်နိုင်ထွန်း ဘယ်မှာရှိသလဲ''

''ကျွန်တော် မသိဘူး ဆရာ''

''အမှုမှန် ပေါ်ဖို့အတွက်ဆို ငါတို့က ဥပုသ်မစောင့်ဘူးနော်။ အဲဒီကျတော့မှ အဆိုးမဆိုနဲ့။ ယောက်ျားပဲကွာ လုပ်ရဲရင် ခံရဲရမှာပေါ့။ ထပ်မေးမယ် ဇော်နိုင်ထွန်း ဘယ်မှာရှိသလဲ''

''ဗိမ် KTV မှာရှိပါတယ် ဆရာ''

''ဒီလိုမှပေါ့။ မင်း သဘောပေါက်သွားပြီ။ ကဲ ဒီသုံးယောက်နဲ့ သက်သေခံပစ္စည်းတွေကို တချို့က စခန်းပြန်ပို့လိုက်ကြ။ တာဝန်မှူးက ဦးစီးပြီးလိုက်သွား။ နယ်ထိန်းခေါင်းဆောင်နဲ့အဖွဲ့က ကျုပ်နဲ့လိုက်ခဲ့ကြ။ ဗိမ် KTV ကိုသွားကြမယ်။ ( )ယောက်လောက်တော့ ဒီမှာ ကင်းပုန်းဝပ်ပြီး နေခဲ့ကြဦး။ ဒါမှ မထင်မှတ်ဘဲ ရောက်လာခဲ့ရင် အသင့်ပိတ်ဆို့ ဖမ်းဆီးနိုင်မှာ ဒီခြံထဲဝင်လာတဲ့ မသင်္ကာတဲ့ လူမှန်သမျှ အကုန်ဖမ်းကွာ ငါ တာဝန်ယူတယ်''

''ဟုတ်ကဲ့ပါ ဗိုလ်ကြီး''

စခန်းမှူး ရဲအုပ် ဆန်းဝင်းက အသီးသီး တာဝန်များခွဲဝေပေးပြီး မိမိကိုယ်တိုင်မှာ နယ်ထိန်းတပ်ဖွဲ့ဝင်များကို ဦးဆောင်၍ ဗိမ် KTV ရှိရာသို့ အလျင်အမြန် ခရီးဆက်ခဲ့၏။ တရားခံဆိုသည်မှာ အချိန်ပေး၍မရ။ မိမိတပ်ဘက်မှ လက်ဦးမှု ရယူနိုင်မှ တော်ရုံကျသောကိစ္စဖြစ်သည်။

''ဘယ်လိုလဲ ကိုဇော်နိုင်ထွန်း သောက်လိုက်စားလိုက် ကောင်မလေးတွေနဲ့ ကဲလိုက်၊ ပန်းကုံးစွပ်လိုက်နဲ့အတော် ပျော်နေသလား''

''ဟာ---ရဲတွေ''

ဇော်နိုင်ထွန်း ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

''နည်းနည်းကလေးမှ မလှုပ်နဲ့နော်။ အကောင်းဆုံးကတော့ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ထားလိုက်။ မင်းလက်ထဲမှာ သေနတ် တစ်လက်ရှိတယ်ဆိုတာ ငါတို့ သတင်းရထားပြီးသားဆိုတော့ သဘောပေါက်တယ်နော်။ မင်းရွှေ့လျားမှုတွေ ပုံမမှန်ရင် ငါ့သေနတ်ထဲက ကျည်ဆန်တွေက ကလိထိုးသလို ကျီစယ်မှာတော့ မဟုတ်ဘူးနော် အဲဒီထက်ပွဲကြမ်းသွားလိမ့်မယ်''

စခန်းမှူး ရဲအုပ် ဆန်းဝင်း၏ စကားသံက တည်ငြိမ်စွာ တစ်ခွန်းချင်း ထွက်ပေါ်လာသဖြင့် ဇော်နိုင်ထွန်းမှာ ဦးခေါင်းပေါ် လက်နှစ်ဖက်လုံးတင်ထားလိုက်ရင်း ကြောက်ဒူးတို့က ဆတ်ဆတ်တုန်ခါနေ၏။

''ပွဲသိမ်းသွားပြီ ဇော်နိုင်ထွန်း ဒီတော့ ငါ မေးတာကို



www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ သေနတ် ဘယ်မှာလဲ၊ ဘာအမျိုးအစားလဲ"

"ကျွန်တော် ဝှက်ထားတဲ့ နေရာမှာရှိပါတယ် ဗိုလ်ကြီး။ ကျွန်တော် လိုက်ပြပါ့မယ်။ ခြောက်လုံးပြူးပါ ဗိုလ်ကြီး"

"ဘယ်က ရသလဲ"

"ယိုးဒယား နယ်စပ်က ဝယ်လာတာပါ ဗိုလ်ကြီး"

"လက်ထိတ်ရော ဘယ်မှာလဲ။ ဘယ်ကဝယ်လာလဲ"

"လက်ထိတ်လဲ ဝှက်ထားပါတယ် ဗိုလ်ကြီး။ ယိုးဒယား နယ်စပ်မှာပဲ ဝယ်တာပါ"

"ဘာကြောင့် ဒီလို ကျူးလွန်တာလဲ။ မင်းက ရော်ဘာခြံပိုင်ရှင်တစ်ယောက် ဖြစ်ရက်သားနဲ့"

"ကျွန်တော် ဘောလုံးပွဲလောင်းတာ ငွေသိန်း၄၀ လောက်ရှုံးသွားခဲ့တယ် ဗိုလ်ကြီး။ ပြီးတော့ ဒီလို KTV မှာ ယမကာလေးတွေမှိဝဲပြီး မိန်းမချောလေးတွေနဲ့ အီရတာကို နှစ်သက်ပါတယ်---

"KTVထိုင်ရင် အခန်းကြေးနဲ့ မိန်းမချောကလေးတွေနဲ့ အီတဲ့၊ ကျူတဲ့အခါ တစ်နေ့ကို သိန်းကျော် ကုန်ပါတယ်။ ကြာတော့ ရော်ဘာခြံမှာ ရင်းနှီးမြှုပ်နှံတဲ့ငွေအတွက် အခက်အခဲ ဖြစ်လာပါတယ်။ ဒါနဲ့ပဲ ကျွန်တော်နဲ့ ဝင်းအောင် နှစ်ယောက်ပေါင်းပြီး အခုလို ကြံစည်ခဲ့တာပါ"

"ငွေတွေကရော"

"တချို့ကို ရော်ဘာခြံအိမ်က သေတ္တာထဲမှာ ထားခဲ့ပါတယ်။ သိန်း(၄၀)ကတော့ ဘောလုံးပွဲအကြွေးကိုဆပ်လိုက်ပါတယ်။ ကျန်တဲ့ငွေကိုကတော့ ဝင်းအောင်ကို ဝေစုခွဲပေးခဲ့ပါတယ် ဗိုလ်ကြီး"

"ဇာတ်လမ်းက အဲဒါပဲ ကိုဆွေရ။ သာမန်လူတွေထက် ငွေကြေးပို အဆင်ပြေတဲ့ ရော်ဘာခြံပိုင်ရှင်ဖြစ်ပေမယ့် အသောက်အစားကလဲဖက်၊ မိန်းမကလဲ လိုက်စားပြန်သေး၊ လောင်းကစားကိုလဲ ဝါသနာကြီးပြန်တော့ စာရိတ္တပျက်ပြီး အခုလို ဒုစရိုက်မှု ကျူးလွန်တဲ့ ဒုစရိုက်သမားဘဝ ရောက်ရတာပေါ့ဗျာ--

"ပြီးတော့ နယ်စပ်ဒေသနဲ့ ကူးလူးဆက်ဆံမှုရှိတဲ့ ဒီလို နေရာမျိုးတွေမှာ ဥပဒေကို စမ်းသပ်ချင်ကြတဲ့ ဒုစရိုက်သမားတွေအတွက် လက်ထိတ်တို့ လက်နက်တို့ ဆိုတာကလဲ ဝယ်လို့ ပြုလို့ရနိုင်တာဆိုတော့ မြင်းကို ချိုတပ်သလိုမျိုးဖြစ်ကုန်ကြတာပေါ့ဗျာ---

"ဒါပေမယ့် ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေက စွမ်းရည်ထက်မြက်ပြီးသားဆိုတော့ ဒုစရိုက်သမားတွေအပေါ် ခုလိုပဲ စိုးမိုး အနိုင်ရစေမြဲပါပဲဗျာ--

"ရေးမယ်ဆိုရင်လဲ အချို့ အမည်နာမည်တွေကို လွဲပြောင်းရေးပေးပါဗျာ။ ပြည်သူတွေ သင်ခန်းစာရယူနိုင်အောင် ပညာပေး မှုခင်းလေးပေါ့"

စခန်းမှူး ရဲအုပ်ဆန်းဝင်း၏ စကားအဆုံး၌ ကျွန်တော်တို့ နှစ်ယောက် သံလွင်မြစ်ကမ်းနားလမ်းအတိုင်း ဆိုင်ကယ်လေးဖြင့် ပြန်လာခဲ့ကြပါတော့သည်။

မောင်ဆွေ-တောင်ငူ



www.burmeseclassic.com

www.burmeseclassic.com



# ဘိုးတော်မတဲ့ အချစ်

ကျော်အေးရွှေ



www.burmeseclassic.com

www.burmeseclassic.com



# "တိုးတော် 'မ'တဲ့အချုပ်

ကျော်အေးရွှေ

"အမေ သား ကိုညိုကြီးတို့အိမ်ကို ခဏသွားလိုက်ဦးမယ်နော်"

"ဘာသွားလုပ်မှာလဲ သားရယ်။ နှစ်လုံး သွားထိုးမလို့လား မလုပ်စဖူးသားရယ်"

ဒေါ်အေးကျော့က သားဖြစ်သူအောင်ကျော်မင်းကို တားလိုက်သည်။ ကိုညိုကြီးဆိုတာက ရပ်ကွက်ထဲမှာ နှစ်လုံး၊ သုံးလုံးဒိုင်ကိုင်ပြီး စီးပွားဖြစ်နေသူ။ ဒါကြောင့် နှစ်လုံးထိုးသွားထိုးမည့် သားကို ပြောလိုက်ခြင်းဖြစ်သည်။ တရားမဝင်သောလောင်းကစားမှုအားမပေးခြင်းပင်။ ရပ်ကွက်ထဲတွင် နှစ်လုံးသုံးလုံးကြောင့် ဘဝပျက်သွားသော အိမ်ထောင်စုတွေ မနည်းတော့။ ဒေါ်အေးကျော့ အသိအမြင်။

"တစ်ခါတည်းပါ အမေရာ၊ သား ကံစမ်းကြည့်ချင်လို့ပါ"

အောင်ကျော်မင်းက မိခင်ဖြစ်သူထံ ခွင့်တောင်းလိုက်သည်။

"တစ်ခါမှ မလုပ်ပါနဲ့ သားရယ်။ အစရှိအနှောင်နှောင်တဲ့။ ဒီလိုအလုပ်မျိုးက မစတာပဲကောင်းတယ်။ စမိရင် စွဲတတ်တယ်ကွယ့်။ ငွေမျောရင် ငွေနဲ့ လိုက်ဆိုတဲ့ စိတ်ရိုင်းတွေ ဝင်လာတတ်တယ်သားရဲ့"

ဒေါ်အေးကျော့က လေပြည်လေးနှင့် ရှင်းပြသည်။ သားဖြစ်သူ အောင်ကျော်မင်းက အမေ့နားပူးကပ်ထိုင်လိုက်သည်။ ထိုစဉ် ညီဖြစ်သူ အောင်ကျော်လင်း ကျောင်းကပြန်လာသည်။

"ကိုကိုကြီး ညီလေးကို အနီးကပ်စာစောင်တွေ ဝယ်ပေးပါလား"

ရောက်ရောက်ချင်း ပူဆာလိုက်သည်။ အောင်ကျော်မင်းက မိခင်ဖြစ်သူ မျက်နှာကို လှည့်ကြည့်လိုက်ပြီး–

"ညီလေး လိုချင်တာတွေကို စာရွက်တစ်ရွက်နဲ့ ရေးထားလိုက်။ အခု ကိုကိုကြီး နှစ်လုံးသွားထိုးမလို့ ပေါက်မှာ သေချာတယ်ကွ အပိုင်ရထားတာ"

"ဟာဗျာ နှစ်လုံးထိုးတဲ့ အလုပ်ကိုတော့ မစတာကောင်းတယ်ဗျာ။ နှစ်လုံးတို့ သုံးလုံးတို့မှာ အပိုင်ဂဏန်းဆိုတာ မသေချာတဲ့ အလုပ်ကြီးပါ။ မလုပ်ပါနဲ့ ကိုကိုကြီးရာ ညီလေးလဲ ဘာမှမလိုချင်တော့ဘူး"

အောင်ကျော်လင်းက အိမ်ထဲ ဝင်သွားသည်။

"အမေ အမေမကြိုက်မှန်းသားသိပါတယ်ဗျာ။ဒီတစ်ခါတော့ ခွင့်လွှတ်ပါ အမေရယ်။ သား တစ်ခါလောက် ကံစမ်းကြည့်တာပေါ့။ ကံစမ်းကြည့်လို့ ပေါက်ပေါက် မပေါက်ပေါက် နောက်ဘယ်တော့မှ နှစ်လုံးမထိုးတော့ပါဘူး။ သားကတိပေးပါတယ်။ ကတိနော် ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းဖြစ်သူ ကိုမြမောင် ဆုံးသွားကတည်းက ဒီသားကြီးက ဆိုက်ကားနင်းပြီး အိမ်ထောင့်တာဝန်ကို ယူခဲ့သူဖြစ်သဖြင့် မတားရက်တော့။

"သား သဘော သား သဘော"

ဟုသာ ပြောလိုက်တော့သည်။ မိခင်ဖြစ်သူက ခွင့်ပြုလိုက်ပြီမို့ အောင်ကျော်မင်းတစ်ယောက် ကျေနပ်သွားသည်။ သူထိုးချင်တဲ့ နံပါတ်က သူနှင့် ဆိုက်ကားနင်းဖော် ကိုပါလေးက ပေးထားတာ။

"ဟေ့ကောင် အောင်ကျော်မင်း မင်းနှစ်လုံးထိုးကြည့်ပါလား။ မှော်ဘီက ဘိုးတော်ကပေးတာတဲ့ကွ။ သိပ်မှန်တယ်လို့ ပြောကြတယ်။ ဒီနေ့ညနေထွက်ကိုထွက်ရမယ်ဆိုပြီး အာမခံနဲ့ ပေးလိုက်တာတဲ့ မင်းစမ်းကြည့်ပါလား။ ပြီးတော့ တစ်ပေါက်တည်း ထိုးရမှာကွ"

"ဘိုးတော် ပေးတဲ့ ဂဏန်းက ဘာတဲ့တုန်း"

အောင်ကျော်မင်းက မေးလိုက်သည်။

"သုံးသုည သရီးဇီးရိုးတဲ့ တစ်ပေါက်တည်း ပြန်စရာမလိုဘူး"

"တစ်ပေါက်တည်း ထိုးရမှာဆိုတော့ ဘာပဲဖြစ်ဖြစ် တစ်ထောင်ဖိုးလောက် ထိုးလိုက်မယ်ဗျာ။ ကံစမ်းကြည့်တာပေါ့နော်"

သားအမိ သုံးယောက်တည်းသာရှိသော အိမ်ထောင်စုလေးမို့ အောင်ကျော်မင်းက ယခုလို တစ်ထောင်ဖိုး ထိုးရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ပြီးတော့ ဒီမိသားစုတာဝန်ကို သူတစ်ယောက်တည်း ထမ်းဆောင်နေရသူဖြစ်လေ၏။ ညီလေး အောင်ကျော်လင်းကဆယ်တန်းကျောင်းသား၊ ဝတ်ချင်စားချင်တဲ့အရွယ်၊ ညီလေးအတွက် ကျောင်းစရိတ်က ရှိသေးသည်။ ဒါ့ကြောင့် ကိုပါလေး ပေးသော ဂဏန်းကိုထိုးကြည့်ချင်တာ။

အခုတော့ အမေက ခွင့်ပြုလိုက်ပြီ မဟုတ်ပါလား။

နှစ်လုံးဒိုင် ကိုညိုကြီး အိမ်ရောက်တော့ ထိုးသားနှစ်ယောက်သာရှိသည်။

"ပြော ဘာဂဏန်းလဲ အောင်ကျော်မင်း"

ထိုးသား နှစ်ယောက် ထွက်သွားသည်နှင့် ကိုညိုကြီးက မေးလိုက်သည်။

"တစ်ပေါက်တည်း ထိုးရမှာဆိုတော့ ဘာပဲဖြစ်ဖြစ် တစ်ထောင်ဖိုးလောက် ထိုးလိုက်မယ်ဗျာ။ ကံစမ်းကြည့်တာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"သုံးသုည တစ်ပေါက် တည်း တစ်ထောင့်ဖိုး ဖြတ်လိုက် ဗျာ။ ပိုက်ဆံကိုတော့ သုံးနာရီ ခွဲလောက် လာပေးမယ်နော်"

အောင်ကျော်မင်းက အကြွေးထိုးလိုက်သည်။ ကိုညို ကြီးက ဘောက်ချာရေးနေရာမှ

"ဘောက်ချာကိုတော့ ငွေပေးမှရမှာနော်။ အဲ လေးနာ ရီထိုးလို့မှာ ဘောက်ချာလာမယူ ရင် ကင်ဆယ်လုပ်လိုက်မှာနော် ဒဲ့တစ်ပေါက်တည်းလား။ အာ လိုက်ပါလားကွ"

"ပြန်စရာ မလိုဘူးတဲ့ ဗျ။ ပေးတဲ့သူက ဒဲ့တစ်ပေါက် တည်းလို့ပြောလိုက်တယ်"

"အေးပါကွာ။ဒါဆိုလဲ ပြီးရော။ မင်း ငွေလာရှင်းမှ ဘောက်ချာရမှာနော်"

ကိုညိုကြီးက နောက် ထပ် ဝင်လာသော ထိုးသားများ ကို ကြည့်ရင်း အောင်ကျော်မင်း ကိုပြောလိုက်သည်။ အိမ်ရှေ့မှာ ကိုညိုကြီးရဲ့ညီ ကိုဘိုကြီးက ကင်းစောင့်နေသည်။ တရားမ ဝင် နှစ်လုံးသုံးလုံးလောင်းကစား မှုများပပျောက်သွားအောင် အစိုး ရက အလေးထား ဆောင်ရွက် နေသည့်ကြားက ဥပဒေကို မ ကြောက်သောသူများက ခိုး ကြောင်ခိုးဝှက် လုပ်ကိုင်နေကြ လေသည်။ အိမ်ပြန်ရောက် တော့ အမေနှင့် ညီလေးက ထ မင်းပွဲပြင်ပြီး စောင့်နေကြသည်။

"သားရေ ထမင်းစား ပြီး ခဏနားဦးနော်"

"မနားတော့ဘူး အ မေရေ။ နှစ်လုံးဖိုးပေးဖို့ ရှာရ ဦးမယ်"

အောင်ကျော်မင်းက အိမ်ရှေ့ကျောက်စည်မှ ရေတစ် ခွက်ခပ်ပြီး လက်ဆေးရင်း မိ





www.burmeseclassic.com

www.burmeseclassic.com



ခင် ဖြစ်သူကို ပြောလိုက်သည်။ အောင်ကျော်မင်းတို့လို ဆိုက်ကားသမား ဘဝက မလွယ်။ ကိုယ်စားရဖို့ထက် အုံနာကြေးရဖို့ အရင်ရှာရသည်။ အုံနာကြေးရပြီးလျှင်တော့ ကျန်တာ ကိုယ့်အတွက်ပေါ့။ ဒီကြားထဲ စပုတ်ပြုတ်တာတို့ ဘီးခွေတာ မဖြစ်မှ ကိုယ့်အတွက်ကျန်မှာ။ အောင်ကျော်မင်းမှာ အဖေမရှိတော့ အောင်ကျော်မင်း ဆယ်တန်းနှစ်ခါကျ၍ ကျောင်းထွက်လိုက်ရသောနှစ်မှာ အဖေက ဆုံးသွားသည်။ သည်တုန်းက ညီလေး အောင်ကျော်လင်းက ရှစ်တန်းကျောင်းသား ဆယ်တန်းမအောင်တော့ အလုပ်ရှာရတာမလွယ်။ အဖေ့သူငယ်ချင်း ဦးငွေထွန်းက စီစဉ်ပေး၍ စပေါ်ငွေမပေးရဘဲ ဆိုက်ကားတစ်စီးနင်းခွင့်ရခဲ့သည်။ ဤသည်မှစ၍ မိခင်နှင့် ညီလေးကို အောင်ကျော်မင်း ကျွေးမွေး စောင့်ရှောက်ခွင့်ကို ပိုင်ဆိုင်ခဲ့လေသည်။

ဆိုက်ကားဂိတ် ရောက်တော့ ဆယ့်နှစ်နာရီထိုးပြီးသွားပြီ။ တစ်နာရီတိတိမှာ အော်ဒါတစ်ခု ရထားတာရှိသေးသည်။ မနက်က အုံနာကြေးရအောင်

"ဦးပါလေး ကျွန်တော် နှစ်လုံးဖိုးသွားပေးလိုက်ဦးမယ်။ တော်ကြာ ပိုက်ဆံလာမပေးရင် ဒိုင်က ဟောက်ချာတို ကင်ဆယ်လုပ်ပစ်လိုက်မှာဗျ"

ရှာထားပြီးပြီ။ သည်တော့ အကြွေးထိုးထားသော နှစ်လုံးဖိုးနဲ့ စားစရိတ်ဖိုးပဲ ရှာရတော့မည်။

"ကောင်လေး ငါပြောတဲ့ ဂဏန်းထိုးပြီးပြီလား"

ဂိတ်ထဲ ဝင်လာသော အောင်ကျော်မင်းကို ကိုပါလေးက မေးလိုက်သည်။

"အကြွေး ထိုးတားတယ်ဗျ။ လေးနာရီမထိုးခင် နှစ်လုံးဖိုးရအောင် ရှာရဦးမှာ"

'အောင်မယ်လေးကွာ အချိန်တွေရှိပါသေးတယ်။ မင်းက ဘယ်လောက်ဖိုးထိုးထားလို့လဲ"

"ခင်ဗျားက တစ်ပေါက်တည်း ဆိုတာနဲ့ တစ်ထောင်ဖိုး ထိုးလိုက်တယ်လေ"

အောင်ကျော်မင်းက ကိုပါလေး ဘေးနားဝင်ထိုင်ရင်း ပြောလိုက်သည်။

"ငါ့ တွက်နည်းနဲ့ တွက်ကြည့်တော့ သုံးတစ်လုံး ဘိုင်ကွ။ သေချာပါတယ်ကွာ မင်းပေါက်မှာ"


"တကယ်လား ကျွန်တော် ပေါက်လို့ကတော့ ခင်ဗျားကို အဝကျွေး အဝတိုက်



www.burmeseclassic.com

www.burmeseclassic.com





မယ်ဗျာ''

ဦးပါလေး စကား ကြောင့် အောင်ကျော်မင်း တစ်ယောက် ဝမ်းသာအားရပြောချလိုက်သည်။

"ဦးပါလေး ကျွန်တော် နှစ်လုံးဖိုးသွားပေးလိုက်ဦးမယ်။ တော်ကြာ ပိုက်ဆံ လာမပေးရင် ဒိုင်က ဘောက်ချာကိုကင်ဆယ် လုပ်ပစ်လိုက်မှာဗျ''

ညနေ သုံးနာရီ ထိုးတော့မည်။ နှစ်လုံးဖိုးပေးဖို့အပြင် အမေ့အတွက် ဈေးဖိုးပါရနေပြီမို့ အောင်ကျော်မင်း တစ်ယောက် ကိုညိုကြီးအိမ်သို့ သွားရန် ပြင်လိုက်သည်။

"ဒီတစ်ခါ ဂိတ်ထွက်က မင်းအလှည့်လေကွာ။ နှစ်လုံးဖိုးက လေးနာရီမထိုးခင်သွားပေးလည်း မီပါတယ်။ ခဏစောင့်ကြည့်ပါဦး''

ဦးပါလေး စကားပင် မဆုံးသေး၊ ဆိုက်ကားငှားမည့် ပါစင်ဂျာနှစ်ဦးရောက်လာသည်။

"ဆိုက်ကားဆရာ။ မြို့မဈေးသွားမယ်''

"ကျွန်တော့်ကိစ္စ ပြီးအောင်လုပ်ချင်လို့ ခင်ဗျားပဲ လိုက်ပို့လိုက်ဗျာ''

"မင်းကိစ္စက အချိန်မီပါတယ်။ သူတို့သွားမယ့် ဈေးကလဲ နီးနီးလေးပါ''

မိသားစုကို လုပ်ကျွေးနေသူမို့ ဦးပါလေးက သနားသည်။ ရတုန်းရခိုက် ရှာစေချင်သည်။ ပြီးတော့ အသောက်အစား ကင်းသလို ရိုးသားသောသူမို့ ချစ်လည်းချစ်သည်။

"ဘာဖြစ်နေတာလဲ၊ မင်းသွား၊ ငါသွားနဲ့''

အသံနှင့်အတူ ဂိတ်ထဲ ဝင်လာသူက အောင်ကျော်မင်းနှင့် တစ်လမ်းတည်းနေသော ကျောင်းနေဖက် သူငယ်ချင်း ခင်မောင်စိုး။ ဦးပါလေးက ခင်မောင်စိုးကို ရှင်းပြလိုက်သည်။

"လွယ်လွယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို ခက်အောင်လုပ်နေတယ်။ ငါ ရောက်လာပြီပဲကွာ။ မင်းက ခရီးသည် သွားချင်တဲ့နေရာကို လိုက်ပို့လိုက်။ ငါက မင်းသွားမယ့် ကိုညိုကြီးအိမ်ကို သွားပေးမယ်။ ပေး မင်းပေးရမယ့် နှစ်လုံးဖိုး။ ဒါဆိုပြီးရောမဟုတ်လား''

''ဟုတ်သားပဲကွ။ မင်းကိစ္စကို ခင်မောင်စိုးက လုပ်ပေးမယ်ဆိုတော့ မင်းလဲ အေးအေးဆေးဆေး ပိုက်ဆံရှာလို့ ရတာပေါ့''

ဦးပါလေးက ဝမ်းသာအားရ ဝင်ပြောလိုက်သည်။ အောင်ကျော်မင်းက ခင်မောင်စိုးကို ငွေတစ်ထောင်တန်တစ်ရွက်ထုတ်ပေးရင်း ''သူငယ်ချင်း စိတ်ချနေမယ်နော်'' ဟုထပ်တလဲလဲ ပြောလိုက်သည်။ ပြီးတော့ ဆိုက်ကားစီးမည့် ခရီးသည် နှစ်ဦးကို ဆိုက်ကားပေါ်တင်ကာ မြို့မဈေးဘက်သို့ နင်းလာခဲ့လေသည်။

''ကုသိုလ် ကံများကောင်းလိုက်တာဗျာ။ အပြန် ပါ စင်ဂျာပါထပ်ရသေးသဗျ။ အင်းနှစ်လုံးတော့ ပေါက်တော့မယ်ထင်တယ် ဦးပါလေးရေ၊ ပါးစပ်ပြင်ထားတော့ဗျာ''

နဖူးက စို့ထွက်နေသော ချွေးများကို လက်ဖမိုးဖြင့် ပွတ်သုတ်ရင်း ဆိုက်ကားပေါ်မှ ဆင်းလိုက်ပြီး ဂိတ်ထဲသို့ဝင်လိုက်သည်။ လက်မှာပတ်ထားသော တရုတ်နိုင်ငံလုပ် အပေါစား နာရီလေးကို ကြည့်လိုက်တော့ လေးနာရီ ထိုးပြီးနေပြီ။ ထိုစဉ် ဂိတ်ရှေ့လက်ဖက်ရည်ဆိုင်ထဲမှ ဆူညံသံများထွက်လာသည်။ လက်ဖက်ရည်ဆိုင်က နှစ်လုံးထီပေါက်ဂဏန်းလွှင့်သော ချာနယ်လိုင်းကို တီဗွီမှ ဖွင့်ပြနေခြင်းဖြစ်သည်။

''ဒီအချိန်ဆို ထိပ်စီးငြိမ်ပြီကွ''

ဦးပါလေးက ဂိတ်ထဲဝင်လာသော အောင်ကျော်မင်းကို ပြောလိုက်သည်။ မကြာလိုက်ပါ။ လက်ဖက်ရည်ဆိုင်ထဲမှ လူတချို့ ထွက်လာကြသည်။ အောင်ကျော်မင်း ရန်ခုန်နေလေပြီ။ ညီလေး လိုချင်သော ကျောင်းဖတ်စာအုပ်များ ဝယ်ပေးရဦးမည် မဟုတ်ပါလား။

''မင်းကွာ ပိုက်ဆံကို အချိန်မီလာပေးပါလို့ သေချာမှာလိုက်သားနဲ့၊ ပိုက်ဆံလာမပေးတော့ စိတ်မကောင်းပါဘူးကွာ၊ မင်းဘောက်ချာကို ကာဗင်ဆယ်လုပ်လိုက်ရတယ်။ မင်းသာအချိန်မီ ငွေလာပေးရင်''



www.burmeseclassic.com

www.burmeseclassic.com



အမေကြိုက်တဲ့ ခေါက်ဆွဲကြော်လည်း ဝယ်ကျွေးလိုက်ချင်သေးသည်။

''ဟေး ပေါက်တယ်ကွ၊ ငါပေါက်တယ်''

လက်ဖက်ရည်ဆိုင်ထဲမှ လူတစ်ယောက်အော်ဟစ်ပြီး ပြေးထွက်လာသည်။

''ဟာကွာ မနက်ဝမ်းတူ၊ ညနေကျတော့ သရီးဖီးဘရိတ်တူဘရိတ်ပဲ ထွက်တယ်ကွာ''

''ငါ့တွက်နည်းက သုံးသေတယ်ကွ''

အသံပေါင်းစုံ ထွက်လာသည်။ အောင်ကျော်မင်း လမ်းမပေါ်ထွက်ပြီးလှမ်းမေးလိုက်သည်။ ပြီးတော့-

''ပေါက်တယ်ဟေ့။ ပေါက်ပြီကွ ဦးပါဒလေး ခင်ဗျား ဂဏန်းမှန်တယ်ဗျို့''

အောင်ကျော်မင်း အသံက အကျယ်ဆုံး။ အရူးကြီးတစ်ယောက်လို အော်ဟစ်နေသော အောင်ကျော်မင်းကို ကြည့်၍ ဦးပါလေးတစ်ယောက် သဘောကျစွာပြုံးလိုက်သည်။

''ကျွန်တော် ငွေသွားထုတ်လိုက်ဦးမယ်ဗျို့''

ဂိတ်ရှေ့တွင် ရပ်ထားသော သူ့ ဆိုက်ကားပေါ်သို့ တက်ခွရင်း ဦးပါလေးကို အော်ပြောလိုက်သည်။ ပြီးတော့ ဒိုင်အိမ်သို့ နင်းလာခဲ့သည်။ ပြီးတော့ နှစ်လုံးထီပေါက်၍ ရလာမည့်ငွေကို ဆိုက်ကားနင်းရင်း စိတ်တွက် တွက်လာခဲ့သည်။

တစ်ရာဖိုး ပေါက်ရင် ခုနစ်ထောင့်ငါးရာ တစ်ထောင်ဖိုးဆိုတော့ ခုနစ်သောင်းခွဲ၊ မနည်းပါလား။ လမ်းထိပ် ကုန်စုံဆိုင်က ဆန်ကြွေး၊ ဆီကြွေးနဲ့ တိုလီမိုလီကြွေးက နှစ်သောင်းလောက်၊ ဟိုကြွေး၊ ဒီကြွေးဆပ်လိုက်ရင်း အမေ့ကိုလေးသောင်းလောက်တော့ အပ်နိုင်ပါပြီလေ။

ဒိုင်အိမ်ရှေ့ ရောက်မှ အတွေးရပ်သွားသည်။ ဆိုက်ကားပေါ်မှ ဆင်းလိုက်ပြီး ကိုညိုကြီးရှိရာသို့ ဝမ်းသာအားရသွား





www.burmeseclassic.com

www.burmeseclassic.com



> “ဒေါ်သာအိုး ပေါက်ကွဲလေပြီ။ ပြောပြောဆိုဆို ခင်မောင်စိုး လက်ထဲက အရက် ဖန်ခွက်ကို ဆွဲလုပြီး လွှင့်ပစ် လိုက်သည်”

လိုက်သည်။ အောင်ကျော်မင်းကို လှမ်းကြည့်ပြီး ပြောလိုက်သော ကိုညိုကြီးစကားကြောင့် လှမ်း လက်စ ခြေလှမ်းများရပ်သွား သည်။ “ဘာ ဘာပြောတယ်” ဟု အလန့်တကြား မေးလိုက်မိ သည်။

“မင်းကွာ ပိုက်ဆံကို အချိန်မီလာပေးပါလို့ သေချာ မှာလိုက်သားနဲ့၊ ပိုက်ဆံလာမ ပေးတော့ စိတ်မကောင်းပါဘူး ကွာ၊ မင်းဘောက်ချာကို ကင် ဆယ် လုပ်လိုက်ရတယ်။ မင်း သာ အချိန်မီ ငွေလာပေးရင်”

“ကျွန်တော် အချိန်မီ ပေးနိုင်းလိုက်တယ်လေဗျာ။ခင် ဗျား အဲဒီလိုတော့ မနောက်ပါ နဲ့ဗျာ”

“ငါ မနောက်ပါဘူး အောင်ကျော်မင်းရာ။ မင်း ဘောက်ချာကို ဘယ်သူမှ လာမ ရွေးပါဘူးကွာ။ လေးနာရီအထိ စောင့်ပါသေးတယ်။ မင်းက ဘယ်သူ့ကို ရွေးခိုင်းလိုက်တာ လဲ”

ဒိုင် ကိုညိုကြီးက စိတ် မကောင်းသည့် လေသံဖြင့်ရှင်း ပြသည်။

“ခင်မောင်စိုးကို လွှတ် လိုက်တာဗျ။ သူကိုယ်တိုင် ခင် ဗျားဆီကို သွားပြီး ဘောက်ချာ ရွေးပါ့မယ်ဆိုလို့ ငွေတစ်ထောင် ပေးလိုက်တာ။ တကယ်လာ မ ရွေးဘူးလားဗျာ။ ဒီကောင် ဘာလုပ်တာလဲ”

“ဟာကွာ မင်းကလဲ ဒီအရက်သမား စကားကိုမှသွား ယုံတာကိုးကွ”

ကိုညိုကြီး စကားကို သူ့မကြားတော့။ မျှော်လင့်ချက် ကလေးပျက်ပြယ်သွားပြီမို့ ဒေါ် သက အထွတ်အထိပ် တက် လာလေပြီ။ အောင်ကျော်မင်း ဒေါသက ခင်မောင်စိုးအပေါ်သို့ ရောက်သွားလေပြီ။

“တောက် သေသေချာ ချာမှာထားရက်သားနဲ့ တွေ့ကြ ပြီပေါ့ကွာ”

မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ် လိုက်ပြီး ဒိုင်အိမ်မှ ချာခနဲ လှည့် ထွက်လာခဲ့သည်။ ခင်မောင်စိုး ကို ရှာပုံတော်ဖွင့်လေပြီ။ သူ့ အိမ်သွားမေးတော့ ဘာမှရေရေ ရာရာ မပြောနိုင်။

“ဒီအချိန်ဆို အရက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာရှိမှာပေါ့''

လမ်းထဲက အသိတစ်ယောက်က လမ်းညွှန်လိုက်သည်။ ရပ်ကွက်ထဲက အရက်ဆိုင်ရောက်တော့ ခင်မောင်စိုးကို တွေ့လိုက်ရသည်။ ခင်မောင်စိုးက သူဝင်လာတာကိုမတွေ့ အရက်သမား အပေါင်းအသင်းများနှင့် ပျော်နေသည်။

''ဟေ့ကောင် ခင်မောင်စိုး မင်းလုပ်တာ ကောင်းသလား''

အောင်ကျော်မင်း တစ်ယောက် ဒေါသအိုး ပေါက်ကွဲလေပြီ။ ပြောပြောဆိုဆို ခင်မောင်စိုးလက်ထဲက အရက် ဖန်ခွက်ကို ဆွဲလုပြီး လွှင့်ပစ်လိုက်သည်။

''ခင်ဗျားကြီး ဘာလုပ်တာလဲ''

အရက် မူးနေပြီဖြစ်သော ခင်မောင်စိုးက ဝုန်းခနဲ ထရပ်လိုက်သည်။

''ဘာလုပ်ရမှာလဲ၊ ချဲ ဖိုးပေးနိုင်းတာကို ဘာလို့သွားမပေးတာလဲ''

''သွားပေးလဲ ခင်ဗျား ငွေတစ်ထောင်က ဆုံးမှာပဲ။ ပေါက်မှာမှ မဟုတ်တာ။ အဲဒါနဲ့ ခင်ဗျား ငွေတစ်ထောင်နဲ့ အရက်သောက်လိုက်တယ်ဗျာ။ မကျေနပ်ဘူးလား။ ခင်ဗျား ဘာလုပ်ချင်လဲ''

အရက်မူးနေပြီ ဖြစ်သော ခင်မောင်စိုးက အရက်သမားပေါင်းအသင်းများအားကိုးဖြင့် ဘာမှမစဉ်းစားဘဲ ပြောချလိုက်သည်။ ခင်မောင်စိုးရဲ့ စကားနှင့် လေသံက ဒေါသထွက်နေသော အောင်ကျော်မင်းအဖို့ မီးလောင်ရာ လေပင့်သလို ဖြစ်သွားလေပြီ။

''ဒါလုပ်ချင်တယ်ကွာ . . . ဒါလုပ်ချင်တယ်''

အောင်ကျော်မင်း ဘာမှမမြင်တော့။ ဒေါသတွေမွှန်နေပြီမို့ သူ့ဘေးနားတွင် ရှိသော သစ်သားခွေးခြေခုံကို ဆွဲယူပြီး ရိုက်ချလိုက်သည်။ ပြီးတော့ ''ငါ့ဂဏန်းက ပေါက်တယ်ကွ။ ပေါက်တယ်'' ဟုဒေါသတကြီး အော်ဟစ်လိုက်သည်။ ခင်မောင်စိုးက ခေါင်းကို လက်နှင့်အုပ်ပြီး ထိုင်ကျသွားသည်။ ဘေးနားမှ အရက်သောက်နေသူများက အောင်ကျော်မင်းကို ဝိုင်းဆွဲထားလိုက်ကြသည်။ မည်သူက အကြောင်းကြားလိုက်သည် မသိ။ မကြာမီရဲများရောက်လာသည်။ ခင်မောင်စိုးကတော့ သတိမရ။ ခေါင်းမှာ သွေးချင်းချင်း နီနေသည်။ ရဲဆေးစာနှင့်အတူဆေးရုံ ပို့လိုက်လေသည်။

အရက်မူးမူးနှင့် စဉ်းစား ဆင်ခြင်ဉာဏ်ကင်းမဲ့စွာဖြင့် လူမိုက်ဆန်ဆန် 'ဘာလုပ်ချင်လဲ' ဟူသော စကားတစ်ခွန်းကြောင့် တစ်ယောက်က ဆေးရုံရောက်သွားသလို အောင်ကျော်မင်းမှာလည်း တရားမဝင် နှစ်လုံးထီ လောင်းကစားရာမှ ဖြစ်ပေါ်လာသော ပြဿနာကြောင့် လက်ထိတ်တန်းလန်းဖြင့် ရဲစခန်းသို့ ရောက်သွားရလေပြီ။

''အမေ့ စကား သားနားမထောင်မိလို့ အခုလိုဖြစ်ရတာပါ အမေရယ်''

အောင်ကျော်မင်း တစ်ယောက် နောင်တရလိုက်သည့်အချိန်က များစွာနောက်ကျသွားလေပြီတကား။ ။


ကျော်အေးမြွေ




www.burmeseclassic.com

www.burmeseclassic.com

# တောင်ပေါ်သား
## ဟိုတယ်








အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။


ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၇၊ ၂၀၅၇၅၄၊ ၂၀၅၄၀၄၊ ၂၀၅၇၇၉

www.burmeseclassic.com

www.burmeseclassic.com



# ဝါယာကြိုး



ယုယုလွင်





www.burmeseclassic.com

www.burmeseclassic.com



"ဝါယာကြိုး"

ယုယုလွင်

"ကလင် ... ကလင် .... ကလင်"

ဒေါက်တာ အလန် ဖရော့စ်ဘီသည် မီးပျက်နေသဖြင့် တယ်လီဖုန်းရှိမည့် နေရာသို့ မမြင်မကန်းနှင့် မှန်း၍စမ်းကာ လက်ကိုင်ခွက်ကို မလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျာ။ ဒေါက်တာ ဖရော့စ်ဘီပါ။ အမိန့်ရှိပါ"

"ကျွန်တော် ဘစ်ကပ်(စ်)ပါ ဒေါက်တာ။ ဒေါက်တာ အခု ချက်ချင်းလာနိုင်မလား ခင်ဗျာ။ ကျွန်တော့်ဆရာ မစ္စတာဒတ်ကင်း ရေချိုးနေတာကြာနေလို့ ကျွန်တော် အခုလေး တင်ပဲ သွားကြည့်လိုက်တော့ ကျွန်တော့်--ကျွန်တော့်အထင် သူ ... သူ သေပြီထင်တယ် ဒေါက်တာ"

"ကောင်းပြီ၊ ကျွန်တော်အခုချက်ချင်းလာခဲ့မယ်"

ဖုန်းကို ဖုန်းခွက်ပေါ်သို့ ပြန်တင်လိုက်သည်။

ယခုတော့ မစ္စတာ ဖရော့စ်ဘီ ကောင်းကောင်း နိုးပါပြီ။ မီးခြစ်ကို ခြစ်၍ လက်မှ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ညတစ်နာရီထိုးဖို့ ဆယ်မိနစ်အလို။ ၁၂ နာရီနှင့် မိနစ် ၅၀ ဆိုတော့ သူနာရီဝက်ကျော်ကျော်လောက်သာ အိပ်ရပါသေးသည်။

မစ္စတာ အာသာဒတ်ကင်း အသက်ရှိနေစေဖို့ သူမျှော်လင့်မိသည်။ စိတ်အလွန်တိုတတ်သော အဘိုးကြီးသည် သူကုသပေးနေသော လူနာများထဲမှ အချမ်းသာဆုံး စာရင်းဝင်တစ်ဦးဖြစ်သည်။ သို့ရာတွင် သူခံစားနေရသော နှလုံးရောဂါဖြင့်တော့ ...

လျှပ်စစ်မီးက ရုတ်တရက် ပြန်လင်းလာသဖြင့် အတွေးစတို့ ပြတ်သွားရသည်။

"အကြောင်း တစ်ခုခုရှိလို့ ပျက်သွားတာထင်တယ်။ နောက်တစ်ခါထပ်မပျက်ပါစေနဲ့လို့ ဆုတောင်းရတာပဲ"

တကယ်လည်း နောက်တစ်ခါ မီးထပ် မပျက်တော့ပါ။ ဒေါက်တာ ဖရော့စ်ဘီသည် အဝတ်အစားကို ပြီးပြတ်အောင် ဝတ်ဆင်လိုက်ပြီး ဘွတ်ဖိနပ်ကို စီးကာ ကားဂိုဒေါင်ရှိရာသို့ အလျင်အမြန်သွားလိုက်လေသည်။

~~~~~

ဒေါက်တာ၏ ကားသည် ငါးမိနစ်သာသာခန့် အရှိန်ပြင်းစွာ မောင်းနှင်လာပြီးနောက် အာသာဒတ်ကင်း၏ အိမ်တံခါးဝရှေ့ရှိ ကျောက်စရစ်လမ်းလေးပေါ်တွင် ရပ်တန့်လိုက်သည်။

အိမ်နေရင်း အဝတ်အစားဖြစ်သော ညနေခင်း ဝတ်ရုံရှည်ကို ဝတ်ဆင်ထားပြီး ဆံပင်များ ဖြူနေပြီဖြစ်သော လူကြီးတစ်ဦးသည် တံခါးဝတွင် တုန်ယင်စွာရပ်လျက် သူ့အလာကို စောင့်မျှော်နေလေသည်။

"ဒေါက်တာ ရောက်လာတာ ဝမ်းသာလိုက်တာ၊ ကျွန်တော့် စိတ်ထဲမှာ အကြာကြီး စောင့်နေရသလို ထင်မိတယ်"

"ခင်ဗျား ဖုန်းဆက်လိုက်တာ ဆယ့်နှစ်မိနစ်ပဲရှိ ပါသေးတယ် ဘစ်ကပ်(စ်)ရဲ့ သိပ်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



မကြာပါဘူး။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒေါက်တာ ချက်ချင်း ရောက်လာမယ်ဆိုတာ ကျွန်တော် သိပါတယ်"

ဒေါက်တာသည် ထမင်းချက် အဘိုးကြီး ခေါ်ဆောင်ရာ နောက်သို့လိုက်လာသည်။ ကျယ်ဝန်းသော ခန်းမကြီးကို ဖြတ်သန်းကာ ကော်ဇော်ထူထူကြီး ခင်းထားသည့် လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ တက်လာကြသည်။ကော်ရစ်တာ၏အဆုံးတွင် ရေချိုးခန်းကို တံခါးဖွင့်လျက်သား တွေ့ရသည်။

ရေချိုးခန်းထဲသို့ လှမ်းကြည့်လိုက်သောအခါ ရေချိုးကန်အတွင်းရှိ ရေထဲတွင် လဲလျောင်းလျက်ရှိသော သွပ်ရှားမှုကင်းမဲ့သည့် ခန္ဓာကိုယ်တစ်ခု၏ ပြာနှမ်းနေသော မျက်နှာကို တွေ့လိုက်ရသည်။ ဒေါက်တာက ဘစ်ကပ်(စ်)ကို လှမ်းကြည့်လိုက်သောအခါ သူ့မျက်လုံးများထဲတွင် စိုးရိမ်ပူပန်မှုများ ဖုံးလွှမ်းနေသည်ကို တွေ့လိုက်ရသည်။ သူ့ကိုမေးလိုက်သည်။

"ခင်ဗျား သူ့ကို ဒီမှာ ဘယ်လိုလုပ် ရှာတွေ့တာလဲ"

"ကျွန်တော် .. ကျွန်တော် အိပ်ရာထဲမှာ စာဖတ်နေတာ ဆရာ"

"စာဖတ်နေတယ်. ဟုတ်လား၊ မီးမပျက်ဘူးလား"

"မပျက်ပါဘူး ဆရာ လုံးဝ မပျက်ပါဘူး"

"ကျွန်တော်တို့ အိမ်ဘက်မှာတော့ မီးပျက်တယ်၊ အသေအချာကို မှတ်မိတာ။ ကဲ ပါလေ မီးပျက်တဲ့ ကိစ္စ ခဏထားပါဦး၊ မစ္စတာ ဒတ်ကင် ကိစ္စ ဆက်ပြောပါဦး"

"မစ္စတာ ဒတ်ကင်း ရေချိုးခန်းထဲဝင်သွားတဲ့ အသံကို ကျွန်တော် စာဖတ်နေရင်း နဲ့ ကြားနေရတယ်။ ခဏနေတော့ ရေဘုံဘိုင်ခေါင်းက ရေကျနေတဲ့အသံက တော်တော်လေးကို ကြာနေပြီလို့ ထင်လာမိတယ်။ ဒါနဲ့ ကျွန်တော်--"

"ဒါကြောင့် အခြေအနေကောင်းရဲ့လားလို့ ခင်ဗျား သွားကြည့်တယ်ဆိုပါတော့"

"ဟုတ်တယ် ဒေါက်တာ"

"သူက အသတ်ခံရတာဆိုတော့ သူ အသတ်မခံရခင် တစ်ခုခုကို ခင်ဗျားသတိထားမိသေးလား ဘစ်ကပ်(စ်)"

"အသတ်ခံရတယ် ဟုတ်လား"

သူက ဒေါက်တာ၏ စကားကို သံယောင်လိုက်ကာ ပြောလိုက်သည်။

"ဟုတ်တယ် ဘစ်ကပ်(စ်) သူ့မျက်နှာမှာပေါ်နေတဲ့ ပုံသဏ္ဌာန်က လည်ပင်းညှစ်သတ်ခံရတဲ့ လက္ခဏာပြနေတာ ပြူးထွက်နေတဲ့ မျက်လုံးတွေရယ်၊ အပြင်ထွက်နေတဲ့ လျှာရယ်၊ ဒီပေါ်ကအမြှုပ်တွေ"

ဒေါက်တာ ဖရော့စ်ဘ ပြောနေရင်းက စကားစ ပြတ်သွားသည်။ သူ့နောက် တည့်တည့်ရှိ အဝတ်လျှော်စက်ပေါ်သော ဗီရိုကြီးမှ ပွတ်တိုက်သံလိုလို အသံသဲ့သဲ့ကြားလိုက်ရသောကြောင့်ဖြစ်သည်။

ထိုစဉ်မှာပင် ရုတ်တရက်ဆိုသလို ထိုသူသည် တောရှိင်းတိရစ္ဆာန် တစ်ကောင်ကဲ့သို့ အော်ဟစ်ကာ ဗီရိုအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး ရှေ့သို့ တရကြမ်း ကမူးရှူးထိုးပြေးထွက်သွားသည်။

တစ်ချိန်က တက္ကသိုလ် အားကစားအဖွဲ့တွင် လျင်မြန်ဖျတ်လတ်၍ သန်မာသော လက်သီးပိုင်ရှင် ကြယ်တစ်ပွင့်ဖြစ်ခဲ့သော ဒေါက်တာ ဖရော့စ်ဘီသည် သူ၏ ညာဖြောင့်လက်သီးတစ်လုံးကို ထိုသူ၏ မှတ်ဆိတ်ရိတ်ထားခြင်းမရှိသော အသားအရောင်ပြာနှမ်းနှမ်း မေးရိုးနှင့် မလွဲတမ်း မိတ်ဆက်ပေးလိုက်သည်။ ထိုသူသည် ခြေကားယား၊ လက်ကားယားနှင့် ကြမ်းပြင်ပေါ်သို့ ပုံကျသွားကာ သတိလစ်သွားလေသည်။

~~~~

လူထွားကြီး ရဲမှူးကြီး ဂေါရင်းသည် စည်းကမ်းအလွန်ကောင်းသောသူ၊ ဒေါသစိုးစဉ်မျှမရှိဘဲ လက်အောက်ငယ်သားတို့၏ ကြည်ညိုလေးစားခြင်းကို ခံရသူ။ ဘစ်ကပ်စ် ဖုန်းဆက်ခေါ်မှုကြောင့် သူသည် ရဲစုံထောက် တပ်ကြပ်ကြီး မော်လန်ကို သူနှင့်အတူ ခေါ်လာခဲ့သည်။ ဒေါက်တာ ဖရော့စ်ဘီ၏ ပြောပြချက်များကို ဂရုတစိုက် နားထောင်သည်။

"ဒါဆိုရင် လူသတ်သမားကို မရှာရဘဲနဲ့ ဖမ်းမိတဲ့သဘောပေါ့"

ရေချိုးခန်း ကြမ်းပြင်တွင် မေ့မြောနေဆဲဖြစ်သော ထိုသူကိုလှေ့လာရင်းက ပြောလိုက်သည်။

"ဟုတ်တယ် လို့တော့ ပြောလို့ရတယ် ရဲမှူးကြီး။ ဒါပေမယ့် ကျွန်တော်တို့မှာ သူသတ်တယ်ဆိုတဲ့ သက်သေအနိုင်အမာ မရှိသေးဘူး"

ရဲစုံထောက် မိုက်ကယ်မော်လန်က သူ၏ မီးခိုးရောင်ဆံပင်များဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေရင်းက ....

"မငြင်းနိုင်အောင် ပြနိုင်မယ့် သက်သေရှိဖို့ လိုနေတယ်"

မစ္စတာ ဂေါရင်းက ချက်ချင်းသိလိုက်သည်။ ဤစကော့တလန်သား လူထွားကြီး မိုက်ကယ်မော်လန်သည် အမှုအသွားအလာ အချက်အလက် အစုံအလင်ကို အသေးစိတ်မှ အစ ရှာဖွေ၍ အခိုင်အမာ ရရှိသောအခါမှသာလျှင် အမှုကို အတည်ပြုလေ့ရှိသူ ဖြစ်သည်။ သို့ရာတွင် လုပ်ဖော်ကိုင်ဖက်များကပင် "ဦးတိကျကြီး"ဟု အမည်ပြောင်း မှည့်ခေါ်ခြင်းခံရသည်နှင့်မလျော်ညီစွာ မိုက်ကယ်မော်လန်သည် မကြာခဏဆိုသလိုပင် အမှန်တရားတစ်ခုပေါ်ပေါက်ရေးအတွက်ဆိုလျှင် ရေဆုံးရေဖျား လိုက်တတ်သူဖြစ်သည်။

"ကဲ ကောင်းပြီလေ၊ ဆာဂျင်၊ ကိုယ်တို့ အစဟာနေပြန်ပြီး တိတိကျကျ စစ်ဆေးကြတာပေါ့"

မစ္စတာ ဂေါရင်းက မိုက်ကယ်မော်လန်ကို ပြောလိုက်ရင်းမှ ထမင်းချက် အဘိုးကြီးဘက်သို့လှည့်ကာ–

"ဘစ်ကပ်(စ်)ရေ ခင်ဗျား ကျွန်တော်တို့ကို ဘာတွေပြောပြနိုင်သလဲ"

"ကျွန်တော် မစ္စတာ ဒတ်ကင်းကို အသက်ရှင်လျက် နောက်ဆုံး တွေ့လိုက်တာ ညဆယ်နာရီခွဲလောက်မှာပါ"

"မစ္စတာ အင်းနစ်(စ်)က အဲဒီအချိန်မှာ သူနဲ့အတူရှိနေတယ်"



www.burmeseclassic.com
~~~~

www.burmeseclassic.com



"မစ္စတာ အင်းနစ်(စ်) ဆိုတာ ဘယ်သူလဲ"

မှတ်စုစာအုပ် ကိုင်ကာ ရေးမှတ်နေသော မိုက်ကယ် မော်လန့်က ဖြတ်၍မေးလိုက်သည်။

"မစ္စတာ ဒတ်ကင်းပိုင်တဲ့ ဝါယာကြိုးစက်ရုံက စာရင်းစစ်ပါ ဆရာ"

"ကျွန်တော် သိပြီ၊ ပျော်ပျော်နေတတ်တဲ့ လူတစ်ယောက်ပဲ၊ ညက သူဘာလာလုပ်တာလဲ"

"မပြောတတ်ဘူး ဆရာ၊ သူနဲ့ မစ္စတာဒတ်ကင်းနဲ့ စကား အချေအတင် ဆွေးနွေးနေကြတယ် ထင်တာပဲ။ ဆယ်နာရီ ကျော်ကျော်လောက်က ကျွန်တော် ဂိစကီပုလင်း သွားသိမ်းတော့ သူတို့ရှေ့မှာ စာအုပ်တွေ အများကြီးတွေ့ခဲ့တယ်၊ မစ္စတာ ဒတ်ကင်းက သူ့ကို မစောင့်နဲ့တော့လို့ပြောတာနဲ့ ကျွန်တော် အလုပ်အားလုံး လက်စသတ်ပြီး အိပ်ရာထဲဝင်ခဲ့တယ်–

"ကျွန်တော်က အိပ်ရာဝင်ရင် တော်တော်နဲ့ အိပ်မပျော်တတ်ဘူးဆရာ၊ မအိပ်ခင် ၁နာရီ၊ ၂နာရီလောက် စာလေးဘာလေး ဖတ်လေ့ရှိတယ်။ ဆယ့်နှစ်နာရီ ၁၅ မိနစ်လောက်မှာ မစ္စတာ အင်းနစ်ပြန်သွားတဲ့ အသံကိုကြားရတယ်။ သူထွက်သွားပြီးတော့ မစ္စတာ ဒတ်ကင်းက တံခါးမင်းတုပ်ချလိုက်တဲ့ အသံကို ကြားရတယ်။ ပြီးတော့ အိပ်ခန်းရှိတဲ့ အပေါ်ထပ်ကို တက်လာတဲ့ အသံကို ကြားရတယ်။ သူအမြဲလို ဆိုနေကျ ဖြစ်တဲ့ "တို့လမ်းထဲက ဆယ်လီ" သီချင်းရဲ့တေးသွားကို ခါတိုင်းလိုပဲ လေချွန်ပြီး တက်လာတယ်။ နည်းနည်းကော့ အသက်ရှူ မမှန်သလိုပဲ။ ဒါဟာလဲ သူ့ရဲ့ နှလုံးရောဂါကြောင့်ပဲ ထင်ပါတယ်"

"ပြီးတော့ ရေချိုးခန်းထဲဝင်သွားတဲ့အသံကြားရတယ်။ တော်တော်လေး ကြာသွားတဲ့အထိ ရေဘုံဘိုင်ခေါင်းက ရေကျနေတဲ့ အသံကြားနေရတုန်းပဲ ဆိုတာ ကျွန်တော် သတိထားမိလိုက်တယ်။ သေချာနားစွင့်ကြည့်လိုက်တော့ အသံတွေက တိတ်ဆိတ်နေတယ်။ ရေကျသံကလွဲလို့ တခြားဘာသံမှ မကြားရဘူး–

"အဲဒီမှာ ကျွန်တော်ဟာ ကျွန်တော့် စိတ်ထဲမှာ တစ်ခုခုကြောင့် ထပြီးသွားကြည့်လိုက်တော့မှ အခုဆရာတို့ မြင်ရတဲ့အတိုင်း သူ့ကိုတွေ့လိုက်ရတော့တာပါပဲ–––

"ကျွန်တော် ရေဘုံဘိုင် ခေါင်းကို ပိတ်လိုက်ပြီး ဒေါက်တာဖရော့စ်ဘီဆီကို ဖုန်းဆက်လိုက်တာပါပဲ ဆရာ"

ထမင်းချက်ကြီး၏ စကားအဆုံးတွင် မစ္စတာ ဂေါ်ရင်းက ရေချိုးခန်းကြမ်းပြင်တွင် သတိလစ်နေသော သူ၊ သူ၏ ရဲစခန်းတွင် အမည်ရှိသောသူ၊ ချာလီ ဆိုင်မွန်ကို ညွှန်ပြရင်း–

"ဒီလူနဲ့ ပတ်သက်လို့ရော၊ တစ်စုံတစ်ခု ခင်ဗျားမသိလိုက်ဘူးလား"

"မသိလိုက်ဘူး ဆရာ"

"ဒါဆိုရင် နည်းနည်းတော့ ထူးဆန်းတယ်၊ ခင်ဗျားနားကတော့ တော်တော်ကောင်းပုံရတယ်" မိုက်ကယ် မော်လန့်က မှတ်ချက်ချသည်။ ထို့နောက် ဒေါက်တာ ဖရော့စ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လှည့်ကာ–

"သူလည်းပင်းညှစ်သတ်ခံရတယ် ဆိုတာကို ကျွန်တော်တို့ အတည်ပြုချင်တယ် ဒေါက်တာ"

"အလောင်းကို မခွဲစိတ်ရသေးဘဲနဲ့ သေချာပေါက် သက်သေပြုလို့တော့ မရသေးဘူး၊ ဒါပေမယ့် ခင်ဗျားတို့ကို စောင့်နေရင်းနဲ့ ကျွန်တော်သတိပြုမိတဲ့ အချက်တွေကတော့ အတည်ပြုဖို့ လုံလောက်နေပါပြီ"

ဒေါက်တာက အလောင်း၏ ဦးခေါင်းကို မလိုက်သည်။ ခရမ်းရောင်သန်းနေသော အစင်းကြောင်းတစ်ခုသည် မစ္စတာ ဒတ်ကင်း၏ အိတ္တွဲနေသော လည်းပင်းပတ်လည်တွင် မြင်သာအောင်ပေါ်လာသည်။

"အညိုအမည်းစွဲနေတဲ့ လက္ခဏာပဲ" မိုက်ကယ် မော်လန်က အာမေဋိတ်ပြုလိုက်သည်။ "သူ့ရဲ့ ကိုယ်ပိုင်ထုတ်ကုန်ပစ္စည်းဖြစ်တဲ့ ဝါယာကြိုးနဲ့ လုပ်ကြံခံလိုက်ရတာပဲ"

"ကျွန်တော် စဉ်းစားမိတာလဲ အဲဒါပဲ"

ဖရော့စ်ဘီက သဘောတူကြောင်း ပြောလိုက်သည်။

"ဝါယာကြိုးနဲ့ လည်ပင်းကို ညှစ်သတ်ခံရတာ၊ ဝါယာကြိုးကြောင့် အညိုအမည်းစွဲရင် ဒီလိုပုံစံပဲ၊ မလွဲနိုင်ပါဘူး"

ရဲမှူး ဂေါရင်းက သူ၏ နှုတ်ခမ်းမွှေးထူထူကြီးကို ပွတ်သတ်၍

"ချာလီဆင်း(မ်)က ဝါယာကြိုး စက်ရုံမှာ အလုပ်လုပ်တယ် ဟုတ်တယ် မဟုတ်လား ဆာဂျင်"

"ဟုတ်ပါတယ်၊ သူက စက်ရုံက အလုပ်သမားပါ"

"ဒီအလုပ်သမားတွေနဲ့ အလုပ်ရှင် အကြားမှာ ခါးသီးမှုတွေ၊ အငြိုးတွေ အများကြီးရှိခဲ့ဖူးတယ်"

"ဟုတ်ပါတယ်"

မိုက်ကယ် မော်လန်က ချီတုံချတုံ စဉ်းစားရင်းက–

"ဒါပေမယ့် ရဲမှူးကြီး ဒါကို သက်သေလို့ ပြောလို့ မရသေးဘူး။ သူ ..."

မော်လန်၏ စကားမဆုံးမီမှာပင်

"သူ သတိပြန်ရလာပြီ"

ရဲမှူးကြီးက စကားစကို ဖြတ်၍ ပြောလိုက်သည်။

"အမှန်တရား ထွက်လာအောင် နှိုက်ထုတ်ရမယ်"

ချာလီဆင်း(မ်)သည် သတိပြန်ရလာပြီးနောက် ချက်ချင်း စကားပြန်မပြောနိုင်သေးသဖြင့် မိနစ်အနည်းငယ်စောင့်ကြရသည်။ ခဏကြာမှ ရုပ်ရည်နှင့်လိုက်ဖက်ညီသည့် ဆွဲဆောင်မှုမရှိသော အက်ကွဲကွဲအသံဖြင့် ကျေနပ် လက်ခံနိုင်ဖွယ် မရှိသော[illegible]စ်စဉ်ကို အစအဆုံးပြောပြသည်။

"ကျွန်တော်က ယုန်ထောင်ဖို့ ဒီကိုရောက်လာတာ။ ဒီအိမ်ရဲ့ အနောက်ဘက်က တောအုပ်ကလေးထဲမှာ ယုန်သွားထောင်မလို့"

"ခင်ဗျား တစ်ခုခု ခိုးယူဖို့လာတာလား"

ရဲမှူးကြီးက ခပ်ထန်ထန်ပြောလိုက်သဖြင့်

"ကျွန်တော် ခိုးဖို့ စဉ်းစားတယ်ပေါ့ဗျာ၊ ရေချိုးခန်းပြတင်းပေါက်က ဖွင့်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မီးလင်းနေတာကိုတွေ့ရတယ်။ စိတ်ထဲမှာတော့ ဒီအလုပ်ရှင် ကပ်စေးနဲအဘိုးကြီးကို ကျွန်တော့် လက်နှစ်ဖက်ထဲမှာထည့်ပြီး ညှစ်ပစ်ချင်တာဗျ။ အဲဒီတုန်းမှာပဲ လူတစ်ယောက် လှေကားက ဆင်းလာတာကို တွေ့လိုက်ရတယ်''

''လှေကားက ဆင်းလာတယ် ဟုတ်လား''

''ဟုတ်တယ်၊ အဲဒီ ပြတင်းပေါက်မှာ လှေကားထောင်ထားတယ်။ အဲဒီလူက အဲဒီ လှေကားကနေ ဆင်းလာတာပြီးတော့ အမှောင်ထဲကို ပြေးထွက်သွားတယ်''

''အဲဒါ ဘယ်သူလဲလို့ မေးရင် ခင်ဗျားက မမြင်လိုက်ဘူးလို့ ဖြေမှာ မဟုတ်လား''

ရဲမှူးကြီး ဂေါ်ရင်းက သရော်တော်တော် အသံဖြင့် ခြောက်လှန့်မေးမြန်းလိုက်သည်။

''ဟုတ်တယ်။ ဘယ်သူလဲဆိုတာ ကျွန်တော်မသိဘူး။ တစ်ယောက်ယောက်ပါပဲလို့ ဖြေရမှာဆိုပေမယ့် ကျွန်တော့်ကို တရားခံ မဟုတ်ဘူးလို့ ယုံကြည်အောင် လီဆယ်ပြောတာ မဟုတ်ပါဘူး။ ကျွန်တော်လဲ ဘာလုပ်ရမှန်း မသိတာနဲ့ ခဏလောက် ဒီအတိုင်း ရပ်နေမိတယ်။ အဲဒီနောက် လှေကားကနေ တက်ပြီး အထဲကို ချောင်းကြည့်ဦးမှပဲလို့ တွေးပြီးတော့ အသံလုံးဝ မထွက်စေဘဲ လှေကားကနေ အပေါ်ကိုတက်လာလိုက်တယ်။ ပြတင်းတံခါးက လိုက်ကာစကို အသာလေးလှပ်ပြီး အထဲကို ချောင်းကြည့်လိုက်တော့ ဒီမကောင်းဆိုးဝါးမကြီးကို ရေချိုးကန်ထဲမှာ လဲနေတာ တွေ့လိုက်ရတော့တာပါပဲ။ သူ သတ်လစ်ပြီးတော့ ရေနစ်နေတယ် ထင်တာပဲ၊ ကျွန်တော်မှာ အဲဒီအချိန်တုန်းက စိတ်နှစ်ခွဖြစ်နေတယ်။ သူ့ကို ဒီအတိုင်း ပစ်ထားခဲ့ရင်ကောင်းမလား၊ ကူညီရင် ကောင်းမလားပေါ့၊ ဘုရားသခင်ထံမှာပဲဆုတောင်းမိတယ်–

''ကျွန်တော် ရေချိုးခန်းထဲ ရောက်ရောက်ချင်းမှာပဲ ဒီပုဂ္ဂိုလ်နှစ်ယောက်ကလှေကားကနေ သုတ်သီးသုတ်ပျာ တက်လာတယ်။ ကျွန်တော်ပြန်ထွက်ပြေးဖို့ အချိန်မရတော့ဘူး။ ဒါကြောင့် ကျွန်တော်အဝတ်လျှော်ဗီရိုထဲကို ဝင်ပုန်းနေလိုက်တာပြီးတော့ သူတို့နှစ်ယောက်ထဲက တစ်ယောက်က ဒီအဘိုးကြီးဟာ အသတ်ခံရတာလို့ ပြောလိုက်တယ်။ ဒါဆိုရင် အလကားနေရင်း ကျွန်တော်တရားခံဖြစ်ပြီပေါ့။ ကျွန်တော် သူတို့ပေါ်ကို ခုန်အုပ်ပြီး ရဲတွေရောက်မလာခင် ထွက်ပြေးဖို့ စဉ်းစားတယ်။ ဒါပေမယ့် ထွက်မပြေးခင်မှာ ကျွန်တော်အသံပြုမိသွားတယ်။ ပြီးတော့ ဘာတွေဆက်ဖြစ်သလဲဆိုတာတော့ ခင်ဗျားတို့ သိတဲ့အတိုင်းပါပဲ''

ရဲမှူးကြီး ဂေါ်ရင်းသည် မျက်ခုံးမွေးများကို သိသိသာသာ အထက်သို့ ပင့်ကာ သူ့လက်ထောက် မိုက်ကယ်မော်လန်ကို လှမ်းကြည့်လိုက်သည်။ မော်လန်က ဒီအချက်တွေက အမှုမှန်ပေါ်ဖို့အတွက် အထောက်အထားတွေ ဖြစ်လို့ တကယ်လို အပ်တယ်ဟု ဆိုကာ သူ့မှတ်စုများကို ပြန်ဖတ်လိုက်သည်။ ထို့နောက်

''ခင်ဗျား ပြောနေတာတွေဟာ အမှန်တွေဆိုရင်တော့ ဘစ်ကပ်(စ်)က စိတ်မချမ်းမြေ့



www.burmeseclassic.com

www.burmeseclassic.com



စရာ မြင်ကွင်းကို မြင်ရပြီး ဘုံဘိုင်ခေါင်းကိုပိတ်၊ ဖုန်းဆက်၊ ဒေါက်တာ ဖရော့စ်ဆီ အလာကို စောင့်နေတဲ့အချိန်မှာ ခင်ဗျားဟာ လှေကားပေါ်က တက်လာတာ ဖြစ်ရမယ်။ ဟိုလူ ဆင်းလာတာကို ခင်ဗျား မြင် လိုက်ရတဲ့ အချိန်က ဘယ်အချိန်လောက်လဲ ဆင်း(မ်)"

"မသိဘူး၊ ကျွန်တော့်မှာ နာရီမရှိဘူး"

"ဒါဆို ခင်ဗျား လှေကားပေါ် မတက်ခင် ဘယ်လောက်ကြာကြာရပ်နေခဲ့လဲ"

"မသိဘူးဗျ၊ ဆယ်မိနစ်လောက်တော့ရှိမယ်ထင်တာပဲ"

"ဘစ်ကပ်(စ်)က ဒေါက်တာ ဖရော့စ်ဘီဆီကို ၁၂ နာရီ မိနစ်၅၀မှာ ဖုန်းဆက်တယ်၊ တကယ်လို့သာ ဆင်း(မ်)ဟာအမှန်တွေကို ပြောနေတာဖြစ်ခဲ့ရင် လူသတ်သမားဟာ ၁၂နာရီ မိနစ် ၄၀ ဝန်းကျင်လောက်မှာ ဒီအိမ်က ထွက်သွားတာဖြစ်လိမ့်မယ်"

"ဘယ်လိုဖြစ်ပြီး အချိန်တွေ လိုက်တွက်တဲ့ဆီရောက်သွားရတာလဲ ဆာဂျင်ရဲ့၊ အဖြစ်အပျက်တွေက ရှင်းနေတာပဲ၊ ပြီးတော့ ..."

ရဲမှူးကြီးက ဦးတိကျကြီး အတိကျလွန်တော့မည်ကို သိ၍ စိတ်မရှည်စွာ ပြောနေစဉ်မှာပင် မိုက်ကယ်မော်လန်က–

"ကျွန်တော် သိချင်တာ နောက်တစ်ခုက ဘစ်ကပ်(စ်)ရဲ့ စကားတွေဟာ အမှန်တွေဆိုရင် ရေချိုးခန်းထဲမှာ ဖြစ်နေတဲ့ အသံတွေကို ဘာသံမှဘာကြောင့် မကြားခဲ့ရတာလဲ ဆိုတာကိုပါပဲ"

ထိုအခါ ရဲမှူးကြီးက

" ကိုယ့်အမြင် အရတော့ ဘစ်ကပ်(စ်) အပေါ်မှာ တည်မှီပြီး စဉ်းစားရရင်၊ ရှန်းရင်းဆန်ခတ်ဖြစ်တဲ့အသံနဲ့ ပတ်သက်လို့ ဘုံဘိုင်ခေါင်းကလဲ ပွင့်နေတယ်၊ ပြီးတော့ မစ္စတာ ဒတ်ကင်းရဲ့ လည်ပင်းမှာ ဝိုင်ယာကြိုးတစ်ချောင်းကလဲ ရစ်ပတ်တာခံထားရတယ်ဆိုတော့ အသံတော့ သိပ်ထွက်မှာတော့ မဟုတ်ဘူး"

"ဝါယာကြိုး ဟုတ်လား"

ချာလီဆင်း(မ်း)၏ ကွဲအက်အသံကြီးက ရုတ်တရုတ် ပေါ်လာသည်။ ရုပ်ဆိုးလှစွာသောသူ၏ ပုံပန်းသဏ္ဍာန်ကြီးက ဆတ်ခနဲ့တွန့်သွားသည်။

"ဒီ အဘိုးကြီးက ဝါယာကြိုးနဲ့ လည်ပင်းညှစ်သတ်ခံရတာလား"

"သူဘယ်လို သေတာလဲ ဆိုတာကို မင်း ကိုယ်တိုင်သေချာသိနေတာပဲ၊ ဘာဖြစ်လို့ မင်းလိမ်ချင်ရတာလဲ"

ရဲမှူးကြီးက ခြောက်လှန့်၍ အစ်ထုတ်လိုက်သည်။

ထိုစဉ်မှာပင် ဆင်း(မ်း)သည် ရုတ်တရက် တံခါးပေါက်ရှိရာသို့ တစ်ဟုန်ထိုးပြေးထွက်သွားလေသည်။

မိုက်ကယ် မော်လန်က ရှေ့မှ ခြေထိုးခံလိုက်သဖြင့် မော်လန်ရော ဆင်း(မ်း)ပါ နှစ်ဦးစလုံး ကြမ်းပြင်ပေါ်သို့ လိမ့်သွားသည်။ ဆင်း(မ်း)က ကြောက်ကန်ကန်၍ အပြင်းအထန်ထိုးကြိတ်သည်။ သို့သော်ငြားလည်း တက္ကသိုလ် ချန်ပီယံ ဒေါက်တာ ဖရော့စ်ဘီ၏ ဝင်ရောက်ကူညီသော ဒေါသ လက်သီးများ

www.burmeseclassic.com



အောက်တွင် လုံးဝနာလန်မထူနိုင်တော့ပါချေ။ စုံထောက်ကြီးမော်လန်နှ လက်ထိတ်ကို အသုံးပြု၍ ဖမ်းဆီလိုက်ကာ ဆင်း(မ်)၏ အိတ်ကပ်များကိုစမ်း၍ ရှာဖွေလိုက်သည်။

အထင်ရှားဆုံး သက်သေဟုခေါ်ဆိုနိုင်သော ဝိယာကြိုးသေးလေး တစ်ချောင်းကို တွေ့လိုက်ရသည်။

"သူဘာကြောင့်ထွက်ပြေးရသလဲဆိုတာ ကျွန်တော်သိပြီ"

မော်လန်နှက ဂေါ်ရင်းထံသို့ ဝိုင်ယာကြိုးကို မြှောက်ပြလိုက်ရင်းက ပြောလိုက်သည်။

ရဲမှူးကြီး ဂေါ်ရင်း၏ မျက်လုံးများပြူးကျယ်သွားပြီး–

"ဟာ၊ ဟုတ်ပြီ"

ဝိုင်ယာကြိုးကို ယူ၍ ဆင်း၏မျက်နှာအနီးသို့တိုးကာ ပြလိုက်ပြီး

"မင်း ဘာငြင်းချင်သေးလဲ ဆင်း(မ်)"

"အဲဒါ ယုန်ထောင်တဲ့ ကျော့ကွင်းပဲဗျ"

ဆင်း(မ်)က ခပ်ရိုင်းရိုင်းအသံဖြင့် ရေရွတ် ပြောဆိုလိုက်သည်။

"ယုန်ထောင်တဲ့ ကျော့ကွင်းဟုတ်လား။ မဟုတ်ပါဘူးကွာ။ ဒါဆိုအဘိုးကြီးဒတ်ကင်းကိုသတ်ဖို့ အသုံးပြုတဲ့ ဝိုင်ယာကြိုးပဲ"

ရဲမှူးကြီးက ဆင်း(မ်)ကို သူ့ခြေထောက်နားသို့ ကြမ်းတမ်းစွာ ဆွဲယူလိုက်ပြီး ဆာဂျင်က မော်လန်နှဘက်လှည့်ကာ–

"ဘယ်လိုလဲ ဆာဂျင် ကိုယ်တို့လိုချင်တဲ့သက်သေအားလုံးရပြီလား"

"ဒါက အမှုကို အတည်ပြုဖို့အတွက် ပါဝင်တဲ့ အချက်အလက်တွေပါပဲ။ ဒါနဲ့ ပတ်သက်လို့ ...."

"ဖြစ်ရမယ်လေ ဦးတိကျကြီးမော်လန်နှပဲဟာ၊ ဓာတ်ပုံဆရာနဲ့ လက်ဗွေကျွမ်းကျင်သူလွှတ်ပေးစေချင်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကျေးဇူးပြုပြီးတော့ လွှတ်ပေးပါခင်ဗျာ။ ငြင်းလို့မရတဲ့ အချက်အလက်တွေ သက်သေတွေ ရနေပေမယ့် ဒီအချက်လောက်နဲ့တော့ ကျွန်တော်တို့ အမှန်တကယ်သက်သေပြုလို့ မရသေးပါဘူး"

"ကောင်းပြီ ဆာဂျင်၊ ခင်ဗျား ဝသီအတိုင်း လုပ်ပါ။ ကိုယ်ကတော့ ဆင်း(မ်)ကို စခန်းခေါ်သွားတော့မယ်၊ ခင်ဗျားအလုပ်တွေ ပြီးပြတ်သွားရင်တော့ ကျွန်တော့်ဆီကို အစီရင်ခံစာတင်ဖို့ အချက်အလက်အလုံအလောက်ရှိကောင်းရှိလိမ့်မယ်"

ပြောပြောဆိုဆို တရားခံကိုခေါ်ကာ ဒေါက်တာဖရော့စ်ဘီ နှင့်အတူ ထွက်သွားလေသည်။ မိုက်ကယ် မော်လန်နှကတော့ မတ်တတ်ရပ်လျက်ပင်ရေချိုးခန်းတစ်ခန်းလုံးကို စူးစိုက်၍ကြည့်နေသည်။ သူ၏အတွေ့အကြုံရင့်သော ဦးနှောက်ထဲတွင် အမှုနှင့်ပတ်သက်သောဆက်စပ်၍ရသည့် မည်သည့်အတွေးမျိုးမှ ဝင်မလာသေးပါချေ။ ကွင်းဆက်များကိုရိပ်ခနဲ မြန်ဆန်စွာရှာဖွေ၍ မရသေးသည့်အတွက်ကြောင့်လည်း သူ၏အရည်အသွေးများကို သူ့အထက်အရာရှိမြင်သာအောင်မပြနိုင်ခဲ့သေးချေ။

ဆင်း(မ်)သည် ရုပ်ရည်ရော အမူအကျင့်ပါ ကြမ်းတမ်းပြီးရက်စက်၍ အကြင်နာမဲ့သော



www.burmeseclassic.com

www.burmeseclassic.com



စရိုက်ရှိသူဖြစ်သည်။ ရဲစခန်းတွင် လူဆိုးစာရင်းဝင်သော သူတစ်ယောက်လည်းဖြစ်သည်။ သူသည် မစ္စတာဒတ်ကင်း၏ ဝါယာကြိုးစက်ရုံတွင် အလုပ်လုပ်ခဲ့ဖူးသည်။ ထိုစဉ်ကလည်း အခြားသူများနှင့်ခိုက်ရန်ဖြစ်ပွားခဲ့သောကြောင့် အလုပ်ထုတ်ခံခဲ့ရသည်။ အလွန်ခက်ထန်သော မစ္စတာ ဒတ်ကင်းကို ခြိမ်းခြောက်မှုများစွာ ပြုလုပ်ခဲ့သူလည်းဖြစ်သည်။ သို့သော်လည်း ဤအချက်များက ဆင်း(မ်)ကို တရားခံ တစ်ယောက်ဖြစ်နိုင်ချေဘက်သို့တွန်းပို့နေသည်။ အိမ်ထဲတွင်ရှိနေခြင်း၊ လွတ်မြောက်ဖို့ကြိုးစားခြင်းတို့အပြင် အဆိုးဆုံးကသူ၏ အိတ်ကပ်ထဲတွင် ဝိုင်ယာကြိုးခွေရှိနေခြင်း စသည့် အချက်များသည် လုံလောက်သော အကြောင်းပြချက်များ ဖြစ်နေသည်။

သို့သော် အသေးစိတ်စေ့စပ်လှသော မိုက်ကယ်မော်လန့် အဖို့ကတော့ လုံလောက်သောအကြောင်းပြချက်များ မဟုတ်သေးပါပေ။

ထို့ကြောင့်ပင်လျှင် ရေချိုးခန်း တစ်ခန်းလုံးကို သေချာစွာ စစ်ဆေးနေခြင်း ဖြစ်လေသည်။ အချိန်နည်းနည်းတော့ ယူရမည်။

အိမ်အပြင်တွင်လည်း မြေကြီးမှာ မာကျော၍ ခြောက်သွေ့နေသည်။ ခြေရာတစ်ခုမျှပင် ရှိမနေချေ။ အဖြူရောင်ဆေးသုတ်ထားသော ရေချိုးခန်း ပြတင်းပေါက်ပေါ်တွင် လက်ဗွေရာ တစ်ခုနှစ်ခုထင်ရှားစွာရှိနိုင်သည်ဟု မော်လန့်စဉ်းစားမိသည်။ အကယ်၍ ဆင်း(မ်)၏ လက်ဗွေရာများသာ ဖြစ်ခဲ့ပါက မငြင်းနိုင်သော နောက်ထပ် အချက်တစ်ခုပိုလာရုံသာရှိလေသည်။ အိမ်နံရံကို မှီထားသော လှေကားကလည်း သက်သေ အဖြစ်ရှိနေသည်။

သူ၏ အာရုံစူးစိုက်မှုကို ထူးခြားမှုမတွေ့ရသော ရေချိုးခန်းမှ ဖယ်ခွာ၍ အိပ်ခန်းဆီသို့ ပြောင်းလိုက်သည်။ ကူညီနိုင်မည့် အထောက်အထားတစ်ခုမျှပင် ရှာမတွေ့ချေ။

မော်လန့်သည် ရေချိုးခန်းဆီသို့ ပြန်သွားပြန်သည်။ ထိုစဉ် ဓာတ်ပုံဆရာနှင့် လက်ဗွေ ကျွမ်းကျင်သူတို့ ရောက်လာကြသဖြင့် အလုပ်ကို အပြီးသတ်အောင်လုပ်စေပြီးနောက် အလောင်းကို ရွှေ့ရန် ခွင့်ပြုပေးလိုက်သည်။ သူက အလောင်းကို အိပ်ခန်းဆီသို့ သယ်ဆောင်ရန် ကူညီပေးနေရင်းက အလောင်း၏ နှာခေါင်း၊ နှာရိုး တစ်ဖက်တစ်ချက်စီတွင် ညိုမည်းနေသော အရာထင်နေသည့် သေးငယ်သော အချိုင့်ကလေးနှစ်ခုကို သတိထားမိလိုက်သည်။

‘‘သူ့မျက်မှန် ဘယ်ရောက်သွားလဲ’’

မော်လန့်က ကောက်ကာ ငင်ကာ မေးလိုက်သည်။

‘‘မပြောတတ်ဘူး ဆရာ’’

ထမင်းချက်အဘိုးကြီး ဘစ်ကပ်(စ်)က ထစ်ထစ်ငေါ့ငေါ့နှင့်ဖြေလိုက်သည်။

‘‘အဝေးတော်တော် မှုန်ပုံရတယ်။ ဟုတ်တယ် မဟုတ်လား’’

‘‘‘ဟုတ်တယ်၊ တော်တော် မှုန်တယ်ဆရာ၊ မျက်မှန် မပါရင် ဘာမှကို မမြင်ရတာ’’



www.burmeseclassic.com

www.burmeseclassic.com



"သူရေချိုးတဲ့အခါမှာ ရော ချွတ်ထားတတ်လား။ သူ့ မျက်လုံးက တော်တော် မှုန်တာ ပဲ။ ရေချိုးကန်ထဲ ရောက်တဲ့ အထိ မျက်မှန်တပ်ထားမှ ဖြစ် မယ့် အခြေအနေပဲ၊ အခုဘယ် လို ဖြစ်တာလဲ"

ပျောက်ဆုံးနေသော မျက်မှန်ကို ရေချိုးခန်းအတွင်း၌ လုံးဝမတွေ့ရ။ ဆာဂျင်မော် လန့်က ဖွဲနပဲဖြင့် ပိုက်စိပ်တိုက် ရှာဖွေသောအခါမှ အိပ်ခန်းထဲရှိ အံဆွဲတစ်ခု၏ အနောက်တွင် ကပ်နေသော မျက်မှန် တစ် လက်ကို ဖုန်အလိမ်းလိမ်းနှင့် ရှာတွေ့ခဲ့သည်။

"ဖုန်တွေ အများကြီး တက်နေတာဆိုတော့ ဒါဟာ မျက်မှန်အပိုတစ်လက်ပဲ"

ဘစ်ကပ်(စ်)ကို ပြော လိုက်သည်။

"ပျောက်နေတဲ့ မျက် မှန်က တစ်နေရာရာမှာ ရှိနေ လိမ့်မယ်၊ တွေ့အောင်ရှာမှဖြစ် မယ်"

သူ့ဝသီအတိုင်း အ သေးစိတ် စေ့စပ်စွာ ဂရုတစိုက် ရှာဖွေလေတော့သည်။

တစ်အိမ်လုံးကို ဆန်ခါ စိပ်အောင်ရှာဖွေသည်။ စာကြည့် ခန်းအတွင်းရှိ ကော်ဇောပေါ် တွင် စစ်စစ်ပေါက်ပေါက် ရှာဖွေ ပြန်သည်။ ထိုစဉ်မှာပင် ကော် ဇောမျှင်များကြားတွင် အလွန် သေးငယ်သော ဖန်ကွဲစလေး တစ်စကို တွေ့ရှိရလေသည်။ ထို ဖန်ကွဲစလေးကို သေချာစွာ ကြည့်သောအခါ ပျောက်နေ သော မျက်မှန်ကိုင်းတွင် သွတ် သွင်းထားသော မှန်ဘီလူးမှ ပဲ့ထွက်လာသော အစိတ်အပိုင်း တစ်ခုဖြစ်ပုံရသည်ဟု ယူဆမိ သည်။

သူကော်ဇောကို ထပ်မံ ၍ စစ်ဆေးပြန်သည်။ သို့သော် မည်သည့် ဖန်ကွဲစမျှ ထပ်မံ၍ မတွေ့တော့ပေ။

မိုက်ကယ်မော်လန့်က မတ်တတ်ရပ်လိုက်ပြီး ထမင်း ချက်ကြီး ဘစ်ကပ်(စ်)ကို လှမ်း ကြည့်လိုက်ကာ တွေးတွေးဆဆ ဖြင့်–

"ဒီ လူသတ်မှုနဲ့ ပတ် သက်ပြီး အမှုကိုဖော်နိုင်ဖို့ လို အပ်တဲ့ အချက်အလက်တွေ အားလုံးလိုလိုကို ပြောပြပေးနိုင် မယ့် အဖြစ်နိုင်ဆုံးလူဟာ ဘယ် သူလို့ထင်လဲ"

"မစ္စတာ အင်းနစ်က တော့ အများဆုံးပြောပြပေးနိုင် လိမ့်မယ်လို့ထင်ပါတယ်"

"ဒါဆိုရင် သူဘယ်မှာ နေလဲ ဘစ်ကပ်(စ်)"

"ကက်စယ်(လ်) ဂါး ဒင်း(စ်)၊ အိမ်နံပါတ် (၁၁)ပါ။ ဒေါက်တာဖရော့စ်ဘီ အိမ်နဲ့ တော်တော်နီးတယ်"

"အဲဒီနေရာကို ကျွန် တော် သိပါတယ်"

မော်လန့်က စဉ်းစား တွေးတော နေရင်းက ခေါင်း တညိတ်ညိတ်လုပ်လိုက်ကာ

"ကျွန်တော် ခုချက် ချင်း သွားမှဖြစ်မယ်"

~~~~~

ရဲစုံထောက်ကြီး မော် လန့်က လူခေါ်ခေါင်းလောင်း ကို နှိပ်လိုက်သောအခါ မစ္စတာ ရောဘတ် အင်းနစ်သည် အိပ် ချင်မူးတူးဖြင့် တံခါးထဖွင့်ပေး လေသည်။ မောလန့်ထံမှ သ တင်းဆိုးကို ကြားလိုက်ရသော အခါ ထိတ်လန့်တုန်လှုပ်၍ မျက်လုံးပြူးကျယ်လာသည်။



www.burmeseclassic.com
~~~~~

www.burmeseclassic.com



"အိမ်ထဲဝင်ပါဦးဗျာ" ဟုဆိုကာ ခပ်ကျဉ်းကျဉ်း ခန်းမဆောင်ကိုဖြတ်၍ ရှေ့မှ ဦးဆောင်ကာ ခေါ်သွားသည်။

"ထိတ်လန့်စရာ ကောင်းလိုက်တာဗျာ၊ တကယ့်ပါပဲ၊ သိပ်မကြာခင်လေးတင်က မှ ကျွန်တော် သူနဲ့တွေ့ခဲ့သေးတယ်"

လက်ရှိ အသက်ထက် ပို၍ နုပျိုနေသည်ဟု ပြော၍ရသော အင်းနစ်သည် လူလတ်ပိုင်းအရွယ် လူပျိုလူလွတ်တစ်ယောက်ဖြစ်သည်။ ပန်းပွင့်လိုလို ဒီဇိုင်းများ ဖော်ထားသော ပိုးသားညဝတ် အင်္ကျီနီညိုရောင်ကို ဝတ်ဆင်ထားသည်။ မော်လန့်ကို ခရီးဦးကြိုပြု၍ ခေါ်သွားသောညှိခန်းတွင် မိန်းကလေးများ၏ ဓာတ်ပုံများ ရှိနေသည်။

"ထိုင်ပါဦးလား ဆာဂျင်၊ ကျွန်တော်ဘယ်လို အကူအညီပေးရမလဲ"

"အခု အချိန်အထိ ကျွန်တော်တို့ သိရသလောက်တော့ မစ္စတာဒတ်ကင်း အသက်ရှင်ရက်နဲ့ နောက်ဆုံးတွေ့လိုက်ရတဲ့ လူဟာ ခင်ဗျားပဲလေ။ လူသတ်သမားက လွဲရင်ပေါ့"

"ဘာစ်ကပ်(စ်)လဲ ရှိသေးတယ်"

"ဘာစ်ကပ်(စ်)က အိပ်ရာထဲရောက်နေပြီလေ"

"ဩော် ဟုတ်သားပဲ၊ မစ္စတာ ဒတ်ကင်းက မစောင့်နဲ့တော့လို့ ပြောလိုက်တာ ကျွန်တော် မှတ်မိတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်သိချင်တာက တစ်စုံတစ်ရာပေါ့ဗျာ၊ ရှန်းရင်းဆန်ခတ် ကြမ်းကြမ်းတမ်းတမ်းဖြစ်လောက်တဲ့ စကားမျိုးကို မစ္စတာ ဒတ်ကင်းက ခင်ဗျားကို ပြောပြသေးလား"

"မပြောပါဘူး၊ ကျွန်တော့်ကိုတော့ ဘာမှမပြောပါဘူး၊ ဒါပေမယ့် ရှန်းရင်းဆန်ခတ်လုပ်တဲ့ အလုပ်သမားတွေတော့ ရှိတယ်၊ ကြုံးဝါးပြီး ခြိမ်းခြောက်ခံရတာတွေလဲ ရှိတယ်။ နောက်ဆုံးမှာတော့ ဒါတွေဟာ ခြိမ်းခြောက်တာ သက်သက်ပဲလို့ သူသိသွားပြီးတဲ့နောက်မှာ သိပ်အာရုံမထားတော့ပါဘူး၊ သူ့ အတွက်ရယ်စရာတောင် ဖြစ်နေပါသေးတယ်"

"ဒါနဲ့ ဘာစ်ကပ်(စ်)က ပြောတော့ ခင်ဗျားနဲ့လဲ စကားအချေအတင် ဖြစ်ခဲ့ကြသေးတယ်ဆို"

"ဟုတ်ပါတယ်၊ အလုပ်သမားတွေကို တတ်နိုင်သလောက် ဘယ်လိုအကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မလဲ ဆိုတာကို ဆုံးဖြတ်ဖို့ စာရင်းစာအုပ်တွေနဲ့တိုက်ပြီး သေချာစစ်ဆေးခဲ့ကြရင်းနဲ့ အချေအတင်ပြောမိကြတာပါ"

အင်းနစ်က အံဆွဲများပါသော စားပွဲပေါ်တွင်တင်ထား သော စာရင်းစာအုပ်များဆီသို့ ခေါင်းဆတ်၍ ပြလိုက်သည်။

"အဲဒီ စာအုပ်တွေပဲ၊ ကျွန်တော်ပြန်ရောက်ကတည်းက အဲဒီအပေါ်တင်ထားတာ"

"ဆွေးနွေးခဲ့ကြတဲ့ ကိစ္စရော၊ ပြီးပြတ်ခဲ့သလား ဆိုတာကို ကျွန်တော် မေးလို့ရမလား"

"ဟုတ်ကဲ့၊ ရပါတယ်။ ကျွန်တော်တို့ အလုပ်သမားတွေအတွက် အတတ်နိုင်ဆုံးအဆင်ပြေအောင် လုပ်ပေးခဲ့ကြပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ပိုပြီး သူတို့ လိုချင်သလောက်တော့ ထပ်လုပ်မပေးနိုင်တော့ဘူး။ ဆက်ပြီး အလုပ်လုပ်လုပ်ချင်လဲလုပ်။ ဒါမှမဟုတ်ရင်လဲ အပြင်ကနေ ဆန္ဒပြချင်ရင်လဲ ပြပေါ့။ အဲဒီလိုပဲ ဆုံးဖြတ်ခဲ့ကြတယ်''

မော်လန်က အာရုံစိုက်၍ နားထောင်ရင်းက–

''ဩော် ဒါနဲ့၊ ချာလီဆင်း(မ်)ကို ခင်ဗျားသိတယ်ထင်တယ်''

''ဟာ သိတာပေါ့၊ ဒီအခြေအနေမှာ ကျွန်တော် ဒီကောင့်အကြောင်း ဘာမှ သိပ်မပြောချင်ဘူး''

''ခင်ဗျားကို ဖိအားမပေးပါဘူး။ ကျွန်တော်တို့လဲ သူ့အကြောင်းတော်တော်လေး လုံလုံလောက်လောက် သိထားပါ့မယ်''

မော်လန်က ခေတ္တမျှ ဘာစကားမျှ မပြောဘဲနေပြီးမှ

''ကျွန်တော် ဘစ်ကပ်(စ်)ရဲ့ ပြောပြတဲ့ စကားတွေကို ဖြစ်နိုင် သလောက်တော့ အတည်ပြုချင်ပါတယ်။ သူပြောတာတော့ မစ္စတာ ဒတ်ကင်းအိမ်က ခင်ဗျားထွက်လာခဲ့တာ ၁၂ နာရီ ၁၅ မိနစ်လောက်လို့ ပြောတယ်''

''၁၂ နာရီ ၁၅ မိနစ်အတိအကျပေါ့ဗျာ''

အင်းနစ်က သဘောတူလိုက်သည်။

''ကျွန်တော် ထွက်လာတော့ လက်ပတ်နာရီကို ကြည့်လိုက်သေးတယ်၊ ကျွန်တော် အိမ်ကိုရောက်ဖို့ အချိန်ဘယ်လောက်ကြာသလဲသိချင်လို့ပါ''

''ဘယ်လောက်ကြာသလဲဗျ''

''မိနစ် ၂၀အတိအကျပဲ''

''စာအုပ်တွေလဲ သယ်လာရသေးတယ်ဆိုတော့ အဲလောက်တော့ကြာမှာပေါ့၊ ဒါဆိုရင် ခင်ဗျားအိမ်ပြန်ရောက်တော့ ၁၂ နာရီ ၃၅ မိနစ်ပေါ့''

''ဟုတ်ပါတယ်၊ အိမ်ပြန်ရောက်တော့ မစ္စတာဒတ်ကင်းနဲ့ ကျွန်တော်အပြန်အလှန်ပြောခဲ့ကြတာတွေအပေါ်မှာ သုံးသပ်ပြီး မှတ်စုနည်းနည်းလောက် ထိုင်ရေးသေးတယ်၊ ၁၅ မိနစ်လောက်တော့ ကြာတယ်၊ ပြီးတော့ ကျွန်တော် အိပ်ရာဝင်တယ်''

''နေပါဦး။ ဒါပေမယ့် .....''

မော်လန်က စကားစလိုက်ပြီးမှ ဆက်မပြောတော့ဘဲ ရပ်လိုက်သည်။

''ဒါပေမယ့် ဘာဖြစ်လဲ ဆာဂျင်''

''ဩော် ဘာမှ မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ စွမ်းရည်ကို ကျွန်တော်နည်းနည်း အံ့သြမိလို့ပါ မစ္စတာ အင်းနစ်။ အင်း .. ကျွန်တော် ထင်ပါတယ်၊ ဒီ မနက်တော့ အလုပ်သမားတွေအတွက် ထုတ်ပြန်ဖို့အကြောင်းအရာ တစ်ခုတော့ ရပါပြီ''

''ဟုတ်တာပေါ့ဗျာ၊ စိတ်ထဲမှာ အကြောင်းအရာတွေ ပူဆွေးနွေးတုန်း၊ မမေ့သေးခင် ချရေးလိုက်ရတာ ပိုပြီး လွယ်ကူတာပေါ့''

''ဒါပေါ့ဗျာ''

မော်လန်က မတ်တတ်ရပ်လိုက်သည်။

''ခင်ဗျားတို့ အချေအတင်ဖြစ်ခဲ့ကြတဲ့ အဖြစ်အပျက်ကလဲ လူသတ်မှုရဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်းနဲ့ပတ်သက်ပြီး ဖော်ထုတ်ဖို့အတွက် သက်သေတစ်ခုပါပဲ''

ဆာဂျင်က အိတ်ကပ်ထဲမှ ဆေးလိပ်ဘူးကို ထုတ်လိုက်ပြီး

''ဆေးလိပ်သောက်ပါဦး၊ မစ္စတာ အင်းနစ်''

''ကျေးဇူးပါပဲ''

အင်းနစ်က စီးကရက်တစ်လိပ်ယူလိုက်သည်။ဆာဂျင်က အိတ်ထဲမှ မီးခြစ်ကို ထုတ်၍ ခြစ်လိုက်ပြီး ကမ်း၍မီးညှိပေးလိုက်သည်။

''ခင်ဗျားအတွက် လုပ်ပေးနိုင်တာ ဘာများရှိသေးလဲ ဆာဂျင်''

''ခင်ဗျားကို အနှောင့်အယှက်ပေးရာ မရောက်ဘူးဆိုရင်တော့ ပေါ့ဗျာ''

ဆာဂျင်က မီးညှိပေးရင်းက ပြောလိုက်သည်။

''ဒီ အမှုကို ရဲမှူးကြီးဂေါ်ရင်းက ဦးဆောင်ကိုင်တွယ်နေတယ်။ ဒီအမှုအတွက် သူတော်တော်လေး စိုးရိမ်နေတယ်၊ ခင်ဗျားရဲစခန်းကို ခဏလောက်လိုက်ခဲ့ပြီး ကျွန်တော့်ကို ပြောပြခဲ့တာတွေကို ရဲမှူးကြီးကို ပြောပြပေးပါလား၊ တရားဝင်ဖော်ပြချက်လေးအနေနဲ့ လုပ်ပေးစေချင်ပါတယ်''

''အခုလား''

''အပန်းမကြီးဘူး ဆိုရင်ပေါ့''

''ကောင်းပါပြီ''

အင်းနစ်က လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

''ကျွန်တော် အဝတ်အစားလဲပြီး လိုက်ခဲ့မယ်၊ ခဏလေးစောင့်ပါ''

~~~~~

ရဲစခန်းသို့ ရောက်သောအခါ ရောဘတ်အင်းနစ်ပြောပြသော အဖြစ်အပျက်များကို မှတ်တမ်းတင်လိုက်ပြီးနောက် ရောဘတ်အင်းနစ်က လက်မှတ်ထိုးလိုက်သည်။ ရဲမှူးကြီး ဂေါ်ရင်းက စဉ်းစားရကျပ်နေဟန်ဖြင့် မျက်မှောင်ကြုတ်ကာ မှတ်တမ်းကို အစအဆုံး ပြန်ဖတ်နေသည်။ ပြီးနောက် စိတ်မကျေနပ်ဟန်ဖြင့် ပြောလိုက်သည်။

''ဒါတွေက အမှုအတွက် သိပ်တော့မလိုအပ်လှဘူး ထင်တယ် ဆာဂျင်''

''မလိုအပ်ပါဘူး ရဲမှူးကြီး''

''ဒါဆိုရင် ဒီလိုညကြီးအချိန်မတော်မှာ မစ္စတာအင်းနစ်ကို ရဲစခန်းအထိခေါ်လာပြီး ဘာဖြစ်လို့ ဒုက္ခပေးရတာလဲ''

''ဘာကြောင့်လဲ ဆိုတော့ သူလိမ်ပြောနေတာ ရဲမှူးကြီး၊ ဘာကြောင့်လိမ်ရသလဲဆိုရင် သူဟာ အာသာဒတ်ကင်းကို သတ်တဲ့တရားခံဖြစ်နေလို့ပါပဲ''

မော်လန်က ပြောလိုက်သည်။

ရဲမှူးကြီးနှင့် အင်းနစ်တို့က မော်လန်ကို ကြောင်၍ကြည့်နေကြသည်။

''ဘုရားရေ ဘာပြောလိုက်တယ်''

အင်းနစ်ထံမှ အသံထွက်လာသည်။

''ကျွန်တော့်ကို ပြောမပြတဲ့ တစ်စုံတစ်ရာသော အကြောင်းအရာဟာ ခင်ဗျားနဲ့ မစ္စတာ ဒတ်ကင်းကြားမှာ ရှိနေတယ် မစ္စတာ အင်းနစ်။ ကျွန်တော့် အထင်တော့ ခင်ဗျားစာရင်းလိမ်ထားတာ ဖြစ်မှာပဲ၊



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဒါပေမယ့် ဒါကို သက်သေပြဖို့ ဘာမှမရှိဘူး ဖြစ်နေတယ်"

"ဒီလို မခိုင်လုံတဲ့ အကြောင်းပြချက်နဲ့လူသတ်တရား ခံလို့ သတ်မှတ်လို့ မရဘူး။ အကြောင်းပြချက် မခိုင်လုံရင် အဓိပ္ပာယ်မရှိတဲ့ စကားတွေ ဖြစ်သွားလိမ့်မယ်"

ရဲမှူးကြီးက ဆိုလိုက်သည်။

"ကျွန်တော် ရှင်းပြပါ့မယ် ရဲမှူးကြီး"

မော်လန်က ရဲမှူးကြီးကို ပြောပြသည်။

"စာကြည့်ခန်းထဲမှာ မစ္စဘာဒတ်ကင်းရဲ့ မျက်မှန်အကွဲအစကို ကျွန်တော်ရှာလို့ တွေ့ခဲ့တယ်။ သူ့လို အဝေးကြည့် တော်တော်ကို မှုန်တဲ့ လူတစ်ယောက်ဟာ မျက်မှန်တစ်လက် ကွဲသွားတာတောင် အရန်ထားတဲ့မျက်မှန်ကို ဘာကြောင့် ချက်ချင်းသွားမယူတာလဲ ဆိုတာကို ကျွန်တော်သံသယဖြစ်မိတယ်"

"အာသာ ဒတ်ကင်းဟာ အိပ်ရာဝင်ဖို့ အပေါ်ထပ်ကို တက်လာတဲ့အချိန်မှာ အာသာ ဒတ်ကင်းကိုယ်တိုင်ဟာ သေနေပြီ။ ဒါကြောင့်လဲ ရှန်းရင်းဆန်ခတ်ဖြစ်တဲ့အသံတွေကို အိပ်ရာထဲက ဘစ်ကပ်(စ်) မကြားရတာပေါ့"

"သက်သေမရှိ၊ ယုတ္တိမရှိ၊ ထင်ရာမြင်ရာ၊ အခြေအမြစ်မရှိ လျှောက်ပြောနေတာတော့တာပဲ၊ ဒါတွေက ..."

အင်းနစ်က ဒေါသတကြီးဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။

မော်လန်က ဆက်ပြောသည်။

"အင်းနစ် ထွက်သွားတာကိုလဲ သူမမြင်ရဘူး။ ဘစ်ကပ်(စ်)က တံခါးဖွင့်သံ တံခါးပြန်ပိတ်သံ၊ မင်းတုပ်ထိုးသံ။ လူတစ်ယောက် အပေါ်ထပ်ကို တက်လာတဲ့အသံ၊ လေချွန်သံ။ အဲဒီ အသံတွေကိုပဲ ကြားခဲ့ရတာ။ ကျွန်တော့်စိတ်ထဲမှာတော့ အဲဒီလိုပဲ အဖြေရှာလို့ ရတယ်"

"ဒတ်ကင်းက အင်းနစ်ဟာ လုပ်ငန်း လည်ပတ်ရမယ့်ငွေတွေကို ကိုယ်ပိုင်ငွေလို သုံးနေတယ်လို့ သံသယရှိတဲ့ အတွက် စာရင်းစာအုပ်တွေကို ယူလာဖို့အမိန့်ပေးလိုက်ကတည်းက ဒီကိစ္စကို မိသွားရင် ရှောင်လို့ မရတော့မှန်း အင်းနစ်သိနေတဲ့အတွက် ဒတ်ကင်းကို သတ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ရေချိုးခန်း နံရံမှာ လေ့ကားကို အဆင်သင့် ထောင်ထားလိုက်တယ်။ အိမ်အပြင်ကနေ တစ်စုံတစ်ယောက် ဝင်လာပြီး လူသတ်မှုကျူးလွန်သွားတဲ့အမှုမျိုး ဖြစ်ပေါ်လာအောင် ဖန်တီးလိုက်တာပဲ---

"သူ အိမ်ထဲမှာ ရှိနေတယ်။ ပြီးတော့ အိမ်ပြန်သွားတယ်ဆိုတဲ့အချက်ကို ဘစ်ကပ်(စ်) သတိထားမိအောင် လုပ်တယ်။ ဒါဟာ သူ့အပေါ်မှာ သံသယလုံးဝ မရှိအောင် လမ်းကြောင်းလွှဲလိုက်တာပဲ"

"လူသတ်မှုမှာ ဝါယာကြိုးကို အသုံးပြုတာဟာလဲ မကျေမချမ်းဖြစ်နေတဲ့ အလုပ်သမားတွေထဲက တစ်ယောက်ယောက်က လာပြီး သတ်သွားတာလို့ ရဲတွေဘက်က ကောက်ချက်ချနိုင်အောင် ကြံရွယ်လိုက်တာပဲ"

အင်းနစ်က တုန်လှုပ်မှု မရှိဟန်ဖြင့် ရုတ်တရက်ဝင်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဒါဆိုရင် ခင်ဗျား ဆင်း(မ်)ကို လက်ပူးလက်ကြပ် ဖမ်းမိလိုက်တယ်လေဗျာ။ အခု ခင်ဗျား ပြောနေတဲ့ ထင်ရာမြင် ရာ စကားတွေဟာ ဆင်း(မ်)ကို ဖမ်းမိတဲ့ အကြောင်းအချက်တွေ နဲ့ တခြားစီဖြစ်မနေဘူးလား"

"ဆင်း(မ်)က ခင်ဗျား အတွက် ကံကောင်းသွားတဲ့ တိုက်ဆိုင်မှုပေါ့ဗျာ။ မဟုတ်ဘူး လား။ သူပြောခဲ့တဲ့ သူ့အဖြစ် အပျက်ကလဲ တစ်ခုချင်းစီ အ မှန်တွေပါပဲ။ ခင်ဗျားသာလျှင် ဘစ်ကပ်(စ်) အိပ်ရာထဲရောက် ပြီးအချိန်မှာ ဒတ်ကင်းကို စာ ကြည့်ခန်းထဲမှာ ဝါယာကြိုးနဲ့ လည်ပင်းညှစ်ပြီး သတ်ခဲ့တာ၊ သတ်နေရင်းနဲ့ ဒတ်ကင်းရဲ့ မျက်မှန်က ကျွတ်ကျပြီးကွဲသွား တယ်။ ဒတ်ကင်းလဲ သေရော၊ အကွဲစလေးတွေကို ခင်ဗျား ဂရု တစိုက်နဲ့ တစ်ခုချင်းစီ လိုက် ကောက်ခဲ့ပေမယ့် ကော်ဇော အမွေးအမျှင်တွေ ကြားမှာရှိနေ တဲ့ အကွဲစသေးသေးလေး တစ် ခုကိုတော့ ခင်ဗျားမျက်စိလျှမ်း သွားတယ်။ အဲဒီ အကွဲစက လေးကပဲ အမှုရဲ့ကွင်းဆက်အစ ဖြစ်လာခဲ့တယ်---

"၁၂ နာရီ ၁၅ မိနစ် မှာ ခင်ဗျားတံခါးကို ဖွင့်တယ်။ ပြီးတော့ အသံကျယ်ကျယ်နဲ့ ပြန်ပိတ်တယ်။ တံခါးမင်းတုပ် ကို ထိုးလိုက်တယ်။ ခင်ဗျားအိမ် ပြန်သွားပြီဆိုတဲ့ အသိ ဘစ် ကပ်(စ်)ဆီမှာ ဝင်သွားအောင် လုပ်လိုက်တာဘဲ။ ခင်ဗျားက ဒတ်ကင်းရဲ့ အသက်မရှိတော့ တဲ့ ခန္ဓာကိုယ်ကြီးကို အပေါ် ထပ် အိပ်ခန်းဆီကို သယ်တက် သွားပြီး အလောင်းက အဝတ် အစားတွေကို ချွတ်လိုက်တယ်။ ဘစ်ကပ်(စ်)က လှုပ်ရှားတဲ့အသံ တွေကို ကြားနေရမယ်ဆိုတာကို ခင်ဗျားသိနေတယ်။ ဒါကြောင့် ဘစ်ကပ်(စ်)ဟာ မစွတာ ဒတ် ကင်းရဲ့ အိပ်ခန်းထဲကို ဝင်မလာ အောင် အလောင်းကို ရေချိုး ကန်ထဲကို ထည့်လိုက်ပြီး ဘုံ ဘိုင်ခေါင်းကို ဖွင့်ထားလိုက် တယ်။ ရေချိုးနေတယ်လို့ ထင် အောင်ပေါ့ဗျာ။ ပြီးတော့မှ ခင် ဗျားရဲ့ လွတ်မြောက်လမ်းအ တွက် ပြတင်းပေါက်က လှေ ကားကို အသုံးပြုခဲ့တယ်"

မော်လန်က ခေတ္တနား လိုက်သည်။ ယခုတော့ အင်း နစ်သည် မော်လန်ကို မထိမဲ့ မြင် ပုံစံဖြင့် မဲ့ရွဲ့လို့နေသည်။

ရဲမှူးကြီး ဂေါရင်းကမူ လေးလေးနက်နက်နှင့် တည်ငြိမ် စွာ ပြောလိုက်သည်။

"ခင်ဗျား ပြောတာ တွေကတော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် သက်သေအထောက် အထား အတိအကျ ခင်ဗျား မပေးနိုင်သေးဘူးဆိုတော့ ကိုယ့် အနေနဲ့ အတိအကျ ဆောင် ရွက်ဖို့ ခက်တယ်"

"သက်သေပြပါ့မယ်၊ ရဲမှူးကြီး။ အခုအချိန်အထိ ပြော ခဲ့တဲ့ ကျွန်တော်သုံးသပ်ချက် တွေဟာ အမှန်တွေချည်းပဲ ဆို တာကို ရဲမှူးကြီး ရှင်းသွားမှာ ပါ။ လူသတ်သမားဟာ အိမ် တစ်အိမ်လုံးကို ရင်းနှီးကျွမ်းဝင် သွားပြီးသား ဖြစ်ရမယ်။ ဘစ် ကပ်(စ်)ဟာ အိပ်ရာထဲဝင်ရင် ချက်ချင်း မအိပ်သေးဘဲ စာဖတ် လေ့ရှိတာကိုလဲ သိနေတယ်။ ဒတ်ကင်းရဲ့ အကြိုက်ဆုံးတေး သွားဟာ 'တို့လမ်းထဲကဆယ် လီ'ဆိုတာကိုလဲ သိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ဆက်ပြောပါဦး"

"ဒါကြောင့် ကျွန်တော် အင်းနစ်ဆီကို သွားတယ်။ သူ အိမ်ကို ၁၂ နာရီ ၁၅ မိနစ်မှာ ပြန်ရောက်တယ်လို့ ပြောတယ်။ အဲဒီကတည်းက သူလိမ်ပြောနေပြီဆိုတာကို ကျွန်တော်သိတယ်။"

"ဘယ်လို သိတာလဲ ဆိုတာကို ရှင်းစမ်းပါဦး"

"သူဟာ ၁၂ နာရီ ၅၅ မိနစ် မတိုင်ခင်အထိ အိမ်ကို ပြန် မရောက်သေးဘူးဆိုတာ ကျွန်တော်ခန့်မှန်းမိတယ်။ ဘာကြောင့် သူ ကျွန်တော်ကို လိမ်တာလဲ ......

'ကျွန်တော် ဆင်း(မ်)ရဲ့ ပြောစကားတွေကို ပြန်သုံးသပ်ကြည့်တယ်။ တကယ်လို့ ဆင်း(မ်)ရဲ့ ပြောပြချက်တွေသာ အမှန်တွေဖြစ်ခဲ့ရင် လူသတ်သမားဟာ ဒဟ်ကင်းနေတဲ့အိမ်ကနေ ၁၂ နာရီ မိနစ် ၄၀ အထိ မထွက်ခွာရသေးဘူး--

''နောက် တစ်ခုက ဒတ်ကင်းနေတဲ့အိမ်ကနေ အင်းနစ်နေတဲ့ အိမ်အထိ မိနစ် ၂၀ ကြာအောင် လမ်းလျှောက်ရတယ်။ အင်းနစ်ဟာ သူ့အိမ်ကို ၁၂ နာရီ ၅၅ မိနစ်ကျော်ပြီးမှ ပြန်ရောက်ခဲ့တယ်ဆိုတာကို တွက်ဆမိတယ်''

''အင်းနစ်ဟာ ၁၂ နာရီ ၅၅ မိနစ်ထက်စောပြီး သူ့အိမ်ကိုပြန်မရောက်ဘူး ဆိုတာကို ခင်ဗျားဘယ်လိုလုပ်သိတာလဲ''

"၁၂ နာရီ ၁၅ မိနစ်မှာ ယာဉ်မတော်တဆမှု ဖြစ်တယ်။ အင်းနစ်နေတဲ့အိမ်နားမှာပဲ ဖြစ်တာ။ ကားတစ်စီးက ဓာတ်တိုင်ကို ဝင်တိုက်မိပြီးတော့ မီးပြတ်သွားတယ်။ ပျက်စီးသွားတဲ့ ဓာတ်အားလိုင်းတွေကို ၁၂ နာရီ ၅၅ မိနစ် မတိုင်ခင်အထိ ပြင်လို့ မပြီးသေးတဲ့အတွက် မီး မပေးနိုင်သေးဘူး။ ၁၂ နာရီ ၅၅ မိနစ်ကျမှ မီးပြန်လာတယ်။ ဘစ်ကပ်(စ်) ကျွန်တော်တို့ဆီ ဖုန်းမဆက်ခင်လေးတင် မီးပျက်ရတဲ့ အကြောင်းအရင်းကို ကျွန်တော်တို့ ရဲစခန်းကို အသိပေးတယ်လေ--

'အင်းနစ် ကျွန်တော်ကို ပြောခဲ့တဲ့စကားတွေအရ သူဟာ ဒီမီးခဏပြတ်သွားတဲ့ ကိစ္စကို လုံးဝ မသိလိုက်ဘူးဆိုတာ ရှင်းနေတယ်။ ဒါကြောင့် မီးပြန်လာပြီးတဲ့ အချိန်အထိ အင်းနစ်ဟာ အိမ်ကို ပြန်မရောက်သေးဘူးဆိုတာ ထင်ရှားနေတာပေါ့''

"ကိုယ် သိပြီ"

ရဲမှူးကြီး ဂေါ်ရင်းက သွေးမရှိတော့သော အင်းနစ်၏ မျက်နှာကို စူးစိုက်၍ ကြည့်လိုက်သည်။ ထို့နောက်

"ဒါပေမယ့် .. ဒါဟာ သက်သေမဟုတ်သေးဘူး ဆာဂျင်၊ လူသတ်မှုကို ဒီလိုအမှန်တကယ် ကျူးလွန်ခဲ့ပါတယ် ဆိုတာကို ငြင်းလို့မရအောင် အခိုင်အမာပြောလို့ရတဲ့ သက်သေကို လိုချင်တာ''

"ဟုတ်ကဲ့ အခိုင်အမာ သက်သေတစ်ခုရှိပါသေးတယ်"

မော်လန်က ဆိုလိုက်သည်။

"သူဟာ သူ့ရဲ့ လက်နှစ်ဖက်ကို ညဝတ်အင်္ကျီရဲ့ အိပ်ကပ် တစ်ဖက်စီမှာ နှိုက်ထားတာကို သတိထားမိတယ်။ သူ့ရဲ့ လက်တွေကို ကြည့်ချင်တဲ့ အတွက်ကြောင့် ကျွန်တော်သူ့

www.burmeseclassic.com



ကို စီးကရက် ထုတ်တိုက်ပြီး မီးညှိပေးလိုက်သည်။ အဲဒီမှာ နိုင်လုံတဲ့ သက်သေကိုတွေ့လိုက် ရပါတယ်။ သူ့လက်တွေကို ရဲမှူးကြီး ကိုယ်တိုင်စစ်ဆေးကြည့်ပါ''

အင်းနှစ်သည် သွေးရူးသွေးတန်းနှင့် အပြင်းအထန် ငြင်းဆန်နေသည်။ ရဲမှူးကြီးသည် အင်းနှစ်၏ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးဆုပ်များကို အတင်းဆွဲ၍ ဖြေကြည့်လိုက်သောအခါ

လက်နှစ်ဖက်စလုံး၏ လက်ညှိုးနှင့် လက်မကြားတွင် ခရမ်းရောင် သန်းနေသော အကြောင်းငယ်များကို တွေ့လိုက်ရလေသည်။ အညိုအမည်းစွဲနေသော အရာများပင်။

မော်လန်က

''ဝါယာကြိုး တစ်ချောင်းကို အသုံးပြုပြီး လူတစ်ယောက်ကို သေသွားလောက်အောင် လည်ပင်းညှစ်ပြီး သတ်ဖို့ဆိုတာ သိပ်တော့ လွယ်တဲ့ ကိစ္စမဟုတ်ဘူးဗျ။ တော်ရုံအားနဲ့မရဘူး။ ဒတ်ကင်းရဲ့ လည်ပင်းမှာလဲ ဒီလိုမျိုး အညိုအမည်းစွဲနေတဲ့ အစင်းကြောင်းကို တွေ့ခဲ့ရတယ်။ အင်းနှစ်ဟာ ဝါယာကြိုးကို တင်းနေအောင် ဆွဲနိုင်ဖို့ အားကုန်သုံးခဲ့ရတဲ့အတွက် လက်ချောင်းတွေမှာ ဝါယာကြိုး နစ်မြှုပ်တဲ့အားကြောင့် ထင်ကျန်ရစ်ခဲ့တဲ့အတွက် ထင်ထင်ရှားရှားပေါ်လာတဲ့ အခိုင်အမာသက်သေတွေပါပဲ''

မိုက်ကယ်မော်လန်၏ စကားအဆုံးတွင် ရဲမှူးကြီးက

''ဒီအမှုအတွက် ဒွိဟဖြစ်စရာ အကြောင်းမရှိတော့ပါဘူး။ ကိုယ်ကျေနပ်သွားပါပြီ''

ရောဘတ် အင်းနှစ်သည် ဘယ်လိုမှ မငြင်းနိုင်တော့သောအခါ ဝမ်းနည်းကြေကွဲသည့်အသွင်သဏ္ဍာန်ဖြင့် ရှိုက်သံများ ရောယှက်ကာ ဖြောင့်ချက် ပေးရလေတော့သည်။ အင်းနှစ်ကို ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ရဲစုံထောက်ကြီး မော်လန်သည် ဦးထုပ်ကို ဆောင်းလိုက်လေသည်။

''ဘယ်သွား မလို့လဲဗျ''

ရဲမှူးကြီးက မေးလိုက်သည်။

''မစ္စတာ ဒတ်ကင်း အိမ်နောက်ဘက်က တောအုပ်ကလေးထဲကို သွားစစ်လိုက်ဦးမယ်''

ဦးတိကျကြီး မိုက်ကယ်မော်လန်က အလေးအနက်ပြန်ဖြေလိုက်သည်။

''အချုပ်ကျနေတဲ့ ချာလီဆင်း(မ်)ရဲ့ထွက်ချက်တွေကို အတည်ပြုချင်သေးလို့ပါ''

ယုယုလွင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



# ဖိတ်ခေါ်မသည့် အန္တရာယ်

နန္ဒမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com



## "စိတ်ခေါ်မိသည် အန္တရာယ်"

နန္ဒာမိုးကြယ်

သည် အကြောင်းကို ကျွန်မ ပြန်မတွေးမိရင် ကောင်းလိမ့်မယ်။

ဒါပေမယ့် စိတ်ဆိုတာက အခက်သားကလား။ လူက သာ တစ်နေရာတည်းမှာပဲ မလှုပ်မယှက် ရှိချင်ရှိနေမယ်။ စိတ်ကတော့ ထိန်းချုပ်လို့ကို မရဘူး။ တော်ကြာ ဟိုရောက်လိုက်၊ တော်ကြာ သည်ရောက်လိုက်နဲ့။ ကျွန်မကိုယ်နှိုက်က ဘုရား တရားကို လေ့လာလိုက်စားတာမှန်ပေမယ့် သမာဓိကျတော့ ခိုင်မာအောင်တည်ဆောက်နိုင်သေးတာမှ မဟုတ်ဘဲ။ သည်တော့လည်း ဘယ်တော့မှ စိတ်မရောက်တော့ပါဘူးလို့ သုံးဖြတ်ချက်ချထားပေမယ့် မခိုင်မာသေးတဲ့ သမာဓိကြောင့် စိတ်ရောက်ရောက်သွားလေတိုင်း အထိတ်တလန့်ဖြစ်သွားရတယ်။ တုန်လှုပ်ချောက်ချားသွားရတယ်။ ပြီးရင် ကိုယ်လည်းပန်း၊ စိတ်လည်းနွမ်း ဆိုတာမျိုးပေါ့။

အို ပြောရင်းဆိုရင်းနဲ့ သည်အကြောင်းက မဆိုက်ချင်ဘဲ ဆိုက်လာပြန်ပါပြီ။ အင်း ဒုက္ခ ဒုက္ခ။

~~~~~

ကျွန်မ နာမည်က မကျင်မေပါ။

ခင်ပွန်းဖြစ်သူ ကိုကျင်ငွေ ဆုံးသွားတော့ ကျွန်မနဲ့ သားလေး အန်းကူတို့ ကျန်ရစ်ခဲ့တယ်။ ခင်ပွန်းဆုံးသွားပေမယ့် ယိုင်ယိုင်နဲ့နဲ့တော့ မဖြစ်ခဲ့ပါဘူး။ စီးပွားအရှာကောင်းတဲ့ ကိုကျင်ငွေထားရစ်ခဲ့တဲ့ ငွေကြေးဥစ္စာ အတွင်းပစ္စည်းတွေဆိုတာ နည်းမှမနည်းတဲ့ဟာ။ ဘယ်မှာ အခြေပျက်မှာ မို့လို့လဲ။

နေရတာကလည်း အဆင့်မြင့် ခေတ်မီတိုက်ခန်း။ အသုံးအဆောင် ပစ္စည်းတွေ၊ ပရိဘောဂတွေဆိုတာ လိုလေးသေးမရှိ။ သည်လိုမျိုး ကူခြွေ မပျက်၊ ဟန်မပျက်နေလာရင်းက သားလေး အန်းကူတော့ စီးပွားရေးမှ စီးပွားရေးပဲ။ နယ်ပယ်သစ်တွေ ချဲ့ထွင်ဖို့ဆိုပြီး နိုင်ငံခြားကိုတောင် ခဏခဏထွက်လားထွက်ရဲ့။ ရလာသမျှ အထုပ်အထည်ငွေကြေးတွေဆိုရင်–

"ရော့ အမေ၊ သုံးချင်သလောက်သာသုံး။ ပိုတာလျှံတာ မှန်သမျှ အမေပဲ စုဆောင်းပေးထားနော်"

လို့ဆိုပြီး ရတာမှန်သမျှ အပ်တော့တာပဲ။ သည်တော့လည်း ကျွန်မအဖို့ လိုအပ်တာသုံးစွဲပြီး ပိုလျှံတာမှန်သမျှ လုံလုံခြုံခြုံ သိမ်းထားပေးရတာပဲပေါ့။ ကျွန်မရဲ့ သဘောထားဆန္ဒအရ အရွယ်ရောက်ပြီဖြစ်တဲ့ သားကို အိမ်ထောင်ပြုပေးချင်တယ်။ အဲသည်ကမှ သူတို့ထွန်းကားလာမယ့် မြေးကလေးတွေကို အဖော်ပြုလို့ အထီးကျန်လူ့ဘဝကို ချမ်းမြေ့ကြည်နူးခြင်းအတိနဲ့ ဖြတ်သန်းချင်တာပဲပေါ့။ ဒါပေမယ့် လောကကြီးဆိုတာက ဖြစ်ချင်တိုင်းလည်း ဖြစ်လာတာမှ မဟုတ်ဘဲလေ။

သည်တော့လည်း ဘုရား တရားဖက်လို့ ဘဝအခက်ဝေ ဘဝအသက်ရှည်အောင် ကြိုးစား နေထိုင်ရတာပဲပေါ့။

အဲသည်လို နေရာ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ရင်းနဲ့ ညီညီမင်းဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ ဆုံစည်းလာရတာပါပဲ။

~~~~~

ဆုံစည်းလာရပုံကလည်း အဆန်းတော့ မဟုတ်ပါဘူး။

တစ်နေ့သားမှာတော့ လျှပ်စစ်ဓာတ်အားလိုင်းက ဘာဖြစ်တယ် မသိပါဘူး။ သုံးရက်လောက် အဆင့်မြင့် အိမ်ရာတစ်ကျောလုံး ရပ်တန့်သွားခဲ့တယ်။ ညအမှောင်အတွက် အိမ်သုံး မီးစက်ကလေးရှိနေလို့ အလင်းရဖို့အတွက် အကြောင်းမဟုတ်ပေမယ့် သောက်သုံးရေအတွက် အခက်အခဲဖြစ်လာတယ်။အဲသည်မှာတင် သောက်သုံးရေကို ဂါလီပေါ်တင်ပြီး လှည့်လည်ရောင်းတဲ့ ညီညီမင်းဆိုတဲ့ ကောင်လေးနဲ့ ဆုံစည်းရတာပဲပေါ့။

သောက်သုံးရေ လိုအပ်သူနဲ့ သောက်သုံးရေရောင်းချတဲ့သူတို့ ဆုံစည်းကြတာပဲပေါ့။

ကောင်လေးရဲ့ ရုပ်ရည်ကလေးက သနားကမား လေးပါ။

ဒါပေမယ့် ဘဝကို ဘယ်လောက်တောင် ခါးစည်းခံရသလဲ မသိဘူး။ ဆံပင်ကလေးတွေက ဖိုသီဖတ်သီ၊ ဆီနဲ့ဝေးလို့ပဲလား မပြောတတ်ဘူး။ နီကြောင်ကြောင်နဲ့ရယ်။ အသားအရေက နေလောင်ထားလို့လား မသိဘူး မွဲမွဲခြောက်ခြောက် အသက်လား ရှိလှမှ ဆယ့်ငါး ဆယ့်ခြောက်သာသာပေါ့။ အသွင်အပြင်ကို ကြည့်ရတာနဲ့တင် အာဟာရမပြည့်ဝဘူးဆိုတာ သေချာပါတယ်။

သုံးထပ်လောက်ရှိတဲ့ တိုက်ခန်းကို ရေသန့်ဘူး ထမ်းတက်လာရတာနဲ့တင် သည်ကလေးရဲ့ ရင်အစုံဟာ နိမ့်ချည်၊ မြင့်ချည်ဖြစ်နေတယ်။

"အမကြီး ရေလှယ်ထားခဲ့ရမလား"

"အေးကွယ် လှယ်သွားပေးခဲ့ပါ"

ကောင်လေး အဖို့ မမျှော်လင့်ဘဲ ရလာတဲ့ ဖောက်သည်အတွက် ရှေ့ဆက်မျှော်လင့်ချက်ကလေး အရောင်သန်းလာစေဖို့ သူလုပ်ရမယ့်အလုပ်ကို စေတနာထား လုပ်ကိုင်ပေးနေရှာတယ်။ လှယ်ထည့်တဲ့အခါ အဖိတ်အစဉ် မရှိတာနဲ့တင် သ





www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဘောကျသွားပြီး–

"ဘယ်လောက်လဲ ကလေး"

"သုံးရာပါ အမေကြီး"

သူက သုံးရာဆိုပေမယ့် ငါးရာတန်ထုတ်ပေးရင်း ပြန်မအမ်းဖို့ ပြောလိုက်တော့ သူ့မျက်နှာကလေးက ဝင်းလက်သွားသလိုပဲ။

"အမေကြီး အမှိုက်တွေ ဘာတွေရှိရင် ပေးလိုက်နော် ကျွန်တော် တစ်ခါတည်း ယူသွားပြီး ရပ်ကွက်ထိပ်က အမှိုက်ကန်ထဲ ထည့်ပေးမယ်"

သည်လိုမျိုး အလိုက်တသိရှိလို့ သည်ကလေးအပေါ် စေတနာ ဖြစ်မိတာအမှန်ပဲ။ ကိုယ့်မှာလည်း သားတစ်ယောက် ရှိနေတယ် မဟုတ်လား။ ဒါကြောင့်လည်း မိခင်ချင်း ကိုယ်ချင်းစာမိသလား မပြောတတ်ဘူး။

"ကလေးရဲ့ နာမည်က"

"ညီညီမင်းပါ အမေကြီး"

"အေးအေး မောင်ညီပေါ့ကွယ်။ ဒါထက် မင်းရဲ့ဝင်ငွေက တစ်နေ့ ဘယ်လောက်ရှိသလဲ"

"ပုံမှန်တော့ မဟုတ်ဘူးပေါ့ အမေကြီးရယ်။ ရောင်းအားကောင်းရင် ကောင်းသလောက်, နည်းရင် နည်းသလောက်ပေါ့။ ပျမ်းမျှတော့ ထောင့်လေးငါးရာလောက် ရပါတယ်"

စိတ်ထဲ နင့်ခနဲဖြစ်သွားရတယ်။ ဩော် ငါ့သားလေး အန်းကူနဲ့တော့ ကွာပါ့လို့။ ဒါပေမယ့်လည်း ဘဝအကျိုးပေးမတူတာချင်း ပညာ အရည်အချင်း ကွာဟတာချင်းတွေ တွေးမိပြီး သက်ပြင်းကို အသာခိုးချလိုက်ရတယ်။

"ဒါထက် မင်း မနက်စာကော စားခဲ့ပြီးပလား မောင်ညီ"

ရုတ်တရက်မဖြေသေးဘူး။ မိနစ်ဝက်လောက် ကြာတော့မှ –

"ဈေးတန်းကလေးရောက်တော့မှ အဆာပြေ အသုပ်ကလေး ဘာလေးဝယ်စားရမှာပေါ့ အမေကြီးရယ်"

သည်ကတည်းက သိလိုက်ပါပြီ။ သည်ကလေး မနက်စာ ဘာမျှ မစားရသေးဘူးဆိုတာ။ သူစားမယ်ဆိုရင် ဝင်ငွေနဲ့ ချင့်ချိန်ပြီး အဆာပြေကလေးတဲ့။

"ကိုင်း မောင်ညီ မင်း အမေကြီးကို အားမနာနဲ့ မနက်စာ ဒီမှာစားသွား"

"အို မဟုတ်တာ အမေကြီးရယ်။ ရေဖိုးလဲပိုပေးပြီးပြီ"

"မငြင်းပါနဲ့ကွယ်။ အမေကြီးရဲ့ဒါနလို့ သဘောထား"

ဒါနဲ့ပဲ ကြောင်အိမ်ထဲမှာ ရှိနေတဲ့ ထမင်းတွေ၊ ဟင်းတွေကို ချကျွေးလိုက်တယ်။ ဟင်းက နှစ်မယ်တောင်မှ။ ကြက်သားဟင်းရယ် ငါးခူကြော်ရယ်။

"ကိုင်း အားမနာနဲ့ အဝသာစား၊ အမေကြီးက စားပြီးပြီ"


ညီညီမင်းလည်း ဟန်မလုပ်သာတော့ပါဘူး။ ဘယ်ကလောက်တောင်မှ ဟင်းကျွေး ဟင်းကောင်းတွေ ပြတ်လပ်နေတယ် မသိဘူး။ ခေါင်းမဖော်တမ်းကို အားရပါးရစားတော့တာပဲ။ သင်းကလေး အဲသလိုစား



www.burmeseclassic.com

www.burmeseclassic.com





နေတာကို ကြည့်ရင်း ပီတိတွေဖြစ်ရင် စိတ်ထဲလည်း မကောင်းလိုက်တာ။

"ကျေးဇူးတင်ပါတယ် အမေကြီးရယ်။ တကယ် ပြောတာပါ။ ဒီလိုမျိုးအရသာရှိတဲ့ ထမင်းဟင်းကို ခုမှပဲ စားရတာပါခင်ဗျား"

ရင်ထဲမှာ 'အိုး ဖြစ်မှဖြစ်ရလေ ညီညီမင်းရယ်'လို့ ခံစားသွားရတယ်။ သည်ကလေးဟာ သူစားပြီးသမျှကို ဘေစင်မှာ သေသေချာချာ ဆေးကြောသန့်စင်သွားခဲ့ပါတယ်။

"ကိုင်း အမေကြီး ကျွန်တော် ခရီးဆက်လိုက်ဦးမယ်။ နောက်ရက်တွေ ဒီလမ်းထဲ ကျွန်တော်ဝင်တဲ့အခါ အသံပြုလိုက်ပါမယ်။ ကျွန်တော့်ဆီကလဲ ရေဝယ်ပါနော်"

"အေး အေး သွားတော့ သွားပေတော့"

ဒါကတော့ ဓာတ်လမ်းအစပဲ ဆိုပါတော့။

အဲသည်ကပဲ ဓာတ်လမ်းစပြီး တစ်ပတ်တစ်ခါ တစ်ပတ်တစ်ခါနဲ့ ကျွန်မနဲ့ မောင်ညီညီမင်းတို့ဟာ သွေးသားရင်းချာသဖွယ် ခင်မင်ရင်းနှီးသွားပါတော့တယ်။ သည်ကလေးက ကျွန်မဆီကို ရေလာပို့တိုင်း သပြေပန်းကလေးတွေ ဇီဇဝါပန်းကလေးတွေ ယူယူလာပေးတယ်။ အမေကြီး ဘုရားပန်းကပ်ရအောင် သူလည်းကုသိုလ်ရအောင်တဲ့။ သည့်တော့လည်း သံယောဇဉ် ဖြစ်ရပြန်တာပေါ့။

အိမ်နံရံမှာ ကြပ်ခိုးတွေရှိနေရင် သုတ်သင်ပေးသွားသလို၊ ကြမ်းတွေကိုလည်း တိုက်ပေးသွားသေးရဲ့။ အမှိုက်သရိုက်တွေရှိရင် လှည်းကျင်း စွန့်ပစ်စရာ အမှိုက်တွေကို အိတ်ထဲစုထည့်ပြီး ယူယူသွားပေးတယ်။ သည့်အတွက် သူ့ဘာမှ မတောင်းဆိုရှာပါဘူး။ ရေဖိုးအတွက် ပိုပေးရင်လည်း မငြင်းဘဲ ယူတာပါပဲ။ ထမင်း ဟင်းတွေ ချကျွေးရင်းလည်း ဟန်မလုပ်တော့ဘဲ စားသွားတာပါပဲ။

သည့်တော့လည်း ညီညီမင်းလေး အပေါ် သားမြေးကလေးသဖွယ် ခင်မင်နေမိတာ ဆန်းတယ်လို့ မဆိုသာပေဘူး ပေါ့နော်။ သည့်အကြောင်းကို သားအန်းကူကို ပြောပြတော့–

"အမေ အမေက တစ်ယောက်တည်း လိုလိုနေတာနော်။ ပြီးတော့ သားလဲ အမေ့နားမှာ ရှိတာမဟုတ်ဘူး။ ကိုယ်နဲ့ သွေးမတော် သားမစပ်ကို အဲဒီလောက် မလိုက်ချ



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူးထင်တယ်''

လို့ဝေဖန်ပါတယ်။

"သားရယ် လူတွေမှာ မေတ္တာတရားဆိုတာ ရှိကြပါတယ်။ ဘာသာတရားနဲ့ ပြန်ကြည့်ရင် အားလုံးဟာ ပဋ္ဌာန်းဆက်တွေချည်းပဲ။ ကိုယ်က သူ့အပေါ် မေတ္တာထားရင် သူကလဲ ကိုယ့်အပေါ် မေတ္တာထားမှာ အမှန်ပဲ။ မေတ္တာဆိုတာမျိုးဟာ အလျားအနံမရှိပေမယ့် အသွားအပြန်ဆိုတာတော့ရှိစမြဲပါ''

"အို သားတော့ အဲဒါတွေ သိပ်နားမလည်ဘူး။ ဘာပဲဖြစ်ဖြစ် လူတိုင်းကို ကိုယ့်စိတ်လို သဘောမထားသင့်ဘူး ထင်တယ်''

အန်းကူ ဘယ်လိုပဲပြောပြော ကျွန်မခေါင်းထဲ မဝင်ခဲ့တာ အမှန်ပဲ။ လူသားတွေ အချင်းချင်း တစ်ယောက်ကို တစ်ယောက် သံသယမျက်စိတွေနဲ့ ဒေါက်ထောက်ပြီး ကြည့်နေရင် လောကကြီးဟာသာယာလှပနိုင်ပါ့မလား။

ဘာပဲဖြစ်ဖြစ် မရှိန္တမ်းပါးတဲ့ မောင်ညီညီမင်းလေးအပေါ် ကျွန်မရဲ့ ပြုမူဆက်ဆံပုံတွေဟာ ကျွန်မ မမှားဘူးလို့ ထင်တာပါပဲ။

~~~~~

အဲသည်နေ့က အန်းကူက သူမလာနိုင်လို့ သူ့ပါတနာ တစ်ယောက်နဲ့ ငွေတွေပို့လိုက်တယ်။

"အမေပဲ စစ်ဆေးရေတွက်ပြီး သေသေချာချာသိမ်းဆည်းပါ။ သားပြန်လာမှပဲ လုပ်စရာရှိတာတွေ ဆက်လုပ်မယ်''

လို့လည်း မှာလိုက်ပါသေးတယ်။

ကျွန်မလည်း အန်းကူရဲ့ ပါတနာထားသွားတဲ့ ငွေထုပ်ကို စားပွဲဝိုင်းလေးပေါ်တင်လို့ တစ်ထုပ်ပြီး တစ်ထုပ် ဖြေရင်း တိတိကျကျ ရှိ/မရှိ ရေတွက်နေမိတယ်''

"တီး တောင် တီး တောင်''

သည်အချိန်မှာ လူခေါ်ဘဲလ်သံမြည်လို့ နေရာကထပြီး တံခါးမကြီးကိုသွားတယ်။ ဘယ်သူ ဘဲလ်တီးတာပါလိမ့် ဆိုပြီး ချောင်းကြည့်ပေါက်က ကြည့်လိုက်တဲ့အခါ -

"ဪ ဘယ်သူများလဲလို့ မောင်ညီညီမင်းလေးကိုး''

ဆိုပြီး -- တံခါးကို ဖွင့်ပေးလိုက်တယ်။ ညီညီမင်းလည်း ရေသန့်ဘူးကို ပခုံးပေါ်ထမ်းလို့ ခါတိုင်းအခေါက်တွေတုန်းကလို အခန်းထဲကို တန်းဝင်းသွားပြီး ရေလှယ်ဖို့လုပ်နေတယ်။ ခါတိုင်းလည်း သည်လိုပဲ လုပ်နေကျဆိုတော့ စိတ်ထဲဘယ်လိုမှ မနေဘဲ ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်နေပါတော့တယ်''

တစ်ထောင်တန်အုပ်တွေက အများသား။

တွက်ရေပြီးသမျှ ပြန်လည် စုစည်းရင်းကနေ ပါးစပ်က ပြောဖြစ်အောင် ပြောလိုက်ပါသေး။

"မောင်ညီရေ ကြောင်အိမ်ထဲမှာ ခေါက်ဆွဲပြုတ်တွေ ရှိတယ်ဟေ့ အမေကြီးအတွက် မချန်နဲ့တော့ အကုန်သာစားလိုက်ချေ''

လှည့်မကြည့် ငုံ့မကြည့်ဘဲ တစ်ထောင်အုပ်တွေကို စီထပ်ထားလိုက်တယ်။

အဲသည် အခိုက်မှာပဲ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



မောင်ညီဟာ အနားကိုရောက်လာတယ်။ အို လက်ထဲမှာလည်း သားလှီးဓားတစ်ချောင်း။

"ဟင်း မင်း … မင်းဒါ ဘာလုပ်တာလဲ မောင်ညီ"

"အမေကြီးကို သတ်ပြီး ငွေတွေယူမလို့ ကိုင်း"

"အို မဟုတ်တာ မလုပ်ကောင်းဘူးလေ။ မလုပ်နဲ့ မလုပ်နဲ့ အား"

ဘယ်လိုပဲ အကြောက်အကန်ငြင်းပေမယ့် မောင်ညီဟာ ဘီလူးစီး သရဲစီး ခံနေရသလားမသိပါဘူး။ မျက်လုံးအစုံဝင်းဝင်းတောက်ပြီး ကျွန်မရဲ့ ရင်ဝတည့်တည့်ကို သားလှီးဓားနဲ့ တန်းပြီးထိုးလိုက်တယ်။ ကျွန်မလည်း ယောင်ယမ်းပြီး



ရှောင်လိုက်တဲ့အခါ သားလှီးဓားဟာ ရင်ဝကို မထိုးမိတော့ဘဲ ညာဘက်လက်မောင်းကို ရှပ်ခနဲ ထိုးမိသွားတော့တယ်။

"ဟဲ့ မောင်ညီ မလုပ်နဲ့လေ မလုပ်နဲ့"

"မရဘူး အဲဒီငွေတွေ လိုချင်တယ်"

သည်အချိန်မှာ သည်ကောင်လေးရဲ့ အာရုံထဲ ကျွန်မမေတ္တာနဲ့ ပေးကမ်းခဲ့တာတွေ ကျွေးမွေးခဲ့တာတွေ သတိရတော့မယ် မထင်ပါဘူး။ သူ့စိတ်ထဲ ကျွန်မ မဆင်ခြင်ဘဲ ငွေပုံတွေ ခင်းထားမိတဲ့အတွက် လောဘတွေ ငယ်ထိပ်တက်ပြီး အမှားအမှန်ကို ဝေဖန်ခွဲခြားနိုင်လိမ့်မယ် မထင်တော့ပါဘူး။

"ကိုင်း ဟာ သေပေတော့"

"အား "

သည်တစ်ချက်မှာလည်း ကံအားလျော်စွာပဲ ဓားဟာ ရင်ဝကို မထိုးမိဘဲ ဘယ်ဘက်လက်မောင်းကိုပဲ ရှပ်ထိုးမိပြန်ပါတယ်။သည်အတိုင်းဆိုရင် တစ်ချက်မဟုတ် တစ်ချက်မှာ မောင်ညီရဲ့ ဓားချက်နဲ့ ကျွန်မသေပွဲဝင်ရတော့မှာ အမှန်ပါ။ မှန်တဲ့အတိုင်းပြောရရင်း ကျွန်မသည်အချိန်မှာ မသေချင်သေးဘူး။ သေလို့လည်း မဖြစ်သေးဘူး။ လက်ရှိ အနေအထားဆိုရာမှာ မောင်ညီကတက်လူ၊ ပြီးတော့ ယောကျ်ားသား၊ ကျွန်မက ကျလူ မိန်းမသား။

အဲသည့် အချိန်မှာ ကျွန်မ ခေါင်းထဲ လက်ခနဲဖြစ်သွားပြီးတဲ့နောက် စားပွဲဝိုင်းငယ်ကို ကောက်ကိုင်လိုက်တယ်။ သည်စားပွဲငယ်ဟာ ကျွန်မအတွက်တော့ အကာအရံ ဒိုင်းသဖွယ်ပဲပေါ့။

"မောင်ညီ ကလေးမင်း မှားမယ်နော်"

ကျွန်မဟာ စားပွဲဝိုင်းကလေးနဲ့ အကာအကွယ်ပြုရင်း ပြတင်းပေါက်ရှိရာ ဆုတ်ဆုတ်လာခဲ့တယ်။ မောင်ညီကတော့ တစ်ချက်တည်း ပွဲသိမ်းနိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သတ်ကွင်းကို ရှာနေတဲ့ပုံပဲ။ သည့်အချိန် ပြတင်းပေါက်နား ရောက်တာနဲ့ ကျွန်မလည်း ...

"လာကြပါဦး၊ ကယ်ကြပါဦး။ ဟောဒီမှာ အနုကြမ်း စီးနေပါတယ်။ လူသတ်ဖို့ ကြိုးစားနေပါတယ်။ ကယ်ကြပါရှင် ကယ်ကြပါ"

လို့ အာခေါင်ခြစ်ပြီးတော့ အော်လိုက်တယ်"

ကျွန်မရဲ့ အော်သံဟာ အတော်ကလေးကို ထိရောက်သွားပုံရပါတယ်။ သိပ်မကြာခင်မှာပဲ လှေကားတစ်ပိုက် ဝုန်းဝုန်း ဒိုင်းဒိုင်းနဲ့ လှမ်းတက်လာတဲ့ ခြေသံတွေကို ကြားလိုက်ရတယ်"

"ဟော့ ဟော့ကောင်၊ တံခါးကို ချလိုက်စမ်း။ ချလိုက်စမ်း"

"တံခါးကို ချက်ချ မထားဘူးဟေ့၊ ဖွင့်ပြီးဝင်မယ်"

ကျွန်မအဖို့ ခါတိုင်းလို တံခါးကို ချက်မချထားမိတာဟာ ဘုရားမ လိုက်တာပါပဲ။ အခန်းထဲဝင်လာတဲ့ လူတစ်ယောက်ဟာ သူ့လက်ထဲက သစ်သားချောင်းနဲ့ မောင်ညီရဲ့ ဓားကိုင်လက်ကို ဖြတ်ရိုက်လိုက်တယ်။

"ဖြောင်း ..."

"အား ...."

"ဘုန်း ...."

"အိ ..."

ဒေါ်သတကြီးနဲ့ ရိုက်ချက် ကန်ချက်တွေကြားမှာတော့ လောဘစိတ်တက်နေတဲ့ မောင်ညီဟာ အရုပ်ကြိုးပြတ် ပုံလျက်သား လဲကျသွားခဲ့ပါပြီ။

"ဘယ် ဘယ်လိုဖြစ်တာလဲ ကြီးကြီးရယ်"

"အဖြစ်ကတော့ ဒီလိုပါကွယ်"

ဆိုပြီး အကြောင်းစုံကို ရှင်းပြလိုက်တယ်။ လူတွေလည်း ဒေါ်သတကြီးနဲ့

"တောက် ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင်၊ ကဲ ရဲစခန်းကို ပို့ရမယ်"

"ဟုတ်တယ်၊ ဒါမျိုးကို ကောင်းကောင်းသင်ခန်းစာပေးရမယ်"

အဲသည် အချိန်မှာ မောင်ညီဟာ သတိရနေပါပြီ။ တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်နဲ့ ပြီးတော့ ရှိုက်ကြီးတငင်ငိုရင်း–

"ကျွန် ကျွန်တော့်ကို ကြိုက်သလို ရိုက်ပါ၊ နှက်ပါ၊ ခင်ဗျား။ ရဲစခန်းတော့ မပို့ပါနဲ့"

"ဘာဖြစ်လို့ မပို့ရမှာလဲ"

"ကျွန်တော့်ကို ရဲစခန်း ပို့လိုက်ရင် အမေ သေရပါလိမ့်မယ်"

"ဘာ ဘာကွ မင်းလို ရာဇဝတ်မှု ကျူးလွန်သူကို ရဲစခန်း ပို့လိုက်ရင် မင်းအမေက ဘာလို့ သေရမှာတဲ့လဲ"

သည့်တဒင်္ဂမှာ မောင်ညီက ကျွန်မကို မျက်ရည်လည်ရွဲနဲ့ အားကိုးတကြီး မော့ကြည့်နေတယ်။ စောစောက လူသတ်လက်နက်ကိုင်ထားတဲ့ လက်ဟာ ခုတော့လည်း လက်အုပ်ကလေးချီလို့။

"ကိုင်း မောင်ညီ၊ အမေကြီးကို ဘာပြောချင်လို့လဲ ပြောစမ်း"

"ဟုတ်ကဲ့ ကျွန်တော် အမှားကြီး မှားပါပြီ အမေကြီးရယ်။ ကျွန်တော့်ရဲ့ အမေဟာ မီးယပ်သွေးဆုံးကိုင်နေတာကြာပါပြီ။ ဒီရက်အတွင်းဆေးရုံ မှတင်နိုင်ရင် သေဖို့ပဲရှိပါတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အမေ့ရောဂါ ပျောက်ဖို့ ဆေးကုသစရိတ်ကို ကျွန်တော် မရှာနိုင်ပါဘူး။ တစ်နေ့တစ်နေ့ ရှာလို့ ရသမျှဆိုတာဟာ စားစရိတ်ပဲ ရှိပါတယ်---

"ဒီကနေ့ကျတော့ အမေကြီးရဲ့ ရှေ့မှာငွေပုံကြီး တွေ့တာနဲ့ ကျွန်တော့် စိတ်ထဲ အမေ့ရောဂါကုဖို့ ပြေးမြင်ပြီး မလုပ်သင့် မလုပ်ထိုက်တာတွေလုပ်ခဲ့မိပါတယ်။ ကျွန်တော် မှားပါတယ် အမေကြီးရယ် အီး ဟီး ဟီး"

မောင်ညီဟာ ရှိုက်ကြီးတငင်ငိုရင်း ကျွန်မရဲ့ ခြေအစုံကို ဦးတိုက်ရှိခိုးနေပါတော့တယ်။

ကျွန်မ ရင်ထဲ မကောင်းလိုက်တာ။

ကျွန်မသာ ငွေတွေကို အခန်းထဲပိတ်ပြီး အလုပ်လုပ်မယ်ဆိုရင် သည်လိုမျိုး ကိစ္စတွေ ဘယ်လိုဖြစ်လာမှာတဲ့လဲ။

ဒါနဲ့ပဲ ကျွန်မ အပေါ် အကူအညီပေးကြတဲ့ လူကြီးလူကောင်းတွေကို ရဲစခန်း မပို့ဖို့ တောင်းပန်ပြီးတဲ့နောက်–

"ကိုင်း မောင်ညီ မင်း အမေ ဆေးကုဖို့ ဘယ်လောက်လိုမလဲ"

"နှစ်သိန်းလောက်ပါ အမေကြီးရယ်"

"မောင်ညီရယ်။ အစကတည်းက ပွင့်ပွင့်လင်းလင်း ပြောဆိုပြီး အကူအညီတောင်းရင်လဲ ရသားနဲ့ကွယ် အခုတော့ မင်း ကံကြီးထိုက်သွားပြီ။ အမေကြီးဟာ လစဉ်ဆိုသလို နာရေးကူညီမှုအသင်းပရဟိတအသင်း၊ မိဘမဲ့ ဂေဟာတွေကို လှူနေတန်းနေတဲ့သူပါ---

"ကိုင်း ရော့ ရော့ နှစ်သိန်း မဟုတ်ဘူး။ ငါးသိန်းယူသွား"

ငွေ ငါးသိန်းထုပ်ကို လက်ထဲထည့်လိုက်တော့ မောင်ညီရဲ့ လက်တွေဟာ တဆတ်ဆတ် တုန်နေတယ်။

"မောင်ညီ"

"အမေကြီး"

"မင်းစိတ်ထဲ ဘယ်လိုမှ မထားနဲ့။ အမေကြီးလဲ မထားဘူး။ ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့ကွယ့်"

"ဟုတ်ကဲ့ပါ အမေကြီးရယ်"

"ဒီတော့ မင်းလဲ မင်းဘဝကို ပြုပြင်ပျိုးထောင်တော့။ ဒီကနေ့ကစလို့ ဒီလမ်းထဲလဲ မလာနဲ့တော့။ မင်းနဲ့ အမေကြီးရဲ့ ပဋ္ဌာန်းဆက်ပြတ်ပြီ"

"အို အမေကြီးရယ်"

မောင်ညီဟာ ဝမ်းနည်းပက်လက် မျက်ရည်လည်ရွဲကျရင်း ကျွန်မကို အကြိမ်ကြိမ် အထပ်ထပ် ရှိခိုးပြီးတဲ့နောက် ပြန်သွားပါတော့တယ်။

~~~~~

ကိုင်း သည်အဖြစ်မှာ မောင်ညီ မှားသလား။

ကျွန်မ မှားသလား။

ကျွန်မကတော့ အဲသည်အမှားဟာ ကျွန်မ အမှားပဲလို့ ခံယူထားလိုက်ပါတယ်။ အသိပညာ နုံနည်းတဲ့သူကို ငွေပုံကြီးပြပြီး အန္တရာယ် ဖိတ်ခေါ်ခဲ့တယ် မဟုတ်လား။

သည်အကြောင်းကို မတွေးမိရင် အကောင်းသား။

တွေးမိ ပြန်တော့လည်း ကိုယ်လည်းပန်း၊ စိတ်လည်းနွမ်းပေါ့။

နန္ဒာမိုးကြယ်

■



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ညီလေးဖက်ဖို့ရေးတဲ့စာ

# တကယ်လိုအပ်တဲ့အရာ

ဆူးသစ်

ညီလေးရေ ---

တစ်ခါက ခြံဝင်းတစ်ဝင်းထဲမှာ အမျိုးသမီးကြီးလေးယောက်ဆုံပြီး စားရင်းသောက်ရင်း စကားပြောနေခဲ့ကြတယ်။ အဲဒီအမျိုးသမီးကြီးတစ်ယောက်က နောက်အမျိုးသမီးတစ်ယောက်ကို မေးပါတယ်။

"အဟွန်း နင့်ကလေးတွေ မမြင်တာကြာပါ ရောလား"တဲ့။ အဲဒီမှာ အဟွန်းဆိုတဲ့ အမျိုးသမီးက ပြန်ပြောတယ်။ "သူတို့လား အရမ်းအလုပ်ရှုပ်တာ၊ လုပ်ဖို့အလုပ်တွေလဲအများကြီးပါပဲ၊ ငါ့သမီးက ရှေ့နေလေ"တဲ့။

အဲဒီမှာ ပထမမေးတဲ့ အမျိုးသမီးကြီးကပဲ ပြန်ပြောပါတယ်။ "ရှေ့နေလား၊ ဒါကြောင့် ငါပြောခဲ့တာပေါ့။ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတာ ဘယ်လောက်ကောင်းသလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝိုင်းက အခြားအမျိုးသမီးကြီးတစ်ဦးက လည်း ဝင်မေးတယ်။ "နင့်သားကရော"တဲ့။ "သူလား သူလဲ အရမ်းအလုပ်ရှုပ်တယ်ဒလ"တဲ့။ အဲဒီလို ဖြေ နေတဲ့ အဟွန်းဆိုတဲ့ အမျိုးသမီးကြီးရဲ့ မျက်နှာဟာ အင်မတန်ဂုဏ်ယူနေတဲ့ မျက်နှာနဲ့ပေါ့။ သူကပဲ ဆက် ပြောပါတယ်။

"ငါ့သား ကုမ္ပဏီက လင်ဖီးနဲ့ပတ်သက်တဲ့ ဆေးဖက်ဝင်ပစ္စည်းတွေ ရောင်းတာလေ။ အဲဒီလို ရောင်းရုံတင်မကဘူး၊ အမေရိကား၊ ဟောင်ကောင် စတဲ့နိုင်ငံတွေနဲ့ အလုပ်လုပ်နေတာ။ သူက ထိတ်ထိတ် ကြဲ သူဌေးကြီးမျိုးတွေကိုပါ သိတာ"

ဒီအမျိုးသမီးကြီး အဟွန်းရဲ့စကားကိုကြား တော့ တစ်ဝိုင်းလုံးက အမျိုးသမီးကြီးတွေဟာ "ဩော် သူ့သားက ဒီလိုကိုး"ဆိုတဲ့ အပြောမျိုးတွေနဲ့ တွတ် ထိုးပါတော့တယ်။ တစ်ချိန်လုံး ငြိမ်နားထောင်နေတဲ့ အမျိုးသမီးကြီးတစ်ယောက်တောင် ပါပါတယ်။ အ ဟွန်းရဲ့ သားကိုအထင်ကြီးကြတာ။

အဟွန်းက ဆက်ပြောပါတယ်။ "ပြီးတော့ ငါ့သားက မြို့ကြီးမှာ အိမ်သစ်တစ်လုံးဝယ်ချင်နေ တာ"လို့ပြောတော့ "ဩော် သူကမြို့ကြီးမှာတောင် အိမ်ဝယ်နိုင်မှာပါလား"လို့ ကျန်လူတွေက အံ့ဩရင်း "ကောင်းလိုက်တာဟယ်၊ ကောင်းလိုက်တာလို့" ဝိုင်း ပြီး ချီးမွမ်းကြတာပေါ့။ ငြိမ်ငြိမ်နားထောင်နေတဲ့ အမျိုး သမီးကြီးကပါ "မဆိုးဘူးကောင်းတယ်။ ကောင်း တယ်"လို့ ထုတ်ပြောပါတယ်။

အဲဒီအချိန်မှာ အဟွန်းဘေးက ထိုင်နား ထောင်နေတဲ့ အမျိုးသမီးကြီးတစ်ယောက်ကလည်း သူ့သားချီးမွမ်းခန်းဝင်ပါတော့တယ်။ "ငါ့သားက လန်ဒန်မှာ ဆရာဝန်ဟဲ့၊ ငါ့သားက ပိုတော်တာပေါ့။ အထူးကုလေ"လို့ ပြောတော့ အမြဲတမ်း ငြိမ်နား ထောင်နေတဲ့ အမျိုးသမီးကြီးကပဲ "ဩော် အထူးကု လား"လို့ မေးပါတယ်။

အထူးကုဆရာဝန်ရဲ့ အမေက ဆက်ဖြေပါ တယ်။ "ဘာလဲဟယ်၊ နှလုံးအထူးကုဆိုလား၊ ဝင်ငွေ အရမ်းကောင်းတယ်ဟ"လို့ ပြောတော့ "ဩော် နင့် သားလဲ တော်တော်တော်ပါလား"လို့ အဟွန်းကို မေးခွန်းထုတ်တဲ့ အမျိုးသမီးကြီးက ဝင်ပြောပါတယ်။

အဲဒီအခါ အထူးကုဆရာဝန်ရဲ့ အမေဆိုသူ က "ဒါနဲ့ နင့်သမီးရော"လို့ အဟွန်းကို မေးခွန်းထုတ် တဲ့ အမျိုးသမီးကြီးကိုမေးတော့ "ငါ့သမီးက ဘယ် လောက် အလုပ်ရှုပ်သလဲဆို ငါ သူ့ကို ဖုန်းခေါ်တိုင်း အလုပ်ရှုပ်နေတာပါပဲအေ။ သူက နာမည်ကြီးငွေစာ ရင်း ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တာ။ အဲဒီမှာလဲ ရှယ်ယာတွေ တစ်စိတ်တစ်ပိုင်းပါတယ်။ အဲဒီကုမ္ပဏီ က အရမ်းအရမ်းကို နာမည်ကြီးတာဟဲ့။ နာမည်ဘယ် လို ခေါ်လဲလို့တော့ ငါ မမှတ်မိတော့ဘူး။ ဒါပေမယ့် သူ့ရဲ့ဝင်ငွေက တစ်နှစ်ကို ဒေါ်လာ လေးသိန်းငါး သောင်းလောက်အထိ ဝင်တယ်"လည်းဆိုရော ကျန် နားထောင်နေတဲ့ အမျိုးသမီးကြီး သုံးယောက်ဟာ အံ့အားသင့်တော့တာပေါ့။

"ငါ့သားက ခွဲစိတ်ကုသတာ တစ်ခါလုပ်ရင် ပေါင်နှစ်သောင်းရတယ်။ တစ်ရက်ကို ခွဲစိတ်ကုသမှု နှစ်ခါလုပ်နိုင်တယ်"လို့ အထူးကုဆရာဝန်ရဲ့အမေက ပြောတော့ ငြိမ်နားထောင်နေတဲ့ အမျိုးသမီးကြီးက လက်ဆယ်ချောင်းထောင်ပြီး ငွေပမာဏကို တွက် ချက်နေပါတော့တယ်။ အဲဒီအချိန်မှာ ငြိမ်နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အမျိုးသမီးကြီးကိုပဲ အဟွန်းကို စမေးတဲ့ အမျိုးသမီးကြီးက "အင်း နင့်သားရော"တဲ့။ သူများတွေ သားသမီး ချီးမွမ်းခန်း ဖွင့်နေချိန်မှာ ငြိမ်နားထောင်၊ အံ့ဩလိုက်လုပ်နေတဲ့ အမျိုးသမီးကြီး နာမည်က "အန်း"တဲ့။

အန်းက ပြောရှာပါတယ်။ "ငါ့သားလား၊ ငါ့သားက တော်ပါတယ်။ သူ ငါ့ကို လာခေါ်လိမ့်မယ်"လေ။ "လာခေါ်မယ်"ဆိုပြီး အန်းကိုမေးတဲ့ အမျိုးသမီးကြီးက နားမလည်သလိုပုံစံနဲ့ ပြောပါတယ်။ အံ့အားသင့်သလိုပေါ့။

အဲဒီအချိန် သူတို့စကားပြောနေတဲ့ ခြံထဲကို ဖိမ်ခံကားအဖြူလေးတစ်စီး ဝင်လာပါတယ်။ အန်းက ဆက်ပြောပါတယ်။ "ဟုတ်တယ် တော်တော်ဒုက္ခပေးတဲ့ ကလေးလေ။ သူဘယ်သွားသွား ငါ့ကို သူနဲ့ လိုက်စေချင်တယ်"လို့ ပြောနေရင်း ခုန ကားဖြူလေးက သူတို့စားပွဲ ခပ်လှမ်းလှမ်းနား လာရပ်ပါတယ်။

အဲဒီမှာ အထူးကုဆရာဝန်ရဲ့အမေက လှည့်ကြည့်ပြီး "အလို ဒါကဘယ်သူများပါလိမ့်"လို့ ကားကို ကြည့်ပြီးပြောပါတယ်။ ကားပေါ်မှာ မိသားစုတစ်စုပါ။ လင်မယားနှစ်ယောက်နဲ့ ကလေးနှစ်ယောက်ပေါ့။ အဲဒီမိသားစုကိုကြည့်ပြီး အန်းက ဖြေပါတယ်။ "ငါ့သားလေး ငါ့သား။ ဒီရောက်လာတာ အဲဒါ ငါ့သားပေါ့"လို့ ပြောပါတယ်။ ပြောရင်းနဲ့ စားလက်စတွေ ရပ်ပြီး အားလုံးကို နှုတ်ဆက်လို့ စားပွဲဝိုင်းက ခွာပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



အန်းရဲ့ သားက သူ့ကိုတွေ့တွေ့ချင်း 'အမေ နေကောင်းလား' လို့ မေးပါတယ်။ အန်းက "အေး ကောင်းပါတယ် သားရယ်" လို့ ပြောပြီး ကားဆီကို ထွက်သွားတော့ ခုနတုန်းက ရှေ့နေမနဲ့ လင်ဖီးဆေး ဝါးရောင်းတဲ့ သားရဲ့အမေဖြစ်တဲ့ အပွန်း၊ အထူးကု ဆရာဝန်ရဲ့ အမေနဲ့ စာရင်းကိုင်ကုမ္ပဏီက သမီးရဲ့ အမေတို့ဟာ အန်းတို့ သားအမိတွေကို ငေးမော ကြည့်နေရင်း ကျန်ရစ်ခဲ့ကြတယ်။ မျက်နှာငယ်လေး တွေနဲ့ပေါ့။

"အမေ သားတို့ ဒီနေ့ တခြားနေရာ သွား လည်မလို့လေ" လို့ အန်းရဲ့သားက ပြောပြီး မြို့တစ် မြို့ကို ပြောပြပါတယ်။ အန်းက "အဲဒီမြို့လား၊ သာ ယာအေးချမ်းတဲ့နေရာပဲပေါ့" လို့ ပြောပြီး ကားပေါ် ပါသွားတဲ့ အန်းက ကျန်ခဲ့တဲ့ အမျိုးသမီးကြီး သုံး ယောက်ကို လက်ပြလို့ ထွက်ခွာသွားပါတော့တယ်။

အဲဒီပြကွက်လေး ပြီးတော့ တက်လာတဲ့ စာသားလေးက "မိသားစုရဲ့ ချစ်ခြင်းမေတ္တာဆိုတာ အမြင့်မြတ်ဆုံးဆုမွန်ကောင်းပါပဲ" တဲ့။

**ညီလေးရေ---**

အင်တာနက်မှာ ဖေ့စ်ဘွတ်ခ် (Facebook) သုံးရင် အစ်ကို့သူငယ်ချင်း တစ်ယောက်ရှယ်ထား လို့ ကြည့်လိုက်ရတာပါ။ အစ်ကိုတောင် ပြန်ရှယ်ထား ပါသေးတယ်။ ဇာတ်လမ်းတိုလေးပါ ညီလေးရေ။

ဒီဗီဒီယိုဖိုင်လေးကို ကြည့်ရင်း မိဘတွေ တကယ်လိုချင်တာ ဘာလဲဆိုတာကို သိလိုက်ရပါ တယ်။ သားသမီးတွေရှာနိုင်တာ၊ မိဘတွေကို တတ် နိုင်သလောက် ကျွေးမွေးပြုစုတာတွေဟာ ကောင်းပါ တယ်။ ဒါပေမယ့် သားသမီးတွေက ပစ်ပယ်မထားဘဲ သေသေချာချာ ဂရုစိုက်၊ ကြင်နာတတ်တာကိုသာ မိဘတွေ လိုလားပါတယ်လို့ ဒီဗီဒီယိုဖိုင်လေးက ပြော နေပါတယ် ညီလေးရေ။

ဒီအယူအဆ မှန်မမှန်ကို အစ်ကိုတို့အားလုံး Facebook မှာ ထပ်ရှယ်ရင်းနဲ့ အားလုံးက တစ်ညီ တည်း လက်ခံခဲ့လို့ မိဘတွေ လိုချင်တာ ငွေကြေး ထက် သားသမီးက ပစ်ပယ်မထားဘဲ ဂရုစိုက်တာပါ လားလို့ သိခဲ့ရပါတယ် ညီလေးရေ။

**ညီလေးရေ---**

အစ်ကို့လို အဖေ့ဝေးကနေ တတ်နိုင်သ လောက် ဂရုစိုက်၊ မိဘကျေးဇူးတတ်နိုင်သလောက် ဆပ်နေတဲ့ လူတွေရှိသလို၊ ညီလေးတို့လို မိဘအနား မှာနေရင်း ဂရုစိုက်နေသူတွေလည်း ရှိမှာပါပဲ။ ဘယ် လိုပဲဖြစ်ဖြစ် မိဘဆိုတာ သေမှုငိုကြွေးရင်း တမ်းတ တာထက် ရှိနေတုန်း သေသေချာချာ ကျွေးမွေးပြုစု နိုင်တာကသာ ပိုကောင်းပါတယ် ညီလေးရေ။

ဒီတော့ မိဘအနားမှာ ရှိသူတိုင်း ငွေကြေး နဲ့ မထောက်ပံ့နိုင်ရင်နေပါစေ။ သေသေချာချာ ဂရု တစိုက်နဲ့ ပြုစုစောင့်ရှောက်နိုင်ရင်ကိုပဲ မိဘတွေ ကျေနပ်နေမယ်ဆိုတာရယ်၊ ငွေတွေအများကြီး ရှာ နိုင်ပြီး မိဘကို မဝေးမှာထား၊ ဥပေက္ခာပြုထားဖို့ မသင့်ဘူးဆိုတာရယ်၊ စတာတွေကို သိစေချင်လို့ ဒီဗီဒီယိုဖိုင်လေးကို ဘာသာပြန်ရင်း မိဘတွေကို အရင်ကထက်ပိုဂရုစိုက်နိုင်ဖို့ လက်ဆောင်ပါးလိုက်ရပါ တယ်ကွာ။

ဆူးသစ်
၂၂း၁၅နာရီ
(၁၉–၃–၁၃)



www.burmeseclassic.com

www.burmeseclassic.com




# ပြန်လမ်းမှ စောင့်နေသူ

ခွန်စည်သာဟိန်း(မြို့သစ်)

အကြင်နာ အရောင်မထွက်တော့
ရင်ဗလာနဲ့ အကောင်လည်းခက်လှပေါ့
မေတ္တာတွေ သွယ်မယှက်တော့
သစ္စာတွေ ပယ်ဖျက်ဖို့မခက်လှပေါ့
ခဏလေးသဏ္ဌာန်တောင် အရိပ်မမြင်ရတော့
လကလေး ဟန်တောင် အိပ်ပြီပေါ့
သံယောဇဉ်လည်း တေးမသီတော့
ကျွန်ရစ်သခင်လည်း ဆွေးပြီပေါ့---။
ဒါပေမယ့်လေ--
မင်းရဲ့သဏ္ဌာန် ပြန်လာမယ့်လမ်း
မျှော်ရည်သမ်းလို့ ပန်းလေးတွေကြဲ
စောင့်မြဲစောင့်နေဦးမယ်--ကွယ်။

အသက်

ဘဝမှာ အသက်တမျှ မြတ်နိုးမိလို့ 'အသက်' ဆိုပြီး ချစ်စနိုးခေါ်ခဲ့သူကို စိတ်မှာ သတိတရနဲ့ အောက်မေ့နေသေးရဲ့လား။ အသက်နဲ့တို့ ဆုံစည်းမှုဟာ ဘယ်သူနဲ့မှ မတူနိုင်တဲ့ စတင်ခြင်းလေးမို့၊ တို့ရဲ့ ဝင်သက်ထွက်သက်တိုင်းမှာသာမက ဘဝတစ်လျှောက်လုံးစာ ထာဝရအထိ သတိရသွားမယ့်သူဟာ ကိုယ်ပါ။ သေးငယ်သိမ်နုပ်တဲ့အကြောင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ချက်နဲ့ မရေရာတဲ့အကြောင်းအရာတွေကို ခုတုံးလုပ်ပြီး ခုလိုစွန့်ပစ်သွားလိမ့်မယ်လို့ ထင်မှတ်မထားခဲ့သလို ခုလောက်ထိ အသက်ကို မက်မက်မူးမူး စွဲလမ်းနေလိမ့်မယ်လို့ တို့ မျှော်မှန်းမထားမိခဲ့ဘူး။ တို့စိတ်ကူးယဉ်နန်းတော်မှာ အသက်နဲ့ တူနှစ်ကိုယ် ရွှေလက်တွဲမယ့် ဘဝမျိုးကို တခမ်းတနားနဲ့ အကြီးအကျယ် မျှော်လင့်ဖူးခဲ့တာကိုတော့ ဝန်ခံပါတယ်။

"အသက်--ချစ်သက်"

ဒီလိုလေးပဲ အရင်ကလို ခေါ်လိုက်ချင်တယ်။ နှစ်ဦးသားသိတဲ့ သင်္ကေတလေးတွေ ခုတော့ ဆိတ်ကွယ်ပြီး မျိုးသုဉ်းကုန်ပြီလား။ တမင်တကာ ဟန်ဆောင်ကောင်းခဲ့တာလား။ ဥပါယ်တံမျဉ်နဲ့ ဥပေက္ခာပြုသွားခဲ့တာ ဘာကြောင့်လဲဆိုတာ တို့ခုထက်ထိ စဉ်းစားလို့ကို မရခဲ့ဘူး။ တို့အချစ်တွေ ရိုးသားဖြူစင်ခဲ့တယ်ဆိုတာ မိုးနဲ့မြေကြီးကို တိုင်တည်သစ္စာပြုလိုက်ပါတယ် အသက်။ တို့သစ္စာမှန်ကန်ခဲ့မယ်ဆိုရင် တစ်နေ့မှာ တို့ဆီကို အသက် ပြန်လာလိမ့်မယ်လို့ တို့ယုံကြည်တယ်။

**ဘယ်လိုမှ မလွဲနိုင်၊ မမေ့နိုင်ခဲ့တဲ့နေ့။**

၂၅-၃-၁၀ ကြာသပတေးနေ့မှာ တို့ ညီလေးနဲ့ တို့သူငယ်ချင်းသုံးယောက်သား ရွှေစက်တော်ကို ဆိုင်ကယ်တွေနဲ့ ဘုရားဖူးရောက်ခဲ့ကြတယ်။ ၂၉ ရက် လပြည့်နေ့မတိုင်ခင်ရောက်အောင် ကြိုသွားခဲ့တာပေါ့။ တို့နေတဲ့ နေရာနဲ့ တည်းချောင်းက ကပ်လျက်ဆိုတော့ ကဗျာဆန်တယ်။

ညဘက်ရောက်တော့ မလှမ်းမကမ်း ကွပ်ပျစ်လေးပေါ်မှာ သာနေတဲ့ လမင်းကြီးကို ထိုင်ကြည့်ရင်း ဘယ်သူ့ကို လွမ်းရမှန်းမသိဘဲ ကြည်နူးပီတိတွေ ဖြာနေတာပေါ့။ ညက စနာရီပဲ ရှိသေးတယ်။ လမင်းကြီးသာတာ စောလိုက်တာလို့ တစ်ကိုယ်တည်းရေရွတ်နေတုန်း မလှမ်းမကမ်းတစ်နေရာကျော်က ကွပ်ပျစ်လေးပေါ်ကနေ--

"ဒီအချိန် ဂစ်တာလေးတီးပြီး သီချင်းဆိုလိုက်ရရင် ကောင်းမှာပဲ"

လို့ ခပ်တိုးတိုးလေး ညည်းသံကြားလို့ ကြည့်လိုက်တော့ အသက်တို့ အုပ်စုကို မြင်လိုက်ရတယ်။ တို့က လက်ခုပ်နှစ်ချက်တီးလိုက်တော့ တည်းချောင်းထဲကနေ ညီလေးနဲ့သူငယ်ချင်းတို့နှစ်ယောက် ဂီတာတစ်လက်ဆွဲရင်း ထွက်လာကြတယ်။ တို့က--

"သီချင်းနားထောင်မလား"

လို့မေးလိုက်တော့ ကွက်တိကွက်ကျားလရောင်အောက်မှာ အသက် အလွန်ပျော်သွားတာ မြင်လိုက်ရတယ်။ တို့ကိုလည်း သေသေချာချာ လှမ်းမကြည့်ရဲလို့ ခေါင်းလေးငုံ့ပြီး ရှက်နေပုံလေးကို မြင်မြင်ချင်း ချစ်မိသွားစေတယ်။ ဣန္ဒြေကြီးလွန်းတဲ့ အသက်နဲ့ အသက်သူငယ်ချင်း သုံးယောက်ကို မမောတမ်း ဆိုပြဖို့ အားတက်သွားခဲ့တယ်။

ဂစ်တာကြိုးညှိရင်း တို့က "ဘာဆိုပြရမလဲ" လို့ လှမ်းမေးတော့ အသက်က "ပျော်ဖြစ်ချင်တယ်"ဆိုပြီး ဖြေတော့ တို့ဘော်ဒါက "အထက်စက်တော်ရာ သွားလေ။ အဲဒီမှာ မျောက်တွေအများကြီး၊ ဒါပေမယ့် ငှက်ပျောသီးတော့ ဈေးကြီးတယ်နော်"လို့ လှမ်းစလိုက်တော့ အသက်တို့အဖွဲ့တွေ ဟန်တောင်မဆောင်ဘဲ ရယ်ကြတယ်နော်။ ဒီလိုနဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ရင်းနှီးမနေကြတော့ဘဲ တို့က သီချင်းတွေ ဆိုပြတယ်။ အသက်က လိုက်ညည်းနေ



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ဆိုလေ"လို့ တို့ပြောတော့ အသက်လည်း လိုက်ဆိုတယ်။ အသက်ကို "အသံကောင်းတယ်နော်"လို့ ပြောတာကို "ခင်ဗျားကမှ အသံကောင်းတာ၊ အဆိုတော်ထက်တောင် ပိုကောင်းသေး"လို့ ပြောလို့ "မမြှောက်ပါနဲ့ ဆက်ဆိုပြဦးမှာပါ"ဆိုပြီး အရွှန်းဖောက်တော့ ရယ်ကြပြန်တယ်လေ။ ရှိသမျှ သီချင်းတွေအစုံ တီးလိုက်ဆိုလိုက်နဲ့ စုံတွဲသီချင်းတွေတောင် တွဲဆိုဖြစ်ခဲ့သေးတယ်။

ဆိုတီးတာတွေ ခဏနားပြီး တို့အဖွဲ့ကစတင် မိတ်ဆက်ကြတော့ အသက်တို့အဖွဲ့ကလည်း ကိုယ်စီ မိတ်ဆက်ခဲ့ကြတယ်နော်။ တို့နာမည်က "သားလူ" ပါလို့ မိတ်ဆက်ပေးပြီးတာနဲ့ စူးရှရှ ချိုမြတဲ့ အသံရှင်ဟာ "ဖြူစင်သက်"ဆိုတဲ့ အသက်ကို စတင်ရင်းနှီးခဲ့ကဲ့ ညကစပြီး တို့ဘဝမှာ တစ်ညတစ်မျိုး မရိုးနိုင်အောင် အိပ်မက်တွေထဲမှာ အသက် နှိပ်စက်ခဲ့တယ်လေ။ အဲဒီနာမည်လေး ကြားရုံ တဒင်္ဂလေးမှာ အရာအားလုံးဟာ စက္ကန့်ပိုင်းအတွင်း ရပ်တန့်သွားကြပြီး အကြောပေါင်းတစ်ထောင်တို့ ဖျိုးခနဲဖျဉ်းခနဲ ဖြစ်ပြီး စိမ့်ခနဲနေအောင် ကြက်သီးတွေ ထသွားမိတယ်။

ရှေးရေစက်ဆိုတာကို တို့ မယုံပေမယ့် အသက်နဲ့ကျတော့ ရင်းရင်းနှီးနှီးကြီးကို တကယ် ခံစားလိုက်မိတယ်။ ထူးဆန်းတာက တို့နဲ့အသက်က မေဂျာတူ၊ ကျောင်းတူ၊ အတန်းတူနေတဲ့အပြင် အဆောင်လမ်းလည်း အတူတူပဲဆိုတာကို သိလိုက်ရတယ်။ တို့ပျော်သွားတာပေါ့။ "နောင်နှစ်တွေ့ကြတာပေါ့"လို့ စကားလမ်းခင်းပြီး အသက်ရဲ့ မြို့ကိုမေးတော့ ပါးနပ်စွာနဲ့ စကားလမ်းကြောင်းလွှဲလွှဲနေခဲ့တာကို အစက တို့မရိပ်မိခဲ့ဘူး။

စကားတွေ ပြောလိုက်၊ သီချင်းဆိုလိုက်ကြနဲ့ ညနှစ်နာရီထိုးတဲ့အထိ အချိန်ဖြုန်းခဲ့ကြတယ်။ "နောက်နေ့ တွေ့ကြတာပေါ့၊ ဂွတ်နိုက်"ဆိုပြီး အသက်တို့ နေရာကို ပြန်သွားတော့ တို့ရင်ထဲမှာ မောလျှပြီး ကျန်ခဲ့တယ်။ အဲဒီတစ်ညလုံး တို့မအိပ်ဘဲ ထိုင်ရင်း စဉ်းစားခန်းဖွင့်နေတာ မိုးလင်းထိပဲ။ မနက်ရောက်တော့ ဘယ်အချိန်က သွားလိုက်မှန်းမသိဘဲ အသက်တို့အုပ်စု အထက်စက်တော်ရာကနေ ပြန်လာကြတာကို တို့ညက ထိုင်နေတဲ့ ကွပ်ပျစ်ပေါ်မှာပဲ ထိုင်ရင်း အသက်တို့ကို ကြည့်နေမိတယ်။ ညက အဝတ်အစားအတိုင်းဆိုတော့ တို့ကို မှတ်မိကြပေမယ့် အသက်တို့အုပ်စုက လေးယောက်ဆိုတော့ တို့ မမှတ်မိဘူး။ ညက အသက်ဆိုတဲ့ ကောင်မလေးဟာ ဘယ်သူဖြစ်မလဲလို့ လိုက်ကြည့်နေတာကို အသက်တို့ကလည်း မသိဟန်ဆောင်နေနေကြတယ်။

နောက်တော့မှ ရှက်ကိုးရှက်ကန်းနဲ့ မနေတတ်တော့သလို ပုံစံမျိုးနဲ့ "ဟိတ်မောနင်းပါ"လို့ နှုတ်ဆက်မှ တို့မှတ်မိသွားတယ်လေ။ "ဂီတာတီးပြပါလား"လို့ ပြောပြန်လို့ တီးပြရသေးတယ်။ နောက်တော့ အသက်တို့အဖော်တွေက အလိုက်သိတာလား၊ လှော်ပေးတာလား၊ သွားစရာရှိလို့လား၊ စတာများလားတော့ မသိဘူး။ အသက်ကို တစ်ယောက်တည်း ထားခဲ့ကြတယ်လေ။ တို့လည်း အေသင်ချိုဆွေရဲ့ 'အပြုံးလေး'တို့ 'ဣန္ဒြေရှင်'တို့ 'သနပ်ခါး'တို့ စတဲ့ သီချင်းလေးတွေနဲ့ တီးပြရင်း စောင်းမြောင်းဆိုပြတော့ အသက်မျက်နှာမှာ ပန်းရောင်သွေးလွှမ်းပြီး ရှက်နေခဲ့တယ်လေ။ တို့က မပြောမဆို ဆိုင်းမဆင့်



www.burmeseclassic.com

www.burmeseclassic.com



မုံမဆင့်နဲ့ "အသက်ကိုချစ်တယ်ကွာ"လို့ ပြောတော့လည်း ရှက်နေပြန်တယ်နော်။

ဒါပေမယ့် အသက် မငြင်းဆန်ခဲ့ဘူး မဟုတ်လား။ တို့က ဂျီကျလွန်းလို့ အသက်လည်း စိတ်ညစ်ခဲ့မှာပဲနော်။ အခု အဖြေမပေးရင် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မှာလို့ အကျပ်ကိုင်တော့ ယုံပြီး တို့ကို 'အင်း'လို့ ခေါင်းညိတ်ပြခဲ့ရဲ့။ ယုံတောင်မယုံနိုင်စရာပဲ။ "ပါးစပ်နဲ့ပြောကွာ"ဆိုတော့ "ဆဒန်းဟီး"လို့ ရယ်ပြီး တို့ကို အဖြေပေးခဲ့တယ်နော်။ တို့ဘဝမှာ ဒီလောက် တစ်ခါမှ မပျော်ခဲ့ဖူးဘူး။ တကယ်ပါ။ ၂၆ ရက်နေ့ သောကြာနေ့၊ အလန်းတွေဆင့်တဲ့နေ့၊ အနမ်းတွေ လွင့်တဲ့နေ့၊ ပန်းတွေပွင့်ကြတဲ့နေ့လေး ပေ့ါ။ တို့အချစ်နဲ့ တို့မေတ္တာဟာ အပေါ်ယံမဟုတ်ဘူး ဆိုတာ လုံးဝယုံမှားသံသယရှိစရာ မလိုပါဘူး အသက်ရယ်။ ဒီလိုပါပဲ အသက်ရဲ့ မြတ်နိုးမှုနဲ့ သစ္စာတရားကိုလည်း တို့လုံးဝ သံသယမဖြစ်ဘဲအကြွင်းမဲ့ ယုံကြည် နေချင်ပါတယ်။ အသက် ပြောခဲ့တယ်လေ။

"ထစ်ခဏတွေ့ပြီး ဖြစ်ခဲ့တာဆိုပေမယ့် တစ်ဘဝစာအတွက် မုံအပ်ပြီး ချစ်ခဲ့တာကို ယုံပါနော် အစ်ကို" တဲ့။

ညဘက်ရောက်ပြန်တော့ ချစ်စကားတွေ ပြောကြ၊ ချစ်ရေးလူးခဲ့ကြတာတွေဟာ ခုထိ မေ့ဖျောက်မရနိုင်တဲ့ တို့ဘဝ အမှတ်တရပုံရိပ်တွေပေ့ါ။ လာက်နာလို့ ဂီတာမတီးနိုင်ပေမယ့်လည်း တုတ်တွေနဲ့ခေါက်ပြီး သီချင်းဆိုပြတော့ အသက်က ကလေးတစ်ယောက်လို လွတ်လွတ်လပ်လပ် ရယ်မောနေခဲ့တယ်နော်။ ည (၁၂)နာရီမှာ လမ်းခွဲပြီး ကိုယ့်နေရာကိုယ် ပြန်ခဲ့ကြတယ်။ နှစ်ညဆက်တိုက် အိပ်ရေးပျက်နေပေမယ့် ဘဝမှာတစ်ခါမှ မကြုံဖူးသေးတဲ့ ရင်ခုန်မှုနဲ့တွေ့တော့ မောရကောင်းမှန်း မသိအောင် စိတ်က လန်းဆန်းနေခဲ့တယ်။ အဲဒီညကလည်း နိုးတစ်ဝက် အိပ်တစ်ဝက်နဲ့ မိုးလင်းခဲ့ရပြန်တယ်။

၂၇ရက်နေ့ စနေနေ့မှာ မိုးလင်းတာနဲ့ ထပ်တွေ့ကြပြန်တယ်။ အသက်ရုပ်ရည်နဲ့ အပြင်အဆင်ကို ကြည့်လိုက်ရင်ပဲ ရွှေဘုံပေါ်ကဆိုတာ မေးစရာမလိုဘဲ ခန့်မှန်းမိပါတယ်။ အသက်ရဲ့ အမ်ပီဖိုးလား၊ ဟန်းဖုန်းလားနဲ့ မသိဘူး၊ နှစ်ယောက်တွဲပုံတွေကိုလည်း အသက် ရိုက်ပေးခဲ့တယ်။ တို့က အမှတ်တရအနေနဲ့ လက်သန်းမှာ အမြဲဝတ်ဆင်ထားတဲ့ အမေ့အမွေ ငွေလက်စွပ်မောင်းကွင်းလေးကို ပေးတော့ အသက်ကလည်း လော့ကတ်သီးလေးပါတဲ့ ငွေဆွဲကြိုးလေးကို 'ချစ်သက်လက်ဆောင်'အဖြစ်ဆိုပြီး ပြန်ပေးခဲ့တယ်နော်။ လော့ကတ်သီးလေးထဲမှာ အသက်ဓာတ်ပုံလေးပါပြီး ပုံစံက နှင်းဆီပန်းပုံလေး။ နှင်းဆီဆိုတာ ဆူးပါသလို၊ နှင်းဆီနက်ဆိုတော့ နိမိတ်မကောင်းဘူးလို့တော့ တို့စိတ်ထဲ ထင့်ခနဲ ဖြစ်မိသေးတယ်။ မမုန်းကြေး၊ မမေ့ကြေး ကတိတွေနဲ့တင် အားမရလို့ အသက် လိပ်စာကိုမေးတော့-- ပြန်ရခါနီးရင် ပြောပြမယ်တဲ့လေ။ "နောက်နှစ်တွေ့ကြဦးမှာပဲဟာ"လို့ ပေ့ါပေ့ါတန်တန်နဲ့ အသက်စကားနာထိုးခဲ့လို့ တို့ အတင်းအကျပ် မမေးတော့ပါဘူး။ အဲဒီညရော ၂၈ ရက်နေ့ညပါ လမင်းကြီးကသာလိုက်တာနော်။

"အသက်"

"ပြော"

"ကိုယ့်ကို ဘယ်လောက်ထိချစ်လဲ"

"ဟောဟို လမင်းကြီးလောက် ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမျိုးချစ်တာလဲ"

"ပုံအပ်မယ့်အထိ အသက်ခန္ဓာပါ ပေးဆပ်မယ့်အထိ ချစ်ပါသတဲ့ရှင်"

"တကယ်လား"

"အင်းပေါ့"

ဆိုပြီး ပြောခဲ့တဲ့စကားတွေက အသက်ပြောခဲ့တာများ ဟုတ်ပါလေစလို့ တွေးမိတယ်။ အဲဒီ တနင်္ဂနွေညမှာ အိပ်ရေးဆက်တိုက် ပျက်တာများလို့ အိပ်လိုက်တာ နောက်နေ့ လပြည့်နေ့ရဲ့ နေ့လယ်အထိပဲ။ အဲဒီနေ့မှာ အသက်တို့မရှိတော့ဘူး။ ဘော်ဒါက နိုးပြီး တို့ကိုပြောပြလို့ သိလိုက်ရပေမယ့် ရင်ထဲမှာ ဒိန်းခနဲ ဘယ်လိုမှ မယုံကြည်ခဲ့ဘူး။ စာတစ်စောင်ပေးခဲ့သတဲ့။

"အသက်အကြောင်း အစ်ကိုသိဖို့ လိုနေသေးတဲ့အချိန်တွေနဲ့ အကြောင်းအရာတွေ အများကြီးမို့ မေ့လိုက်ပါတော့။ အစ်ကို့ကို အသက်တကယ်ချစ်ခဲ့ပေမယ့် ဆုံးဖြတ်မရဲတဲ့ အခြေအနေတစ်ခုကြောင့်မို့ နားလည်ပေးပါ အစ်ကို"တဲ့

ဒါက ဘာအဓိပ္ပာယ်တွေလဲ၊ ဘာ ဘာသာစကားတွေလဲ။ ဒီလိုမျိုး တို့က လွယ်လွယ်ချစ်ပြီး လွယ်လွယ်မေ့ပစ်ရမတဲ့လား။ တို့ဘဝမှာ ဘယ်တော့မှ လွယ်လွယ်နဲ့ ဒူးမထောက်ခဲ့ဖူးဘူး အသက်။ ကျောင်းဖွင့်ချိန်ရောက်တဲ့အထိ ခြောက်လအတွင်း တို့တတ်နိုင်သလောက် စုံစမ်းခဲ့ပေမယ်လည်း အချည်းအနှီးပါပဲ။ ကျောင်းဖွင့်လို့ ကျောင်းတွေတက်ကြတဲ့အချိန်ထိ အသက်ရဲ့ အရိပ်အယောင်ကို တစိုးတစိမျှတောင် မတွေ့ခဲ့မိပါဘူး။

အသက်ဟာ မော်ဒယ်လ် တစ်ယောက်မို့လား၊ ဒါမှမဟုတ်ရင် ပိုင်ရှင်ရှိပြီးသားမို့လား။ ကျောင်းမတက်တာ ဘာဖြစ်လို့လဲ။ တို့လိပ်စာသိရက်သားနဲ့ ဘာကြောင့် မဆက်သွယ်ခဲ့ရတာလဲဆိုတဲ့ ပုစ္ဆာတွေကို တို့အသဲအသန် သိချင်တယ်။ ခုတော့ တို့မှာ ဓာတ်ပုံ မှုန်ဝါးဝါးအမွဲလေးရယ်၊ ငွေဆွဲကြိုးနဲ့ လော့ကတ်သီးလေးရယ် ကိုင်ပြီး ရှာပုံတော်မင်းသားကြီးအဖြစ် စုံစမ်းခဲ့ရတာလည်း လူကိုအရူးတစ်ပိုင်းဖြစ်မတတ်။

အသက်သာ ဒီကမ္ဘာကြီးပေါ်မှာ ရှင်သန်နေသေးတယ်ဆိုရင် တို့မျက်ရည်တွေနဲ့ သီဖွဲ့ခဲ့တဲ့ ဒီစာလေးကို ဖတ်မိနိုင်ပါစေ။ တို့ မြတ်နိုးမှုနဲ့ သစ္စာတရားကို ယုံကြည်ခဲ့မယ်ဆိုရင် နေဆယ်စင်းနဲ့ မျှော်နေသူ ရင်ခွင်ထံ ပြန်လာနိုင်ပါစေလို့ တိတ်တခိုး ငံ့လင့်ရင်း---

အသက်ရဲ့ အစ်ကို

ခွန်စည်သာဟိန်း (မြို့သစ်)

ကဲ "ခွန်စည်သာဟိန်း (မြို့သစ်)"ရဲ့ "ပြန်လမ်းမှ စောင့်နေသူ"ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက 'အစ်ကို (သို့မဟုတ်) သားလူ' ရဲ့ ခံစားချက်တွေကို 'အသက်(ခ)ဖြူစင်သက်'က ဘယ်လိုပြန်ဖြေရှင်းမလဲ။ 'အသက့်'ရဲ့ ကိုယ်စားကိုယ်ပွားခံစားပြီး ၁၁-၆-၂၀၁၃ ရက်နေ့ နောက်ဆုံးထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

တာဝန်ခံအယ်ဒီတာ

ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရှုထောင့် ဖြောင့်ချက်နှလုံးသာ

# တာဝန်ခံအယ်ဒီတာရဲ့ သုံးသပ်ချက်




## ပဏာမရွေးချယ်စိစစ်ချက်

၂၀၁၃ခုနှစ်၊ မတ်လထုတ် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **'ဟန်နီ(တောင်ကြီး)'** ရဲ့ **'အဆုံးသတ်အိပ်မက်'**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'လှမ်း'**ရဲ့ ခံစားချက်တွေကို **'ရှင်းထက်'**ရဲ့ ကိုယ်စား ကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါ တယ် --

(၁) စိုးထက်မြတ် "လျှောက်လဲချက်မပေးလိုပါ"
(၂) ကျော်ဇောနိုင် "အဆိပ်သင့်ပျားပိတုန်း"
(၃) ဝေယံဦး "အိပ်မက်တချွေ"
(၄) အောင်အောင်အေး "ဆွေးတစ်သက်ဝေး"
(၅) မြင့်မြတ်မောင် "အပြစ်ရှိသူပါ"
(၆) ဇေယျာအောင် "ချစ်ဒုက္ခ"
(၇) မျိုးလေး (E.Major) "ချစ်လွန်းလို့ပါ"
(၈) နွယ်ပင် (မြင်ကွန်း) "ခဏချစ်ခွင့်မဖြစ်ချင်"
(၉) (-------) "ငယ်ကချစ် နှစ်တစ်ရာတိုင်စေ ချစ်သက်သေ"
(၁၀) နှင်းဖြူသျှင် (သံတွဲ) "အက်ကွဲသံ"



www.burmeseclassic.com

www.burmeseclassic.com



**ပြန်လည်စိစစ်သုံးသပ်ချက်**

(၁) **စိုးထက်မြတ် "လျှောက်လဲချက်မပေးလိုပါ"**

ကျိုးကြောင်းဖော်ပြချက် သင့်ပါတယ်။ ဆန္ဒစော လောကြီးပြီး ရေးထားတာမို့ နောက်ဆုံးမှာ အားနည်းသွားပါတယ်။

(၂) **ကျော်ဇေနိုင် "အဆိပ်သင့်ပျားပိတုန်း"**

လည်ပါမျှားတဲ့ဘီး ချီး(ချေး)သင့်သလို မျက်နှာများလို့ တကယ်ချစ်ရသူနဲ့ဝေးရပါပြီလို့ ရေးသားထားတာ သင့်ပါတယ်။ ဒါပေမယ့် စကားပြေအရေးအသား ပြေပြစ်မှု အားနည်းနေပါတယ်။

(၃) **ဝေယံဦး "အိပ်မက်တစ္ဆေ"**

ခေါင်းစီးလေးပေးထားတာ ကောင်းပေမယ့် ကျိုးကြောင်းဖော်ပြချက်က လေးနက်မှုမရှိပါ။

(၄) **အောင်အောင်အေး "ဆွေးတစ်သက်ဝေး"**

စကားပြေ ချောသလောက် ကျိုးကြောင်းဖော်ပြချက်က ယုတ္တိကင်းမဲ့နေပါတယ်။

(၅) **မြင့်မြတ်မောင် "အပြစ်ရှိသူပါ"**

ကျိုးကြောင်းဖော်ပြချက်က ရိုးစင်းလွန်းနေပါတယ်။

(၆) **ဇေယျာအောင် "ချစ်ဒုက္ခ"**

သီချင်းခေါင်းစဉ်နဲ့ တူနေပါတယ်။ ကျိုးကြောင်းဖော်ပြချက်သင့်ပါတယ်။

(၇) **မျိုးလေး(E.Major) "ချစ်လွန်းလို့ပါ"**

ကျိုးကြောင်းဖော်ပြချက်က စိတ်ကူးယဉ်ဆန်လွန်းပြီး စာမူကလည်းတိုတောင်းလွန်းလှပါတယ်။ စာပေဝါသနာပါရင် စိတ်ရှည်ပါ။ ဖွဲလုံ့လဝီရိယရှိပါ။

(၈) **နွယ်ပင် (မြင်ကွန်း) "ခထာချစ်ခွင့် မဖြစ်ချင်"**

မူဟန်တစ်မျိုးနဲ့ ရေးသားထားတာ သင့်ပါတယ်။ ဝါကျဆုံးတိုင်း ပုဒ်မ (။)ထည့်ရပါတယ်။ ဝါကျမဆုံးသေးရင် ပုဒ်ထီး (၊)ထည့်ရပါတယ်။ အခု စာမူမှာ ပုဒ်ထီး၊ ပုဒ်မမပါဘဲ တစ်ဆက်တည်း ရေးသားထားလို့ အဓိပ္ပာယ်တွေ လွဲမှားနိုင်ပါတယ်။ ဖော်ပြခြင်းခံရတဲ့ စာမူတွေကို ဖတ်ရှုပြီး နမူနာယူပါ။

(၉) **(-----) "ငယ်ကချစ် နှစ်တစ်ရာတိုင်စေ ချစ်သက်သေ"**

ခေါင်းစီးက ရှည်လွန်းနေပါတယ်။ ခေါင်းစီးဆိုတာ လိုတိုရှင်းအဓိပ္ပာယ်ရှိရှိကိုပဲ ရွေးချယ်သင့်ပါတယ်။ စာမူခေါင်းစီးအောက်မှာဖြစ်စေ စာမူအဆုံးမှာဖြစ်စေ ကလောင်နာမည်နဲ့လိပ်စာအပြည့်အစုံကို ရေးပေးရပါတယ်။ အခုတော့ ဘယ်သူရေးသားထားမှန်းကို မသိတော့ပါ။ ကျိုးကြောင်းဖော်ပြချက်သင့်ပါတယ်။

(၁၀) **နှင်းဖြူသျှင်(သံတွဲ) "အက်ကွဲသံ"**

ကျိုးကြောင်းဖော်ပြချက် သင့်သလို၊ အရေးအသားလည်း ပြေပြစ်ပါတယ်။

**အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်အဖြစ် **"နှင်းဖြူသျှင် (သံတွဲ)"**ကိုပဲ ရွေးချယ်လိုက်ပါတယ်။ ကဲ **"နှင်းဖြူသျှင် (သံတွဲ)"**ရဲ့ **"အက်ကွဲသံ"**ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**
**တာဝန်ခံအယ်ဒီတာ**
**ရှုထောင့်မှုခင်းနှင့် ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# အက်ကွဲသံ

နှင်းဖြူသျှင် (သံတွဲ)

ချစ်သူတွေ မဟုတ်ကြတော့ပေမယ့် မိတ်ဆွေတွေတော့ ဖြစ်ချင်ပါသေးတယ်။ ငါ ဒီတစ်ခါ ပြောပြချင်တာက လောကကြီးထဲက အသက်ရှင်နေတဲ့ လူသားတစ်ယောက်အနေနဲ့ ပြောမှာမို့ နင်လည်း ၄င်းနည်းတူပဲ ခံစားနားလည်ပေးပါ။ မိန်းမ မပီသတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဆုံစည်းခဲ့တဲ့ ငါ့အတွက် 'လွမ်း' ဆိုတဲ့အရာက အလွမ်းတွေကို ထာဝရရခဲ့မယ်လို့ ဘယ်တုန်းကမှ အိပ်မမက်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မစခင်က လွမ်း၊ မလွမ်းခင်က နင့်ခဲ့ရတဲ့ ငါ့ရင်ဘတ်ထဲမှာ နင်ရှိခဲ့ပါတယ်။ ဘယ်သူနဲ့တွဲတွဲ အချိန်တန်ရင် နင်သာ ငါ့ဘဝရဲ့ နားခိုရာ၊ ငါ့ဘဝရဲ့ အလင်းတန်း၊ ငါ့ဘဝရဲ့ မျှော်လင့်ချက်ရယ်လို့ ပုံသေနည်းတစ်ခုလို ငါ သတ်မှတ်ထားခဲ့တာကိုက ငါ့အမှား။ ပြောင်းလဲတတ်တဲ့ နင့် နှလုံးသားကိုမှ ကျောက်ဆစ်ရုပ်လို့ အထင်သေးခဲ့မိတာက ငါ့ရဲ့နောင်တ၊ ဖြေမဆည်နိုင်၊ ပြန်မရနိုင်တော့တဲ့ ငါ့ဘဝအတွက် ငါ မရိုက်ဘဲငို၊ မငိုဘဲနဲ့ ရှိုက်ခဲ့ရပါပြီ။

ငါတို့တွေရဲ့ ဘဝတွေမှာ စာပေတော်တော်များများ နေရာယူခဲ့ကြတယ်နော်။ ကဗျာတွေ၊ စာတွေ၊ အပျော်တွေဟာ အချိန်တွေကုန်လွန်မှန်းမသိအောင် တိုက်စားရင်း ပွဲကြွခဲ့ပါပြီ။ တို့တွေအတူ ဖတ်ခဲ့ဖူးတဲ့၊ ဝေဖန်ခဲ့ဖူးတဲ့၊ လှောင်ခဲ့သရော်ခဲ့ဖူးတဲ့ "မှုခင်းရှုထောင့်"ရဲ့ ဒီကဏ္ဍလေးမှာ ခုလိုပိုးစိုးပက်စက်နေရာယူရလိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးမထင်ထားခဲ့မိဘူး။ ငါတို့တွေ ဒီဒေသကတော့ မဟုတ်ပါဘူး။ ကမ်းရိုးတန်းကို အခြေပြုပြီးနေရတဲ့ တံငါရွာလေးကပါ။ ငါ လေးငါးတန်းလောက်မှာ ဒီကို မိသားစုလိုက်ပြောင်းလာရင်းက နင်တို့ မောင်နှမတွေနဲ့ ခင်ခဲ့တာပါ။ ဒါမေယ့် ငါက သားစိမ်းငါးစိမ်းစားရတဲ့ ကြမ်းတမ်းခက်ထန်တဲ့ လှိုင်းတံပိုးတွေကြားမှာ ကြီးပြင်းခဲ့ရပေမယ့် တောင်ကုန်းတောင်တန်းတွေကို အခြေပြုပြီးနေရတဲ့ နင်တို့တောင်ပေါ်သူလေးတွေက နုထွေးညင်သာစရာကောင်းသင့်တယ်လေ။ ယောက်ျားလေးဆန်တဲ့ နင့်ကိုမှ ချစ်ခဲ့တွယ်တာခဲ့ရတာက ရေးဘဝကုသိုလ်ပေါ့။ ငါဆိုတဲ့ 'ရှင်းထက်'ဟာ တောင်ပေါ်ဒေသကို အင်မတန် မက်မောချင်ခဲ့မိတယ်။

ငါတို့ဒေသမှာ တောင်ပေါ်သွားလည်တဲ့သူတွေ ပြန်လာရင် ဘယ်လောက်နေလို့ကောင်းကြောင်းတွေ၊ အသီးအနှံတွေပေါကြောင်းတွေနဲ့၊ အဲ တောင်ပေါ်သူလေးတွေလည်း ချောကြောင်း၊ ပန်းနုရောင်အသားတွေကစိုပြီး လက်ဖက်ခူးနေတာလေးတွေကချစ်စရာကောင်းကြောင်း၊ စကားသံဝဲဝဲလေးတွေနဲ့ ပြုံးပြတတ်ကြောင်းနဲ့ နွေရာသီမှာ အင်မတန်မေ့လို့မရတဲ့အရာတွေရှိကြောင်း ကြားဖူးကတည်းကိုက ငါ သိပ်လာချင်မိခဲ့တာပါ။

ဒါပေမယ့် မတန်မရာကို ငါ မက်မောမိခဲ့လို့ တန်ပြန်ခဲ့တဲ့ အရောင်တွေက မပြောပြတတ်ဘူး။ ဒီအကြောင်းတွေ နင်သိရတဲ့အချိန်မှာ ငါ နင့်အနားမှာ မရှိတော့သလို နင့်ဆီကိုလည်း မလာနိုင်အောင် ကြိုးစားခဲ့ပြီးပြီလေ။ ငါတို့နေခဲ့တဲ့ ပင်လယ်ကမ်းခြေက ငယ်ဘဝလေးတွေဆီကို သိပ်မမှတ်မိပေမယ့် ငါ





www.burmeseclassic.com

www.burmeseclassic.com



ပျော်အောင်နေမှာပါ။ တစ်ခုရှိတာက နင်နဲ့ ပတ်သက်ခဲ့တဲ့အချိန်က ကဗျာတွေစာတွေနဲ့ အပေါင်းအသင်းတွေကိုတော့ ငါ မမေ့ပါရစေနဲ့။

ငါ မိုင်းရှူးတက်တုန်းက နင့်ဆီကို စာအလာကျဲသွားတာ ငါ တကယ်ချစ်လို့ပါ။ ခဏခဏ ရေးနေရင် တန်ဖိုးမရှိဖြစ်သွားမှာကြောင့်ပါ။ ကောင်မလေးတစ်ယောက်နဲ့ တွဲနေတာ နင်မြင်တဲ့အထိ ဖြစ်သွားရတာက နင့်ကိုသဝန်တိုစေချင်လို့ပါ။ နောက်ပြီး ငါ ပြန်လာခဲ့တယ်။ တာဝန်ယူရတော့မယ်ဆိုတဲ့ မိန်းကလေးဟာလည်း တကယ်မဟုတ်ခဲ့ပါဘူး။ အဲဒီအချိန်မှာ နင်ဟာ ငါ့ကို ဆွဲလှုပ်ပြီး ဒုန်တွေ့ပစ်လိုက်စေချင်တာ။ ငါလိုချင်တဲ့ နင့်ဆီက မိန်းကလေးတစ်ယောက်လို အချစ်မျိုး တွေ့ရနိုးနဲ့ နင်မသိတဲ့ ငါ့ရဲ့အပေါင်းအသင်း တချို့က ပိုင်းဝန်းသရုပ်ဆောင်ပေးခဲ့တာပါ။

~~~~~

လွမ်းရယ် တစ်ခါတလေမှာ စိတ်ထဲက ကျိတ်ပြီး ခွင့်လွှတ်သည်းခံပေးတတ်ကြတယ်ဆိုတာ အပြင်ကကြည့်ရင် သူစိမ်းဆန်လွန်းပါတယ်။ ငါ့ရဲ့ ငယ်ဘဝအိပ်မက်ထဲကလို နူးညံ့ညင်သာ သိမ်မွေ့တဲ့ တောင်ပေါ်သူလေးဖြစ်စေချင်လိုက်တာ။ ငါ သိပ်ချစ်ရတဲ့သူကို တစ်သက်လုံး မြတ်နိုးနေချင်လိုက်တာပဲဟာ။

ဒါပေမယ့် ခုအချိန်မှာ နင်က ငါ့ကိုအတော်မုန်းတီး၊ နာကြည်းလွန်းလို့ ငယ်သူချင်းတောင် မဖြစ်နိုင်တော့တဲ့ နင့်ကို ဒဏ်ရာတွေအလယ်မှာ ငါ မထားချင်ပါဘူး။ ခု ငါ့ရဲ့ဘဝဟာ စုန်ဆန်ဆင်းရင်း တံငါသည် ဘဝအကြမ်းထည်လေးပဲ ဖြစ်သွားပါပြီ။ မီးပုံးပျံပွဲတွေ၊ ကစားပိုင်းပွဲတွေကို သတိရမိတယ်။ မပီပိုးတဝါး အရိပ်လေးတွေက နောက်က ကပ်လိုက်လာသလား ထင်ရတယ်။ အရပ်ဒေသ၊ ဓလေ့ထုံးစံ၊ အစားအသောက်နဲ့ လပြည့်ညတွေတောင် မတူညီကြရင် နှလုံးသားရဲ့ခံစားချက်တွေ ထပ်တူကြမယ်ဆိုတာ ခက်ခဲလွန်းသလိုပါပဲ။ တောင်တန်းပြာကြီးကို မြူမှုန်တွေ လွှမ်းခြုံထားတဲ့ လမင်းကြီးက စန္ဒာဖြစ်နေရင် ပင်လယ်အော်သံတွေနဲ့ လှိုင်းခေါင်းဖြူလေးတွေ ရွှေ့လျားနေတဲ့ သဲဖြူပြင်ကို ကျရောက်နေတဲ့ လမင်းကြီးက သော်တာပဲ ဖြစ်နေမလား။

နင်ပြောခဲ့တဲ့ စကားတွေထဲမှာ နင့်ရဲ့ အားနည်းချက်တွေကို အနည်းအကျဉ်းလောက်သာ ဖော်ပြခဲ့ပေမယ့် ငါ့ရဲ့အားနည်းချက် အားလုံးနီးပါးကို နင်ထောက်ပြခဲ့တယ်နော်။ တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းကလေးတစ်ယောက်ရယ်လို့ ငါမထင်ချင်ပါဘူး။ ယောကျ်ားလေးတစ်ယောက်လို နေတတ်တဲ့ နင့်မှာ ငါ့ထက်ယောကျ်ားလေး အပေါင်းအသင်းများပါတယ်။ နင့်ဘက်က သူငယ်ချင်းတွေလို ခင်ပေမယ့် သူတို့တွေက နင့်ကို မိန်းကလေးတစ်ယောက်လို ခင်ချင်ကြတာကို ငါ ဘေးကကြည့်နေရင်း မြင်ရပါတယ်။

တောင်ဇလပ်ပန်းတွေ တောင်ပေါ်မှာ ပွင့်တုန်းက ငါ နင့်ကို ခက်ခက်ခဲခဲ ခူးဆွတ်ပေးခဲ့ပေမယ့် နင်က "ငါ ပန်းမကြိုက်ဘူး"လို့ ပြောခဲ့တယ်နော်။ ငါ့ရင်ထဲမှာ အသက်ရှူလို့တောင် မဝဖြစ်ခဲ့ရတယ်။ အဓိပ္ပာယ်မဲ့တဲ့ သင်္ကြန်လည်း ပြီးဆုံး သွားခဲ့ပါပြီ။ ခုချိန်ဆိုရင် တောင်ပေါ်မြေမှာ ခေါင်ရည်ကျည်တောက်ခွံတွေ ပြည့်နှက်နေပေမယ့် ငါတို့ မြေပြန့်ကမ်းခြေမှာ ဘီယာခွံတွေနဲ့ ပြည့်နှက်နေခဲ့တယ်လေ။ မီးပုံးပျံပွဲနေ့က နင့်ရဲ့ မွေးနေ့ဖြစ်နေတယ်။ အဲဒီအတွက် ငါက နင့်ကို ရိုးရာဝတ်စုံလေးလက်ဆောင်ပေးတုန်းက "ဒီ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



မှာ ရှင်းထက် ငါအဲဒီအရောင်တွေ မနှစ်သက်ဘူး''တဲ့။ ငါပေးတဲ့ အဆင်လေးဟာ အဖြူရောင်မှာ အဝါနဲ့အနီ ရောထားတဲ့ ကန့်လန့်စင်းအထည်လေးပါ။ နင်နဲ့ဆို သန့်ရှင်းပြီး ကြည့်ကောင်းနေမှာ အမှန်ပဲ။

ဒါပေမယ့် ပွဲနေ့မှာ နင်က အနက်ရောင် အင်္ကျီနဲ့ အနက်ရောင် ရှမ်းဘောင်းဘီကို ယောကျ်ားလေးဆန်ဆန်ပဲ ဝတ်ထားခဲ့ပြန်တယ်။ ငါ့ကိုလည်း အဲဒီအရောင်ကိုပဲ ဝတ်လာစေခဲ့တယ်။ အနက်ရောင်ကို ဘာကြောင့်ရွေးချယ်ခဲ့တာလဲဆိုတော့ နင်က ''စိတ်ထဲမှာပိုပြီး လေးနက်စေလို့ပါ''တဲ့။ ဒါမဟုတ်ဘူးလေ။ ဝမ်းနည်းမှုတွေကို သယ်ဆောင်လာစေခဲ့တာပါ။ ငါတို့တွေ အစကတည်းကသာ တခြား အရောင်တွေကို ရွေးချယ်ကြိုက်ခဲ့ကြရင် ခုလို သူငယ်ချင်းဘဝကို ဆုံးရှုံးခဲ့ရမှာ မဟုတ်ဘူးလေ။ ဘာတွေဘယ်လိုပဲ ဖြစ်နေပါစေလေ။ ငါတို့တွေရဲ့ ဘဝမှာတော့ အချစ်နဲ့အတူ ပတ်သက်ဆက်နွယ်ခဲ့ဖူးတာတွေကိုတော့ မှက်ကျောက်တင် ကမ္ပည်းထိုးခဲ့ပြီပေါ့။

''အဖြူရောင်လေးကို---ဆေးလည်း မဆိုးနဲ့၊ အရောင်ပြယ်လွင့်အောင်လည်း--မင်းမလုစ်နဲ့၊ အဖြူထည်လေးအတိုင်းပဲထားကွယ်--သူငယ်ချင်းရယ်''

နင့်ရဲ့အသည်းကို နင်ကိုယ်တိုင် ခွဲခဲ့မှန်းမသိတာက နင်ပါ။ ငါက တခြား ယောကျ်ားလေးတွေနဲ့ တွဲတာကို မကြိုက်မှန်းသိရက်နဲ့ ငါ့ရှေ့မှာ ချစ်သူ ငတ်တုတ်ကြီးရှိနေတာတောင် စာပေအကြောင်းပြပြီး အာရုံအကြီးကြီး ဝင်စားပြနေတာတို့၊ သူငယ်ချင်းပါလို့ ထပ်ကာတလဲလဲ ရှင်းပြနေတာတို့၊ ဒါတွေကြောင့် ငါက ပြန်တွဲပြခဲ့တာ။ ဒါပေမယ့် ငါတွဲခဲ့တာတွေက အဖြူရောင်သက်သက်ပါ။ နင့်လိုမျိုး အတည်ကြီးနဲ့ တွဲသွားတွဲလာ အတူစား အတူသောက်လိုက်နဲ့ ရယ်မောနေတာမျိုးတွေ မရှိခဲ့ပါဘူး။ အဲဒီအချိန်မှာ ငါ့ရဲ့ တဒိန်းဒိန်းခုန်နေတဲ့ ရင်ဘတ်အစုံထဲက နှလုံးသားကို အရှင်လတ်လတ် ဘရိတ်ဓားနဲ့ မွှန်းနေသလို ခံစားရတယ်ဟာ။

နောက်ဆုံးတော့လည်း 'လွမ်း'ဆိုတဲ့ မိန်းကလေးကို လွမ်းရမယ်ဆိုတာထက်၊ ရှင်းနေတာ မရှိတော့တဲ့ 'ရှင်းထက်'ပါ။ လူတစ်ယောက်ရဲ့အကြောင်းကို သေသေချာချာ စုံစမ်းလေ့လာပြီးမှ စွပ်စွဲသင့်တယ်လို့ ထင်တယ်။ လေသံဖမ်းပြီး ဒန်းစီးရင် မဖြစ်သင့်တာတွေ ဖြစ်ရတယ်။ လွမ်းနဲ့အတူ အပေါင်းအသင်းတွေနဲ့ လူတွေအမြင်မှာတော့ ငါဟာ ခြေရှုပ်လွန်းတဲ့ ကြိုးတစ်ချောင်းဖြစ်ခဲ့တာပေါ့။

ဒါပေမယ့် ခုအချိန်တွေက အဖြူရောင်ကို မည်းညစ်စေခဲ့သလိုပဲ။ ငယ်ငယ်လေးတုန်းကလို သူငယ်ချင်းဘဝကို ရောင့်ရဲတိမ်းတိမ် ကျေနပ်နိုင်ခဲ့ကြရင် ချစ်သူတွေ မဖြစ်ခဲ့ကြရင် နှလုံးသားရဲ့အလိုကို လိုက်ခဲ့ကြတော့လည်း သူငယ်ချင်းဘဝကို ဆုံးရှုံးခဲ့ရပြန်တယ်လေ။

လက်ခုပ်သံဟာ လက်ဝါးနှစ်ဖက်တီးလို့ မြည်ခဲ့တာမှန်ပေမယ့်၊ ရင်ဘတ်ရဲ့ အခြားတစ်နေရာဆီမှာ နှလုံးသားရဲ့ အက်ကွဲသံတွေကိုတော့ ကမ်းခြေကနေ တောင်တန်းတွေဆီကို သယ်ဆောင်နိုင်ပါ့မလား လွမ်းရယ်---။

တမ်းတန္တမ်းလျှ လွမ်းနာကျနေရတဲ့
လွမ်းရဲ့ ရှင်းထက်
နှင်းဖြူသျှင် (သံတွဲ)



www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်စင်ရှုထောင့်

ကိုကြီးထူး

## “ဓမ္မရိပ်မြုံ ဓမ္မကြေးမုံ တဆုံ (၁)”



စာအုပ်၏ ခေါင်းစီးနှင့်အညီ ဓမ္မကြေးမုံထဲမှာ မိမိတို့၏ ကံ၊ ကံ၏အကျိုးကို သုံးသပ် တွေ့ရှိနိုင်စွမ်း ရှိသည့် စာအုပ်ဖြစ်သည်။ ဖတ်ရှုမှတ်သား လေ့လာအားထားသင့်သည့်စာအုပ်ဖြစ်သည်။ ရဟန်းစာဆို၊ လူစာဆို (၁၀)ဦး၏ ဓမ္မရသများကို တန်ဖိုးရှိစွာ ခံစားကြရလိမ့်မည်။ ရွှေပဒုမ္မာစာပေ ဖုန်း ၀၉၇၃၁၇၃၇၆၈မှ တစ်အုပ်လျှင် ၁၂၀၀ိ/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

## “သာသနာ့ရဟန်းအာဇာနည် ဦးဝိစာရနှင့် ဦးဥတ္တမ”



“ဆရာ နန္ဒာမိုးကြယ်”၏ ဤစာအုပ်တွင် အမျိုး၊ ဘာသာ၊ သာသနာအတွက် သမိုင်းသက်သေ တည်ခဲ့သော သာသနာ့ရဟန်းအာဇာနည် ဦးဝိစာရနှင့် ဦးဥတ္တမတို့၏ ထေရုပ္ပတ္တိအကျဉ်းကို နှောင်းလူငယ်တွေ မှတ်သားအားကျအတုယူဖွယ် ပြုစုထားခြင်းဖြစ်သည်။ မြတ်ပန်းရဂုံစာပေမှ တစ်အုပ်လျှင် ၃၀၀ိ/- နှုန်း ဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




www.burmeseclassic.com

www.burmeseclassic.com




## "သပိုးအောင်ဆန်းနှင့် ခြံထဲမှ ကျွန်ုပ်၏ မှတ်စုများ"




မိုယ်းလင်း (ဖိုးလေး)၏ကိုယ်တွေ့ခံစားချက်များကို အမှိုအဝှိုင်း ရေးသားထားရာ တစ်မျိုးတစ်ဘာသာ ဆွဲဆောင်မှုရှိလှသည်။ မှတ်သားစရာ၊ သုတများစွာပါရှိသည့်အနက် အမေရိကန်သမ္မတကြီး ဘာရက်အိုဘားမားအမည်နောက်က (ဘားမား)ထည့်ထားရခြင်းအကြောင်းရင်းမှာ သူ့အဘိုး ကင်ညာနိုင်ငံသားကြီးဟာ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်စစ်မြေပြင်မှာ အမှုထမ်းခဲ့စဉ်က မြန်မာလူမျိုးများကို ချစ်ခင်စိတ်၊ မြန်မာ့ရေမြေတောတောင်များကို မြတ်နိုးစိတ်ဖြင့် ကင်ညာနိုင်ငံကို ပြန်ရောက်တော့ (ဘားမား) ဆိုတဲ့စကားလုံးကို သံယောဇဉ်နဲ့ ထည့်သုံးခဲ့ရာမှ ယခု "အိုဘားမား" ကလည်း သားစဉ်မြေးဆက် ဆက်လက်သုံးစွဲခဲ့ ပုံ၊ ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး လော့ဒ်လူဝီမောင့်ဘက်တန်ဟာ မြန်မာပြည်ကို ချစ်ခင်မြတ်နိုးလို့ သူ့လက်မှတ် ရေးထိုးတဲ့အခါမှာ "မောင့်ဘက်တန်အော့ဖ်ဘားမား"လို့ ရေးသားခဲ့ပုံများကို ဖော်ပြထားရာ မြန်မာပြည်၊ မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာကောင်းလှသည်။ မြန်မာကွန်ဆိုလီဒိတ်ဘက်မီဒီယာလီမိတက် ဖုန်း ၀၁-၃၉၂၉၂၈မှ တစ်အုပ်လျှင် ၂၀၀၀ိ/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

BURMESE CLASSIC .com

## "၈၈၈၈ ဒီမိုကရေစီအရေးတော်ပုံမှတ်တမ်း"




"ဆရာ မောင်ခိုင်ခန့် (အမျိုးသားစာပေဆုရ)" ၏ ဤစာအုပ်မှာ ၁၂-၃-၁၉၈၈ရက်နေ့မှ ၁၈-၉-၁၉၈၈ရက်နေ့အတွင်း ဖြစ်ပွားခဲ့ကြသော ဒီမိုကရေစီအရေးအခင်းလှုပ်ရှားမှုများကို နေ့စဉ်မှတ်တမ်းသဖွယ် ဓာတ်ပုံပေါင်းစုံလင်စွာဖြင့် စုစည်းပြုစုမှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ကိုယ်တွေ့ကြုံခဲ့ကြသူများ အနေ ဖြင့် ဤစာအုပ်ကို ဖတ်ရှုမိပါက အတိတ်က အထိတ်တလန့်ဖြစ်ရပ်များ၊ သွေးမြေကျ ဘဝနာစရာများနှင့် သံဝေဂရယူဖွယ်ရာများကို ပိတ်ကားပေါ်တွင် ရှုမြင်ကြရသလို ခံစားကြရပေလိမ့်မည်။ သမိုင်းမှတ်တမ်းတင်နေမည့် မှတ်တမ်းဝင် စာအုပ်ကောင်းတစ်အုပ်ပင် ဖြစ်သည်။ အိမ်တိုင်း စာကြည့်တိုက်တိုင်းတွင် ထားရှိသင့်သည်။ စာမျက်နှာ (၅၀၀)ကျော်၊ ကတ်ထူအဖုံး၊ အခန့်ချုပ်ဖြင့် ဆင်တောင်ကြီးစာပေမှ တစ်အုပ်လျှင် ၇၀၀၀ိ/ နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဘဝခရီးကို လျှောက်လှမ်းနေသော ကာလဖြစ်သည်။ မိမိကိုယ်မိမိ အပြည့်အဝ ယုံကြည်အားကိုးလျက် ကိုယ့်ဒူးကိုယ်ချွန် ဆောင်ရွက်နေမည်။ ဖြစ်ချင်သည်ထက် ဖြစ်နိုင်သည်ကို ဦးစားပေးနေမည်။ အတ္တိဟိတ ပရဟိတ္တလုပ်ငန်းများကိုပါ လုပ်ဆောင်ခွင့်ရမည်။

အချစ်မြားနတ်မောင်က သင့်အတွက် ချစ်သူတစ်ယောက် လက်ဆောင်ပေးလာမည်။ ချစ်သူလေးကို သက်ဆုံးတိုင်ချစ်မိသွားမည်။ လက်တွဲဖော်ချစ်သူကြောင့် သင့်ဘဝကြည်နူးသာယာခွင့် ရရှိပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၆ ၈ ၅) (၉ ၈ ၀)

**ယတြာ**– ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။

## တနင်္လာ



စိတ်ကူးအိပ်မက်များကို အရောင်ခြယ်မှုန်းခွင့်ရရှိသော ကာလဖြစ်သည်။ ဉာဏ်လည်းရှိ ဝီရိယလည်း ထက်သန်နေပေမည်။ စီးပွားရေးဆိုင်ရာ တိုးချဲ့မှု၊ ပြောင်းရွှေ့မှုများ လုပ်ကိုင်ရတတ်သည်။ စိတ်ကူးနှင့် လက်တွေ့ကို ပေါင်းစပ်လုပ်ကိုင်မှုကြောင့် လုပ်ငန်းသစ်ကိစ္စ ထူးခြားစွာ အောင်မြင်မည်။

အချစ်ကျောင်းသားလေးအဖြစ် အချစ်ရင်ခုန်သင်ရိုးညွှန်းတမ်းကို ကျေညက်စွာ လေ့လာခွင့်ရရှိမည်။ အချစ်စာမေးပွဲများကို ထိပ်ဆုံးမှ အောင်မြင်မည်။ အချစ်ကံ အလွန်ကောင်းနေ၏။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၈ ၈ ၇) (၂ ၈ ၇)

**ယတြာ**– ထင်တိုင်းဖြစ်၊ ကြံတိုင်းအောင်စေရန် မွေးနေ့ မွေးနံထောင့်မှာ ရေသပ္ပာယ်ပြီး ထီးဖြူ၊ ထီးနီများ လှူဒါန်းပါ။

## အင်္ဂါ



မိမိကိုယ်မိမိ ဝေဖန်စမ်းစစ်နေသော ကာလဖြစ်သည်။ လုပ်ငန်းသစ်ထက် လုပ်ငန်းဟောင်းက ပိုမို အကျိုးဖြစ်ထွန်းပေလိမ့်မည်။ လက်ရှိလုပ်ငန်းကို အားမာန်အပြည့်ဖြင့် ဇောက်ချလုပ်ကိုင်ပါ။ သင့်ရည်ရွယ်ချက်၊ ဆန္ဒများ အောင်မြင်စေရန် ကူညီသူ၊ မ,စသူ ပေါ်မည်။

အချစ်အတွက် ရင်မှာ မီးတောက်များ မငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် လောင်ကျွမ်းနေပေလိမ့်မည်။ အချစ်မြားနတ်မောင်က သင့်ကို ရက်ရက်စက်စက် ကျီစယ်နေပေလိမ့်မည်။ အချစ်ဇာတ်လမ်းလေးက မမျှော်လင့်ဘဲ အဆုံးသတ်ကို ကြေကွဲဖွယ်ရောက်ရှိသွားမည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၉ စ ၉) (၆ စ ၁)

**ယတြာ**– ဆန္ဒနှင့်ဘဝ တစ်သားတည်းကျစေရန် မွေးနေ့တူနှင့်အတူ ဘုရား(၃)ဆူဖူးပြီး ကုသိုလ်ယူပါ။

## ဗုဒ္ဓဟူး



နေပူဟန်ပြင်ပြီးမှ ရုတ်တရက် မိုးရွာသွန်းမှုမျိုးကို အဆန်းတကြယ် ကြုံရတတ်သည်။ အမျိုးစုံသော ပြဿနာများစွာက သင့်ကို အားစမ်းနေမည်။ ကြံ့ကြံ့ခံနိုင်သော စိတ်ဓာတ်ဖြင့် ဖြတ်ကျော်ပါက တစ်နေ့မှာ ပန်းတိုင်ကို ရောက်ရှိပေလိမ့်မည်။ လုပ်ငန်းသစ်က သင့်အတွက် အကျိုးရှိမည်။

ချစ်သူထံမှ အနမ်းတံဆိပ်ရိုက်နှိပ်ခံရမည်၊ သင့်နှလုံးသားနားကို တိုးကပ်ပြီး သင့်ရင်ခုန်သံများကို နားစွင့်လာမည့် ချစ်သူနှင့်ကြုံမည်။ ချစ်သူ ဆောင်ကြဉ်းပေးသော အကြင်နာတရားကို သီချင်းတစ်ပုဒ်အဖြစ် ဖွဲ့တည်ခွင့်ရမည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ စနေ။

**အကျိုးပေးဂဏန်း** – (၃ စ ၆) (၉ စ ၅)

**ယတြာ**– လတ်တလောကိစ္စ အဆင်ပြေစေရန် "အရဟံ"ဂုဏ်တော်ကို ပုတီးသက်စေ့စိပ်ပါ။

## ကြာသပတေး



အောင်မြင်မှုက လက်တစ်လှမ်းအလိုကို ရောက်ရှိနေသော ကာလဖြစ်သည်။ ကံတရားအလွန် ကောင်းမွန်သော ကာလတစ်ခုမဟုတ်သော်လည်း အောင်မြင်မှုရရှိမည့် အသံများကို သဲ့သဲ့ကြားရပေလိမ့်မည်။ လုပ်ငန်းတူ ပြိုင်ဘက်အချို့က သင့်ခြေလှမ်းကို စောင့်ကြည့်နေပေလိမ့်မည်။

ချစ်သူက သင့်ဘဝအတွက် လမ်းပြကြယ်တစ်ပွင့် ဖြစ်နေမည်။ သင့်လျှောက်လှမ်းမည့် ခရီးကို ချစ်သူက ပို့ဆောင်ပေးလိမ့်မည်။ အချစ်ကြောင့် ဂုဏ်တက်ရပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၉ စ ၆) (၈ စ ၇)

**ယတြာ**– စေတနာရောင်ပြန်ဟပ် အောင်မြင်မှုအဆက်မပြတ် ကြုံစေရန် ဘုရားမှာ ရွှေသင်္ကန်း ကပ်လှူပါ။

## သောကြာ



ဘဝခရီးကို ဖြည်းဖြည်းမှန်မှန်ဖြင့် လျှောက်လှမ်းနေသော ကာလဖြစ်သည်။ ငွေကြေးကို ချွေတာစုဆောင်းပြီး အရှာအဖွေကောင်းခြင်းက သင့်အားသာချက် တစ်ခုဖြစ်နေပေမည်။ ပျင်းရိခြင်းခြောက်ပါးကို ရှောင်ပြီး ဘဝတက်လမ်းကို ရှာဖွေနေမည်။

သင့်အချစ်ဇာတ်လမ်းက လွမ်းမောဆွေးမြေ့



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် အချစ်ဇာတ်လမ်းတစ်ပုဒ်နှင့် အလားသဏ္ဍာန်တူနေမည်။ အချစ်အတွက် အသည်းလောင်ကျွမ်းနေမည်။ အချိန်က ဆေးဖြစ်သောကြောင့် တစ်ချိန်မှာ အလွမ်းဝေဒနာများ ပြေပျောက်ပြီး နှလုံးသားရင့်ကျက်လာပေမည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ စနေ။

**အကျိုးပေးဂဏန်း** – (၁ ၈ ၇) (၄ ၈ ၂)

**ယတြာ**– ရည်မှန်းချက်များ ဆက်တိုက်အောင်မြင်စေရန် ပန်း၊ ရေချမ်း၊ ဆွမ်းကပ်လှူလျက် သီလခံယူပါ။

## စနေ



စိတ်ကူးစိတ်သန်း ကောင်းမွန်နေသောကာလဖြစ်သည်။ အတွေးအခေါ် ရင့်ကျက်မှန်ကန်နေမည်။ မည်သည့်ပြဿနာ အခက်အခဲကိုမဆို ခေါင်းအေးအေးဖြင့် လုပ်ဆောင်နေပေမည်။ အတတ်ပညာ၊ အသိပညာကို စနစ်တကျ စည်းကမ်းတကျ အသုံးချပြီး ဘဝအောင်မြင်မှုကို တစ်စထက် တစ်စ တည်ဆောက်နိုင်မည်။

အချစ်၏ နိယာမအတိုင်း ရင်ခုန်သံများ ဆူညံနေမည်။ အချစ်၏ စေခိုင်းချက်ကြောင့် ပြုံးတတ်၊ ရယ်တတ်၊ လွမ်းတတ်၊ ဆွေးတတ်လာမည်။ အချစ်ကြောင့် သင့်ဘဝသည် ပြောင်းလဲလာမည်မှာ အမှန်ပင်ဖြစ်သည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၈ ၈ ၀)၊ (၅ ၈ ၇)

**ယတြာ**– အခွင့်ကောင်းများ သင့်ထံရှေ့မှောက်ရောက်ရှိလာစေရန် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို သက်စေ့ရွတ်ဆိုပွားများပါ။

တက္ကသိုလ်စိုးမိုးနိုင်



www.burmeseclassic.com